# မောင်ရင်မောင် မမယ်မ

## ဂျိမ်း(စ်)လှကျော်

ပထမဦးဆုံး ခေတ်ပေါ် မြန်မာဝတ္ထု



# မောင်ရင်မောင် မမယ်မ

## ဂျိမ်းဆပေကျော်

### မြဝတီ

ကောင်းမှုမြတ်နိုး
ကောင်းအောင်ကြိုး၍
ကောင်ကျိုးကိုယ်၌ တည်စေမင်း။

(လောကသာရပျို့)

## လူထုဒေါ်အမာ၏
## အမှာ

ဤမောင်ရင်မောင် မမယ်မဝတ္ထုကို မန္တလေးမြို့တည် နန်းတည် အနှစ် ၁၀၀–ပြည့်ပွဲတော်ကြီးအမိ (ကာသိကရိနှင့်) ရိုက်နှိပ်ထုတ်ဝေပေးရသည့် အတွက် ကျွန်ုပ်တို့မှာ ဝမ်းသာဂုဏ်ယူမိခြင်းများရှိရကြောင်းကို ဦးစွာပထမ ဝန်ခံရပေမည်။

ဤစာအုပ်ကို မူပိုင်ပေးသော စာရေးဆရာကြီး ဂွမ်းစ်လှကျော်၏သမီး ဒေါ်တင်တင်နှင့် သမီး ခင်ထားဦးတို့က မန်းမြို့တည် နန်းတည် ရာပြည့်ပွဲတော် ကြီးအမိ ထုတ်ဝေလိုပါသည်။ ကြီးစား၍ကူပါဆိုလာသည့်ရက်မှာ ပွဲစတော့ မည့် သုံးရက်အလို၌ဖြစ်ပေသည်။ စာတစ်အုပ်ကို ဤရက်မျိုးမျှနှင့် ပြီးနိုင်သည် မဟုတ်လင့်ကစား ခင်ထားဦးတို့၏ဆန္ဒကို ကျွန်ုပ်တို့က အစွမ်းကုန်ကြိုးစား ဖြည့်တင်းပေးပါမည်ဟု ကတိပေး၍ ကျွန်ုပ်တို့၏လူထုတိုက် အလုပ်သမား အဖွဲ့က နေ့ရောညဉ့်ပါ ပွဲတော်ရက်ကြီးအတွင်း အလုပ်ဆင်း၍လုပ်ပေးကြ ရပါသည်။

ဤသို့ကြိုးပမ်းပေးကြခြင်းမှာ ကျွန်ုပ်တို့တွင် ယုံကြည်ချက်နှစ်မျိုးရှိ သောကြောင့်ဖြစ်ပေသည်။ ပထမတစ်မျိုးမှာ ဤမောင်ရင်မောင် မမယ်မဝတ္ထု သည် ပြန်လည်ရိုက်နှိပ်သင့်သောစာအုပ်မှန်သောကြောင့် ဖြစ်သည်။ ဒုတိယ

ယုံကြည်ချက်မှာ အမျိုးသားယဉ်ကျေးမှုများ ပြန်လည်ဖော်ထုတ်သည့်ဤပွဲတော်၊ အမျိုးသားယဉ်ကျေးမှုများကို ဆက်လက်ထိန်းသိမ်းသည့် ဤပွဲတော်၊ အမျိုးသားယဉ်ကျေးမှုများ ဆန်းသစ်တီထွင်သည့် ဤပွဲတော်ကို ဂုဏ်ပြုသည့်အနေဖြင့် ဤစာအုပ်ထွက်ပေါ်အပ်သည်ဟူ၍ ယုံကြည်သောကြောင့် ဖြစ်ပေသည်။

ယင်းယုံကြည်ချက်နှစ်မျိုးဖြင့် ကြိုးပမ်းလုပ်ကိုင်ပေးကြရာ၌ စာရေးဆရာကြီး ဂျိမ်းစ်လှကျော်၏လက်ရာ ဤမောင်ရင်မောင် မမယ်မဝတ္ထုကို ကြားသာကြားဖူး၍ မဖတ်ဖူးသည့်သူများသာ များပြားလှသော ဤခေတ်၌ စာပေသမားတိုင်းက ဝမ်းမြောက်ဝမ်းသာ ဆီးကြိုလက်ခံလိမ့်မည်ဟူ၍လည်း ယုံကြည်ပေသည်။

မောင်ရင်မောင် မမယ်မဝတ္ထုမှာ **"မြန်မာစာပေ၌ ပထမဆုံး ပေါ်ခဲ့သည့် မြန်မာဝတ္ထု"**ဟူ၍ မြန်မာ့ဂန္ထဝင်၌ ထင်ရှားကျော်ကြားခဲ့သည့် စာအုပ်ဖြစ်သည်။ ဤစာအုပ်ကို ၁၉၀၄–ခုနှစ်က ပထမဆုံးအကြိမ် ရိုက်နှိပ်ခဲ့သည်ဖြစ်ရာ ၁၉၅၉–ခုဆိုသော ကျွန်ုပ်တို့ခေတ်၌ ဤစာအုပ်သည် အမည်မျှသာ ကျန်ရှိတော့၍ ဖတ်ဖူးသူများ အလွန်ပင် ရှားပါးလျက်ရှိပေသည်။ ထို့ကြောင့် **"ပထမဆုံးသော မြန်မာဝတ္ထု"**ဆိုသည်မှာ မည်သည့်အဆင့်အတန်းမျိုးရှိလေသနည်း၊ မည်သို့သောဝတ္ထုမျိုးဖြစ်လေသနည်းဆိုသည်ကို စာပေဝါသနာပါသူတိုင်းက သိလိုကြသောကြောင့် မောင်ရင်မောင် မမယ်မဝတ္ထုဆိုသည်ကို ဖတ်ဖူးလိုလျက်ရှိကြသည်။

ထိုသူတို့၏အလိုဆန္ဒနှင့်အညီ ယခုဒုတိယနှိပ်ခြင်းထွက်ပေါ်လာရာ၌ မောင်ရင်မောင် မမယ်မဝတ္ထုသည် မျှော်ကြသူတို့အဖို့ မျှော်ရကျိုးနပ်သောစာအုပ်ပါပေဟူ၍ပင် ဆိုလိုက်ရပေသည်။ စာရေးဆရာကြီး ဂျိမ်းစ်လှကျော်၏ လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့်က မြန်မာစာပေအရေးအသားကို ကျွန်ုပ်တို့

ပြန်လည်တွေမြင်ရသည့်အခါ၌ ယနေ့ မြန်မာစကားပြေအရေးအသားနှင့် နှိုင်းယှဉ်မကြည့်ဘဲလည်း မနေနိုင်။ ယနေ့ မြန်မာစာပေ စီကုံးထုံးဖွဲ့မှုကို မဝေဖန်ဘဲလည်း မနေနိုင်အောင် ဖြစ်လာရပေသည်။

ဂျိမ်းစ်လှကျော်၏ မြန်မာစာစီစာကုံး ထုံးဖွဲ့မှုသည် ရိုးသားသည်၊ ရှင်းသည်၊ အပိုအလိုမရှိ တိကျသည်၊ ပြတ်သားစွာဆိုသည်၊ လိုရင်းကိုသာ ကွက်ကွက်ကွင်းကွင်း ဖော်ထုတ်ထားသည်ကို တွေ့ရှိရပေမည်။ ယခုမြန်မာ အရေးအသားမျိုးတို့နှင့်သာ ပွန်းတီးလျက်ရှိရသူတို့က ဂျိမ်းစ်လှကျော်၏ မြန်မာစာသည် ငုံးတိတိနိုင်လှသည်ဟု မကြိုက်ဘဲ ရှိကောင်းရှိမည်။ သို့သော် ဂျိမ်းစ်လှကျော်၏ ဝါကျဖွဲ့ပုံကိုကား တလေးတစားရှိရပေမည်။ ထိုခေတ်က မြန်မာစာ၏အဆင့်အတန်း မြင့်မားလှသည်ကိုလည်း ဝန်ခံရမည်။ ယနေ့ အရေးအသား အဖွဲ့အနွဲ့သည် ရှေးကထက် စကားလုံးများ ပိုမိုဝေဆာလာသည်၊ ပေါကြွယ်လာသည်၊ ထပ်ဆင့်၍ စကားလုံးပိုများနှင့် ရေးလာကြသည်။ လှသည်၊ ယဉ်သည်၊ နုသည်၊ ပြောင်သည်ထင်သောစကားလုံးများကို ရွေး၍ သီကုံးကြသည်ကား မှန်ပေသည်။ သို့ရာတွင် ဝါကျအထားအသိုမှန်အောင် ဖွဲ့ဆိုမှုအတတ်၌ ကသိကရိုနိုင်လွန်းလှသည်။ ယင်းသို့ ဝါကျမှန်အောင် မရေးတတ်သူများရှိလေသောကြောင့် ပေါတိုင်းဝတ်သော်လည်း နေရာတကျ မဝတ်တတ်၍ မလှဘဲရှိရာသကဲ့သို့ စကားတွေ ကြွယ်သော်လည်း မပြောင်မြောက်ဘဲ ရှိနေသည့်စာများ ပေါများလျက်ရှိသည်ကို ကျွန်ုပ်တို့ ဝန်ခံရပေလိမ့်မည်။

ထို့ကြောင့် ဂျိမ်းစ်လှကျော်တို့၏ မောင်ရင်မောင် မမယ်မခေတ်မှ ယနေ့ခေတ်အတွင်း ကျွန်ုပ်တို့မြန်မာစာပေ အရေးအသားသည် တိုးတက်လာသည်ဟုဆိုမှ ဆိုနိုင်ပါ၏လော။ အဆင့်အတန်းမြင့်တက်လာခြင်းမှ ဟုတ်ပါလေစဟူ၍ ဂျိမ်းစ်လှကျော်၏ဝတ္ထုကို ဖတ်ရှုကြပြီးနောက် သံသယများဝင်လာသည်မှာ မုချဖြစ်သည်။

စာရေးဆရာကြီးဂျိမ်းစ်လှကျော်၏ မောင်ရင်မောင် မမယ်မဝတ္ထုသည် ထိုခေတ်ထိုကာလက မြန်မာစာပေ၏အဆင့်အတန်းကို ဖော်ပြလျက်ရှိသော စာပေမှတ်တိုင်ကြီးတစ်ခုသာလျှင် မဟုတ်တုံသေးဘဲ ယင်းခေတ်ကာလ၏ လူနေမှုကို ဖော်ထုတ်ပါပေသော ခေတ်ပြကြေးမုံတစ်ချပ်လည်း ဖြစ်ပေသည်။

လွန်ခဲ့သော အနှစ် ၆၀ က ကျွန်ုပ်တို့မြန်မာလူမျိုးများ၏ လူနေမှုကား မည်သို့ရှိသည်၊ အတွေးအခေါ်များကား မည်သို့ဖြစ်သည်၊ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုတို့ကား မည်သို့ရှိသည်ကိုလည်း တိတိကျကျသိခွင့်ရပေသည့်စာအုပ်ဖြစ်သည်။ ယုတ်စွအဆုံး ထိုခေတ်ထိုကာလဆီက ကျွန်ုပ်တို့ မိဘဘိုးဘွားများ၏ အမည်နာမများသည်ပင်လျှင် မည်သို့သာမှည့်ခေါ်လေ့ရှိကြသည်ဆိုခြင်းကို မှတ်တမ်းတင်၍ထားလျက်ရှိပေသည်။ လူ့လောကသည် တစ်ဆင့်မှတစ်ဆင့်သို့ ကူးသန်းပြောင်းလဲလျက်ရှိသည်။ မည်သည့်အဆင့်မှ မည်သည့်အဆင့်သို့ မည်သို့ပြောင်းလာသည် ဆိုခြင်းမျိုးများမှာ အမှတ်အသားရှိရစမြဲဖြစ်ရာ ထိုတာဝန်ကို ဤမောင်ရင်မောင် မမယ်မဝတ္ထုက တစ်ခန်းတစ်ကဏ္ဍမှနေ၍ တာဝန်ယူလျက်ရှိပေသည်။

မောင်ရင်မောင် မမယ်မဝတ္ထုမှာ ပထမဆုံး မြန်မာကာလပေါ်ဝတ္ထုဖြစ်ရာ ဤလိုဝတ္ထုမျိုးကို ထိုခေတ်က မြန်မာစာဖတ်ပရိသတ်လက်သို့ရောက်အောင် မည်သို့ဖြန့်ဖြူးလေသနည်းဆိုသည်မှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဝိဇယကာရီဝတ္ထု၊ ဣန္ဒာဝံသဝတ္ထု စသည့်နန်းတွင်းဝတ္ထုကြီးများကို လက်ခံဖတ်ရှုနေသည့် မြန်မာစာဖတ်ပရိသတ်က မောင်ရင်မောင် မမယ်မကဲ့သို့ စကားပြေနှင့်လိုရင်းကိုသာ တိုတိုတုတ်တုတ်ရေးလျက် ခေတ်ကာလ အတွေးအခေါ်များဖြင့် သာမန်ဆင်းရဲသားလူတန်းစားတို့၏ဘဝကို ဝတ္ထုအဖြစ် တင်ပြသည့်အခါ၌ ဂျိမ်းစ်လှကျော်သည် ကြယ်ပြောသော ကန့်ကွက်ချက်ကို ခုန်၍ကူးရသူဖြစ်ပေမည်။ ထို့ကြောင့် သူ့ဝတ္ထုကို မြန်မာစာဖတ်ပရိသတ်သို့ ဖြန့်ဖြူးသည်

အခါ စာချည်းသက်သက်မဟုတ်သေးဘဲ ၄ x ၆ လက်မအရွယ်ရှိ ဓာတ်ပုံဘလောက် ၁၂-ခုတိတိကိုလည်း ထည့်သွင်း၍ ဇာတ်လမ်းကို သရုပ်ဖော်ထားပေးသေးသည်။

ကျွန်ုပ်တို့ခေတ်၌ ဝတ္ထုများကို ပန်းချီဆရာတို့၏လက်ရာ ရုပ်ပုံတစ်ခု နှစ်ခုနှင့်သာ ဝတ္ထုဇာတ်လမ်းကို သရုပ်ဖော်သော်လည်း ဂျိမ်းစ်လှကျော်၏ ဝတ္ထုကြမူ ဓာတ်ပုံ(၁၂)ပုံတိတိနှင့် သရုပ်ဖော်၍ထားသည်။ ဓာတ်ပုံများမှာ ဇာတ်လမ်း၌ပါသည့်အတိုင်း တကယ့်လူများကို သရုပ်ဆောင်စေလျက် ရိုက်ကူးထားသောပုံများဖြစ်သည်။ ပထမနှိပ်ခြင်း၌ ထိုကဲ့သို့ ဓာတ်ပုံဘလောက်များဖြင့် ဖော်ပြထားသော်လည်း ယခု ကျွန်ုပ်တို့က ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်ရာတွင် မူလဓာတ်ပုံများမရှိတော့ခြင်း၊ ဘလောက်များလည်း ရှာရန်မလွယ်တော့ခြင်း၊ စာအုပ်ပါဘလောက်ပုံများကို ပြန်လည်ကူးရန်မှာလည်း ကောင်းမည်မဟုတ်ခြင်းတို့ကြောင့် ထိုပုံများကို ပြန်လည်ဖော်ပြခြင်းမပြုနိုင်ဘဲ ရှိရတော့သည်။ ထိုပထမနှိပ်ခြင်းတွင် ဂျိမ်းစ်လှကျော်၏သရုပ်ဖော်ဓာတ်ပုံများကိုသာ ယခု ဒုတိယနှိပ်ခြင်း၌ ပြန်လည်ဖော်ထုတ်နိုင်မည်ဆိုပါက ထိုခေတ်ထိုကာလ၏ ဝတ်စားဆင်ယင်မှုနှင့်တကွ ထိုခေတ်လူနေမှုကိုလည်း ယနေ့ ကျွန်ုပ်တို့ စာဖတ်ပရိသတ်သည် ကွင်းကွင်းကွက်ကွက်ကြီး ပြန်လည်တွေ့မြင်နိုင်ဦးမည်ဖြစ်သည်။

စာအုပ်ပါရုပ်ပုံများသည် တကယ်လည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ ဥပမာဆိုပါက မမယ်မသည် မောင်ရင်မောင်ထံ ထမင်းပို့သွားရာ၌ မောင်မြတ်သာက တစောင်းမှကြည့်နေလေဟန် ဓာတ်ပုံတစ်ခုပါသည်။ ထိုဓာတ်ပုံ၌ ဇာတ်လိုက်မင်းသမီးဖြစ်သူ မမယ်မ၏ပုံမှာ ခေါင်းပေါ်တွင် တစ်ပတ်လျှိုဘီးခံဆံထုံးထုံး၍ တရုတ်အင်္ကျီလက်ပွဝတ်ပြီးလျှင် ထဘီကွဲကို ခါးတွင် စည်းထားပြီး လက်၌ဖက်ဖြူလိပ် (ကွမ်းသီးဖက်ဆေးလိပ်)ရှည်ကြီးတစ်ခုကို

ညှပ်၍ထားသည့် မိန်းကလေးပုံဖြစ်သည်။ ထိုပုံမှာ လွန်ခဲ့သောအနှစ်၆၀က မြန်မာမိန်းမပျိုတစ်ဦး၏ ဝတ်စားဆင်ယင်မှုဖြစ်ရာ ယနေ့ ကျွန်ုပ်တို့၏ စာနယ်ဇင်းများ၌ မြင်တွေ့ရသော ဝတ္ထုသရုပ်ဖော်ဓာတ်လိုက်အမျိုးသမီးတို့၏ သွင်ပြင်ဝတ်စားဆင်ယင်မှုများနှင့်နှိုင်းစာက များစွာမှ ပြောင်းလဲခြားနား လျက်ရှိသည်ကို တွေ့ရပေမည်။

ယနေ့ ဓာတ်လိုက်မင်းသမီးသည် ခေါင်းတွင်'ပိုနီတေး'ခေါ်သည့် ဆံပင်ကို နောက်ဆက်၌ ကြက်တောင်စည်းသလိုစည်းထားပြီး နဖူးပေါ်တွင် ဖြတ်ထားသော အမောက်ဆံပင်များမှာ ကောက်၍ ဘေးခွဲထားပေမည်။ နှုတ်ခမ်းကိုဆိုးမှန်းသိသိ နီလှအောင်ဆိုး၍ အင်္ကျီမှာလည်း ချိုင်းအထိဖြတ်ထားသောလက်တို မိန်းမဝတ်ရင်ဖုံးနှင့် ခြေထောက်တွင် ဒေါက်ဖိနပ်ချွန်မြင့်စီးလျက် တွေ့ရပေမည်။ ထို့ပြင် မောင်မြတ်သာတို့ မောင်ရင်မောင်တို့၏ ဝတ်ဆင်ပုံမှာလည်း ခေါင်း၌ ရတနာပုံခေတ်ဆီက ပေါင်းပုံထုပ်ပုံမျိုးနှင့် ပဝါကို ခေါင်းပေါင်းပြီး ခါးတွင်ပုဆိုးရှည်ကို စည်းလျက် ရင်ဖုံးအင်္ကျီများနှင့် ဖြစ်ပေသည်။

သို့သော် ဝမ်းနည်းဖို့ကောင်းသည်မှာ ဂျိမ်းစ်လှကျော် သရုပ်ဖော်ခဲ့သည့် တိုဓာတ်ပုံဘလောက်များကို ယခု ဒုတိယနိပ်ခြင်း၌ ပြန်လည်ထည့်သွင်းပြသနိုင်ရန် မည်သို့မျှမတတ်နိုင်တော့သည့်အဖြစ်ပင် ဖြစ်လေသည်။

မည်သို့ရှိစေ တိပ်မြုပ်ပျောက်ကွယ်ခါနီးစာအုပ်ကောင်းတစ်အုပ်ကို ပြန်လည်ဖော်ထုတ်ပေးခွင့်ရသည့်အတွက် ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းကား အတိုင်းမသိရှိပါသည်။ အထူးအားဖြင့် မြန်မာမှုအစုစုတို့ကို ပြန်လည်ဖော်ထုတ်တင်ပြလျက်ရှိနေသော မန္တလေးမြို့တည် နန်းတည် အနှစ်၁၀၀-ပြည့်ပွဲတော်ကြီးကို ဂုဏ်ပြုလုပ်ဆောင်ပေးရသောကြောင့် သာလွန်၍ဝမ်းမြောက်ရပေသည်။

တို့တောင်းလှသောကာလအတွင်း၌ စာအုပ်အဖြစ် ပြန်ရိုက်ပေးရသည်ဖြစ်၍ လုပ်ငန်းဘက်ဆိုင်ရာ အချွတ်အချော်များ ပါရှိပါက သည်းခံကြပါရန်လည်း တောင်းပန်အပ်ပါကြောင်း။

အမှာ

လူထုသတင်းစာတိုက်

❖❖ ❖❖ ❖❖

၀၂
မြင့်ကို * စာပေ
စာအုပ်ချုပ်နှင့်စက္ကူဖြတ်လုပ်ငန်း

# စာရေးဆရာကြီး ဂျမ်းစ်လှကျော်၏ အတ္ထုပ္ပတ္တိ

"မောင်ရင်မောင် မမယ်မ" ဝတ္ထုကို ပြုစုသူ စာရေးဆရာကြီးဂျမ်းစ်လှကျော်သည် တောင်ငူခရိုင် ရွှေကျင်မြို့ ကုန်သည်ကြီးဦးစွပ်၊ ဒေါ်ဆိုင်းတို့မှ ၁၂၂၈ ခုနှစ်တွင် ဖွားမြင်သည်။ ရွှေကျင်မြို့ အင်္ဂလိပ်–မြန်မာ အစိုးရကျောင်းတွင် ပညာသင်ကြား၍ ၇ တန်းအောင်သည်တွင် ရန်ကုန်ကျောင်းသို့ ပြောင်းရွှေ့ကာ ပညာဆက်လက်သင်ကြားသည်။

စစ်ကိုင်း၊ ရွှေဘိုတွင် အရေးပိုင်အဖြစ်နှင့် အမှုထမ်းဖူးသော ယခုကွယ်လွန်ရှာသူ အရေးပိုင်မင်းဦးဘိုးဖျော့နှင့်အတူ ရှေးအိုင်အေပညာ အောင်မြင်ခဲ့သည်။ သို့အောင်မြင်ပြီးနောက် ရခိုင်ဦးညိုနှင့်အတူ မန္တလေးနန်းတော်တွင်းရှိစစ်တပ်တွင် စစ်မင်းကြီးစကားပြန်အဖြစ် အမှုထမ်းရသည်။ ထိုစဉ်အခါ နန်းတွင်း စိန်ရွှေရတနာကုန်သည် ဦးထယ်၏သမီး (စုဖုရားလေး၏အမျိုးတော်) ခင်လေးငယ်နှင့် လက်ထပ်ထိမ်းမြားသည်။ ၎င်းတို့မှ သမီးတင်တင်ကို မွေးဖွားသည်။ (ယခု ရွှေဘိုမြို့ စာရေးတန်းရပ်တွင် ကျန်းမာစွာ နေထိုင်လျက်ရှိသည်။)

ထို့နောက် ရန်ကုန်စာပေဌာန (တစ်နည်း) စာတော်ပြန်ဌာနတွင် အမှုထမ်းသည်။ ယင်းဌာနတွင် ၃ နှစ်ခန့်အမှုထမ်းရင်း ဆေးပညာလေ့လာ

ဆည်းပူးသေးသည်။ ထို့ပြင် ရှေ့နေစာမေးပွဲ၊ မြို့အုပ်စာမေးပွဲများကိုလည်း ဝင်ရောက်ဖြေဆိုရာ **2nd Grade Pleader** စာမေးပွဲနှင့် မြို့အုပ်စာမေးပွဲများ အောင်မြင်ခဲ့သည်။ နောက်တစ်ဖန် ရန်ကုန် ဘုရင်ခံအိမ်တော်တွင် စာတော်ပြန် (တစ်နည်း) စကားပြန်မြို့အုပ်အဖြစ် လုပ်ကိုင်သည်။ ၎င်းအလုပ်ကို ၅နှစ်ခန့်လုပ်ပြီးနောက် ဟံသာဝတီငွေတိုက်ဝန်ထောက်အဖြစ် ရန်ကုန်တွင်နေလျက် ၃နှစ်ခန့် လုပ်ကိုင်ပြန်သည်။

ထိုမှတစ်တန် စစ်ကိုင်း၊ ရွှေဘို၊ ဘုတလင်မြို့များတွင် မြို့အုပ်ဘဝ၊ ငွေတိုက်ဝန်ထောက်ဘဝတို့ဖြင့် အမှုထမ်းပြီးနောက် မြင်းမူတွင် နယ်ပိုင်ဝန်အဖြစ် အမှုထမ်းပြန်သည်။ ၎င်းနောက် အလုပ်မှထွက်၍ ရန်ကုန်တွင် ရှေ့နေလိုက်ရင်း ဥပဒေကျောင်းနှင့် မြို့အုပ်နယ်ပိုင်သင်တန်းကျောင်းများဖွင့်သည်။ ထိုအခါ ဥပဒေစာအုပ်များ၊ ဝတ္ထုစာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။ ထိုအချိန်မှာပင် ဤ **"မောင်ရင်မောင် မမယ်မ"** ဝတ္ထုကို ရေးသားထုတ်ဝေခဲ့သည်။ ဟံသာဝတီသတင်းစာဆရာ၊ မြန်မာအဆွေ သတင်းစာဆရာအဖြစ်လည်း လုပ်ခဲ့ဖူးသေးသည်။

သို့စာရေးခြင်းအလုပ်ကို ဝါသနာအလျောက် လုပ်ကိုင်ရင်း အိမ်၌လသာဆောင်တွင် အနေများသောကြောင့် သွက်ချာပါဒရောဂါစွဲကပ်သဖြင့် ဆရာများ၏ညွှန်ကြားချက်ရ အပူပိုင်းဒေသ ရွှေဘိုတွင်ပြောင်းရွှေ့ အခြေစိုက်၍ ရှေ့နေလိုက်ရင်း ဥပဒေကျောင်းဖွင့်သည်။ တပည့်တပန်းအလွန်ပေါများလှသောဟူ၏။

၁၂၈၀ ပြည့်နှစ်တွင် အလောင်းမင်းတရားကြီး ဘုရင်အဖြစ်သို့မရောက်မီက တည်ထားကိုးကွယ်ခဲ့ဟန်ရှိသော **"အောင်ဇေယျဇနီးမောင်နှံ"** ကောင်းမှုဟု ကျော်ကြားတွင် ကမ္ပည်းထိုးထားသည့် ရှေးဟောင်းမြတ်သိန်းတန်စေတီကို ပြန်လည်ပြုပြင်မွမ်းမံကိုးကွယ်သည်။ ဆရာကြီးကိုမ်းစ်လှကျော်၏ကောင်းမှုဖြစ်သော မြတ်သိန်းတန်ဘုရားတံတိုင်းအတွင်း၌ ယခုတိုင် သမီးသားမြေး

တစ်ခုတို့က ကိုယ်မင်းစိလ်လှကျော်၏အရိုးအိုးဂူ တည်ထားကိုးကွယ်သည်ကို တွေ့မြင်နိုင်ပေသည်။

ဂိုမ်းစိလ်လှကျော်ရေးသားခဲ့၍ စစ်အတွင်းက ပျက်စီးသွားသောစာအုပ်များမှာ ဥပဒေစာအုပ်များ၊ ဆေးကျမ်းမှတ်တမ်းမှတ်စုများ၊ မြို့အုပ်အလုပ်လုပ်စဉ်က ဖြစ်ပျက်ပုံပါဝင်သည့် ကိုယ်တွေ့"ကိုမြို့အုပ်"ဝတ္ထု၊ တို့နောက် တစ်ပိုင်းတစ်စမျှသာ ရေးသားပြီးစီးခဲ့သည့် "နောက်လင်"ဝတ္ထုစသည်တို့ ဖြစ်လေသည်။

ထိုပြင် ထိုစဉ်က မြန်မာသတင်းစာများတွင်သာမက Burma Critic, Burma Review စသည့် အင်္ဂလိပ်သတင်းစာတို့တွင်လည်း ဆောင်းပါးများ၊ ဝတ္ထုများ ရေးသားခဲ့ဖူးကြောင်း သိရှိရပါသည်။

ဆရာကြီးဂိုမ်းစိလ်လှကျော်သည် "မောင်ရင်မောင် မမယ်မ"ဝတ္ထု အဆုံးတွင် "ကိုရင်မောင်နှင့် မမယ်မတို့ ပြန်၍ဆုံမိကြလျှင်"ဟု အဆုံးသတ်ထားပြီး ဒုတိယပိုင်းဖြစ်သော ငယ်ချစ်နှစ်ဦး ပြန်လည်ဆုံစည်းပြီးနောက် မျိုးမတတ်ချစ်မဝဖြစ်လျက် အမွေအနှစ်များဖြင့် ချမ်းသာစွာနေထိုင်ကြပုံများကို အစွမ်းကုန်ရေးသားရန် စီစဉ်ပြီးလုဆဲဆဲအချိန် ၁၂၈၂ခုနှစ်တွင် အဖျားရောဂါဖြင့် ကွယ်လွန်သွားရရှာသည်မှာ ကြေကွဲဝမ်းနည်း နှမြောလွမ်းဆွတ်ဖွယ်ကောင်းလှပါဘိသည်။

ခင်ထားဦး
ဂိုမ်းစိလ်လှကျော်၏မြေး
၁၀.၁၁.၅၉

Generated by CamScanner from intsig.com

## အလွန်လူကြိုက်များသော ဝတ္ထု

"ဤဝတ္ထုသည် အလွန်လူကြိုက်များသော ဝတ္ထု ဖြစ်သည်။ ထို့ကြောင့် ဝတ္ထုရေးသူသည် ရသစာပေအဖွဲ့ သစ်တစ်ခုကို အင်္ဂလိပ်ဘာသာ မတတ်ကျွမ်းသေးသော မြန်မာပရိသတ်နှင့် မိတ်ဆက်ပေးခဲ့သူ အဖြစ်ဖြင့် ဥဒါန်း တွင်ခဲ့ပြီ။ မြန်မာဝတ္ထုထဲက မောင်ရင်မောင်သည် စင်စစ်မှာ မြန်မာအသွင်ကို ယူထားသော ပြင်သစ်အမတ် မွန်တီ ခရစ္စတိုပင် ဖြစ်သည်။ သို့ရာတွင် မြန်မာပြည်၌ ပြန်၍ ကိုယ်ထင်ပြလာသော အမတ်ကြီးသည် ဥရောပ၌ ပြုမူကျင့် ကြံသကဲ့သို့ မြန်မာပြည်၌ ပြုမူကျင့်ကြံနိုင်မည် မဟုတ်။ မြန်မာကဲ့သို့ ကျင့်ကြံရမည်သာ ဖြစ်သည်။ မြန်မာ မောင်ရင်မောင်သည် ကလဲ့စား ချေတတ်သော၊ ရက်စက် သော၊ မကောင်းသူကို ပယ်ရမည်ဟူသော တရားကို ဆုပ်ကိုင်၍ ခက်ထန်လွန်းလှသော ပြင်သစ် အမတ်ကြီး မဟုတ်တော့ပြီ။ ဗုဒ္ဓဘာသာဝင် သူတော်စင်ပီပီ သိမ်မွေ့ သော၊ ချစ်ဖွယ်ကောင်းသော၊ သူတစ်ပါး၏ အဆိုးကို မေ့ပျောက်လိုသော၊ အခွင့်လွှတ်တတ်သောသူ ဖြစ်လာရ ပေသည်။"

ဆရာကြီး ဦးပေမောင်တင်

*(မြန်မာနိုင်ငံသုတေသနအသင်း၊ သုတေသနဂျာနယ်၊ အတွဲ–၈၊ အပိုင်း–၁)*

# ပြေပြစ်ခြင်းရှိသည့် စကားပြေ

"ဦးလှကျော်၏ စကားပြေ အရေးအသားသည် စာဖတ်ပရိသတ်အဖို့ နားလည်လွယ်သည်။ ပြေပြစ်ခြင်းရှိသည် - - - - - ထိုဝတ္ထုကို ကြိုက်ကြသည်မှာ ချစ်နှစ်သက်စရာ အခန်းကို ချစ်နှစ်သက်စရာဖြစ်အောင်၊ သနားစရာအခန်းကို သနားစရာဖြစ်အောင်၊ ထိတ်စရာအခန်းကို ထိတ်စရာဖြစ်အောင်၊ စဉ်းစားစရာအခန်း ကြောင်းရပ်ကို စဉ်းစားစရာ ဖြစ်အောင် ဦးလှကျော်၏ စကားပြေကလည်း ပြုနိုင်စွမ်း ရှိသောကြောင့် ဖြစ်သည်ဟု ထင်ပါသည်။"

ဆရာဇော်ဂျီ

(ဇော်ဂျီ၏ လေ့လာချက်၊ မောင်ရင်မောင် မမယ်မ ဒုတိယအကြိမ်ပုံနှိပ်၊ ၁၉၇၇-ခုနှစ်)

## နော်ဗယ်ခေါ် ကာလပေါ်ဝတ္ထုအစ
## (မြန်မာစာပေလောက၌ မျိုးစေ့ချသော ဝတ္ထု)

ဤဝတ္ထုသည် မြန်မာစာဖတ် စာပရိသတ်ကို အနောက်တိုင်း၌ ထွန်းကားနေသည့် နော်ဗယ်ခေါ် ကာလပေါ်ဝတ္ထု အဖွဲ့မျိုးနှင့် စတင်မိတ်ဆက်ပေးခဲ့သည့် ဝတ္ထုဟု ဆိုနိုင်ပါသည်။ မြန်မာစာပေလောက၌ ကာလပေါ် ဝတ္ထုမျိုးစေ့ကို ချပေးခဲ့သည့် ဝတ္ထုဟုလည်း ပြောနိုင်ပါသည်။ ထို့ကြောင့်လည်း စာပေပညာရှင်များက ပထမဆုံး မြန်မာ ကာလပေါ် ဝတ္ထုအဖြစ် အသိအမှတ်ပြု လက်ခံခဲ့ကြခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ မောင်ရင်မောင် မမယ်မကို မြန်မာစာဖတ် ပရိသတ်က ကြိုက်ခဲ့ကြသည်။ နှစ်သက် လက်ခံခဲ့ကြသည်။ မောင်ရင်မောင် မမယ်မဝတ္ထုကို အကြောင်းပြု၍ မြန်မာ့ စာပေလောကတွင် အကျိုးတရားတစ်ရပ် ဖြစ်ထွန်းလာသည်။ ယင်းမှာ အခြား မဟုတ်။ မောင်ရင်မောင် မမယ်မ ဝတ္ထုကဲ့သို့သော မြန်မာကာလပေါ် ဝတ္ထုများ ဆက်တိုက် ထွက်လာခြင်းတည်းဟူသော အကျိုးတရားပင် ဖြစ်ပါသည်။ ဝန်စာရေးဦးကြီး၏ ချဉ်ပေါင်ရွက်သည် မောင်မှိုင်း (၁၉၀၄)၊ မောင်ဘသင်၏ မောင်တာနော(၁၉၀၆)၊ ဆင်ဖြူကျွန်း ဆရာသင်၏ မောင်ရွှေတောင်(၁၉၁၁)၊ ဦးလတ်၏ စပယ်ပင်(၁၉၁၂) နှင့် ရွှေပြည်စိုး(၁၉၁၄)၊ဆရာလွန်းအမည်ခံ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံနှင့် ဆရာစော၏ မောင်စံသူ မဘွားသိုက်၊(၁၉၁၇) တို့သည် မောင်ရင်မောင် မမယ်မဝတ္ထုကို အကြောင်းပြု၍ ဆက်တိုက် ထွက်ပေါ်လာသော ပင်ကိုရေး မြန်မာဝတ္ထုများ ဖြစ်ပါသည်။

မောင်ထွန်းသူနှင့် မောင်မြင့်ကြွယ်

*(ဘာသာပြန် ရသစာပေ၊ စာပေဗိမာန်၊ ၁၉၉၀-ပြည့်နှစ်)*

## နဘေကာရန် တော်လှန်သောအချက်

"ဆရာဇော်ဂျီ၏ လေ့လာချက်ကို ကျွန်တော် သဘော ပေါက်ပါသည်။ ဖြည့်လိုသောအချက်မှာ ဂျိမ်းလှကျော်၏ ပြောဟန် စကားပြေသည် စာပေကို လူထုလက်ထဲ ရောက်အောင် ပို့ပေးသော စကားပြေဖြစ်၍ နဘေကာရန် ညှပ်ထားသော စကားပြေအဖွဲ့အနွဲ့ကို တော်လှန်သည်ဟု သဘောအချက်ပင် ဖြစ်ပါ၏။"

ဆရာမောင်ထင်

(မြန်မာစကားပြေ စာတမ်းများ

ပထမတွဲ၊ စာပေဗိမာန်၊ ၁၉၈၃-ခုနှစ်)

Generated by CamScanner from intsig.com

ဂျိမ်းစ်လှကျော်

# မောင်ရင်မောင်
# မမယ်မ

(ကိုရင်မောင်ထားခဲ့သော စာများမှ
မောင်လှကျော် စီရင်သည်)

Generated by CamScanner from intsig.com

# အခန်း(၁)

ဆိုလတ္တံ့သောဝတ္ထု၌ ပါရှိသောအကြောင်းအရာ အဖြစ်အပျက်များသည် ကျွန်ုပ်တို့မြန်မာဘုရင် သာယာဝတီ၊ ကုန်းဘောင်၊ ဟံသာဝတီ ဥဘွဲ့ခံမင်းတရားကြီးဘုရား ရွှေလက်ထက်တော်ကစ၍ ပုဂံမင်းလက်ထက်တော်တိုင် မင်းနှစ်ဆက်မြောက် ထီးနန်းစံတော်မူသည့်အတွင်း အမှန် မုချဖြစ်ပွားသော အကြောင်းအရာများချည်းဖြစ်သည့်အပြင် ကျွန်ုပ်တို့ ဘုရားအလောင်းတော် ဇနကမင်း၏နည်း၊ အတိဒုက္ခကြုံကြိုက်ရသည့်အခါတွင် လုံ့လဝီရိယကို မလျှော့သောယောကျ်ားအင်္ဂါနှင့် ညီညွတ်စွာဆောင်ရွက်သည့် အကျိုးအားဖြင့် သေမည့်ဘေးမှ လွတ်ထွက်ပြီးလျှင် အချိန်သင့်တိုင်ရောက်ကာလ သူဌေးသူကြွယ်၏ဘဝကို ရရှိရုံမျှမက ငယ်ရွယ်စဉ်အခါက ချစ်ခင်စုံမက်ကြပြီးနောက် နှစ်ပေါင်းများစွာ ကွဲကွာနေသူမိန်းမနှင့် ပြန်၍ပေါင်းသင်းရသည်များကို ဗဟုသုတအရာ လိုလားသူ အမျိုးကောင်းသားသမီးတို့ သိမှတ်အပ်သည့်အတိုင်း ဖြစ်ပျက်သည့်အကြောင်းအရာ အစီအစဉ်အလျောက် ဒ႑ည်ပြဆိုပေကုန်အံ့။ အကြောင်းအရာအဝတ္ထုပ္ပတ္တိအမှန်ချည်းဖြစ်သော်လည်း ဝတ္ထုတွင်ပါဝင်သူ ပုဂ္ဂိုလ်တို့၏သားမြေးသည် ယခုတိုင် အဝမြို့၊ အမရပူရမြို့၊ စစ်ကိုင်းမြို့၊ ရွှေဘိုမြို့၊ မန္တလေး စသောမြို့များတွင် အသက်ရှည်လျက် အနံ့အပြားရှိကြပေသေးသောကြောင့် မှည့်ခေါ်လတ္တံ့သော အမည်နာမဟူသမျှကို အမှန်ချည်းဟူ၍ မမှတ်ယူရာကုန်။

ကျွန်ုပ်တို့မြန်မာဘုရင် သာယာဝတီကုန်းဘောင်မင်းတရားကြီး ရွှေလက်ထက်တော်၌ အဝမြို့တွင် အကျော်အစောဖြစ်သော ကုန်သည်ကြီး ဦးဘိုးအို၊ ၎င်းကတော် မဖားဥတို့သည် ရှိကြ၏။ ထိုဦးဘိုးအို၊ မဖားဥတို့၌ သားသမီးရင်းချာ မထွန်းမကားလျှင် သူတစ်ပါးအကလေး နို့စို့ရွယ်ကို တောင်းယူ၍ ကိတ္တိမမွေးစားမိလျှင် ထိုပုဂ္ဂိုလ်နှစ်ဦးသည် ထိုအကလေးကို

Generated by CamScanner from intsig.com

ချစ်ခင်မြတ်နိုးလှသဖြင့် မွေးစားသည့်အကြောင်းကို အစိုပ်အမြွက်မျှ သူတစ်ပါး ပြောဆိုသံကိုကြားလျှင်ပင် စိတ်လက်မကြည်မသာရှိတတ်၏။ ထိုသူငယ် အရွယ်ရောက်လတ်ပြန်သော် မိမိတို့ရှိရှိသမျှသော ပစ္စည်းဥစ္စာမှစ၍ အလုပ် အကိုင်များကို သားမောင်ရင်မောင် လက်ဝယ်သာလျှင် အပ်နှံလွှဲအပ်ထားလေ ရှိ၏။

ထိုအခါ ဦးဘိုးအိုသည် ကာလအလျောက် လွန်စွာကြီးမားသော ကုန်လှေကြီးတစ်စင်းကို အသုံးပြု၍ အောက်အကြေနိုင်ငံ မြို့ရွာများတွင် သွားရောက်ရောင်းချ၊ အထက်သို့ပြန်၍ ဆန်တက်ပြန်လျှင်လည်း ရန်ကုန်၊ ဟင်္သာတ၊ ပုသိမ်မြို့များမှ အောက်မြို့ကျေးရွာများတွင် ပေါများသော ကုန် စည်ပစ္စည်းတို့ကို တင်ယူဆန်တက် အထက်နိုင်ငံတွင် ရောင်းချလေ့ရှိ၏။

ယခင်ဆိုခဲ့သည့်အတိုင်း ကုန်သန်းရောင်းဝယ်ရာ၌ ဦးဘိုးအိုသည် သားမောင်ရင်မောင်အား ပဲ့နင်းအရာကို နှင်းအပ်၍ လှေနှင့်တကွ ကုန်သန်း ရောင်းဝယ်ရာတွင် အကြီးအမှူးထားပြီးလျှင် မောင်ရင်မောင်လက်အောက်ခံ၍ အများသောလှေထိုးသားတို့အပေါ်တွင် ဩဇာပေးရန် လှေဦးစီးအဖြစ်နှင့် မောင်မြတ်သာဆိုသူ အဝမြို့သား သူငယ်တစ်ဦးကို ငှားရမ်းခန့်ထား၏။ ထိုအခါကာလ၌ ရုပ်လက္ခဏာ လွန်စွာချောမောသည့်ပြင် အမိအဖတို့၌လည်း ဥစ္စာကြေးငွေခိုင်လုံသောကြောင့် လွန်စွာကျော်စောသော ဘုရားဒကာ ဦးသာစု၊ ဘုရားအမ မစာတို့၏သမီး မမယ်မဆိုသူ သူငယ်မကို မောင်ရင်မောင်၊ မောင်မြတ်သာ နှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး လူပျိုတို့ဘာဝ ဘက်ပြိုင် လှည့်လည်ကြသောကြောင့် တစ်ဦးနှင့်တစ်ဦး ရန်ဘက်ငြိုးသူဆိုသော် ဆို ထိုက်၏။

တစ်နေ့သ၌ ဦးဘိုးအိုနှင့်တကွ မောင်ရင်မောင်၊ မောင်မြတ်သာမှစ၍ အခြားလှေသမားတို့သည် အထက်မြို့ကျေးရွာ အညာမှစုန်ဆင်း မိမိတို့လှေ

တွင် ပါသမျှကုန်စည်များကို ဟံသာတမြို့တွင်ရောင်းချပြီးစီးကာလ၊ ဟံသာတမြို့မှ ကုန်စုံများပြင် ဆန်ကုန်များကို ဝယ်ယူတင်ဆောင်ပြီးလျှင် အထက်မြို့ကျေးရွာသို့ ဆန်တက်၊ မကွေးမြို့အောက်ဆွယ်၌ရှိသော မြင်ကွန်းမြို့သို့ ရောက်လျှင် ၎င်းမြို့တွင် ကုန်လှေကြီးကို ဆိုက်ကပ်လျက် ရပ်တန့်နေ၏။

ထိုအခါ မြင်ကွန်းမြို့မှစ၍ အနီးအပါးရှိ အမြို့မြို့အရွာရွာတို့၌ သတင်းကြေညာရှိသည်မှာ အထက်ထက်အခါခါများက တစ်ခေါက်တစ်ခါမျှမလာရောက်ဖူးသော ကုန်လှေကြီးတစ်စင်းသည် မြင်ကွန်းမြို့နိမိတ်တွင် ဆိုက်ကပ်လျက်ရှိသည်။ ထိုကုန်လှေကြီး၌အောက်မြို့ ကျေးရွာမှဖြစ်ထွန်းသော ကုန်ထူးကုန်ဆန်းများအပြင် ဆန်များလည်း အပြောက်အမြားပါရှိသည့် သတင်းစကား အန့်အပြား ဖြစ်ပွား၏။ သည်ကဲ့သို့ သတင်းပြန့်ပွားလျှင် ပြည့်ရှင်မင်းကို လုပ်ကြံရန် ပုပ္ပားတောင်တွင် လူသူစုဆောင်းလျက်ခိုအောင်းရှိနေသူ မင်းသားတစ်ပါး ကြားသိတော်မူ၏။ သည်ကဲ့သို့ ကြားသိလျှင် ကိုယ်တော်တိုင် နောက်ပါကျေးကျွန်အနည်းငယ်နှင့် မြင်ကွန်းမြို့သို့ ရုပ်ဖျောက်ကြွချီတော်မူပြီးလျှင် လှေရှင်ဦးဘိုးအိုနှင့် တီးတိုးစကားကမ်းလှမ်းပြောဆို၏။

ထို့နောက် အမရပူရမြို့ မင်းနေပြည်တွင်ရှိသော အလိုကြံတူသဖြင့် ယုံကြည်တော်မူသော အမတ်ကြီးတစ်ပါးထံ ပေးရန်ဆို၍ ထိုမင်းသားက အမှာတော်စာတစ်စောင် ဦးဘိုးအိုလက်သို့ တိတ်တဆိတ် ပေးအပ်လိုက်၏။ ထိုအခါ ပဲ့နင်းမောင်ရင်မောင်မှာ လှေပေါ်တွင်ပါသော ကုန်စည်၏အကြောင်းကိစ္စနှင့် မြင်ကွန်းမြို့တွင်းသို့ သွားရောက်ပြောဆိုနေရသည့်အကြောင်းကြောင့် ဖြစ်ပျက်သမျှ အကြောင်းအရာကိုမသိ။ လှေဦးစီးမောင်မြတ်သာမှာကား လှေရှင်ဦးဘိုးအိုနှင့် ပုပ္ပားတောင်မင်းသား တီးတိုးစကား ပြောဆိုကြသည့်အရာကို တစောင်းကနေ၍ ချောင်းမြောင်းနားထောင်သဖြင့် တီးတိုး

Generated by CamScanner from intsig.com

ပြောသမျှ စကားတို့ကို ကုန်စင်အောင်မကြားရသော်လည်း အကြောင်းကြောင်းကို အရိပ်နိမိတ်မျှ သိရှိလောက်အောင် ကြားရ၏။ ထို့ပြင်လည်း ပုပ္ပားတောင်မင်းသားက လှေရှင်ဦးဘိုးအိုလက်သို့ အမှာတော်စာ ပေးအပ်လိုက်သည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရလေ၏။

ထိုနေ့ညနေချမ်းအချိန်တိုင်ရောက်လျှင် လှေရှင်ဦးဘိုးအိုသည် ထိုအခါ၌ ထိုမြို့တွင် လူအပေါင်းတို့အား ဖိစီးနှိပ်စက်လျက်ရှိသော ကာလဝမ်းရောဂါကိုယ်တွင် ကပ်ရောက်သဖြင့် ၎င်းည ညဉ့်သန်းခေါင်အချိန်အနီးတွင် အနီးအနား၌ ပြုစုလျက်ရှိသူ ကိုရင်မောင်ကိုခေါ်၍ ဤသို့မှာကြား၏။

ငါ့သားမောင်ရင်မောင်– ငါကား သေရတော့မည် မုချဖြစ်သည်ဆိုလျှင် ကိုရင်မောင်လည်း မျက်ရည် ပေါက်ပေါက်ကျ၏။ ငါ၌ ကာမာဝစရကုသိုလ် နည်းပါးသောကြောင့် ငါ့အား သားသမီးအရင်းအချာဆို၍ မထွန်းကား၊ ငါ့သား မောင်ရင်မောင်မှာ ကိတ္တိမ မှန်သော်လည်း သားအရင်းနှင့်မခြား ငါချစ်ခင်သည်ကို ငါ့သားသိသည်၊ မင်းအမိ မဖားဥဆိုသည်မှာ ငါ့ထက်ပင် လွန်ကဲ၍ ချစ်ခင်သေးသည်၊ ယခုသေရမည့်ဆဲဆဲတွင် ငါ့သားအား မှာထားလိုသည့်အကြောင်းထူးကား နှစ်ရပ်ရှိသည်၊ တစ်ရပ်မှာ ငါသေလျှင် ယခုလှေနှင့်တကွ လှေပေါ်တွင်ပါသမျှ ပစ္စည်းအရပ်ရပ်ကို ငါ့သားအပိုင်ယူလေ၊ ၎င်းပြင် အမိ၏ပိုင်ဆိုင်ခွင့်ကိုချန်လှပ်၍ သားအကြီး အဖအရာဆိုသည့်အတိုင်း အိမ်ထောင်မှုခမ်းနား၌ အစစအရာရာတွင် ငါစီမံဆောင်ရွက်ခဲ့သည့်အတိုင်း ငါ့သား မောင်ရင်မောင်က ကြည့်ရှုဆောင်ရွက်လေ၊ ငါ အဖကား မနေရ၊ သေရတော့မည်မလွဲဖြစ်သည်၊ သို့ဖြစ်၍ အိမ်၌ရှိသော မောင်ရင်မောင်အမိ အမယ်ကြီးကိုသာ စကားအရာ ချောချောမွေ့မွေ့ရှိအောင် သတိပြု၍ ပြောပါလေ၊ ၎င်းပြင် ဒုတိယငါမှာလိုသည့် အကြောင်းတစ်ခုမှာ ငါ့သားအပါးတိုး၍နားထောင်၊ ယခုငါပြောမည့်စကားသည် ငါ့သားအပေါ်တွင်

Generated by CamScanner from intsig.com

လွန်စွာ ဝန်လေးမည့်အကြောင်းဖြစ်သည်၊ ယခုအကြောင်းကို မနာလိုသူ သိ ကြားမူ ငါ့သား၌ ဒုက္ခဆင်းရဲကြီးစွာရောက်လိမ့်မည်၊ အဖ ကြံစည်သည့်အတိုင်း အထမြောက်မူ မင်းအမိနှင့်တကွ ငါ့သားပါ လွန်စွာကောင်းစားလိမ့်မည်၊ အဖမှာ ရောဂါဖိစီးလှပြီ၊ ရှေ့သို့ဆက်လက်၍ စကားမပြောနိုင်ပြီ၊ ငါ့သားနှင့် ယခုစကားပြောဆိုနေသည့်အတွင်း ငါ့သား၏အဖမှာ ကိုယ်လက်အင်္ဂါမှုပင် မလှုပ်မလှည့်နိုင်ပြီ၊ အဖ၏ဦးခေါင်းရင်း၌ရှိသော အမှာတော်စာကို ၎င်းစာ၌ပါသောလိပ်စာအတိုင်း ငါ့သား မောင်ရင်မောင်ပေးဆောင်ပါလေ၊ အိမ်၌ရှိသော မောင်ရင်မောင်အမိ ဆွမ်းသွတ်ပါစေ၊ သို့ဆွမ်းသွတ်သောအခါ ငါ့သားမောင်ရင်မောင်ကလည်း ကိုတ္တိမသားဟူ၍ သဘောမထားပါနှင့်၊ ကံကုသိုလ်နည်းပါးလှ၍ ကိုယ်နေရင်းရပ်ရွာ အဝမြို့တွင်မှမဟုတ်၊ နှစ်ညအိပ်ခရီး ကွာဝေးသည့် ဤမြင်ကွန်းမြို့ငယ်တွင် ကာလရောဂါနှင့် အသက်ဆုံးရှုံးရသူ မင်းအဖ ကိုဘိုးအို၏အတွက် ရေစက်ချလိုက်ပါ မောင်ရင်မောင်။

ဤသို့မှာထားပြီးသည့်နောက် လှေသူကြီး ဦးဘိုးအိုသည် ရောဂါဖိစီးနှိပ်စက်ခြင်းကြောင့် နံနက်မိုးသောက်အချိန်တွင်ပင် အသက်ဆုံးရှုံးရရှာ၏။ သည်ကဲ့သို့ ဦးဘိုးအိုအသက်ဆုံးရှုံးလျှင် ကိုရင်မောင်နှင့်တကွ အခြားလှေသားများပါ လိုက်ပါ၍ ယခင်ဆိုခဲ့သည့် မြင်ကွန်းမြို့မြောက်၌ အလောင်းကို အထင်အရှားအားဖြင့် မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြ၏။

ရှာပနကိစ္စများကို ဆောင်ရွက်ပြီးသည့်နောက်လည်း များမကြာမီ ကိုရင်မောင်သည် လှေနှင့်တကွ လှေတွင်ပါသောပစ္စည်းများကို အုပ်ချုပ်လျက် အဝမြို့သို့ ရှေးရှုဆန်တက်လေ၏။ သည်ကဲ့သို့ ဆန်တက်သည့်အတွင်း တစ်နေ့သ၌ လှေဦးစီးမောင်မြတ်သာသည် ရည်းစားလုဘက်ဖြစ်သူ ကိုရင်မောင်အပေါ်တွင်မနာလိုမရှုဆိတ်သောသဘော လွန်စွာအားကြီးရကား၊ မိမိဝမ်းတွင်း၌ အမျက်ဒေါသပွားလျက် သင်းကိုကား ငါရန်မူတော့မည်၊ သင်း

မသေသေအောင် ကြံဆောင်မည်။ ယခုလှေနှင့်စပ်လျဉ်း၍ ဦးဘိုးအို မွေးစားသားဖြစ်သောကြောင့် သင်းသို့ ဦးဘိုးအိုက ပေးအပ်ခဲ့ပြီးမှန်သည်။ လှေအကြောင်းနှင့်စပ်လျဉ်း၍ သူ့မှာလှေရှင်၊ ငါ့မှာ ဦးစီး အငှားသားမျှဖြစ်သောကြောင့် ယခု သူ့ဩဇာတည်မည်။ အဝမြို့သို့ ရောက်သည်ကာလ သင့်ဩဇာ မတည်ရ၊ ငါ့ဩဇာသာလျှင်တည်ရမည် မုချတည်း။ သင့်အင်္ကျီအိတ်တွင်း၌ပါသော ဦးဘိုးအိုပေးခဲ့သောစာသည် သင့်ကို ရာဇဝတ်ကောင်ထဲတွင် သွင်းနိုင်လောက်သော စာမဟုတ်လော၊ သင်းကံသာသော်လည်း ငါက အကြံသာသည်မဟုတ်လောဟူ၍ ကြိမ်းပ၊ လက်ပမ်းပေါက် ကြိမ်ဖန်များစွာသတ်ပြီးလျှင် ငြိမ်ဝပ်စွာနေလေ၏။

ထို့နောက် သုံးည၊ လေးညအိပ်မျှ ဆန်တက်မိ၍ အဝမြို့သို့ဆိုက်ရောက်လုနီးကာလ မဆိုက်မရောက်မီ လှေသားတစ်ယောက်ကို ကုန်းကတက်၍ အပြန်သွားရောက်အကြောင်းကြားနှင့်စေသောကြောင့် လှေဆိုက်ရောက်သည်နှင့်တစ်ပြိုင်နက် မောင်ရင်မောင်၏အမိဖြစ်သူ မဖားဥနှင့် မမယ်မနှစ်ယောက်တို့သည် အတူတကွ စားဖွယ်သောဖဉ် အချိုအချဉ်နှင့် လာရောက်ခရီးဦးကြိုဆိုကြ၏။

ထိုအခါ မောင်ရင်မောင်စိတ်တွင်း၌ စဉ်းစားဆင်ခြင်သည်ကား ယခုအခါ ရည်းစားဖြစ်သူ မမယ်မကို ဦးစွာနှုတ်ဆက်ရမည်၊ သို့တည်းမဟုတ် အမိဖြစ်သူကို ဦးစွာနှုတ်ဆက်ရမည်မှာ ငါမပိုင်းမဖြတ်နိုင်အောင် ရှိတော့သည်။ မမယ်မလည်း ငါ သူ့ကို ဦးစွာနှုတ်ခွန်းဆက်မည်၊ အမိအား ဦးစွာနှုတ်ခွန်းဆက်မည်ကို သတိပြုလျက် နေကောင်းနေလိမ့်မည်။ သို့သော်လည်း အမိဖြစ်သူအဖို့ မကောင်းသတင်းပါသည်။ အမိကိုသာလျှင် ဦးစွာနှုတ်ဆက်အံ့ဟု ကြံပြီးလျှင် မောင်ရင်မောင်ကဆိုသည်မှာ အမေ– အဖေကားမပါလာပြီ၊ မြင်းခြံမြို့အောက်တွင် ကျန်ရစ်ခဲ့လေပြီဆို၏။ ထိုအခါ မဖားဥကလည်း အလို–

Generated by CamScanner from intsig.com

မောင်ရင်မောင်– ဘယ်အကြောင်းကြောင့် မင့်အဖ ကျွန်ရစ်ခဲ့ပါသနည်း၊ အမိအား ကုန်စင်အောင် ပြောပါဆို၏။ မောင်ရင်မောင်လည်း အမေ– ယခု အကြောင်းကား အလွန်ထူးခြားသောအကြောင်းဖြစ်သည်။ ကျွန်တော့်အဖ မှာ မလွဲသာသောကြောင့် နေရစ်ခဲ့ရှာရသည်။ မောင်ရင်မောင်ကဆိုလျှင် မောင်ရင်မောင် ဤအမှုကား ထူးခြားလှသည်၊ မောင့်အဖသည် မည်သည့် နေ့ရက်လိုက်ပါလာခဲ့မည် မှာလိုက်သနည်း။ ယခုလပြည့်ကျော် တစ်ရက် နှစ်ရက်အတွင်း ရောက်မည်လော၊ မရောက်မည်လော၊ လာမည်လော၊ မလာ မည်လော။ ကိုယ့်လှေပိုင်ရှိလျက်၊ ကိုယ့်သား ပွဲနင်းမှန်လျက်၊ ကိုယ့်သား ပွဲနင်းလုပ်သည့်လှေကို မစီးမနင်းလို နေရစ်ခဲ့သည်ကား လွန်စွာထူးခြား သည်၊ အထူးအရေးကြီးသောကိစ္စ တစ်ခုတစ်ရာရှိအံ့။ ငါ့သား မောင်ရင်မောင် သိရှိသမျှသောကိစ္စကို အမေအားပြောကြားပါဆိုလျှင် မောင်ရင်မောင်လည်း မမှန်သည့်စကားကို မဆိုသင့်ပြီ၊ အမှန်ကိုပြောမှသင့်မည်ကြံပြီးလျှင် ဤသို့ ပြော၏။ အမေ– အမှန်ကို ကျွန်တော်ပြောပြရမည်ဆိုသော် ကျွန်တော်တို့ အဖသည် မြင်းခြံမြို့အောက် မြင်ကွန်းမြို့တွင် ကျွန်တော်တို့လှေဆိုက်ကပ် နေသည့်အတွင်း လူအပေါင်းတို့တွင် ကျရောက်လျက်ရှိနေသော ကပ်ရောဂါ ကြီး ဖိစီးနှိပ်စက်သည့်အတွက်ကြောင့် အသက်ဆုံးရှုံးလေပြီဟူ၍ ဆိုသည်တွင် ထိုမိန်းမအို မဖားဥသည် ရုတ်တရက် နောက်သို့ပြန်၍ လဲကျသောအခါ မောင်ရင်မောင် ပြေးသွားဖက်မည်အလုပ်တွင် မမယ်မက ငိုကြွေးလျက် ကောက်ယူ ပွေ့ပိုက်ပြုစုသောကြောင့် ဤနေရာကား မိန်းမနေရာဖြစ်သည်။ ငါဝင်ရောက်ပြုစုရန်မတော်ဟု မောင်ရင်မောင်သည်ရပ်တန့်လျက်နေလေ၏။

ထို့နောက် မဖားဥအတန်ငယ်နေသာလျှင် အနီးရှိ မဖားဥအိမ်သို့ သုံးဦးလုံးသွားကြသဖြင့် ရောက်ကာလ မဖားဥကပြောဆိုသည်မှာ ငါ့သား မောင်ရင်မောင်– ယခုမောင့်အဖကား လမ်းဆုံးသွားရှာလေပြီ။ အဖ၏

Generated by CamScanner from intsig.com

အရိုက်အရာ သားမှာတည်ရာသည့်အတိုင်း ငါအမိမှာ ပစ္စည်းဥစ္စာလုံလောက်စွာရှိ၏မှန်သော်လည်း ငါ့သားမရှိလျှင် အမေ့မှာ အားကိုးရာမဲ့ဖြစ်မည်။ ငါ့သားကိုသာလျှင် အမေအားကိုးသည်။ အမေ့မှာ အခြားအားကိုးစရာမရှိ၊ သို့ကြောင့် အဖအရိုက်အရာကိုခံပါ။ မမယ်မမှာ ငါတို့လူကြီးဖြစ်၍ မသိကျိုးကျွန်နေသည်။ အစစအရာရာ ငါနှင့်တကွ ကွယ်လွန်သူမင်းတို့အဖလည်း သိနားလည်သည်။ ငါတို့နှစ်ဦးလုံး စိတ်ကူးမှန်းတန်း၍ ထားသည်မှာ အောက်မြို့ကျေးရွာမှ ဤတစ်ခေါက်ပြန်လည်လာလျှင် စီးပွားချမ်းသာရေးမှန်သမျှကို မောင်ရင်မောင် မမယ်မ နှစ်ဦးသို့နှင်းအပ်ပြီးကာလ ငါတို့အဘိုးကြီး အမယ်ကြီးမှာ သံသရာရေးကြည်းဆောင်ရန် ဥပုသ်ဆောင်ဝင်မည် ကြံစည်စီမံထားကြသည်ဟုဆို၏။ ထိုအခါ မမယ်မကဆိုသည်မှာ အမေနှင့်အဖ ကြံစည်စီမံထားကြသည်မှာကား လွန်စွာသင့်လျော်ပါသည်။ အမေတို့၏ဂုဏ်သရေကိုလည်း ကျွန်မက မရွတ်မချလိုပါ။ ကျွန်မတို့မိဘများကပင် ကျွန်မတို့အိမ်ထောင်ကျလျှင် ကျွန်မယောက်ျားကို ယခုကဲ့သို့ လေ့သွားခိုင်းရန် ရည်ရွယ်မှန်းတန်းကြပါသည်ဆိုလျှင် မဖားဥကဆိုသည်မှာ ငါ့သား မောင်ရင်မောင်– မင့်အဖအတွက်မှာ ငါတို့ပူပန်သောကရောက်၍ မည်သို့ပင်ငိုကြွေးမြည်တမ်းသော်လည်း ကျေးဇူးရှိနိုင်တော့မည်မဟုတ်၊ ယခုအခါ အမေမျက်မှောက်ကြည့်ရှုလိုသည်မှာ ငါလည်း အသက်အရွယ်ကြီးမြင့်ပြီ၊ ငါ၌ရှိသော မင့်အဖထားခဲ့သည့်ပစ္စည်းများကို ပိုင်ပိုင်နိုင်နိုင်ယူငင်၊ မမယ်မနှင့် တောင်းရမ်းပြောဆို လင်မယားအဖြစ်သို့ ရောက်ကာလ ဤအိမ်တွင် နေလိုင်ပါ။ ငါ့မှာကား တော်သင့်ရာနေရာ၌ ဥပုသ်သီတင်းဆောက်တည်လျက်နေပါရစေ၊ ယခု ခရီးရောက်မဆိုက်ကို အမေသာလျှင် မောင့်အမိမဟုတ်၊ မမယ်မတို့ အမိအဖလည်း မောင့်အမိအဖဖြစ်သည် သွား၍ကန်တော့ချေ။ အပြန်ကျမှ မင့်အဖအတွက် ဆွမ်းသွတ်ရန် စီမံတိုင်ပင်မည်– အမိ မဖားဥကဆို၏။

Generated by CamScanner from intsig.com

ကိုရင်မောင်ကဆိုသည်မှာ အမေ– အမေပြောသောစကားများသည် အထူးအားဖြင့် လူကြီး၏အင်္ဂါနှင့်ပြည့်စုံပါပေသည်။ အမေစေခိုင်းသည့်အတိုင်း မမယ်မတို့အိမ်သို့ ကျွန်တော်လိုက်သွားပါမည်။

သို့သော်လည်း အဖသေဆုံးသည့်ခဏတွင် မင်္ဂလာမဆောင်ပါရစေနှင့်၊ ခုနစ်လတာမျှဆိုင်းပါရစေ၊ ခွင့်ပေးပါ–ဆိုလျှင် အမိ မဖားဥဆိုသည်မှာ အမေပြောမည် ငါ့သား၊ ဤအမှုကား အမေ့အမှုမဟုတ်၊ ငါ့သားနှင့်မမယ်မတို့အမှုမျှသာဖြစ်သည်၊ အမှုကိုဆိုင်းလိုလျှင် မမယ်မကိုတိုင်ပင်၍ဆိုင်းလေ၊ သို့သော် အမေလည်း အရွယ်ကြီးရင့်ပြီ၊ လောက၌ သခါရသဘောတရားကို အမေအောက်မေ့သည်၊ ဆွမ်းသွတ်ပြီးသည့်နေ့က တစ်လအတွင်း မင်္ဂလာပြုကြပါ၊ ငါ့သားနှင့် ငါ့သမီး အံ့တည်တကျဖြစ်သည်ကို အမေမသေမီကြည့်ရှုလိုပါသည်ဆိုလျှင် မမယ်မကလည်း မိဘတို့စကား သားသမီးမှာတည်ရသည်ဆိုသည့်အတိုင်း တည်ပါစေမည်ဆိုသဖြင့် မဖားဥလည်း သာဓုခေါ်၏။

ဤကဲ့သို့ပြောဆိုကြ၍ ကွယ်လွန်လေသူဦးဘိုးအိုအတွက် သပိတ်သွတ်သွင်း ဆွမ်းတော်ကပ်လှူရန်နေ့ရက်၊ ထိမ်းမြားလက်ထပ်မင်္ဂလာပြုရန်နေ့ရက်များကို လျာထားချိန်းချက်ကြပြီးသည့်နောက် မမယ်မလည်း နေအိမ်သို့ ပြန်လေ၏။

❖❖ ❖❖ ❖❖

Generated by CamScanner from intsig.com

# အခန်း(၂)

ဆိုခဲ့သည့်အတိုင်း မမယ်မပြန်သွားပြီးသည့်နောက် မောင်ရင်မောင်လည်း အမိမဖားဥနှင့် တိုင်ပင်သင့်ရာတိုင်ပင်၊ လှေပေါ်တွင်ရှိသည့် ကုန်စည်များကို ကုန်းသို့တင်ပို့ရန် လှေထိုးသားတို့အား မှာထားပြောဆိုပြီးနောက် နေဝင်ရီတရောအချိန်ကျရောက်ကာလ သစ်လည်းမသစ်၊ ညစ်လည်းမညစ်သော ပုဆိုးအဝတ်များကိုဝတ်ဆင်၍ မမယ်မ၏မိဘတို့သို့ ကန်တော့ရန် အောက်မြို့ကျေးရွာမှယူဆောင်ပါလာသော ပိတ်တစ်အုပ်၊ ခေါင်းပေါင်းဖြူတစ်အုပ်၊ မမယ်မအဖို့ ဖဲပဝါတစ်အုပ်များကို အဝတ်ဖြူနှင့်ထုပ်လျက် လှေထိုးသားတစ်ယောက်ကို နောက်ကဆောင်ယူစေပြီးလျှင် ကျောင်းဒကာဦးသာဓု-မစာတို့အိမ်သို့ ရှေးရှုသွား၏။

မောင်ရင်မောင်သည် အလုပ်အကိုင်လုပ်ကိုင်ခြင်း၊ စီးပွားရှာဖွေရာတွင် ရောင်းဝယ်ခြင်း စသည့်အရာများ၌ သူတစ်ပါးတို့ထက် အမြော်အမြင်ရှိသော ယောက်ျားကောင်းမှန်၏။ မမယ်မကို လူပျိုတို့ဘာဝ မောင်မြတ်သာနှင့်ယှဉ်ပြိုင်လှည့်ပတ်ကြရာ၌ မိမိအောင်မြင်သောကြောင့် မောင်မြတ်သာ စိတ်နှလုံးမချမ်းမသာရှိသည်ကိုလည်း သိ၏။ သိသည့်အတိုင်းလည်း မမယ်မထံမှ စကားသေချာရရှိသည့်နေ့ကစ၍ မောင်မြတ်သာအား အထူးဂရုစိုက်ပြု၍ ခေါ်ပြောကျွေးမွေး လောကဝတ်ပြုလုပ်ပေါင်းသင်း၏။ သို့ပေါင်းသင်းသဖြင့်လည်း မောင်မြတ်သာ၏ဝမ်းတွင်း၌ မိမိကို သေကြောင်းကြံလောက်အောင် အကြိတ်အခဲကြီး ထားလိမ့်မည်ဟူ၍ စိုးစဉ်းမျှ မထင်မမြင်။ မောင်မြတ်သာကမူ မောင်ရင်မောင် သေသည်ကိုသာလျှင် မြင်ချင်၏။

ဆိုခဲ့သည့်ညနေတွင် မောင်မြတ်သာ စဉ်းစားဆင်ခြင်သည်မှာ မောင်ရင်မောင်၌ အောက်မြို့ကျေးရွာမှ လက်ဆောင်များပါလာသည်။ ခေါင်းပေါင်း

ဖြူ၊ ဖဲပဝါ ဝယ်ယူလာသည်ကို ငါကိုယ်တိုင်မြင်ရသည်။ မည်သူ့ပိုဖြစ်သည်ကို စဉ်းစားရန်မခက်။ သို့သော်လည်း သူ၌ ဝေယျာဝစ္စများပြားသည့်အတွက် ယနေ့ည သူသွား၍ ပို့ကောင်းမှပို့မည်၊ ပို့မည် မပို့မည်ကို သိရအောင် ငါ တစောင်းက ချောင်းမြောင်းကြည့်အံ့ဟုကြံပြီးလျှင် မမယ်မတို့အိမ်နှင့် မနီးမဝေးသောနေရာက မထင်မရှား စောင့်ဆိုင်းနေလေ၏။

သည်ကဲ့သို့ စောင့်ဆိုင်းနေသည်အတွင်း မောင်ရင်မောင်လာသည်ကို မြင်လျှင် သင်းကား လက်ဆောင်ပဏ္ဏာနှင့်တကွ လာလေပြီ၊ ယနေ့ည စကားအထူးအထွေပြောလိမ့်မည်၊ မှောင်လျှင်မှောင်ချင်း ငါအိမ်အောက်က ဝင်၍ သင်းတို့ပြောသမျှကို ချောင်းမြောင်းနားထောင်အံ့ဟု ကြံပြီးလျှင် မောင်ရင်မောင်မမြင်အောင် ပုန်းကွယ်ရှောင်ရှား၍နေ၏။

ထိုအခိုက်အခါများ၌ အကယ်ဆိုသော် မောင်မြတ်သာ သည်ကဲ့သို့ မရှောင်မရှားဘဲ အထင်အရှားနေစေကာမူ မောင်မြတ်သာကို မောင်ရင်မောင် မြင်မည့်အခါမဟုတ်။ အဘယ်ကြောင့်ဆိုသော် မမယ်မတို့အိမ်ကိုမြင်ရသည့်အခါကစ၍ မိမိအား မမယ်မသည် မျှော်မည်မမျှော်မည်ကို လွန်စွာသိလိုသော ဆန္ဒရှိသောကြောင့် အခြားသို့မကြည့်၊ မမယ်မတို့အိမ်ပြတင်းပေါက်ကိုသာလျှင် စိုက်စိုက်လျက် ကြည့်ရှု၍သွား၏။ ထိုအခါမှာ ထိုပြတင်းပေါက်တွင် အကယ်၍ မမယ်မ,မဟုတ်ဘဲ အသက် ၅၀ကျော်လွန်သူ မမယ်မတို့အမိ အမယ်အို မစာကိုမြင်စေကာမူ မှောင်လည်းမှောင်စဖြစ်၍ ကိုရင်မောင်က မုချ မမယ်မဟု ထင်မည့်အခါဖြစ်၏။ သည်ကဲ့သို့သောအခါတွင် ထိုပြတင်းပေါက်၌ မမယ်မအစစ်ကိုမြင်ရလျှင် မိမိသွားမြဲခြေလှမ်းပင် မမှန်မကန်ရှိသည့်အပြင် အသည်းနှလုံးလည်း တုန်လှုပ်ခြင်းဖြစ်၏။ ဤအခါ ကိုရင်မောင်စိတ်၌ကြံမိသည်မှာ မမယ်မကား ငါ့အား ပြတင်းပေါက်က မျှော်လျက်နေရှာလေပြီ။ ဘယ်အကြောင်းကြောင့် ကြန့်ကြာနေသနည်း သူမေးလျှင်

ငါကြံပန်၍ဖြေရတော့မည်။ ယခုတင်ကမှာ မသာ၏အရေးကိစ္စကြောင့် သူနှင့် စကားတိုက်ရိုက် အတုံ့အပြန် မပြောလိုက်ရ။ ယခုညဖြင့် သန်းခေါင်ကျော်မှ ငါအိမ်ပေါ်ကဆင်းမည်ကြံစည်ထားပြီးလျှင် အိမ်သို့ရောက်ကာလ ကြည့်ရှုလိုက်ရာ အခါတိုင်းကဲ့သို့မဟုတ်။ အိမ်ဦး၌ ချောမွတ်သော သင်ဖြူးဖျာများကို ခင်းကျင်း ကွမ်းဆေးလက်ဖက် စသည်ဖြင့်လည်း အသင့်တည်ထားလျက် ရှိသည်ကိုမြင်ပြန်လျှင် မမယ်မကား မိမိအမိအဖအား ငါလာမည့်အကြောင်းကို စကားကြောင်းလမ်းထားလေပြီဟုသိ၏။ ကိုရင်မောင် အိမ်ပေါ်သို့တက်မိလျှင် ဦးသာစုနှင့်တကွ ကျောင်းအမ မစာတို့သည် ကောင်းမွန်စွာ ခရီးဦးကြိုဆိုနှုတ်ခွန်းဆက်ကြ၏။ ကိုရင်မောင်လည်း မိမိ၌ပါသော လက်ဆောင်ပဏ္ဏာထုပ်ကို ရှေ့၌တည်စေပြီးလျှင် လူကြီးလူကောင်းသားပီသစွာ ဦးချကန်တော့၏။

ထို့နောက် ကွယ်လွန်လေသူ ဦးဘိုးအို၏အကြောင်း အစပြု၍ မေးမြန်းပြောဆိုကြ၏။ ၎င်းနောက် အောက်မြို့ကျေးရွာအကြောင်း၊ ၎င်းနောက် အရောင်းအဝယ် ကောင်းမကောင်း၊ မိုးလေဝသရာသီအကြောင်း စသော အကြောင်းကြောင်းမျိုးကို ပြောဆိုကြ၍ အပြီးသို့ကျရောက်ကာလ ပါလာသော ပဏ္ဏာထုပ်ကို ကျောင်းအမ မစာက မောင်ရင်မောင်အား ဖြေစေခိုင်း၍ ဖြေပြရာ ခေါင်းပေါင်းဖြူအုပ်၊ ပိတ်အုပ်များကို ချီးမွမ်းကြ၏။ ၎င်းနောက် အမိမစာသည် မောင်ရင်မောင်ပြောဆိုမည့်စကားကို သိရှိပြီးဖြစ်၍ စကားအစချီးရန်အကြံဖြင့် သည်ဖဲပဝါအုပ်ကား အလွန်လှပယဉ်ကျေးသည်၊ ချောလည်း ချောမွတ်သည်၊ မည်သူ့ကိုရည်ရွယ်၍ ဝယ်ခဲ့ပါသနည်း။ အဖိုးမှာ အထည်ကိုယ်နှင့်ချင့်တွယ်ရသော် များစွာပင်ကျလေလိမ့်မည်ဟုဆိုလျှင် မောင်ရင်မောင်သည် တုန်လှုပ်ခြင်းဖြစ်၍ ရုတ်တရက်တုံ့ပြန်မပြောနိုင်ရှိ၏။ ထိုအခါ မိမိစိတ်၌ အောက်မေ့မိသည်မှာ မမယ်မကို ငါချစ်ကြိုက်စကားပြောစဉ်အခါ

Generated by CamScanner from intsig.com

ကလည်း ငါတုန်လှုပ်၏။ တုန်လှုပ်သော်လည်း အပျိုဆယ်ယောက်ကို လူပျိုစကား ဆယ်ကြိမ်ထပ်၍ ပြောရမည်ဆိုသော် ငါပြောရဲ၏။ သူ့မိဘ တစ်ယောက်ကို ပြောရမည်ကား ငါမဝံ့မရဲရှိတော့သည်ဟု အောက်မေ့နေ သည်အတွင်း ကျောင်းဒကာ ဦးသာခုက ကိုယ်နှင့်နှိုင်းစာမိသဖြင့် စကား ထောက်ပံ့လို၍ ပြောဆိုသည်မှာ မောင်ရင်မောင်- ငါတို့လည်း ပျို့ခဲ့ဖူးသည်၊ အစစအရာရာမရှက်နှင့်၊ သည်ပိုးပဝါ အပျိုဖို့ ဝယ်ခဲ့သည်နှင့်တူသည်၊ ငါတို့ အိမ်သို့ မှား၍ပါလာသလားမေး၏။ ထိုအခါမှ အနည်းငယ်အားတက်၍ ကျွန်တော်ပြောရန်ရှိပါသည်၊ နှစ်ဦးလုံးကခွင့်ပြုတော်မူကြပါဆိုကာလ ကျောင်း ဒကာ ကျောင်းအမနှစ်ဦးလုံးက ခွင့်ပြုသောကြောင့် ကိုရင်မောင်က ဆိုသည် မှာ သည်ပဝါသည် အခြားသူဖို့မဟုတ်ပါ၊ ကျွန်တော်နှမ မမယ်မဖို့ ဝယ်ခဲ့ ပါသည်၊ မသာမှုကိစ္စမပြီးခင် မင်္ဂလာမှုပြောသည်ဟူ၍လည်း အပြစ်တင် တော် မမူကြပါနှင့်။ ကျွန်တော်တို့အမိက အမြန်ပြီးပြတ်စေလိုသည်။ အမြန် ပြီးပြတ်ရမည်စေသောကြောင့် ကျွန်တော် ပြောရပါသည်။ ကျွန်တော်နှင့် မမယ်မသည် ကျွန်တော်မှာ အသက် ၂၀၊ မမယ်မမှာ ၁၇ နှစ်အရွယ်ဖြစ်၍ လူငယ်ချင်းဘာဝ စုံမက်ကြသဖြင့် မမယ်မကို ကျွန်တော်မေးရာလည်း မိဘ ကိုသာပြောဆိုပါတော့ ခွင့်ပြုသောကြောင့် ယခုအကြောင်းနှင့် ကျွန်တော် က မိဘအထံ အခွင့်ပန်ပါသည်။ ကျွန်တော့်အမိကမှာ မမယ်မကို လွန်စွာ ချစ်ခင်သည်မျှမက မမယ်မတို့မိဖလည်း မောင့်မိဖဖြစ်သည်၊ ယခုနေ့ချင်း သွားရောက်ကန်တော့ချေစေခိုင်းပါသည်။ သို့အတွက် မိဖနှစ်ပါးလုံးက ခွင့်ပြု တော်မူကြပါဆို၏။

ကျောင်းဒကာဦးသာခုကလည်း ငါ့သား- ယခုပြောသောစကားသည် လူကြီးသားမြေး ပီသပေသည်ဆို၏။ ကျောင်းအမ မစာကလည်း မောင်ရင် မောင်ဆိုသောစကား အလွန်ကောင်းပါပေသည်။ မောင့်အမိ မဖားဥနှင့်

Generated by CamScanner from intsig.com

ငါတို့မှာ ငယ်သူငယ်ချင်း ပျိုးအတူ အိုအတူဖြစ်သည်။ သည်အကြောင်းနှင့် စပ်၍လည်း မဖားဥနှင့် စကားစပ်မိ၍ အကြိမ်ကြိမ်ပြောဆိုဖူးပြီဟုဆို၏။

ကျောင်းဒကာက တစ်ဖန်ပြောဆိုပြန်သည်မှာ ကောင်းလှပြီ မောင်ရင်မောင်၊ ငါတို့မှာ သားယောကျ်ားမထွန်းကား၊ ဤသမီးတစ်ယောက်သာလျှင် ထွန်းကားဖူးသည်။ တစ်ယောက်တည်းသောသမီးဖြစ်၍လည်း လွန်စွာချစ်ခင်သည်။ သို့သော် မင်္ဂလာအခမ်းအနားများပြုလုပ်ရန် လရက်များကို မောင်ရင်မောင်တို့ ကလေးချင်း မည်သို့မှန်းတန်းထားကြသနည်းမေးလျှင် မောင်ရင်မောင်လည်း မှသာမယာသောကိစ္စနှင့်နီးလျှင် မသင့်မလျော်၊ လူလေးပါး အပြစ်တင်မည်စိုးသောကြောင့် ကျွန်တော် မိဖထံ ခုနှစ်လတောင်းပန်ပါသော်လည်းမရ၊ ကျွန်တော့်အမိသည် သူ့ကိုယ်ကို မကြာမီသေရလိမ့်မည်ဟု အထင်ရောက်ပြီးလျှင် အတည်တကျဖြစ်သည်ကို ငါမသေမီ ကြည့်ရှုသွားရအောင် တစ်လအတွင်းဆောင်ပါဟူ၍သာလျှင် ပြောဆိုနေပါသည်ဟုဆို၏။

ဦးသာခုကလည်း ယခုကား နယုန်လပြည့်ပြီ၊ ရှေ့သို့မကြာခင် ဝါဆိုတော့မည်။ မောင့်အမိစကားကိုလည်း မပယ်ပေနှင့်၊ ယခုအခါ လင်သေ၍ စိတ်မကောင်းသည့်အခါဖြစ်သည်။ သူသဘောကျသည့်အရာကိုသာ ဆောင်ရွက်၊ သူနှစ်သက်မည့်အရာကိုသာ လုပ်ကိုင်အပ်သည်။ ကျောင်းအမ သဘောတူလျှင် နေ့ကောင်းရက်သာကိုသာ ယခု ငါတွက်ချက်ရွေးချယ်မည်ဆိုလျှင် ကျောင်းအမ မစာကလည်း သဘောတူသဖြင့် မောင်ရင်မောင် မမယ်မတို့ နှစ်ယောက်၏ ခုနှစ်သက္ကရာဇ်များကို အခြေပြု၍ တွက်စစ်ပြီးကာလ ဦးသာခုက ဆိုသည်မှာ ရှေ့ဝါဆိုလဆန်းတစ်ရက်နေ့သည် အမြိတ္တခုတ်ရက်မြတ်ရက်ရာဇာဖြစ်သည်၊ ၎င်းနေ့မှာ မင်္ဂလာပြုလေဟု ဆိုပြီးသည့်နောက် အခြားသင့်ရာစကားများကို ပြောဆိုပြီးလျှင် ဦးသာခုက ငါကား ဘုရားဝတ်တက်ရန်ကိစ္စ ရှိပေသေးသည်ဆို၍ ဝတ်တက်ထွက်သွားလေ၏။ ကျောင်းအမ

မစာလည်း ပိတ်အုပ်နှင့် ခေါင်းပေါင်းဖြူအုပ်ကိုယူငင် ပဝါအုပ်ကို ချန်လှပ်လျက် အမေနှင့်ဆိုင်သည့်ပစ္စည်းကို အမေသိမ်းမည်၊ ပဝါအုပ်ကို ပဝါရှင်ထံ ပေးချေ။ အိမ်ထက်အလယ်ခန်း၌ ရှိလေသည်ဆိုပြီးလျှင် တစ်ပါးသို့ထ၍သွားကာလ ကိုရင်မောင်သည် ပဝါအုပ်ကိုကိုင်လျက် မမယ်မရှိရာ အိမ်ထက်အလယ်ခန်းသို့ တက်သွား၏။

❖❖ ❖❖ ❖❖

Generated by CamScanner from intsig.com

# အခန်း(၃)

မည်သည့်ယောကျ်ားမဆို မည်မျှပင် ရဲစွမ်းသတ္တိရှိသည်ဆိုစေ မိမိ စိတ်၌ အမှန်ချစ်ကြိုက်စုံမက်သော မိန်းမ၏အပါးသို့ ကျရောက်သောအခါ အသည်းနှလုံးတုန်လှုပ်ခြင်း၊ ကိုယ်လက်တုန်လှုပ်ခြင်း၊ ရုတ်တရက်စကား ပြောဆို၍ မထွက်နိုင်ခြင်း၊ ပြောဆိုလိုသည့်စကား အစရှာမရခြင်းများသည် ဖြစ်ပွားတတ်၏။ သည်ကဲ့သို့ဖြစ်တတ်သည့်အကြောင်းကို အထူးသက်သေ သာဓကတင်ပြရန် မလိုပြီ။ ဤဝတ္ထုကို ဖတ်ရှုကုန်သောသူအပေါင်းတို့သည် ကိုယ်၌ကြုံကြိုက်ဖူးသမျှကို ပြန်လှန်၍ အောက်မေ့စဉ်းစားဆင်ခြင်ခြင်းဖြင့် အမှန်ကိုသိသာနိုင်၏။ ထိုမှတစ်ပါး မိတ်ဆွေသူငယ်ချင်းတစ်ဦးက အခြား မိန်းမတစ်ယောက်ကို စကားကြောင်းလမ်းပြောဆိုပေးပါဟု မိမိအားခိုင်းစေ သောကြောင့် သူတစ်ပါးအတွက် ပြောဆိုရသည့်အခါ မိမိသည် အထူးသဖြင့် ရဲရင့်ခြင်းရှိသည်သာမက စကားအရာ လိမ္မာပြေပြစ် ချိုသာနာပျော်ဖွယ်ရှိ အောင် ပြောဆိုနိုင်သည်မှန်သော်လည်း ကိုယ့်အတွက်ကို ကိုယ်တိုင်အား ထုတ်ရသည့်အခါ ပွဲမဝင်မီက တင်ယင်လျက် စာနှင့်ပင်ရေးသား နှုတ်တိုက် ကျက်မှတ်ထားသည့်စကားကိုပင် အပျိုအပါးကျရောက်သည်နှင့်တစ်ပြိုင်နက် အစကအဆုံးတိုင် တစ်လုံးမျှတွေးတောမရရှိတတ်၏။ ဤကိစ္စမျိုး၌ ထူးခြား သောအရာတစ်ခုမှာ လူပျိုနှင့်အပျိုတွင် လူပျိုသာလျှင်တုန်လှုပ်တတ်သည် မဟုတ်၊ အပျိုလည်း တုန်လှုပ်ခြင်းဖြစ်သည်မှန်သော်လည်း ဤအမှုမျိုး၌ မိန်းမပျိုတို့သည် သဘာဝအားဖြင့် ယောကျ်ားများထက် ရဲရင့်သောသတ္တိရှိ၏။ အပျိုအိမ်သို့ လူပျိုသွားရောက်သောအခါများ၌ တုန်လှုပ်ရက်ကြောက်ခြင်း ကြောင့် လူပျိုက အစမပြု၍ စကားမပြောဝံ့သည့်အခါများ၌ အပျိုက စကား

Generated by CamScanner from intsig.com

ကုပ်ပုံ ကမ်းလှမ်းတတ်သည်ကို ထောက်သော် ဤအမှုမျိုး၌ မိန်းမသည်
ပေါက်ပွားထက် ရဲရင့်သည့်အရာ များစွာထင်ရှားအံ။

ယခု ကိုရင်မောင် မမယ်မတို့မှာလည်း ကိုရင်မောင် အိမ်ထဲ
အလယ်ခန်းသို့ရောက်၍ မမယ်မထိုင်နေသည်ကိုမြင်လျှင် မိမိ၌ပါသော
ကိုယ်ပင် မေ့လျော့သဖြင့် လက်မှမချ။ မနီးမဝေးသောနေရာကသာ ထိုင်လျ
မှည်သည့်စကားကအစပြု၍ ပြောရမည်များကို တွေးတော၍မရနိုင်သဖြ
မျက်နှာကို အောက်သို့ချလျက် အတန်ငယ်မျှကြာမြင့်အောင် စကားမပြေ
တုံ့ကိုဘောနေသည့်အတွင်း မမယ်မသည် ကိုရင်မောင် ရှက်ကြောက်ခြင်
ကြောင့် စကား ရုတ်တရက်မပြောနိုင်သည်ကိုသိမြင်လျက် စကားကမ်းလှမ်
ကူပုံရန်အကြံဖြင့် ကိုရင်မောင် ထမင်းများစားခဲ့ပါပြီလားမေးမှ ကိုရင်မော
က ကျွန်ုပ်အမှန်ပြောရမည်ဆိုလျှင် ယနေ့ကား ထမင်းစားရန်ကို သတိမ
မေ့လျော့၍နေပါသည်။ ယခု မမယ်မပြောမှ သတိရပါသည်။ ဆာမွတ်ခြင်
လည်း မရှိပါ တုံ့ပြန်ပြောဆိုအံ။ မမယ်မလည်း အိမ်ခလောက်ဆွဲတွင်
ယခုတင်က တည်ထားသော ကွမ်းဆေးလက်ဖက်များကို ယူဆောင်ပြီးလျှ
ကွမ်းစားပါ၊ ဆေးသောက်ပါ၊ လက်ဖက်စားပါဟူ၍ လောကဝတ်ကိုပြုအ
ၿငင်းနောက် ကိုရင်မောင်ကဆိုသည်မှာ မမယ်မ မင်္ဂလာဆောင်ရန် ရက်ချိန်း
ဖြင့် ပြီးပြီ၊ မင်္ဂလာဆောင်ရန် အခမ်းအနားများကို စီမံရန်သာလျှင်ကျွန်တေ
သည်ဆိုလျှင် မမယ်မကလည်း အမိအဖများနှင့် ကိုရင်မောင်ပြောဆိုသ
စကားကို ကျွန်မအိမ်ပေါ်က ကြားနာရသောကြောင့် သိရှိပါပြီ။ အထ
ထပ်မံ၍ ပြောရန်မရှိပါ။ သို့သော်လည်း ကိုရင်မောင် ယခုတင်က ကျွန်
မိဖများနှင့် စကားပြောစဉ်အခါ မည်သည့်အကြောင်းကြောင့် နတ်ကျသ
တုန်နေပါလဲမေးအံ။ ကိုရင်မောင်ကလည်း မမယ်မ– ကျွန်ုပ်တုန်လှုပ်သည်
ကား အခြားမဟုတ်ပြီ၊ အနိုင်အရှုံးကို အသပြာတစ်ရာခန့်မျှ လောင်းစ

Generated by CamScanner from intsig.com

ထားသောသူသည် အနိုင်ရလိုသော အာသာဆန္ဒအားကြီးလှသဖြင့် နိုင်မည်
ရှုံးမည်ကို မသိရမိတစ်ခဏာ၌ တုန်လှုပ်ခြင်းဖြစ်တတ်သည်။ မိမိနိုင်မည်ဟူ၍
ပင် ထင်မြင်အားထားသော်လည်း မုချနိုင်ကြောင်း မသိရသေးမိတစ်ခဏ၊
သိရပြန်လျှင်လည်း သိရပြီးသည့်ခဏ၌ မုချတုန်လှုပ်တတ်သည်။ သည်ကဲ့
သို့ တုန်လှုပ်ခြင်းမှာလည်း နိုင်လိုသောစိတ်အားကြီးသူ သာ၍ တုန်လှုပ်တတ်
၏။ အဖိုးမထိုက်မတန်သော အသပြာကြေးငွေကို အလောင်းအစားပြုသော
သူမျှပင် ဤမျှလောက်တုန်လှုပ်ပါလျှင် ကိုယ့်အသက်ကို အလောင်းအစား
ပြု၍ထားသူ ကျွန်ုပ်မှာမူ အဘယ်တုန်လှုပ်ခြင်းမဖြစ်ဘဲ နေနိုင်ပါမည်နည်း။
ကိုယ့်အသက်မျှမက ဆတက်တိုးကဲ၍ ချစ်ခင်စုံမက်သောမိန်းမကို လူပျို
ဘာဝ ချစ်ကြိုက်စကား မေးမြန်းစဉ်အခါကလည်း လွန်မင်းစွာ တုန်လှုပ်
သည် တစ်တန်၊ ယခုတစ်ဖန် သူ့မိဘထံပြောဆိုရပြန်သောအခါ တုန်လှုပ်ရုံ
မျှမက တစ်လနှစ်လကပင် ကြံစည်ကျက်မှတ်၍ထားသော စကားများမှပင်
အစကအဆုံး တစ်လုံးမျှရှာဖွေမရအောင် တုန်လှုပ်ခြင်း ဖြစ်ပါသည်။ သို့
သော်လည်း မမယ်မတို့အဖအမိထံ တစ်ကြိမ်မျှ ပြောဆိုတောင်းရမ်းမည်
လော၊ သို့တည်းမဟုတ် မမယ်မထံ ဆယ်ကြိမ်မျှ ချစ်ကြိုက်စကားပြော
မည်လော မေးပါလျှင်-ကျွန်ုပ်ကား မမယ်မထံ ဆယ်ကြိမ်ပြောလိုသည်။
မိဘထံ ပြောရသည်မှာ ရက်သည်လည်းတစ်ဝ၊ ကြောက်သည်လည်း တစ်ဌာန
နှစ်တော့သည် ဆို၏။

ထိုအခါ မမယ်မက ကိုရင်မောင်- အဟုတ်ရဲပါမည်လောမေးကာလ၊
အဟုတ်ရဲပါ၏ဟုဆိုပြီးလျှင် ကိုရင်မောင်သည် မိမိလက်တွင် ဆုပ်ကိုင်ထား
သော ပဲပဝါကို အသာဖြန့်၍ မမယ်မအပါးသို့ ချဉ်းကပ်ပြီးလျှင် ခြုံရုံပေး၏။
မယ်မလည်း မငြင်းမဆန်ရှာဘဲ အသာခံနေ၏။ ထိုအခါ ကိုရင်မောင်လည်း
မိနေရာရင်းသို့ မပြန်ဘဲ အပါးတွင် ချဉ်းကပ်လျက်ထိုင်ပြီးကာလ မမယ်မ

Generated by CamScanner from intsig.com

လက်ကိုကိုင်လျက် မမယ်မလက်တွင် ဝတ်ဆင်ထားသော ပတ္တမြားကျောက်
လက်စွပ်ကို ချီးမွမ်းမည်ပြုသည်တွင် မမယ်မသည် ငြင်းဆန်ရုန်းရင်းခြ
မရှိသော်လည်း တစ်ကိုယ်လုံး တုန်လှုပ်ခြင်းဖြစ်၏။ ကိုရင်မောင်လည်
သည်ကဲ့သို့ မမယ်မတုန်လှုပ်သည်ကိုမြင်လျှင် လွန်စွာ ကရုဏာသက်သ
မမယ်မ ကြောက်ရွံ့တုန်လှုပ်ခြင်းမှ ကင်းစေခြင်းငှာ ပြောပြသည်မှာ ဤ
ကျောက်ကား ပတ္တမြားအစစ်ဖြစ်ပေသည်၊ ရတနာကောင်းရှိရာ ရတ
ကောင်းစုသည့်စကား မှန်ပါပေသည်။ မမယ်မသည် သမီးကောင်းရတ
တစ်ရပ်ဖြစ်သည့်အတိုင်း ဤကျောက်မြတ်ရတနာသည် မမယ်မရှိရာ လ
ရောက်စုပေါင်းရပေသည်ဆို၏။ ထို့နောက် မမယ်မနားတွင်ရှိသောနားတော
ကို လက်ဖြင့် ဖြည်းညင်းစွာကိုင်လျက် ဤနားတောင်းတွင် ခြယ်လှယ်ထ
သော ကျောက်များသည်လည်း ထိုနည်းအတူပင် ရတနာကောင်း စုပေသ
ဟု ဆို၏။

ထိုအခါ မမယ်မကဆိုသည်မှာ ကိုရင်မောင်– ကျွန်မတို့မှာ မိန်းမသ
ူဖြစ်၍ အနည်းငယ်မျှ တတ်သိလိမ္မာသည်မရှိပါ။ အစစအရာရာ မပြော
မပင့်ပါနှင့်၊ သဘောရိုးပြောဆိုပါဆိုလျှင် ကိုရင်မောင်ကလည်း မမယ်မ
ကျွန်ုပ်စကားပြောသမျှမှာ မည်သည့်အခါကမျှ စိတ်၌မပါသောစကား
မပြောရဖူးပါ။ အထင်အမြင်ထက်လည်း ကဲလွန်၍ မမယ်မကို မပြောစ
ဆိုပြီးလျှင် မမယ်မအပါးသို့ နီးသည်ထက်နီးအောင်ချဉ်းကပ်သည်တွင် မမ
က ဆိုသည်မှာ ကိုရင်မောင်– ကျွန်မကြားဖူးသောဝတ္ထုတစ်ခု ပြောပါ
ငြိမ်ဝပ်စွာ နားထောင်စမ်းပါ၊ ဤဝတ္ထုသာဓကအရမှာ ယောကျ်ားသ
မိန်းမများ မည်မျှလောက်သစ္စာရှိသည်မဆိုထိုက်ပါ၊ ရှေးသရောအခါ ပြည်
မင်းကြီး၏သမီးတော်တစ်ပါးသည် လင်ယောကျ်ားသင့်နေရန် စိတ်ကူ
အရွယ်တွင် ဥယျာဉ်တော်သို့ ထွက်စံတော်မူရာ တစ်နေ့သ၌ ဥယျာ

ထောင်ထားသော ထောင်ချိုင့်တွင် ငှက်ဖိုတစ်ကောင်သည် ဝင်မိလျက်ရှိသည်
ကို မြင်၍ ရှုစားတော်မူနေသည့်အတွင်း ထိုငှက်ဖို၏ဇနီးခင်ပွန်းဖြစ်သော
ငှက်မသည် အနီးအပါး၌ရှိသောမင်းသမီးမှစ၍ အခြေအရံကျေးကျွန်သင်းပင်း
တို့ကို ကြောက်ရွံ့ခြင်းမရှိဘဲ မိမိအသက်အန္တရာယ်ကိုစွန့်စားလျက် ထောင်
ချိုင့်အပါးသို့ချဉ်းကပ်ပြီးလျှင် တံခါးကို နှုတ်သီးဖြင့်ဖွင့်လှစ်၊ လင်ဖြစ်သူငှက်ဖို
အား ထောင်ချိုင့်မှ လွှတ်လိုက်သည်ကို ကိုယ်တော်တိုင် မြင်တော်မူရ၏။
ထို့နောက် ခုနစ်ရက်ခန့်ကြာမြင့်လျှင် ယခင်ဆိုခဲ့သောငှက်မသည် ထောင်ချိုင့်
၌ ဝင်မိပြန်သည်ကို မင်းသမီးမြင်တော်မူကာလ ယမန်နေ့က ငှက်ဖိုထောင်
ချိုင့်၌ဝင်မိလျှင် ငှက်မတစ်ကြိမ် ကယ်ဆယ်ဖူးပြီ၊ ယခုကား ငှက်မထောင်
ချိုင့်၌ဝင်မိလျက်ရှိသည်။ ငှက်မကို ငှက်ဖိုလာရောက်ကယ်ဆယ်အံ့ဟု တွေး
ထင်တော်မူသဖြင့် လှမ်းလှမ်းက စောင့်ဆိုင်း၍ ရှုစားတော်မူ၏။ နံနက်က
ထိုနေ့ နေဝင်သည့်တိုင်အောင် ငှက်ဖို မလာရောက် မကယ်မဆယ်သော
ကြောင့် ငှက်မကို ဥယျာဉ်မှူးဖမ်းမိသည်ကိုမြင်တော်မူလျှင် ယောကျ်ားတို့
မည်သည် လွန်စွာ စိမ်းကားလှပေသည်တကား၊ လွန်စွာ သစ္စာမဲ့လှသည်
တကား၊ ဤဘဝ၌ ငါကား ယောကျ်ားမယူဟုကြံပြီးလျှင် မိမိဆံပင်ကိုပယ်
၍ ဤဥယျာဉ်တွင်ပင် အဝတ်ဖြူကိုဝတ်ဆင်လျက် သီလကိုဆောက်တည်
ဖူးသည်၊ ဤငှက်ကဲ့သို့ ကိုရင်မောင် စိမ်းကားမည်လောဟုမေးလျှင်၊ ကိုရင်
မောင်က တုံ့ပြန်၍ပြောသည်မှာ ယခု မမယ်မပြောပြသောဝတ္ထုကား အလွန်
မှတ်ကောင်းသောဝတ္ထု ဖြစ်ပါပေသည်၊ သို့သော်လည်း ယခု မမယ်မ ပြော
သည်မှာ အဆုံးသို့မရောက်သေးပါ၊ တစ်ပိုင်းတစ်စမျှသာ ရှိပါသေးသည်၊
မမယ်မပြောသောဝတ္ထုပါမင်းသမီးသည် ဦးဆံကိုပယ်၍ အဝတ်ဖြူကိုဝတ်ဆင်
ပြီးသည့်နောက် ခုနစ်ရက်ခန့်ကြာကာလ ဥယျာဉ်မှူးနှင့် တွေ့ကြိမ်သော
ကြောင့် စကားစပ်မိ၍ မေးမြန်းတော်မူရာတွင် ဥယျာဉ်မှူးက ယခင်ဆိုခဲ့သော

Generated by CamScanner from intsig.com

ငှက်ဖိုသည် သစ္စာမဲ့သည်မဟုတ်ပါ။ ငှက်မကို ထောင်ချိုင့်တွင် မပမ်းမိမီ တစ်ရက်ကပင် ငှက်ဖိုမှာ လောက်လွဲမှန်၍ သေဆုံးရရှာပါသည်ဟူ၍ သံတော် ဦးတင်မှ မင်းသမီးလည်း အဝတ်ဖြူကိုစွန့်ပယ်၊ အဝတ်ကြောင်ကို တစ်ဖန် ပြန်၍ ဝတ်ဆင်သည်သာမက ထိုမင်းသမီးသည် ထိုဘဝ၌ပင် လွန်စွာ ဘုန်း တန်ခိုးကြီးသော ပြည့်ရှင်မင်းကြီးတစ်ပါး၏ မိဖုရားခေါင်ကြီးအဖြစ်ကိုရပါ သည်။ သို့ကြောင့် ယောက်ျားသစ္စာမဲ့သည်ဟူ၍ အယူမရှိပါနှင့်၊ သည်ကဲ့သို့ ပင် ခေါင်းတုံးအဖတ်တင်တတ်ပါသည်ဟု ကိုရင်မောင်က ပြောကာလမှ မမယ်မ သဘောကျရှိ၏။

သဘောကျရှိသည်ကို ကိုရင်မောင်မြင်လျှင် အပါးသို့ နီးသည်ထက်နီး အောင် ချဉ်းကပ်သည့်အတွင်း အိမ်အောက်တည့်တည့်က တစ်စုံတစ်ရာ ပြိုပျက်ကျဘိသကဲ့သို့ ဖြုန်းဖြုန်းမြည်သောအသံကိုကြား၏။ သို့ကြားသည် နှင့်တစ်ပြိုင်နက် မမယ်မတို့အမိ မစာက လူပါလူပါဟု ငယ်သံပါအောင် အော်ဟစ်သံကို ရုတ်တရက်ကြားပြန်သဖြင့် ကိုရင်မောင်လည်း အိမ်အောက် သို့ အမြန်ဆင်းသက်ကြည့်ရှုသောအခါ မည်သူမသိ လူတစ်ယောက်သည် အိမ်အောက်မှ အိမ်နောက်ဖေး၌ရှိသော ဆူးချုံများကို တိုးဖောက်တွက်ပြေး သည်ကို မြင်လိုက်ရ၏။ ထိုည၌ အရပ်တစ်ရပ်လုံး အုတ်အုတ်ကျက်ကျက် ဖြစ်သော်လည်း မည်သူဖြစ်သည်ကိုမသိ၊ ဥစ္စာကြေးငွေခိုးရန် လာရောက် ချောင်းမြောင်းသော သူခိုးဖြစ်သည်ဟုသာလျှင် အများတွေးထင်ကြ၏။

နောက်တစ်နေ့ နံနက်တိုင်ရောက်၍ အိမ်အောက်တွင် ကြည့်ရှုသော အခါ ၎င်းအောက်၌ သေတ္တာအို သေတ္တာဟောင်းများကို တစ်လုံးအထက် တစ်လုံးဆင့်လျက် လူတက်၍ ပြိုကျကြောင်းကို သိမြင်ရသဖြင့် မည်သူဖြစ် သည်ကို စိတ်၌ဟမကင်း ရှိနေကြသည့်အတွင်း မောင်မြတ်သာ၏ ကိုယ်လက် ချက်နှာ စသည်များတွင် ဆူးခြစ်ရာ အမြောက်အမြား တွေ့မြင်ကြရလျှင်

Generated by CamScanner from intsig.com

ယမန်နေ့ညကလူကား အခြားမဟုတ်၊ အပိုလူပို့စကားပြောသည်ကို ချောင်းမြောင်းကြည့်ရှုနားထောင်သူပျှဖြစ်သည်။ ၎င်းသူမှာလည်း အခြားသူမဟုတ်၊ မြေတ်သာပင်ဖြစ်သည်ဟူ၍ အရပ်နှင့်တကွ ကောင်းစွာရိပ်မိကြ၏။

❖❖ ❖❖ ❖❖

# အခန်း(၄)

ယခင် ပြဆိုခဲ့သည့်အရပ်မှာ မောင်ရင်မောင်သည် မမယ်မကိုနှင်းဆီ လက်ဆောင်ပဏ္ဏာနှင့်တကွ သွားရောက်၊ မမယ်မနှင့် လူငယ်ချင်းသဘော စကား အရေအတင်ပြောဆိုလျက်နေကြသည့်အတွင်း ဒီမိုသမားတို့က မောင်မြတ်သာ ချောင်းမြောင်းနားထောင်ကြည့်ရှုနေရာမှ မကျေမနပ်ဖြစ် တပိုတပါးသွား၍ မိလျှင် မောင်မြတ်သာ တွက်ချက်သောကြောင့် ဆူးခြစ် ကျက်ကျက်ဖြစ်သည်နောက် နံနက်ကျရောက်လျှင် အချို့တို့က မောင်မြတ်သာ ကို မေးမြန်းရာ မောင်မြတ်သာက လုံးလုံးငြင်းကွယ်သော်လည်း ထိုသို့လျှင် ဆူးခြစ်ရာသက်သေပါသောကြောင့် မည်သူတစ်ယောက်မျှ မောင်မြတ် သာ စကားကို မယုံမကြည်ကြ။ သို့ဖြစ်သောကြောင့် ကာလသားလူပျိုများ တို့သည် မောင်မြတ်သာအား များစွာလှောင်ပြောင်ကဲ့ရဲ့ခြင်းကို ပြုကြ၏။ အချို့တို့က ဘာများမြင်ခဲ့ပါသလဲ မေး၏။ အချို့တို့က မောင်မြတ်သာ နောက်တစ်ကြိမ်သွားလျှင် ငါတို့လည်း လိုက်ပါရစေလိုက်၏။ အချို့တို့က လည်း မောင်မြတ်သာမှာ အခြားသူ လှောင်ပြောင်သည်ကို များစွာရှက် မောင်ရင်မောင်မေးမည်ကိုသာလျှင် လွန်စွာရှက်ကြောက်သောကြောင့် မောင် ရင်မောင်နှင့် မတွေ့အောင် ရှောင်ရှားကာသာနေ၏။ မောင်ရင်မောင်မှာ မိမိကိုယ်တိုင်ရှက်သည့်ပြင် မောင်မြတ်သာရှက်မည်ကို ငဲ့သည်တစ်ကြောင်း မမယ်မ အရှက်ကို ဖုံးလွှမ်းသည်တစ်ကြောင်းများကြောင့် ဤအကြောင်းကို မမေးလိုသည်သာမက မိမိနှင့် မမယ်မ နှစ်ယောက်ချင်း ကြမ်းတမ်းစကား ပြောဆိုပြုမူကြသည်များကို မောင်မြတ်သာ သူတစ်ပါးသို့ ပြောကြားလျှင် သူငယ်ချင်းကာလသားတို့ ပြောင်လှောင်ကြမည်ကိုပင် အလွန်စိုးရိမ်မြင် ရှိသဖြင့် မောင်မြတ်သာကို ရှေးကထက် ပေါ်ပြော လောကကျော်ပြု၏။

သည်ကဲ့သို့ပြုလုပ်သည် အကျိုးထူးမှာ နောက်တစ်နေ့၌ မောင်ရင်မောင်တို့အိမ်တွင် ကွယ်လွန်သူ ဦးဘိုးအိုအတွက် သပိတ်သွတ်ဆွမ်းလှူဒါန်း၍ တရားတော်နာသောအခါ မောင်မြတ်သာသည် အထူးသဖြင့် ကူညီလုပ်ကိုင်ပေး၏။

ဆိုခဲ့သည့်အတိုင်း သပိတ်သွတ်၍ ဆွမ်းတော်ကပ်လှူကျွေးမွေးပြီးသည့်နောက် နယုန်လကွယ်နေ့ ညနေကျရောက်လျှင် နောက်နံနက် လက်ထပ်ခြင်းမင်္ဂလာသို့ရောက်မည့် လူအပေါင်းတို့အား ကျွေးမွေးရန် ထမင်းဟင်းလျာ အချိုအချဉ်တို့ကို ချက်ပြုတ်ရန် ကိုရင်မောင်အိမ်မှ လူအမြောက်အမြားနှင့်တကွ ပို့ရောက်လာသဖြင့် မမယ်မတို့အရပ်က အချက်အပြုတ်အရာ ကျွမ်းကျင်သူမိန်းမ ယောက်ျားတို့သည် ညတစ်ညလုံးပင် စိတ်ရောကိုယ်ပါ ချက်ပြုတ် လုပ်ကိုင်ကြသောကြောင့် အရပ်တစ်ရပ်လုံး၌ ဆူဆူညံညံရှိကြ၏။ ထိုညသန်းခေါင်ကျော်ခန့်အချိန်၌ မမယ်မတို့အိမ်ရှေ့မဏ္ဍပ်ကြီးအပါးသို့ ဖြတ်သန်း၍သွားကြသူအပေါင်းတို့မှာ ချက်ပြုတ်လျက်ရှိသောစားဖွယ်ဟင်းလျာတို့၏ ကြူပျံ့မွှေးကြိုင်သောအနံ့အရသာတို့ကို ခံစားရလျှင် လူတိုင်းပင် ထမင်းဟင်း ဆာမွတ်ကြ၏။

နောက်တစ်နေ့ဝါဆိုလဆန်း ၁ရက်နေ့ နံနက်ကျရောက်လျှင် မိန်းမဘက်က ဖိတ်ကြားထားသူ၊ ယောက်ျားဘက်က ဖိတ်ကြားထားသူ ဧည့်သည်ပရိသတ်အမြောက်အမြားတို့ လာရောက်ကြ၏။ မိန်းမ၏အရပ်က ယောက်ျားမိန်းမတို့က ယောက်ျားဧည့်ကို ယောက်ျားချင်း၊ မိန်းမဧည့်သည်ကို မိန်းမချင်း ဧည့်ခံ၍ ကွမ်းဆေးလက်ဖက်များကို တည်ခင်းကျွေးမွေးကြ၏။ ထို့နောက် နေထန်းတစ်ဖျားသာသာရှိလျှင် ကိုရင်မောင်တို့နေထိုင်သောအရပ်မှ ချောလှသော ကာလသမီး ကာလသားတို့အနက် ကာလသမီးအပျိုစင်တို့သည် လှပယဉ်ကျေးစွာဖြီးလိမ်းပြုပြင်ဝတ်ဆင်ပြီးလျှင် မိန်းမမိဘထံ ကန်တော့

ရှန် ဝတ္ထု၊ မိန်းမဝတ်ဆင်ရန် အဝတ်အစားအစုံအလင် ရွှေထည်၊ ငွေထည် စသည်များကို ထည့်ထားသော အုပ်ကလပ်တို့ကို ပွေ့ပိုက်လျက် တစ်ယောက် နောက်တစ်ယောက် စီတန်း၍လာကြ၏။ ထိုမိန်းမပျိုတို့နောက်ကလည်း ကာလသားလူပျိုတို့သည် သေတ္တာ၊ ကော်ဇော၊ မွေ့ရာ၊ ဖျာ၊ အထည်အလိပ် များကို အထက်နည်း စီတန်း ယူဆောင်လျက် လာကြ၏။ ၎င်းတို့နောက်က လည်း အချို့သော ကာလသားတို့သည် အိုးစည်ရိုက်တီး မင်္ဂလာရှိသော တေးသီချင်းများကို သီဆိုကခုန်လျက် လာကြ၏။ ၎င်းတို့နောက်ကမှတစ်ဖန် စကားအရာ လိမ္မာရေးခြားရှိသဖြင့် မင်္ဂလာပြုရာတွင် ဦးစီးဦးဆောင်ပြုလုပ် ပြောဆိုနိုင်မည့်သူ ယောကျ်ားကြီး မိန်းမကြီးမှစ၍ ကိုရင်မောင်နှင့် အမိ မဖွားဥတို့ လာကြ၏။

ဆိုခဲ့သော လူစုအစီအတန်းသည် မမယ်မတို့အိမ်ရှေ့မဏ္ဍပ်ကြီးသို့ ရောက်ကြသဖြင့် အသီးသီး၌ပါသော အုပ်ကလပ်အထည်အလိပ် စသည်များ ကို ပရိသတ်တို့ရှေ့ တည်ခင်းနေသည်အတွင်း မမယ်မတို့အရပ်မှ ကာလသား လူပျိုတို့သည်လည်း အိုးစည်တီးမှုတ်ကခုန်၍ ခရီးဦးကြိုဆိုကြ၏။ လာလာ သမျှသော ပရိသတ်တို့ကိုလည်း ဆိုင်ရာဆိုင်ရာ ခရီးဦးကြိုဆို နေရာခင်းချ ထားပြီးသည့်နောက် ထုံးစံရှိရာ စကားများကို လူကြီးချင်း ပြောဆိုပြုလုပ် မည်ရှိရာ အိုးစည်သံမရပ်မစဲ ကျွက်ကျွက်ဆူအောင် တီးမှုတ်သီဆိုကခုန် ကြလျှင် ကိုရင်မောင်သည် ကာလသားတို့ထုံးစံကို နားလည်ကျွမ်းကျင်သူ ဖြစ်သည့်အတိုင်း နှစ်ဖက်ကာလသားမှူး လူပျိုခေါင်းတို့သို့ ထုံးစံရှိရာ ခဲဖိုး ကြေးငွေများကို ကျေနပ်အောင်ပေးဆောင်မှ ထိုကာလသားတို့ ငြိမ်ဝပ်စွာ နေထိုင်ကြ၏။

ထိုအခါ ကျရောက်မှ ဤမျှလောက်ကြီးမားသော ပရိသတ်အနက် တစ်ယောက်မျှမကျန် အပ်ကျလျှင်ကြားမတတ် ဆိတ်ငြိမ်စွာနေကြလျှင်

မိန်းမဘက်က စကားအရာတွင် လိမ္မာကျွမ်းကျင်သဖြင့် ဦးစီးဦးကိုင်ပြုလုပ်ပြောဆိုသော လူကြီးလေးဦးနှင့် ယောကျ်ားဘက်က လူကြီးလေးဦးသားတို့သည် ထိုအခါကာလများ၌ ထုံးစံရှိသောစကားများကို အချေအတင်ပြောဆိုကြ၏။ ထိုလူကြီးတို့ပြောဆိုသောစကားများသည် ယခုကာလနှင့်မတူ များစွာခြားနား၏။

မိန်းမဘက်က လူကြီးတစ်ဦးကမ်းလှမ်း၍မေးသည်မှာ ကျောင်းဒကာဘုရားဒကာတို့သည် မည်သည့်ကိစ္စနှင့် ယခုလာရောက်ကြပါသနည်းမေးလျှင် ကျွန်ုပ်တို့ကား ရုပ်လက္ခဏာအရည်အချင်းနှင့်ပြည့်စုံသဖြင့် လွန်စွာ ကျော်စောကိတ္တိရှိပေသော ကျောင်းဒကာတို့၏ သမီးချောကညာစင် မမယ်..ကို ကျွန်ုပ်တို့၏သား မောင်ရင်မောင်နှင့် သစ္စာဖက်ပြိုင်စေအံ့သောငှာ လ..င်း..လက်ထပ်ခြင်းမင်္ဂလာကိုပြုရန် လာရပေသည် ပြန်ပြော၏။ ထိုအခါ မိန်းမဘက်က ဆိုပြန်သည်မှာ ကျွန်ုပ်တို့၏သမီး မမယ်မကား အလွန်လုပ်ယဉ်ကျေးသော သမီးကောင်းရတနာဖြစ်သည်။ ကျောင်းဒကာတို့သား ကိုယ်လက်အင်္ဂါ၊ ကြန်အင်လက္ခဏာကို ကြည့်ရှုလိုသည် ပြပါဆို၏။ ထိုအခါ မောင်ရင်မောင်ကို ပရိသတ်တို့ရှေ့သို့ တင်ပြလျက် ကျွန်ုပ်သားလည်း သားချော သားလှ သားကောင်းရတနာစစ်စစ် ဖြစ်သည်ဆိုလျှင် လူကလေး၏နဖူးရေရှူးရေ ရူပကာယကိုကား သဘောကျပြီ၊ သို့သော် ကျွန်ုပ်တို့သမီးကားကြာသပတေးသမီးဖြစ်သည်။ နေ့နံ သင့်၊မသင့် သိရအောင် ကျောင်းဒကာတို့၏ သားဖွားသောနေ့ဆိုပါဆိုလျှင် ကျွန်ုပ်တို့သားမွေးနေ့ကား ဗုဒ္ဓဟူးနေ့ဖြစ်၍ နေ့နံချင်းလည်း ယောကျ်ားရှေ့သွား မိန်းမနောက်လိုက်မှန်လှပေသောကြောင့် ယောကျ်ားနေ့နှင့် မိန်းမနေ့ သင့်သည်ဆို၏။ ၎င်းနောက် နေ့နံဖြင့်သင့်သည်ကား မှန်ပေပြီ။ ဖမိတို့အဖို့ ပဏ္ဏာ၊ မိန်းမတို့အဖို့ ပဏ္ဏာအဖြစ်ဖြင့်မည်သည့် ဝတ္ထုပစ္စည်းများ ပါပါသနည်း၊ ပရိသတ်ရှေ့ ပြပါဆိုလျှင် ယခင်ဆို၌

သော အုပ်ကလပ်တွင်ပါသော ရွှေထည်၊ ငွေထည်စသော အထည်အလိပ်များကို ဖွင့်လှစ်၍ပြပြီးသည့်နောက် ကျွန်ုပ်တို့၌ပါသည်ကား ဤမျှမဟုတ်သေးပါ။ ခန်းဝင်စာတမ်းလည်း ပါပါသေးသည်ဆိုပြီးလျှင် စာတမ်းကိုဖတ်၏။ ထိုစာတမ်း၏အလိုကား၊ ကွယ်လွန်သူ ဦးဘိုးအိုနှင့် မဖားဥတို့ပိုင် ပစ္စည်းဥစ္စာများအနက် မဖားဥအဖို့ စိုးစဉ်းမျှချန်လှပ်၍ အရပ်ရပ်ရှိသမျှသော လယ်ယာချောင်းမြောင်း လှေကြီးလှေငယ်နှင့်တကွ သက်ရှိသက်မဲ့တို့ကို ရှင်ယံနှစ်ဦးတို့အဖို့ ခန်းဝင်ပစ္စည်းအဖြစ် အပိုင်ပေးသွင်းကြောင်းဖြစ်၏။ သည်ကဲ့သို့ ဖတ်ပြသည့်အသုံး၌ တစ်ဖက်က သင့်လှပြီဆိုပြီးနောက် မိန်းမပါတို့က ပေးသွင်းယူလာသူတို့ ခန်းဝင်လက်ဖွဲ့ စာတမ်းတစ်စောင်ကိုလည်း ဖတ်ရွတ်၏။ နှစ်ဖက်တို့က သင့်လှပြီဟူ၍ ဖြေကြားသည်နှင့် တစ်ပြိုင်နက် မဏ္ဍပ်အတွင်း၌ အသင့်စီမံဆောင်ထားသော တူရိယာဆိုင်းမှ သာယာညင်းပျောင်းနာပျော်ဖွယ်သောအသံကို တီးမှုတ်၏။ ထိုအခါ ကျရောက်ကာလမှ မဏ္ဍပ်ကြီး၌ အကန့်အကန့်ပြု၍ ကာရံထားသော အခန်းများအတွင်းသို့ ပရိသတ်ဧည့်သည်များကို ယောကျ်ား မိန်းမသန့်လျက် ထမင်းဟင်းလျာ စားဖွယ်သောဇဉ် ချိုချဉ်အရသာတို့ကို တည်ခင်းကျွေးမွေး၏။ ၎င်းနောက် နေ့ပွဲဆက်လက်ကျင်းပသဖြင့် ပရိသတ်တို့အနက် ကြည့်ရှုလိုသူနေ၍ မကြည့်မရှုလိုသူလည်း မိမိနေအိမ်သို့ ပြန်ကြသဖြင့် ကိုရင်မောင်လည်း အမိနှင့်အတူပြန်သွား၏။

လူဟူသောသတ္တဝါတို့၌ ရှေ့အနာဂတ်ကာလတွင် မိမိကြုံကြိုက်ရမည့် အဆိုးအကောင်းများကို တင်ကူးသိမြင်နိုင်သောသတ္တိတန်ခိုးမရှိသည့်အရာသည် မုချကောင်းသောအရာဖြစ်ပေသည်။ ကိုရင်မောင် မမယ်မအသီးသီးတို့သည် ညဉ့်အခါ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းမဆိုင်ရမီ မည်သို့ဖြစ်မည်များကို စိုးစဉ်းမျှမသိရှာကြ။ ဂရုလည်းမပြုဘဲ ညဉ့်အခါကျရောက်၍ နှစ်

Generated by CamScanner from intsig.com

ယောက်ချင်းဆုံမိလျှင် ငါမည်သို့ပြောမည်၊ မည်သို့ပြုမည်များကိုသာ အသီးသီး စိတ်ကူးကာဖြင့် လွန်စွာ နှလုံးမွေ့လျော်လျက်နေကြ၏။ သည်ကဲ့သို့ ရွှင်မြူး ကြခြင်း၌အမှုသည် နှစ်ဦးသာလျှင်မဟုတ် မမယ်မတို့အရပ်မှ အပျိုကြီး၊ အပျိုလတ်၊ အပျိုပေါက်ကလေး (ထိုအခါကာလက ဆံတောက်မရှိ)တို့လည်း ထိုနည်းတူ လွန်စွာ စိတ်လက်ရွှင်မြူးသဖြင့် မမယ်မတို့အိမ်အပေါ်ထပ်အခန်း ထဲတွင် မင်္ဂလာဦးအိပ်ရာခြင်ထောင်များကို ၎င်းတို့ကပင် ခင်းထောင်ကြသည့် အတွင်း မမယ်မကိုသာ ကျီစယ်ကြသည်မဟုတ်၊ မိမိတို့အချင်းချင်းလည်း လှောင်ပြောင်ကျီစယ်ကြ၏။ နှစ်ယောက်သော အပျိုကြီးတို့သည် အိပ်ရာ ပေါ်တွင် ယှဉ်ပြိုင်လျောင်းစက်လျက် တစ်ယောက်ကား မမယ်မအဟန်၊ တစ်ယောက်ကား ကိုရင်မောင်အဟန်ဖြင့် စကားအချေအတင် ပြောဆို၊ တစ်ယောက်ကိုတစ်ယောက် ဆွဲငင်ကြလျှင် ကျန်ကာလသမီးတို့က ရယ်မော ကြသဖြင့် ဟည်းညံတဆူဆူမျှရှိ၏။ တစ်ဦးသော မိန်းမပျိုကလည်း ညည်းတို့ အပျိုအရွယ် သူတစ်ပါးအိပ်ရာတွင် ဤသို့ တက်ချက်အိပ်ကြသည်မှာ မည် သည့် အရသာရှိသလဲ၊ ကျိန်းကျေတတ်သည်ဆိုလျှင် ကျိန်းမကျေသည့်ပြင် သာ၍ပင် မြန်မြန်ရလိမ့်ဦးမည်ဟု ပြန်ဆိုလေ၏။

ကိုရင်မောင်အိပ်ရာ၌လည်း ထိုနည်းတူပင် သူငယ်ချင်းကာလသား လူပျိုတို့သည် ဤသို့ပင် လှောင်ပြောင်ပြောဆိုစကားကျီစယ်ကြ၏။ တစ်ဦး သောသူက မောင်ရင်မောင်– ညကို မင်း၏ယောက္ခမအိမ် သူခိုး ဒိုးမည်စိုးလျှင် ငါအိမ်အောက်ကလာ၍ စောင့်မည်ဆို၏။ အခြားတစ်ယောက်ကလည်း ဤအရာ၌ မောင်မြတ်သာ မင်းထက်ဦးလိမ့်မည် ပြန်၍ဆို၏။ ထိုအခါ မောင်ရင်မောင်က မောင်မြတ်သာတစ်ယောက် ယနေ့တစ်နေ့လုံးမမြင်၊ မင်းတို့ ...င်ကြသလားမေးကာလ မည်သူမျှ မမြင်ကြောင်း ပြန်ပြောလျှင် တစ်ယော... သောသူက မောင်မြတ်သာ ရေထဲဆင်းသေပြီထင်ပါရဲ့၊ ငါသာဖြင့် ဆင်းသေ

Generated by CamScanner from intsig.com

သည် ပြော၏။ ကိုရင်မောင်လည်း မောင်မြတ်သာ ရှက်၍သာလျှင် ပုန်းကွယ်ရှောင်ရှားနေသည် ထင်ယူသဖြင့် အမှတ်မဲ့နေ၏။ အကယ်စင်စစ်ကား မောင်မြတ်သာသည် မောင်ရင်မောင်အပေါ်တွင် သဘောကြောင်းကြံရန် အကြောင်းဖြင့် ထိုအခါကာလ၌ ရာဇဒွာရ မင်းနေပြည်ဖြစ်သော အမရပူရမြို့သို့ သွားရောက်ပြီးလျှင် အစိုးရကြီးများထံ မောင်ရင်မောင်၌ သူပုန်ရန်သူထံမှ အမှာစာပါလာကြောင်း မကောင်းသတင်း ပြောကြလျက်နေခြင်းဖြစ်၏။

ထိုည၌ သူငယ်အိပ်ချိန်သာသာတွင် ကိုရင်မောင်သည် မိမိအဝတ်ပုဆိုးထုပ်ကို ကိုင်လျက်အမိမဖားဥမှစ၍ အများလူကြီးနှစ်ဦးတို့နှင့်အတူ မမယ်မတို့အိမ်သို့ သွားရောက်လျှင် အိမ်ထက်အလယ်ခန်းတွင် မမယ်မတို့မိဖများက ညှော်ခံ၏။ လူကြီးများတို့က မောင်ရင်မောင်သည် နောက်နောက်က ကျွန်ုပ်တို့သားမှန်သော်လည်း ယခုကား ကျောင်းဒကာ ကျောင်းအမတို့၏သားဖြစ်၍ အပ်နှံရန်လာရောက်ကြောင်း ပြောဆိုပြီးသည့်နောက် မမယ်မတို့ အမိက မမယ်မကိုခေါ်ပြီးလျှင် ကိုရင်မောင်အပါးတွင် ထိုင်စေ၍ ဖမိလူကြီးတို့သို့ နှစ်ဦးလုံးကန်တော့စေ၏။ ဤကဲ့သို့ကန်တော့ပြီးနောက် အိပ်ခန်းအိပ်ရာအပ်နှံမြဲဖြစ်၍ အိပ်ခန်းအိပ်ရာအပ်ရန် မမယ်မတို့အဖ ဦးသာခုက ဤသို့ဆို၏။ သမီးနှင့်သားမှာ မိဘနှစ်ပါး ပေးထိမ်းမြားသောကြောင့် လင်မယားအရာသို့ရောက်ကြတော့မည်။ လင်းမယားဆိုသည်မှာ နှစ်ကိုယ်တစ်စိတ်ဖြစ်ရာသည်၊ တစ်ယောက်သည်းညည်းကို တစ်ယောက်ခံ၍ ပေါင်းဖော်သ...ဖြတ်ကြရာသည်၊ ဤအိမ်တွင် အနောက်ခန်းကား ငါ့သမီး ငါ့သားတို့၏အခန်းပင်ဖြစ်သည်ဟူသော စကားကိုပြောဆိုနေသည့်အတွင်း အိမ်အောက်လှေကားက ရုတ်တရက် ရှန်းရှန်းရှင်းရှင်းအသံကိုကြားရသည်နှင့် တစ်ပြိုင်နက် မင်းလုလင် ၆ ယောက်တို့သည် ဓားလွတ်ကိုစွဲကိုင်လျက် အိမ်ထက်သို့တက်လာ၍ တစ်ဦးက မင်းမှုရှိသည်၊ မောင်ရင်မောင်ကို လိုက်ခဲ့

ရမည်၊ လက်ပြန်ကြိုးချည်ဆိုလျှင် ကျွန်လူများက ချည်နှောင်ကြ၏၊ လက်ပြန်
ကြိုးချည်နှောင်နေသည်အတွင်း ၎င်းတို့အနက် အကြီးအမှူးပြုလုပ်သူသည်
ကိုရင်မောင်၏ အဝတ်ထုပ်ကို ဖြေ၍ရှာဖွေရာ စာတစ်စောင်ကို ရသဖြင့်
အဆောတလျင်ဖွင့်၍ ဖတ်ကာလ စာ၌—

ဘုရားအပ်နှံတော်

လူကိုမယုံနှင့် ကုန်ကိုလည်း အကြွေးမပေးနှင့် ဝင်လာမစဲတသဲသဲ။
မှတ်လေ။

ဟူသောစာကိုမြင်လျှင် မောင်ရင်မောင်သည် သူပုန်မင်းသား၏
သူလျှိုဖြစ်သည်ဆိုပြီးလျှင် လက်ပြန်ကြိုးနှင့် ဆွဲငင်ယူဆောင်သွား၏။ မယ်မယ်
နှင့် အမိ မစာ၊ မဖားဥတို့မှာ အသီးသီး သတိမေ့လျော့ အောက်သို့
တက်ချက်လျက်နေကြ၏။ ဦးသာစုမှစ၍ လူကြီးများကလည်း အံ့အား
လှသဖြင့် စကားတစ်ခွန်းမျှ တုံ့ပြန်မပြောမဆိုနိုင်ဘဲ ကြက်သေသေ
ကျွန်ရစ်ကြရှာ၏။

❖❖ ❖❖ ❖❖

Generated by CamScanner from intsig.com

# အခန်း(၅)

လူဟူသည့်ဘဝ၌ ဆင်းရဲသည်တစ်ခါ၊ ချမ်းသာသည်တစ်လှည့်၊ သခါရသဘောတရားမျှဖြစ်၍ ကောင်းစားလျှင်လည်း တစ်ခဏ၊ ဆင်းရဲရောက်လျှင်လည်း အမြဲမဟုတ်ဟူ၍ လူသူတော်ကောင်းတို့ ဆုံးမသြဝါဒပေးကြသည့် စကားများသည် ယခု ကိုရင်မောင် မမယ်မတို့ဝတ္ထုတွင် လွန်စွာထင်ရှားသည်။ အစစအရာရာ ပြန်ပြောင်း၍စဉ်းစားဆင်ခြင်လိုက်သော် ကိုရင်မောင်ကိစ္စ၌ မမယ်မနှင့်ပေါင်းရမည်ကို စိတ်မချရာသောအကြောင်း စိုးစဉ်းမျှမရှိ၊ ကိုရင်မောင်ကလည်း လူချောကလေး၊ မမယ်မကလည်း မိန်းမလှ၊ သူငယ်ချင်းလည်းစုံမက်၊ နှစ်ဖက်မိဘကလည်းစိတ်တူ၊ အရပ်ကလည်းသဘောဖြူ၊ မင်္ဂလာအခမ်းအနားကျင်းပပြုလုပ်ပြီးမှ မိန်းမ ဖမိတို့က ဒိဗ်ခန်းအိပ်ရာအပ်ဆဲအခါမှ မကောင်းသောကံ ဆိုက်ရောက်လာလျှင် မသမာသောသူ ဝင်ရောက်နှောင့်ယှက်သောကြောင့် လင်မယားအဖြစ် မပေါင်းမသင်းရဘဲ နှစ်ယောက်လုံး ဆင်းရဲဒုက္ခရောက်ရသည့်အရာများကို သခါရတရားစစ်စစ်ပင် ဖြစ်ပေသည်ဟူ၍ ယူအပ်သည်။

ပြဆိုပြီးခဲ့သည့်အတိုင်း ကိုရင်မောင်ကို ထောင်မှူးအာဏာသားတို့ ဖမ်းဆီးချည်နှောင်ယူဆောင်သွားကြပြီးသည့်နောက် မမယ်မနှင့်တကွ အမိမစားမှစ၍ ကိုရင်မောင်အမိ မဖားဥသုံးယောက်လုံးတို့သည် သတိမေ့လျော့မိန်းမောတွေဝေရာမှ အိမ်ပါးနီးချင်းတို့ လာရောက်နှိပ်နယ်၍ မစာက အလျှင်သတိရရှိ။ ထို့နောက်မှ မမယ်မ၊ မဖားဥတို့ သတိရရှိကြလျှင်သုံးဦးလုံးသောမိန်းမတို့သည် အော်ဟစ်ငိုကြွေးမြည်တမ်းကြသောအခါ တစ်ရပ်လုံးဝန်းဝိုင်း၍လာကြ၏။ အရပ်ထဲမှ မိန်းမကြီး မိန်းမကလေးတို့သည်ဝန်းဝိုင်းငိုကြွေးကြပြန်သဖြင့် ၎င်းအရပ်တွင် တစ်ညလုံးမျှ ဆူဆူညံညံဖြစ်၏။

Generated by CamScanner from intsig.com

တိုအခါ ယောက်ျားများလည်း အိမ်ခလောက်ဆွဲသို့ ရွှေ့ပြောင်း၍
ပေးပြန်းတိုင်ပင်နိုးနေကြ၏။ မိန်းမသုံးဦးတို့ ပြောဆိုကြသည်မှာ မမယ်မ၏
အမိမေက ငါ့သမီး– မောင်ရင်မောင်ကား ရာဇဝတ်ကောင်သူပုန်ဖြစ်လေပြီ၊
သူကိုယ်တိုင် သူပုန်မဟုတ်သော်လည်း အစိုးရက သူပုန်လုပ်လျှင် အမှုဖြစ်
သည်။ အမေတို့ သူ့အတွက် ဝင်စွက်ပြောဆိုပြုလုပ်က အမေတို့ပါ ငါ့သမီးပါ
အလိုက္ခုပါသည်ဟု ခုက္ခကြီးတွေ ကြိမ်လိမ့်မည်။ အမှုမည်သို့ဖြစ်မည်ကို
စောင့်ဆိုင်းကြည့်ရှုပြီးမှ သင့်ရာပြုလုပ်မှတော်မည်၊ ယနေ့အဖို့ ငါ့သမီးအိပ်ရာ
ဝင်၍အိပ်လေဆို၏။ ဤသို့ဆိုလျှင် ကိုရင်မောင်၏အမိ မဖားဥသည် လွန်စွာ
ဒေါသအမျက်ထွက်လျက် ဆိုသည်မှာ– မမယ်မ၊ ညည်းတို့အမိမှာ ညည်းနှင့်
စပ်မှ မောင်ရင်မောင်နှင့် သမက်တော်သည်၊ ညည်းမှာလည်း မင်္ဂလာပြုပြီး
သော မယားမျှဖြစ်သည်။ ငါ့မှာကား မောင်ရင်မောင်၏အမေဖြစ်သည်၊
ယခုကဲ့သို့ မောင်ရင်မောင်၌ အမှုရှိနေသည်ကို ငါအမေ လျစ်လျူရှု၍ မနေ
ဆိတ်နိုင်၊ ညည်းတို့နေနိုင်လျှင်နေ ငါလိုက်သွားမည်၊ ညည်းတို့နေရစ်ဟူ၍
ဆိုပြီးလျှင် ကွယ်လွန်သူဦးဘိုးအိုကို တသလျက် ဦးဘိုးအိုရေ– ကိုဘိုးအို
ရှိလျှင် ကိုယ့်သား သည်လိုမဖြစ်ရဘူး၊ ကိုယ့်သားအဖြစ်ကို သေရာမှ တစ်ခေ
မျှ ပြန်ကြည့်လိုက်ပါဦးဆို၍ ငိုကြွေး၏။ ထိုအခါ မမယ်မက ပြောသည်မှာ
အမေ– ကျွန်မမှာ ကိုရင်မောင်မယား ဖြစ်ပါသည်။ ကိုရင်မောင်အမေ့သား
ဖြစ်သောကြောင့် ကျွန်မလည်း အမေ့သမီး ဖြစ်ပါသည်။ အမေသွားရာ
ကျွန်မလည်း လိုက်ပါမည်ဆို၍ မောင်ရင်မောင်အမိ မဖားဥထ၍သွားရာတွင်
မမယ်မက နောက်ကအဝါးကိုဆွဲ၍ လိုက်ပါသွားမည်ရှိသည့်အတွင်း မမယ်မ
၏အမေက ဦးသာမှုသည် အိမ်ထက်သို့တက်လာပြီးလျှင် ဤအမှုကား မိန်းမမှု
မဟုတ်၊ ယောက်ျားမှုဖြစ်သည်။ ဆောင်ရွက်လုပ်ကိုင်ရန် ရှိသမျှ ငါယောက်ျား
က ဆောင်ရွက်မည်၊ ငါယခုလိုက်၍သွားမည်။ မိန်းမများ ငြိမ်ဝပ်စွာနေကြ

ဆိုပြီးနောက် မဖားဥသို့ တစ်ဖန်ပြောပြန်သည်မှာ မဖားဥ– ကျွန်ုပ်ကား ကုန်သည်ပွဲစားဖြစ်၍ အစိုးရအရာရှိတို့နှင့် ပေါင်းသင်းခြင်း များစွာမရှိသော ကြောင့် အစိုးရများနှင့် ဝင်ဆံ့ခြင်းမရှိ၊ မဖားဥလင် ကွယ်လွန်သူဦးဘိုးအိုသာ ဝင်ဆံ့ခြင်းရှိသည်။ သို့သော်လည်း မြို့ဝန်မောင်ခိုင်သည် ကျွန်ုပ်နှင့် ငယ်သူ ချင်းဖြစ်သည်၊ သူ ကူပံ့နိုင်ပါလျှင် သူ့ကို ကျွန်ုပ်ပြောနိုင်သည်၊ သူ့ထံ ကျွန်ုပ် ယခုသွားမည်၊ မဖားဥတို့မိန်းမများ မလှုပ်မရှားကြနှင့်ဆိုမှ မဖားဥက ကျောင်းဒကာသာ သွား၍ဆောင်ရွက်ပါချေ၊ ငွေကြေးကုန်ကျရန်ရှိလျှင် ကျွန်ုပ်တာဝန်ထားပါ ဆို၏။ ထိုအခါ မမယ်မက ကိုရင်မောင်ကား ကျွန်မ တို့အိမ်သားဖြစ်ပြီ၊ ကုန်စရာရှိသမျှမှာ ကျွန်မအမိက မပေးလျှင် ကျွန်မ လက်ဝတ်ပုတီး နားတောင်းများကို ရောင်းချ၍ အကုန်ခံပါမည်ဆို၏။ ဦးသာစုလည်း မိန်းမများနှင့် စကားတုံ့ပြန်ပြောဆိုနေလျှင် အကျိုးမဲ့သာဖြစ်၍ အချိန်ကုန်ရာသည်ကို ဆင်ခြင်မိသဖြင့် ထိုင်ရာမှထပြီးလျှင် မြို့ဝန်ဦးခိုင် အိမ်သို့သာ ရှေးရှုသွား၏။

ထိုည သန်းခေါင်ယံအချိန်ကျရောက်လျှင် ဦးသာစုပြန်လာကာလ မမယ်မ၊ မဖားဥ၊ မစာတို့အား အကြောင်းပြောကြားသည်မှာ မြို့ဝန်မင်းနှင့် တွေ့ကြိမ်ပြောဆိုခဲ့ရလေပြီ၊ မောင်ရင်မောင်အမှုကား ရာဇဝတ်မှုကြီးဖြစ်၍ မြို့ဝန်မင်းကိုယ်တိုင် မကြံမဖန်တတ်နိုင်အောင်ရှိသည်။ သို့သော်လည်း မသေ ရအောင်ကြံဆောင်နိုင်သည် အာမခံလိုက်သည်။ လုံးလုံးလွတ်ဖို့မှာ ဤမင်း လက်ထက်တွင် ဖြစ်နိုင်ခဲသည်၊ ဖြစ်နိုင်ခဲသော်လည်း အခွင့်သာသည့်အခါ ချမ်းသာရအောင် ကြံဆောင်ပေးမည်ဟူ၍ မြို့ဝန်မင်းက ပြောဆိုလိုက်သည်။ တပြည်းပြည်း ငွေကြေးနှင့်ကြံရသော် လွတ်ကောင်းလွတ်မည် ပြန်ပြောကာလ မိန်းမများသည် ယခင်ကကဲ့သို့ပင် တစ်တန် ထပ်မံငိုကြွေးမြည်တမ်းခြင်းကို ပြုကြပြန်၏။

Generated by CamScanner from intsig.com

နောက်တစ်နေ့နံနက်ကျရောက်လျှင် မဖားဥသည် ကိုရင်မောင်ကို အဝမြို့ အုတ်ထောင်ကြီး၌ လှောင်ထားကြောင်းသိရှိသည့်အတိုင်း ယမန်နေ့က မောင်ရင်မောင် ထမင်းမစားသည့်အကြောင်း၊ ထောင်ထဲ၌ ထမင်းဟင်းမှစ၍ ကောင်းမွန်စွာ မကျွေးမမွေးသည့်အကြောင်းများကို အောက်မေ့သည့်ပြင် မောင်ရင်မောင်ကို တွေ့ဆုံလိုသည့်ဆန္ဒလည်း ရှိသဖြင့် မောင်ရင်မောင်ထံ ယူဆောင်သွားရန် မောင်ရင်မောင်ကြိုက်တတ်သော အစားအစာများကို ချက်ပြုတ်နေသည့်အတွင်း မမယ်မသည် မိန်းမငယ်တို့ဘာဝ ခါတိုင်းကဲ့သို့ ကိုယ့်ကိုယ်ကို လှအောင်ပြုပြင်ခြင်းမရှိ၊ ဆံပင်ဖွားဖွား၊ ကိုယ်လက်မျက်နှာ၌ သနပ်ခါးမရှိ၊ မျက်စိမျက်နှာမှာလည်း တစ်ညလုံး မအိပ်ရဘဲ ငိုလျက်သာနေသည့် လက္ခဏာနှင့် နားတောင်းနားကပ် လက်စွပ်မှစ၍မပါ။ နွမ်းနယ်လှစွာသော အဝတ်ထဘီနှင့် တစ်ခုသောအထုပ်ကို ဦးခေါင်းအထက်၌ တင်ရွက်လျက် မဖားဥထံလာ၏။

ထိုအခါတွင် ကိုရင်မောင်ကို မကောင်းကြံစည်သူ ငမြတ်သာသည် မမယ်မ လာလိမ့်မည်ကို တွေးထင်မိသဖြင့် တစောင်းက ချောင်းမြောင်းကြည့်ရှုနေရာမှ မမယ်မလာသည်ကိုမြင်လျှင် ဤမိန်းမကား ပင်ကိုချောမိန်းမပင်ဖြစ်သည်။ မပြင်မဆင် ဝတ်စားဆင်ယင်ခြင်းမရှိမှ အခါတိုင်းထက်သာ၍ လှပပေသည်။ အဝတ်နွမ်းကိုဝတ်ဆင်၏။ သည်ကဲ့သို့ အဝတ်နွမ်းကို ဝတ်ဆင်သည့်အတွက်ကြောင့်လည်း နဂိုလှပသည့်အရာ သာ၍ထင်ရှား၏၊ ဦးခေါင်း၌ရှိသော ဆံပင်တို့လည်း မပြုမပြင်သဖြင့် ဖွားဖွားရှိ၏။ သည်ကဲ့သို့ ဦးခေါင်းဖွားသဖြင့်လည်း ခေါင်းဖွားနှင့်မျက်နှာလှယှဉ်ပြိုင်၍ ကြည့်ရှုရသည့်အခါ အလှသာ၍ထင်ရှားပေ၏။ ဤခေါင်းဖွားအောက်ရှိသော မျက်နှာ အဝတ်နွမ်းဖုံးလွှမ်းလျက်ရှိသော ကိုယ်ကာယကို ငါဤဘဝတွင် ရပါဦးမည်လောဟူ၍ ရုတ်တရက်ဖြင့် အသံထွက်အောင်ညည်းညူမိ၏။ သို့သော်လည်း

ငါကြံစည်သည့်အရာများတွင် အစစအောင်မြင်လေပြီ၊ ရှေ့သို့လည်း ငါကြံစည်သည့်အတိုင်း အဆုံးတိုင် ယခုကဲ့သို့ အောင်မြင်သွားပါလျှင် မမယ်မကလေး ငါ့မယားဖြစ်အံ့ဟူ၍ကြိမ်းပပြီးလျှင် မမယ်မ မြင်မည်စိုးသောကြောင့် ရှောင်ရှားနေ၏။

မမယ်မလည်း မဖားဥ၏အိမ်သို့ရောက်၍ မဖားဥချက်ပြုတ်နေသည်ကို မြင်လျှင် အမေ ဘာများချက်ပြုတ်နေပါသလဲ၊ ကျွန်မ၌ ကိုရင်မောင် စားစရာပါသည်၊ အမေ မချက်မပြုတ်နှင့်၊ ကျွန်မတွင်ပါသောပစ္စည်းများကို ကိုရင်မောင်အား သွားရောက်ကျွေးမွေးမည်ပြော၏။ မဖားဥကလည်း ငါ့သမီး– ငါ့သမီးမှာ မောင်ရင်မောင်နှင့် ယခုမှသိကျွမ်းရသည်၊ မောင်ရင်မောင် မည်သည့်အစားအစာမျိုး ကြိုက်တတ်သည်ကို မသိ၊ အမေသာလျှင် သူ့အမိဖြစ်၍ သိသည်ဆိုလျှင် မမယ်မလည်း အမေ– ကျွန်မကား ယနေ့နံနက် ကိုရင်မောင်ကိုကျွေးရန်ရည်ရွယ်၍ ဟင်းလျာများကို ယမန်ညကပင် ချက်ပြုတ်ထားပါသည်၊ သို့သော် အမေချက်သောအရာ ကျွန်မ၌ပါသောအရာ နှစ်ရပ်လုံးကို ယူဆောင်သွားရသော် ကိုရင်မောင် သာ၍ဝမ်းမြောက်ပါလိမ့်မည်ဆို၏။ မဖားဥလည်း ကောင်းလှပြီ မမယ်မ၊ မမယ်မသည် မောင်ရင်မောင်၏မယားဖြစ်သည်၊ မောင်ရင်မောင်မရှိသည့်အတွင်း ငါ့သမီးကို အစစအရာရာ မောင်ရင်မောင်ကဲ့သို့ အမေအားကိုးပါရစေဆိုလျှင် မမယ်မလည်း အမေ ကျွန်မကို မစာ၏သမီးဟူ၍မမှတ်ပါနှင့်၊ အမေ့သမီးမှတ်ပါဆို၏။

ဤကဲ့သို့စကားပြောဆို ကိုရင်မောင်ရှိရာ ထောင်ကြီးသို့သွားရောက်ကျွေးမွေးရန် အစားအသောက်များကို ပန်းကန်ခွက်ယောက်များတွင် ထည့်သွင်း ပြင်ဆင်နေသည့်အတွင်း ထောင်မှူးအာဏာသားမစ၍ မင်းလုလင်များတို့ ရုတ်တရက်လာရောက်၍ တစ်ယောက်သော အာဏာသားကဆိုသည်မှာ မဖားဥ– မဖားဥကို အားလည်းနာသည်၊ သနားလည်းသနားသည်၊ သို့သော်

Generated by CamScanner from intsig.com

လည်း ဤအိမ်ကားပြည့်ရှင်မင်း၏သူပုန် ရန်သူ့အိမ်ဖြစ်သည်၊ ဤအိမ်ကို ယခုချက်ချင်း သိမ်းရန် မင်းမိန့်ပါသည်ဆိုပြီးလျှင် အိမ်၌ရှိသော ပစ္စည်း အထည်အလိပ်၊ ကုန်စည်အိုးခွက်တို့ကို သိမ်းယူရုံမျှမက အိမ်ကိုပင်လျှင် ဖျက်၍သိမ်းယူကြ၏။ မဖားဥလည်း ငါ့သမီး- သူတို့လုပ်ကိုင်သည်ကို စောင့်ဆိုင်းကြည့်ရှု၍နေက အချိန်ကုန်ရုံမျှရှိမည်။ မောင်လှိုင်မောင် ထမင်းဆာ မွတ်မည်၊ ငါတို့နှင့်ယောက်လွှားရောက် ထမင်းကျွေးမည်၊ ငါ့သမီး အမေ နှင့်အတူ လိုက်ခဲ့ဆိုပြီးလျှင် မဖားဥသည် မမယ်မလက်ကိုဆွဲပြီးလျှင် အိမ် သိမ်းသည်ကို လျစ်လျူရှုလျက် သားအမိနှစ်ဦး ထွက်သွားကြ၏။

ဤကဲ့သို့လျှင် ပစ္စည်းများကိုသိမ်းရုံး၊ အိမ်ကိုပင်ဖျက်ဆီးယူငင်သွား သည်နှင့် ကိုရင်မောင် မမယ်မတို့နှင့်တကွ အမိမဖားဥတို့ကို ရပ်သူရွာသား တို့သည် လွန်စွာ ချစ်ခင်သနားကရုဏာသက်ကြသောကြောင့် မင်းမှုရှိသူ ကို ကူပံ့က ကူပံ့သူကို မင်းမျက်တတ်သည် သိရှိသော်လည်း ဖြိုဖျက်ယူငင် သွားသော အိမ်နေရာတွင် မဖားဥ ယာယီတည်းနိုင်ရန် စုဆောင်း၍ဆောက် လုပ်ပေးကြ၏။

Generated by CamScanner from intsig.com

# အခန်း(၆)

အထက်ဆိုခဲ့သည့်အတိုင်း မဖားဥအိမ်ကို အာဏာသားတို့ သိမ်းရုံး ဖျက်ဆီးသိမ်းယူနေကြသည့်အတွင်း မဖားဥနှင့် မမယ်မတို့သည် ထွက်၍လာကြရာ ကိုရင်မောင်စားသောက်ရန် ထမင်းဟင်းလျာများကို မမယ်မက ဦးခေါင်းထက်၌ရွက်လျက် ကိုရင်မောင်ထံရောက်လျှင် မည်သို့ကျွေးမွေးမည်၊ မည်သို့ပြုစုမည်၊ ကိုရင်မောင်စိတ်မငယ်ရအောင် မည်သို့ပြောဆိုမည်များကိုသာ နှစ်ဦးပြောဆိုတိုင်ပင်ကြ၏။ မြန်မာမင်းများလက်ထက်က သူပုန်မှုနှင့်ရာဇဝတ်သင့်ရောက်သူတို့ကို ချုပ်နှောင်ထားသော ထောင်တွင်းသို့ မည်သူတစ်စုံတစ်ယောက်မျှ ဝင်ရောက်ခြင်းမရှိရ။ သည်ကဲ့သို့ ရာဇဝတ်သင့်ရောက်၍ ချုပ်နှောင်ထားသူနှင့်လည်း ထောင်မှူးအာဏာသားမှတစ်ပါး မည်သူမျှ စကားကမ်းလှမ်းမပြောမဆိုရသည်သာမက တစ်ခဏမျှပင်မတွေ့ရနိုင်။ သည်ကဲ့သို့သော အကြောင်းအရာများကို မဖားဥ၊ မမယ်မတို့သည် မိန်းမသားဖြစ်၍ မသိရှာကြ။ သာမညမှုပြစ်နှင့် ထောင်တွင်ချထားသော အကျဉ်းသားများမှာ အိမ်သို့ ပြန်ခွင့်ရသည်၊ အချို့တို့မှာ အရပ်ကိုလှည့်လည်၍ ထမင်းတောင်းစားခွင့် ရသည်များကိုသာ အောက်မေ့ပြီးလျှင် ကိုရင်မောင်လည်း ဤကဲ့သို့ပင် အခွင့်ရလိမ့်မည်ဟူ၍လျှင် ယုံကြည်အားထားလျက် သွားရှာကြသဖြင့် အဝမြို့ အုတ်ထောင်ကြီးသို့ ရောက်ကာလ ထောင်မှူးအာဏာသားတို့က မည်သူမျှ မဝင်ရ၊ ထမင်းဟင်းကိုလည်း အတွင်းသို့ မသွတ်သွင်းရ၊ ပြန်၍ယူသွားကြရမည်ဆိုလျှင် ထိုမိန်းမနှစ်ယောက်လုံးတို့သည် ချုံးချုံးချ၍ငိုကြွေးကြ၏။

ထို့နောက် မဖားဥနှင့် မမယ်မတို့က ရလိုရငြား ပြောဦးမည်အကြံဖြင့် မဖားဥက ထောင်မှူးမင်းထံပြောသည်မှာ ထောင်မှူးကြီးမင်း– ကျွန်မတို့မဝင်ရလျှင်ရှိပါစေတော့။ ကျွန်မသား မောင်ရင်မောင်သည် ယမန်နေ့ညနေကပင်

Generated by CamScanner from intsig.com

ထမင်းမစားရသောကြောင့် တစ်လုတ်တစ်ဆုပ်မျှ စားရအောင် ကျွန်မတို့ ယူလာသော ထမင်းအနည်းငယ်ကို မောင်ရင်မောင်ထံသို့ သွင်းပို့ရန်အမိန့်ကို ရပါရစေ၊ ကျွန်တော်မတို့ မဝင်မလိုက်ပါ၊ အပြင်ကပင် စောင့်၍နေပါမည် ဆိုလျှင် ထောင်မှူးကြီးကလည်း အမယ်ကြီး– ယခုအမှုကား ငယ်သောအမှု မဟုတ်၊ ပြည့်ရှင်မင်းကြီးကို လုပ်ကြံသောအမှုဖြစ်သည်၊ ထမင်းမကျွေးရ၊ ထောင်ထမင်းထောင်ဟင်းကိုသာ ကျွေးရသော အခွင့်ရှိသည်၊ အိမ်ထမင်း ကို ငါကျွေးလျှင် ငါပါရာဇဝတ်သင့်လိမ့်မည်၊ ငါ့ကိုလာ၍ အမှုမရှာနှင့်ဟု ဆိုပြီးကာလ ထ၍သွားရာ မမယ်မသည် ခြေကိုဖက်၍ငိုကြွေးလျက် ထပ်ကာ ထပ်ကာ ရှိခိုးတောင်းပန်ရရှာ၏။ သည်ကဲ့သို့တောင်းပန်လျှင် ထောင်မှူး ကြီးသည် ယေဘုယျအားဖြင့် ကရုဏာတရားကင်း၍ ဒေါသမာန်မာနခက်ထန် လေ့ရှိသူဖြစ်သော်လည်း ရူပကာယအဆင်းနှင့်ပြည့်စုံသော ထိုသူငယ်မသည် မိမိမျက်မှောက်၌ ပူဆွေးဒုက္ခရောက်၍ မျက်ရည်စက်လက်နှင့် ငိုကြွေးမြည် တမ်းရှိနေသည်ကိုမြင်ရသဖြင့် သနားကရုဏာသက်ဝင်၍ မိမိယုံကြည်ရသော အာဏာသားတစ်ယောက်ကို အပါးသို့ ခေါ်ပြီးလျှင် ငါကား ထိုသူငယ်မကို အလွန်သနားသည်၊ သူ၏မျက်နှာကိုမြင်လျှင် သမီးကလေးလို ငါမေတ္တာ ဝင်သည်။ သို့ကြောင့် ငါ့ရှေ့တွင် ငိုကြွေးနေသည်ကို ငါမကြည့်နိုင်၊ ထမင်း ဟင်းများကို ငါလည်းမကျွေးဝံ့၊ ရာဇဝတ်ကိုလည်း တစ်ဖက်ကကြောက်ရ သေးသည်။ သို့ဖြစ်၍ ထမင်းပွဲကို ထောင်ထဲသို့ယူသွား ထမင်းဟင်းများကို တော်ရာတွင် စွန့်ပစ်ပြီးကာလ ကျွေးမွေးသံ့သည့်အဟန်နှင့် ပန်းကန်ခွက်ယောက် များကို ပြန်၍ ပေးအပ်လိုက်ဟုစေ၏။ ထိုအခါ အာဏာသားသည် ထောင် မှူးကြီး အမိန့်အတိုင်း ပြုလုပ်ဆောင်ရွက်၏။ မဖွားဥ၊ မမယ်မတို့လည်း မောင်ရင်မောင် စားရလေပြီဟု ဝမ်းမြောက်ဝမ်းသာနှင့် ထောင်မှူးကြီးကို ဦးချလျက် ထောင်ကြီးမှ ပြန်၍လာကြရှာ၏။

Generated by CamScanner from intsig.com

လမ်းခရီးသို့ ကူရောက်ကာလ သားအမိနှစ်ယောက် ဤသို့တိုင်ပင်ကြ၏။ မောင်ရင်မောင်အမှုကား လွန်စွာကြီးသည်ဟူ၍ သိနားလည်သူတို့ ပြောဆိုကြသည်။ ထောင်မှူးကြီးကလည်း ဤသို့ပင် အမိန့်ရှိလိုက်သည်။ သို့သော် ထောင်တွင်းသို့ တစ်နေ့မဝင်ရလျှင် တစ်နေ့ဝင်ရလိမ့်မည်။ ထောင်တွင်းသို့ မဝင်ရသော်လည်း အပြင်ကနေ၍ ထမင်းဟင်းချက်ပြုတ်ကျွေးမွေးရလျှင် တော်သင့်ပြီဟုဆိုလျှင် မမယ်မလည်း အမေ- အမေပြောသောစကား မှန်သည်။ ထို့ပြင် ထောင်မှူးကြီးသည် ကျွန်မကို သနားကရုဏာရှိသည့် လက္ခဏာရှိသည်။ နက်ဖြန်နံနက်လည်း ယခုကဲ့သို့ ထမင်းပို့ သွားကြရအောင်၊ အစစအရာရာ ကျွန်မအိမ်က အသင့်ချက်မည်။ အမေမချက်ပါနှင့် ဆိုကာလ မဖားဥက မျက်ရည်ကျလျက် ဤသို့ပြောဆို၏။ ငါ့သမီး- ငါ ယခုမှ သတိရသည်။ အမေသည် အိမ်ကိုပြန်မည်သာလျှင် ဆိုရသည်။ ညည်းမှာကား အိမ်ရှိ၏။ ငါ့မှာကား အိမ်ရာမရှိတော့ပြီ၊ အိမ်ပါးနီးချင်းတို့ အိမ်တွင်လည်း မနေလို၊ ငါတက်၍နေပြန်သော် ငါ့အတွက်ကြောင့် သူတို့ အပေါ်တွင် မင်းမှုတက်လိမ့်မည်။ ငါကား သင့်ရာအရပ်တစ်ခု၌သာလျှင် သွားရောက်တည်းခိုနေထိုင်တော့မည်ပြောဆိုလျက် ငိုကြွေးပြန်လျှင် မမယ်မလည်း လိုက်၍ ငိုကြွေးပြီးနောက် အတန်ငယ်ကြာကာလ ဤသို့ဆို၏။ အမေ- စိတ်မပူပါနှင့်၊ ကျွန်မတို့အိမ်သို့ အမေ့ကိုခေါ်သော်လည်း အမေလိုက်မည်မဟုတ် ကျွန်မ သိသည်။ သို့ဖြစ်သောကြောင့် ယခုဖျက်သိမ်းသွားသော အိမ်နေရာတွင် ကျွန်မက လူငှားရမ်း၍ တဲထိုးပေးမည်။ ယနေ့ နေ့ချင်းပြီး ထိုးပေးစေမည်၊ မစိုးရိမ်ပါနှင့်ဆိုလျှင် မဖားဥလည်း ငါ့သမီးကောင်းလှပေပြီ ပြော၏။

သည်ကဲ့သို့ စကားပြောဆို၍သွားကြရာ မဖားဥအိမ်အနီးသို့ရောက်၍ ကြည့်ရှုလိုက်သောအခါ ရှိရင်းသစ်အိမ်ကြီးကား ကွယ်ပျောက်လေပြီ။

Generated by CamScanner from intsig.com

ထိုနေရာတွင် အရပ်သားတို့ဝိုင်းဝန်းလျက် တဲထိုးနေသည်ကို မြင်ကြလျှင် မဖားဥသည် လွန်စွာကျေးဇူးတင်သောကြောင့် သာဓု- သာဓု-ဟု သာဓု သုံးကြိမ်ခေါ်ရှာ၏။ အရပ်သူ အရပ်သားတို့လည်း လွန်စွာသနားကရုဏာ သက်ကြသဖြင့် မဖားဥအတွက်ကြောင့် ငါတို့အပေါ်တွင် ရာဇဝတ်ဝန်တက် လျှင် တက်ပလေစေတော့ဟု ကြံကြပြီးလျှင် အချို့တို့က ဖျာ၊ အချို့တို့က အိုးခွက်စသည်ဖြင့် ကိုယ်စီကိုယ်စီ ကူပံ့အားပေးခြင်းကို ပြုကြ၏။

နောက်တစ်နေ့နံနက်၌လည်း မမယ်မသည် ယခင်နေ့ကကဲ့သို့ ဦးခေါင်းထက်၌ ထမင်းဟင်းခွက်များကိုရွက်လျက် မဖားဥတဲသို့လာရောက်၊ ထိုတဲကမှ မဖားဥနှင့်အတူ ထောင်ကြီးသို့သွားပြန်ရာလည်း အထက်နည်း အတိုင်း ထောင်မှူးအာဏာသားများထံ ငွေထိုးနိုင်၍ ထမင်းဟင်းများကို ထောင်သွင်းသို့ သွတ်သွင်းရုံမျှပြုပြီးလျှင် ပြန်ခဲ့ရကြ၏။

ဤသို့ပင်လျှင် နေ့စဉ် ဆက်ကာဆက်ကာ သွားပါများသော် မမယ်မ ၏အမိ မအောက မမယ်မကို ဤသို့မသွားရအောင် တားဆီးရန်အကြောင်း ဖြင့် ချောင်းမြောင်းသည်တစ်ခါ၊ ခြောက်ချည်တစ်လှည့်၊ ချော့ချည်တစ်တန်၊ ကြံဖန် ၍ တားဆီးပါသော်လည်း မမယ်မသည် စကားတုံ့ပြန်၍မပြော၊ နေ့စဉ်သွားမြဲ သွား၏။ မအောလည်း ငါ့အမိဖြစ်၍ ပြောဆိုမရရှိသည်၊ သူ့အဖပြောလျှင် ရအံ့ဟုကြံပြီးလျှင် လင်,ဦးသာဓုထံ တိုင်ကြား၏။ ထိုအခါ ဦးသာဓုက ဆိုသည်မှာ ကျောင်းအမ- မမယ်မကား သူ့လင်တစ်ယောက်လုံး ထောင် တွင်ကျ၍နေရကား ထောင်သို့ သူမသွားဘဲ နေပါမည်လော၊ ယခုအခါ ကျောင်းအမ၏လင် ထောင်တွင် ဤသို့ကျလျက်ရှိသော် ကျောင်းအမ မသွား ဘဲ နေမည်လော၊ ကျောင်းအမ နေစေကာမူ လင်ကို ကြင်နာသောသိန်းမမှန်က သိကြားမင်းအင်း၍ တားသော်လည်း ရမည်မဟုတ်၊ ကျောင်းအမသာလျှင် ငြိမ်ဝပ်စွာနေပါ၊ အစစအရာရာ ငါသိသည်ဟူ၍ ပြန်ပြောမှ မအောလည်း တိတ်ဆိတ်စွာနေ၏။

မမယ်မလည်း ထောင်သို့ နေ့စဉ်နေ့စဉ် ရက်ပေါင်းများစွာ သွားရောက်ပါသော်လည်း ကိုရင်မောင်နှင့်မတွေ့ရ။ အတွင်းသို့ သွင်းပို့လိုက်ရသည့် ထမင်းမျှကိုပင် ကိုရင်မောင်စားရသည်၊ မစားရသည်ကို မသိရ။ ဤကဲ့သို့ တစ်လခန့်ကြာရှိလျှင် မမယ်မသည် အဖဦးသာစုထံ ဤအကြောင်းကြောင်းမျိုးကို ပြောပြပြီးလျှင် ကိုရင်မောင်နှင့် တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံမေးမြန်းပြောဆိုရအောင် ကြံဖန်၍ပေးပါမည့်အကြောင်းကို တောင်းပန်၏။ ဦးသာစုလည်း တစ်ယောက်တည်းသောသမီးကို ချစ်ခင်သနား ကြင်နာသည်က တစ်ကြောင်း၊ ကိုရင်မောင်ကို မေတ္တာရှိရင်းဖြစ်သည်က တစ်ကြောင်းများကြောင့် မြို့ဝန်ဦးခိုင်ထံ အဖိုးထိုက်တန်သော လက်ဆောင်ပဏ္ဏာနှင့် သွားရောက်ပြောဆိုပြန်၏။ သည်ကဲ့သို့ သွားရောက်ပြောဆိုရာမှ ပြန်လာကာလ သမီးမမယ်မအား ပြောပြန်သည်မှာ ငါ့သမီး– မြို့ဝန်မင်းထံသို့ အဖေ လက်ဆောင်ပဏ္ဏာနှင့် သွားရောက်ပြောဆိုခဲ့ပြီ။ ထောင်အဝင်တွင် အာဏာသားတို့ကို ကြေးငွေပေးကမ်းလျှင် ဝင်ခွင့်ရလိမ့်မည်။ ငါ့သမီး နက်ဖြန်သွားသောအခါ ကြေးငွေအနည်းငယ် ဆောင်ယူသွားလေဆို၏။ မမယ်မလည်း အားရဝမ်းသာရှိလှသောကြောင့် ချက်ချင်းပင် ဤသတင်းစကားကိုမဖားဥတဲသို့ အမြန်သွားရောက်ပြောကြား၏။

နောက်နေ့နံနက်ကျရောက်လျှင် နေ့တိုင်းကဲ့သို့ ထမင်းဟင်းများကိုပြင်ဆင်ယူဆောင်၍ သားအမိနှစ်ယောက် သွားကြပြန်သဖြင့် ထောင်သို့ရောက်လတ်သော် ထောင်မှူးကြီးက မမယ်မကို တစ်ယောက်တည်း သွင်းခေါ်ပြီးလျှင် ငါ့သမီး– ယခုအမှု၌ ငါ့သမီးဘက်က မြို့ဝန်မင်းနှင့်တကွ အစိုးရကြီးများ လိုလားသည်။ အစစအရာရာ အားမငယ်နှင့်၊ ဤအကြောင်းကိုအထက်က အမေမသိ၊ ငါ့သမီး ထောင်တွင်းသို့ဝင်လိုလျှင် အမေမျက်နှာလွှဲ၍ နေမည်၊ သိသိသာသာ အမေသွင်းပေးလျှင် အမေအပေါ်တွင် ရာဇဝတ်

Generated by CamScanner from intsig.com

ပတ်လိမ့်မည်၊ အဖေ မျက်နှာလွှဲနေသည့်အခိုက် အာဏာသားများကို ငွေပေးလျှင် တိတ်တဆိတ် သွင်းပေးလိမ့်မည်ပြောပြီးလျှင် ထောင်မှူးကြီးလည်း တစ်ပါးသို့ ထွက်သွား၏။

ထိုအခါ မမယ်မလည်း အခါတိုင်း ထမင်းဟင်း ယူသွင်းသူကို ထောင်တွင်းသို့ ဝင်ပါရမည့်အကြောင်းနှင့် မိမိ၌ အဝတ်ဖြင့်ထုပ်ပြီးလျှင် ခါးတွင်ဆောင်ယူလာသော ကျောက်နီလက်စွပ်တစ်ကွင်းကိုပေး၏။ အာဏာသားကလည်း လက်စွပ်ကိုယူသော်လည်း ကျောက်ကိုနားမလည်သူဖြစ်၍ ငွေထပ်၍ပေးရဦးမည်တောင်း၏။ မမယ်မလည်း ကျွန်မတို့အမေထံ ငွေတောင်း၍ ရမည်မဟုတ်သောကြောင့် ဤလက်စွပ်ကို ထုတ်ပေးပါသည်။ အဖေထံမှ ငွေတောင်းရကာလ၊ လက်စွပ်ကို ငွေနှင့်ရွေးနုတ်ယူပါမည်ဆိုမှ မမယ်မ တစ်ယောက်သာ ဝင်ခွင့်ရမည်၊ မောင်ရင်မောင်တို့အမိ မဝင်ရဆိုလျှင် မဖားဥလည်း ငါသမီးသာဝင်လေ၊ ကြာ၍သာနေမည် ဝင်ရသည့်အခိုက် ဝင်၍လိုက်သွားဟု ပြော၏။

ထိုအခါ အာဏာသားသည် တံခါးကိုဖွင့်လျက် ရှေ့ကလမ်းပြ၍ သွားသဖြင့် မမယ်မလည်း နောက်ကလိုက်သွားရာ တံခါးတစ်တန်ပြီးလျှင် တစ်တန်ဖွင့်လှစ်လျက် ဝင်၍သွားရသောကြောင့် မမယ်မသည် တံခါးတစ်တန်ပွင့်လျှင်လည်း ကိုရင်မောင်ကိုမြင်နိုး၊ တစ်တန်ပွင့်လျှင်လည်း မြင်နိုးဖြင့် ကိုယ်စိတ် အသည်းနှလုံးတုန်ကာတုန်ကာ လိုက်၍သွားရာ တံခါးလေးတန်မျှ ပွင့်၍ဝင်မိပြီးနောက် အခန်းတံခါးတစ်ခုသို့ ကျရောက်မှ အာဏာသားက ဤကား မောင်ရင်မောင်အခန်းပင် ဖြစ်သည်။ ဝင်၍သွားတော့ဆိုပြီးလျှင် ဖွင့်၍ပေးသောကြောင့် ဝင်၍သွားကာလ ကိုရင်မောင်သည် အံ့အားသင့်လျက် စကားမပြောနိုင်၊ မမယ်မမှာလည်း စကားမပြောနိုင်ဘဲ တစ်ဦးကို တစ်ဦး စေ့စေ့သာကြည့်ရှုနေရာမှ ကိုရင်မောင်၏လည်ပင်း၌ရှိသော သံကွင်း

မှ သံကြိုးသွယ်၍ ခေါင်းရင်း၌ရှိသော တိုင်တစ်တိုင်တွင် ချည်နှောင်၊ လက်တစ်ဖက်စီ၌ရှိသော သံကွင်းများမှလည်း လက်ဝဲလက်ယာ၌ရှိသောတိုင်များတွင် သံကြိုးဖြင့်ချည်နှောင်၊ ခြေနှစ်ဖက်၌ရှိသော သံကွင်းအသီးသီးတို့မှလည်း ယခင်နည်းအတိုင်း သံကြိုးသွယ်လျက် တိုင်နှစ်တိုင်တွင် ချည်နှောင်ထားသည့်ပြင် အသားအရေ ပိန်ချုံး၊ အင်္ကျီမရှိ၊ ခါးဝတ်လည်း စုတ်ချာ၊ ဆင်းရဲကြီးစွာခံနေရှာသည်ကို မမယ်မသည် အံ့အားသင့်လျက်နေရာမှ တရွေ့ရွေ့သတိရ၍ တဖြည်းဖြည်းမြင်လျှင် ကိုရင်မောင် လျောင်းလျက်နေရာသို့ ရုတ်တရက်သွားရောက် ရှက်ကြောက်ခြင်းမရှိနိုင်ဘဲ ကိုရင်မောင်ကို ဖက်ယမ်းကာဖြင့် သည်းစွာငိုကြွေး၏။ ကိုရင်မောင်လည်း ထိုအခါကျရောက်မှ ကောင်းစွာ သတိရသဖြင့် မမယ်မမျက်နှာကို စေ့စေ့ကြည့်လျက် ဤသို့ဆို၏။ မမယ်မ– မမယ်မကား လွန်စွာရက်စက်သောမိန်းမဖြစ်သည်။ ကျွန်ုပ် ယခုကဲ့သို့ ဆင်းရဲဒုက္ခရောက်၍နေသည်ကို မမယ်မအား မမြင်စေလိုသောကြောင့် ကျွန်ုပ်တွင်ပါလာသမျှသော ဥစ္စာပစ္စည်းများကို မမယ်မ ကျွန်ုပ်ထံ မဝင်ရအောင် ကျွန်ုပ်လက်ဆောင်ထိုးထားသည်။ ဤမျှလောက် ကျွန်ုပ်ပြုလုပ်ထားသည့်တိုင်အောင် မမယ်မသည် မရ ရအောင်ကြံဆောင်၍ ဝင်လာသည်၊ ကျွန်ုပ်ဒုက္ခရောက်လျက်နေသည်ကို မျက်ဝါးထင်ထင်မြင်ရမှ မမယ်မအားရနှစ်သက်ရှိမည်။ ကျွန်ုပ်ဒုက္ခကို ဤမျှလောက် မမယ်မ ကြည့်ရှုလိုလျှင် ကျွန်ုပ်ပြလိုက်မည်၊ အားရအောင် ကြည့်ရှု၍ သွားလေ။ ထိုအခါ မမယ်မသည် စကားတစ်ခွန်းမျှ တုံ့ပြန်၍မပြော။ မျက်စိကြောင်ကြောင်ဖြင့် ကိုရင်မောင်ကိုသာ စေ့စေ့ကြည့်လျက် နေသဖြင့် ကိုရင်မောင်က ဆက်လက်ပြောသည်မှာ မမယ်မ အားရဝမ်းသာရှိအောင် ကျွန်ုပ်ပြလိုက်မည်၊ သည်လက်နှစ်ဖက်ရှိသော သံလက်ကောက်နှင့် သံကြိုးများကိုကြည့်ပါ၊ လက်များကို လှုပ်ရှားလိုက်သော် တချွင်ချွင်မြည်သည်။ ထိုခြေနှစ်ဖက်တွင် ဝတ်ဆင်ထား၊

ချည်နှောင်ထားသော သံခြေချင်း သံကြိုးများလည်း ထိုနည်းအတူ ခြေကိုသိမ်းလျက်၊ ရပ်လိုက်သော် ချွင်ချွင်မြည်သောကြောင့် အလွန် အသံသာယာသည်၊ ကျွန်ုပ်၏လည်ပင်း၌ရှိသော ခွေးလည်ပတ်နှင့်တူသော သံကွင်းကြီးနှင့် ထိုသံကွင်းမှသွယ်၍ တိုင်တွင်ချည်နှောင်ထားသော သံကြိုးကြီးကိုလည်းကြည့်၍သွား၊ အားရမှပြန်လေဆိုပြီးလျှင် ကိုရင်မောင်သည် ယောကျ်ားစင်စစ်ဖြစ်သော်လည်း ကိုယ်စိတ်ကို မချုပ်မသိမ်းနိုင်လှသဖြင့် မျက်ရည်ပေါက်ပေါက်ကျရှာ၏။ သည်ကဲ့သို့ကျသော မျက်ရည်ပေါက်ကို ချက်ချင်းသုတ်လိမ်းပြီးလျှင် မမယ်မမျက်နှာကို စေ့စေ့ကြည့်လိုက်ရာ မမယ်မသည် မျက်စိကြောင်ကြောင်ဖြင့် စကားမေးမရ၊ ထိုင်လျက်ပင်မေ့မြောလျှက် ကြက်သေသေလျက်နေသည်ကို မြင်လျှင် ကိုရင်မောင်သည် သံကြိုးတွေ တချွင်ချွင်မြည်လျက်နှင့်ထ၍ မမယ်မကို ကလေးကဲ့သို့ ပွေ့ဖက်ပြီးလျှင် ငါ့နှမ၊ ငါ့နှမဆို၍ လှုပ်မှ မမယ်မသတိရသည်ကိုမြင်၍ ဆိုသည်မှာ ငါ့နှမ– အစ်ကို စိတ်မကောင်းလှ၍ ပြောသည် အစ်ကိုရူး၍သာပြောသည်၊ ဖွဲမယူပါနှင့်။ အစ်ကို နောက်နောင်သည်ကဲ့သို့ မပြောပြီ၊ အစ်ကိုသဘောထဲ၌ အစ်ကိုကောင်းစားသည်ကို ငါ့နှမအားပြလိုသည်။ အစ်ကို အတိဒုက္ခရောက်နေသည်ကို ငါ့နှမ မမြင်အောင် လျှို့ဝှက်လိုသည်။ သည်ကဲ့သို့ လျှို့ဝှက်လိုခြင်းကြောင့်သာ အစ်ကို သည်ကဲ့သို့ ပြောမိသည်ဟူ၍ဆိုလျှင် မမယ်မသည် သုံးနှစ်လေးနှစ်ရွယ် ကလေးသူငယ်တို့ ဝမ်းနည်းလှသောအခါ ငိုသကဲ့သို့ ရှိုက်ကာရှိုက်ကာဖြင့် မျက်ရည်ပေါက်ကြီးစွာကျလျက် ငိုကြွေး၏။ ကိုရင်မောင်လည်း မျက်ရည်ကို မိမိပုဆိုးစုတ်နှင့်သုတ်၍ပေးရှာ၏။ သည်ကဲ့သို့ အတန်ကြာအောင် ငိုကြွေးပြီးမှ စကားကောင်းမွန်စွာ ပြောဆိုနိုင်ကြသဖြင့် အကြောင်းကြောင်းမျိုးကို တစ်ဦးနှင့်တစ်ဦး ပြောဆိုကြရာတွင် အမိမဖား၉ အပြင်က စောင့်ဆိုင်းနေကြောင်း ကိုရင်မောင်သိလျှင် အာဏာသားတို့ကို နှစ်ဦးလုံးတောင်းပန် ကြေးငွေပေးပါမည် ကတိ

သားမှ မဖားဥလည်း ထောင် တွင်းသို့ ခေတ္တမျှ ဝင်ခွင့်ရပြီးနောက် ထောင်မှူး ကြီးလာပြီ၊ ထွက်ကြရမည် ဆိုလာကာလ သားအမိနှစ်ယောက် မျက်ရည် စက်လက်နှင့် ထောင်ပြင်သို့ ထွက်ခဲ့ကြရရှာ၏။

❖❖ ❖❖ ❖❖

Generated by CamScanner from intsig.com

# အခန်း(၇)

ကိုရင်မောင်သည် ဆိုခဲ့သည့်အတိုင်း ထောင်တွင်းတွင် အကျဉ်းခံနေရရာ တစ်လက နှစ်လကြာရှိလျှင် မြို့ဝန်ဦးခိုင်ထံ မမယ်မ၏အဘဦးသာစုအတန်တန် လက်ဆောင်ပဏ္ဏာပေးကမ်းတောင်းပန်သဖြင့် ပထမ၌ လည်ကွင်းနှင့်လည်ပင်းကို ချည်နှောင်သော သံကြိုးကို ဖြုတ်၍ထား၏။ ထို့နောက် လက်ထိပ်လက်ကြိုး၊ ထို့နောက် လက်ဆောင်ပဏ္ဏာပေးဖန်များလတ်သော် သံခြေချင်းပါ ချွတ်၍ထားသဖြင့် မိမိအခန်းတွင်း၌ လွတ်ကင်းစွာ အကျဉ်းခံရ၏။ သည်ကဲ့သို့ နေရသော်လည်း အထက်ကမှာ အိမ်ကပို့သော ထမင်းကို စားရ၏။ ယခုကား ထောင်မှလွတ်ထွက်ပြေးမည် စိုးရိမ်သောကြောင့် မမယ်မနှင့် မဖားဥတို့ ထောင်တွင်းသို့ မဝင်ရသည်သာမက ထမင်းဟင်းမျှလည်း မပို့ပသွင်းကြရ။. ကျပ်တည်းစွာ ချုပ်တည်းထား၏။

တစ်နေ့သ၌ ကိုရင်မောင်သည် မိမိအခန်းနှင့်ကပ်လျက်ရှိသောအခန်း၌ မိမိကဲ့သို့ လှောင်၍ထားသောလူတစ်ယောက်ရှိသည်ကို သိသောကြောင့် မည်သူဖြစ်သည်ကို သိလိုလှသဖြင့် ထမင်းဟင်း လာရောက်ပေးကျွေးလေ့ရှိသူ အာဏာသားထံမေးရာ အာဏာသားက ဤသူက သူရူးကြီးဖြစ်သည်။ သူ့ကိုယ်ကို ပညာရှိသည်ဟူ၍ လွန်စွာထင်ရုံမျှမက လွန်စွာ ရူးသွပ်သောသူဖြစ်သဖြင့် သူ၌ ပစ္စည်းဥစ္စာ မရေမတွက်နိုင်အောင်ရှိသည်ဟူ၍လည်း သူထင်သည်။ သည်ကဲ့သို့ထင်သောကြောင့် ထောင်မှူးကြီးသော်လည်းကောင်း၊ မြို့ဝန်မင်းသော်လည်းကောင်း ထောင်တွင်းသို့ဝင်လျှင် ငွေရွှေအသပြာများ[illegible] ပေးမည်၊ ကျွန်ုပ်ကို ထောင်မှလွတ်ပါဟူ[illegible]သာ [illegible]ဆိုလေ့ရှိသည်။ ထိုသူ အရူးဖြစ်ကြောင်း သိရှိရသဖြင့် ထောင်မှူးကြီးမှစ၍ မြို့ဝန်မင်းတို့သည် ဗွေမယူ ပြုံးရယ်ရုံမျှသာ ပြုကြသည်ဟူသော ပြောကာလ ကိုရင်မောင်က ထိုသူသည် သူရူးမှန်ပါလျက် ဘယ်အကြောင်းနှင့် ထောင်တွင် အကျဉ်းခံနေရ

ပါသနည်းမေးရာ သူ့ကိုယ်ကို ပညာတတ်သည်ထင်ပြီးလျှင် ပြည့်ရှင်မင်းကြီးကို ပုန်စားပုန်ကန်ပြုမည်ကြံစည်သော မင်းသားတစ်ပါးထံ နေ့ကောင်းရက်သာ အခါအချိန် ရွေးကောက်ပေးသဖြင့် သူရူးပိပိမနေ၊ သူပုန်ရန်သူနှင့်ပေါင်းသင်းဆက်ဆံသောကြောင့် အစိုးရကြီးများက ထောင်တွင် ချထားသည်။ ထိုသူကား သူရူးဖြစ်၍သာ အသက်ချမ်းသာရသည်၊ သူရူးမဟုတ်က အသက်သေရမည်မှချဖြစ်သည်ဟု ပြန်ပြော၏။

မောင်ရင်မောင်နှင့် အာဏာသား ဆိုခဲ့သည့်စကားများကို ပြောကြသည့်နေ့ပင်လျှင် မြို့ဝန်မင်းဦးခိုင်သည် ထောင်တွင်းသို့ အကြည့်အရှုဆို၍ ဝင်ရောက်လာ၏။

ထိုအခါ ကိုရင်မောင်နှင့်တကွ အခြားအကျဉ်းသားတို့သည် မြို့ဝန်မင်း လာရောက်မည့်အကြောင်းကို မလာမီကပင် မြို့ဝန်မင်းကွ လာတော်မူလိမ့် မည်၊ တိတ်ဆိတ်စွာ နေကြရမည်၊ မည်သူတစ်စုံတစ်ယောက်မျှ စကားမပြော ရ၊ အသံမပြုကြရဟု အာဏာသားတို့ ဆင့်ဆိုထားသောကြောင့် သိရှိနှင့် နေကြသဖြင့် အသင့်စောင့်ဆိုင်းနား‌ထောင်လျက် နေကြ၏။ အချိန်ကျရောက် ၍ မြို့ဝန်လာရောက် အကျဉ်းသားများ၏အခန်းများကို လှည့်လည်ဖွင့်လှစ်ကြည့်ရှုလာရာ ကိုရင်မောင်အခန်းနှင့် ကပ်လျက်ရှိသော ယခင်ဆိုခဲ့သောသူ၏ အခန်းသို့ရောက်ကာလ ကိုရင်မောင်သည် စေ့စေ့နားထောင်သဖြင့် လူကိုကား မမြင်ရ စကားပြောသံမျှ ကြားနာရသည်မှာ ဝန်မင်း- ကျွန်ုပ်အပေါ်၌ အမှုများစွာလည်း မရှိဘဲလျက် သက်သက်အချုပ်ခံနေရပါသည်၊ မြို့ဝန်မင်းလွှတ်နိုင်လျှင်လွှတ်ပါ။ ကျွန်ုပ်ကား မြို့ဝန်မင်းနှင့်တကွ မြို့ဝန်မင်းဆွေမျိုးဉာတိတို့ပါ စားသောက်မကုန်နိုင်အောင် ပစ္စည်းဥစ္စာပေးကမ်းနိုင်ပါသည်၊ ကျွန်ုပ်ထောင်ပြင်သို့ရောက်လျှင်ရောက်ချင်း ပေးပါမည်၊ လွှတ်သာလွှတ်ပါဆိုလျှင် မြို့ဝန်မင်းလည်း ငါအထက်က လာစဉ်အခါက အသပြာငွေငါးသောင်းပေး

မည် ပြောသည်၊ ယခုကား မည်မျှပေးမည်နည်း မေးကာလ ပြန်ပြောသည်မှာ မြို့ဝန်မင်း– ကျွန်ုပ်ကိုလွတ်ပါလျှင် ငါးသောင်းမဟုတ်၊ ငါးသိန်းမျှပေးပါမည် ဆိုလျှင် မြို့ဝန်မင်းလည်း ရယ်မောလျက် ကိုရင်မောင် အခန်းဘက်သို့ထွက် ခဲ့၏။

သည်ကဲ့သို့ ကိုရင်မောင်အခန်းသို့ရောက်လျှင် မြို့ဝန်မင်းသည် ကိုရင်မောင်မျက်နှာကို စေ့စပ်စွာကြည့်ရှုလျက် ဤလူကလေးကား အဆင်း သဏ္ဍာန်ကောင်းသည်၊ ကျောင်းဒကာ ဦးသာစု၏သမက်မဟုတ်လောဟု မေး၏။ ကိုရင်မောင်လည်း မှန်ပါသည်ဘုရားပြော၏။ ထိုအခါ မြို့ဝန်မင်း က ဆိုသည်မှာ ဦးသာစုသည် ငါနှင့်သူငယ်ချင်းကျောင်းနေဖက်ဖြစ်သည်၊ သာမညအမှုဖြစ်က ငါ မင်းကို လွှတ်ပစ်နိုင်သည်၊ ဖြစ်ပွားသောအမှုသည် ပြည့်ရှင်မင်းကြီး၏အမှုဖြစ်သောကြောင့် ငါမတတ်နိုင်အောင်ရှိသည်၊ မင့်ကို သံခြေချင်းများဖြုတ်၍ထားသည်မှာ လွန်လှပြီ၊ မင်းထွက်၍ပြေးက ငါ့မှာ ရာဇဝတ်သင့်၍ အသက်သေဆုံးရလိမ့်မည်။ သို့ကြောင့် ငါ– မင့်ကို ချောင် အောင်ထားသမျှကိုလည်း ကောင်းမွန်စွာနေပါဆိုပြီးလျှင် ထောင်မှူးဘက် သို့ တစ်ဖက်လှည့်၍ ပြောပြန်သည်မှာ ဤလူကလေးကို ထောင်တွင်းတွင် ချောင်ချောင်ထားပါ၊ ထောင်ပြင်ကလူများနှင့် စကားမကမ်းလှမ်းသမျှမှာ ဒုက္ခဆင်းရဲမရောက်ပါစေနှင့်၊ ထိုလူကလေးကိုမြင်လျှင် ငါကရုဏာသက်ဝင် သည်၊ လူကလေး၌ မိန်းမရစ်ဖြစ်သည်၊ တစ်ယောက်တည်းလှောင်၍ထား သော် စိတ္တဇရောဂါနှင့်ရှုးသွပ်၍ သေမည်စိုးရိမ်သည်၊ သို့အတွက်ကြောင့် တစ်ဖက်က အရူးကြီးနှင့် တစ်ခါတစ်ရံ စကားနီးနေ၍ပြောဆိုပါစေ မှာပြီး လျှင် မြို့ဝန်မင်းလည်း အခြားနေရာဌာနများကို ကြည့်ရှု၊ အမိန့်ဆင့်ဆိုချက် ပေးသင့်ပေးရာပေးပြီးနောက် ထောင်ပြင်သို့ ထွက်သွားလေ၏။

ကိုရင်မောင်လည်း အခါတိုင်းအခါတိုင်းမှာ မိမိအခန်းတွင်းတွင်သာ နေရ၍ သူတစ်ပါးနှင့် စကားမပြောရသောကြောင့် တစ်ကိုယ်တည်းဖြင့်

Generated by CamScanner from intsig.com

တွေးမိတွေးရာ ထင်မိထင်ရာ မမယ်မကို သမီးရည်းစားဆိုရမည်မှာလည်း ထိမ်းမြားမင်္ဂလာပြုပြီးဖြစ်၍ ရည်းစားဆိုရမည်ခက်၊ မယားဆိုရမည်မှာလည်း အုံးအိပ်ရာမယှဉ်မတက်ရသေးသောကြောင့် မယားဆိုရမည်ခက်၊ တစ်ဖက်က မဖားဥကို သနားကရုဏာသက်သည်တစ်ဝ၊ တစ်ဖက်က မမယ်မ အဖဦးသာစုကို အားနာသည်ကတစ်ကြောင်း ဤကဲ့သို့လျှင် နေ့စဉ်နေ့စဉ် တစ်နေ့ထွက်က တစ်နေ့ဝင်၊ အိပ်ရာဝင်၍လည်း အိပ်မပျော်ဘဲ အကြောင်းကြောင်းမျိုးကိုသာ တစ်ကိုယ်တည်း တွေးတောပူဆွေး ဒုက္ခရောက်ရှိနေရသဖြင့် တစ်ဖက်ခန်းက အကျဉ်းသားနှင့် စကားပြောဆိုလိုလျှင် ပြောစေဟူသော အမိန့်ကိုရလျှင် သူရူးပင်ဖြစ်သော်လည်း စကားပြောဆိုရန် အဖော်ရမည်ဖြစ်၍ လွန်စွာ ဝမ်းမြောက်ဝမ်းသာရှိ၏။

သို့ဖြစ်သောကြောင့် မောင်ရင်မောင်သည် မြို့ဝန်မင်းထောင်ပြင်သို့ ထွက်သွားလျှင် တစ်ဖက်ခန်းသို့ စကားပြောရန်သွား၏။ အခန်းဝသို့ရောက်၍ လူကိုမြင်လျှင်လူအကဲကိုခတ်၍ ဤသို့ချင့်ချိန်၏။ ဤသူကား သူရူး မဟုတ်၊ သူရူးမည်သည်ကား မျက်လုံးမျက်ဆန် တွေဝေခြင်းရှိသည်၊ ဤလူကြီး၏မျက်လုံးကား တွေဝေခြင်းမလျှဉ်းမရှိသည့်ပြင် အရာရာသိမြင်တတ်သော မျက်လုံးရှိသည်။ ဦးခေါင်း၌ရှိသောဆံပင် ဖြူသည်၊ မျက်ခုံးလည်းဖြူသည်၊ ဖြူသောနှုတ်ခမ်းမွေးနှင့်တကွ ဖြူသောမုတ်ဆိတ်လည်းရှိသည်။အသက်မှာ ၅၀-ခန့် ရှိနည်း။ နားကျယ်၍ မျက်စိမျက်ဆန်မှစ၍ ကိုယ်လက်အင်္ဂါ ကောင်းသည်၊ ဤလက္ခဏာများကို ထောက်သော် ပညာဗဟုသုတများသည့် လက္ခဏာသာလျှင်ရှိသည်။ ဤသူနှင့် ငါမိတ်ဖွဲ့အံ့ဟု ကြံပြီးလျှင် ဝင်ရောက် နှုတ်ခွန်းဆက်သ စကားပြောဆို၏။

ထိုလူအိုကြီးလည်း မောင်ရင်မောင်ကိုမြင်လျှင် မေတ္တာသက်ဝင်သည့် လက္ခဏာဖြင့် ရွှင်လန်းသောမျက်နှာနှင့် တွန့်တိုခြင်းမရှိဘဲ စကားကမ်းလှမ်း ပြောဆို၏။ သည်ကဲ့သို့ စကားကမ်းလှမ်းပြောဆိုကြသဖြင့်လည်း

Generated by CamScanner from intsig.com

တစ်ယောက်အကြောင်းကိုတစ်ယောက်ပြောဆို၍ အသီးအသီး မည်သည့်ကိုစ္စကြောင့် ထောင်သို့ကျရောက်ရသည်များကို ပြောကြားကြ၏။ သည်ကဲ့သို့ အတန်ငယ်မျှကြာအောင် စကားပြောဆိုနေသည့်အတွင်း ထိုလူအိုကြီးသည် မောင်ရင်မောင်၏မျက်နှာကို စေ့စပ်စွာကြည့်၏။ ဤမျှသာမက ကိုယ်လက်အင်္ဂါကိုလည်း သတိပြု၍ကြည့်ရှု၏။ သည်ကဲ့သို့ကြည့်ရှုပြီးနောက် ထိုလူအိုကြီးကဆိုသည်မှာ ငါ့သား လူကလေး– မင့်ကိုမြင်လျှင် ငါအလွန် မေတ္တာသက်ဝင်သည်၊ မည်သည့်အကြောင်းကြောင့် မေတ္တာသက်ဝင်သည်ကို အဖေပြောမည်။ ငါ့သားဇာတိကို အလျင်ပြောပါဦးဟုဆို၏။ မောင်ရင်မောင်လည်း အဖေ– ကျွန်တော်၏ဇာတိကိုပြောက ကျွန်တော်၏မိဘပြုလုပ်သူတို့ကို ကျေးဇူးကန်းရာရောက်ပါသည်။ သို့သော်လည်း မည်သူ့ကိုမျှ တစ်ကြိမ်တစ်ခါ မပြောဖူးသောစကားကို ကျွန်တော် ပြောရပါတော့မည်။ ကျွန်တော်ကား ပခန်းမြို့ဇာတိဖြစ်ပါသည်။ ကျွန်တော်၏အဖအရင်းကား မောင်ပေါ်လာ၊ အမိကား မအိုဇာ။ အမိ မအိုဇာသည် ကျွန်တော့်ကို ဖွားမြင်ရသောရောဂါနှင့် အသက်သေဆုံးလျှင် ကျွန်တော့်အဖ ဦးပေါ်လာလည်း မယားမအိုဇာမရှိလျှင် မြို့ရွာတွင်မနေပြီ၊ တစ်ပါးမြို့ရွာ အရပ်အဝေးသို့သွားတော့မည်ဆိုလျှင် ကျွန်တော်သားငယ်ကိုပစ်စွာ၊ ဘုန်းကြီးတစ်ပါးနှင့် လိုက်၍သွားကာလ ကျွန်တော်၏ အဘိုးအဘွားတို့က ကျွန်တော်သားငယ် နို့စို့အရွယ်ကို သားသမီးမရှိသူ အဝမြို့နေ လှေသူကြီး ဦးဘိုးအို၊ မယားသိမ်ကြီးအမ မဖားဉတို့သို့ ဆိုးမွေကောင်းခံ၊ ကိတ္တိမသားမွေးစားရန် ပေးအပ်သောကြောင့် ဦးဘိုးအို–မဖားဉတို့၏သား ကျွန်တော်ဖြစ်ပါသည်ဆိုလျှင် ထိုလူအိုကြီးသည် အမောင်– အမောင်အဘိုးအဘွား၏အမည်သည် ဦးတူ၊ မပိန် မဟုတ်ပါလောမေး၏။ ထိုအခါ မောင်ရင်မောင်လည်း ဟုတ်ပါပေသည်ဆို၏။ ထိုအခါ ထိုလူကြီးသည် လူကလေး– မင်း၏အဖ လွန်စွာရက်စက်၊ မယားသေသည်နှင့် သားကိုမှမစုံမက်မူ၍ ပစ်စွာထွက်သွားသောသူ၊ လူ

ရက်စက် လူယုတ်မာကား အခြားသူမဟုတ်၊ ငါပင်ဖြစ်တော့သည်ဆိုပြီးလျှင် မျက်ရည် သည်းထန်စွာကျလျက် ငိုကြွေး၏။ မောင်ရင်မောင်လည်း မိဖ အပအရင်းကို ထောင်တွင်းမှာ လာ၍တွေ့ဆုံမိရလေခြင်းဟု ဆိုပြီးလျှင် ငို ကြွေး၏။

ဤသို့ ငိုကြွေးသော်လည်း ယောကျ်ားချင်းဖြစ်၍ အသီးအသီး ကိုယ့် မျက်ရည်ကိုကိုယ် လျှင်မြန်စွာ သိမ်းရုပ်ကြပြီးနောက် ဦးပေါ်လာပြောဆိုသည် ကား ငါ့သား– မောင်ရင်မောင်၊ အဖေ၏အမည်အရင်းကား မောင်ပေါ်လာ၊ မောင့်အမိအရင်းကား မအိုဇာဟူ၍ခေါ်သည်။ မအိုဇာနှင့် အကြောင်းပါသည့် နောက် မောင့်ကိုဖွားမြင်လျှင် မောင့်အမိသေဆုံးသဖြင့် အဖေ စိတ်လက် မကောင်း၍ အဖေ ရဟန်းခံသည်။ ထို့နောက် သီဟိုဠ်သို့သွားရောက် ပရိယတ် စာပေမှုမက ဗေဒင်ကျမ်းဂန်ကိုသင်ကြား၊ ထို့နောက်မှတစ်ဖန် ဗိန္ဓောကျမ်း၊ ရင်းကမှတစ်ဖန် ရှိုင်ပြည်၊ ရှမ်းပြည်၊ ယောပြည်များသို့ ရောက်လျှင် လောကီ ပညာ အကြမ်းအနုများကို သင်ကြားမိပြန်လျှင် ပညာကျမ်းနှင့် ရဟန်း တစ်လမ်းစီဖြစ်သောကြောင့် ရဟန်းဘောင်မှ လူ့ဘောင်သို့ ထွက်ပြီးကာလ ဗိန္ဓောဗေဒင်၊ ဆေးကျမ်းစသောအရာများတွင် ဆရာပြုလုပ် အသက်မွေးမြူ ခဲ့သည်။ ထိုအခါတွင် မင်းမိဖုရားများနှင့် တွေ့ကြုံ၍ လွန်စွာကောင်းစား ပြီးနောက် ယခု အဖေသေခါနီးမှ ကံကြမ္မာလွန်စွာနိမ့်ကျလှသောကြောင့် ထောင်မှာသွင်း အကျဉ်းခံရလျက်နေရသည်မှာ ၅–နှစ်မျှရှိပြီ၊ အဖေ၌ ပညာ ရှိ၏။ ဥစ္စာလည်းရှိ၏။ ပညာအကျိုးအားကြောင့် ဥစ္စာစီးပွားဖြစ်ထွန်းခဲ့ပြီ၊ ဥစ္စာကား အဖေ့၌ မရေမတွက်နိုင်အောင်ရှိသည်။ သို့သော်လည်း ဥစ္စာ စည်းစိမ်ကို ခံစံထိုက်သောသူမဟုတ်သောကြောင့် အဖေ မခံမစံရနိုင်ပြီ။ အဖေ့ဇာတာကို အဖေစစ်ဆေးကြည့်ရှုရာလည်း ဤထောင်ကြီးက ထွက်နိုင် သော ကိန်းမမြင်၊ ငါ့သားမှာကား ဇာတာလွန်စွာကောင်းသည်။ ဥစ္စာမှာ ငါ့သားအထူးရှာကြံရန် မလိုပြီ။ အဖေမြေတွင် မြှုပ်ထားသော ဥစ္စာများစွာ

Generated by CamScanner from intsig.com

ရှိသည်။ ပညာကား လိုသေးသည်။ လိုသောပညာကိုလည်း အဖေပြသပေးမည်။ ဝတ္ထုကျမ်းဂန်မှစ၍ တတ်ကျွမ်းအောင် အဖေသင်ပေးမည်။ ဗေဒင်ဆိုသည်မှာလည်း ယောကျ်ားကောင်းတို့ တတ်ကျွမ်းအပ်သည်၊ ဇင်းပြင်မျက်လှည့်လက်လှည့်ဟူသော ပညာမှာလည်း တစ်သက်တစ်ခါ အကျဉ်းအကျပ်ထဲသို့ ကျရောက်ရသောအခါ၌ လွန်စွာအသုံးဝင်သည်ဖြစ်သောကြောင့် အဖေသင်၍ပေးမည်ဆို၏။

ကိုရင်မောင်လည်း ယခုအတိုင်းမှန်လျှင် ကျွန်တော် ပျက်ခဲ့သမျှမှာ ကျွန်တော်ကောင်းဖို့အကြောင်းသာလျှင်ဖြစ်တော့သည်။ သို့သော် ကျွန်တော့်မှာ အလွန်ချစ်ခင်သော သူငယ်မတစ်ဦးနှင့် ထိမ်းမြားမင်္ဂလာပြုနေရာတွင် ဖမ်းဆီးလာပြီးလျှင် ယခု အကျဉ်းခံနေရပါသည်။ ထိုသူငယ်မ မမယ်မနှင့် ကျွန်တော် ပေါင်းသင်းရပါဦးမည်လောမေး၏။

ဆရာကြီး ဦးပေါ်လာလည်း အမောင့်ဇာတာအရ ပေါင်းရလိမ့်ဦးမည်၊ ပေါင်းသင်းရမည့်ရက်ကား အနည်းငယ်ဝေးသေးသည်။ ဝေးသော်လည်း စိတ်မငယ်နှင့်၊ မောင့်ဇာတာ၌ သူဌေးဖြစ်ရသောကိန်း၊ မင်းဇကရာဇ်မြောက်စားရသောကိန်း၊ ချစ်သောသူနှင့် ပြန်၍ပေါင်းသင်းရသောကိန်းများ ပါသည်။ မောင်ရင် သူဌေးဖြစ်၍ ပြည့်ရှင်မင်းမြှောက်စားဆဲတွင် ထိုမိန်းမငယ်နှင့် ပြန်၍ ပေါင်းဖက်ရလိမ့်မည်။ အဖေ၏ဗေဒင်၌ ယခုလိုသာ ထွက်သည်ဆိုပြီးနောက် သားအဖနှစ်ယောက်သည် နေကုန်သည်နှင့် ကိုယ့်အခန်းသို့ ကိုယ်စီဝင်၍ ဇင်းနေ့အဖို့ အိပ်ကြ၏။

❖❖ ❖❖ ❖❖

Generated by CamScanner from intsig.com

# အခန်း(၈)

ကိုရင်မောင်သားအဖတို့သည် ဆိုခဲ့သည့်အတိုင်း အခန်းတွင်းသို့ ၀င်၍အိပ်ကြသော်လည်း နှစ်ဦးလုံးပင် ရက်တရက်အိပ်၍ မပျော်နိုင်ကြ။ ကိုယ်စီကိုယ်စီ မိမိဖြစ်ပျက်ခဲ့သမျှကိုသာလျှင် ပြန်လှန်တွေးမိကြ၏။ ကိုရင်မောင်လည်း မိမိအတွက်ကြောင့် အမိ မဖားဥဒ္ဒ ဥစ္စာပစ္စည်းဆုံးပါး၊ ဒုက္ခဆင်းရဲ ကြီးစွာခံလျက် နေရသည်ကို များစွာ ကရုဏာသက်သဖြင့် မျက်ရည်စီးတွေကျ၏။ ၎င်းမှတစ်ဖန် မမယ်မအကြောင်းကိုအောက်မေ့ပြန်လျှင်လည်း လင်မယားဆိုရုံမျှရှိ၍ လင်မယားလည်းမပီ၊ မယားလည်းဟုတ်၏။ သို့ပါလျက်နှင့် သူငါ့ကို စုံမက်ပြီးလျှင် ငါ့အတွက် ဒုက္ခဆင်းရဲခံရရှာပေသည်၊ ငါ ညတိုင်းအိပ်၍မပျော်ရှိသည့်နည်း သူလည်း အိပ်၍မပျော်ရှိရှာလိမ့်မည်။ သို့သော် ပေါင်းရလိမ့်ဦးမည်ဟု ဗေဒင်ထွက်သည်။ ဤသို့လျှင် အနည်းနည်းအဖုံဖုံ စိတ်ရောက်ရာစဉ်းစားလျက် ညဥ့်နက်လှမှ အိပ်၍ပျော်သွား၏။

နောက်တစ်နေ့နံနက်မိုးသောက်လျှင် နှစ်ဦးနှစ်ဝထကြပြီးနောက် ယမန်နေ့နည်းအတိုင်း အကြောင်းကြောင်းမျိုးကို စကားပြောဆိုကြပြန်ရာ ဆရာကြီးဦးပေါ်လာက ဆိုသည်မှာ အဖေပြောမည်၊ မောင်ရင်– မောင်ရင့်ကို မကောင်းကြံသောသူများကို မောင်ရင်မောင် သိပါရဲ့လားမေးကာလ မောင်ရင်မောင်လည်း အဖေ ကျွန်တော်မသိပါ။ အဖေသိလျှင် ကျွန်တော် သိပါရစေဆိုလျှင် ဆရာကြီးလည်း မောင်ရင်– မောင်ရင်ဖြစ်ပျက်သမျှကို မောင်ရင်ပြောသောကြောင့် အဖေကြားရပြီ။ ယခု အဖေပြောမည့်အရာများသည် ဗေဒင်ဟောသည်နှင့်တူသော်လည်း ဗေဒင်ဟောသည့်အရာမဟုတ်၊ အစစအရာရာတွင်အဖေ၌အတွေ့အကြုံ ဗဟုသုတများသောကြောင့် စဉ်းစား

Generated by CamScanner from intsig.com

ဆင်ခြင်ချင့်ချိန်နိုင်သည်။ ယခုရှိသောအကြောင်းသည် ဤသို့ရှိသောကြောင့် နောက်နောက် အတိတ်ကာလက မည်သို့ဖြစ်ခဲ့တန်၊ နောက်နောက်အတိတ် ကာလ ဤသို့ဖြစ်၍ ယခုပစ္စုပ္ပန်မျက်မှောက်၌ ဤသို့ဖြစ်ရသည်။ ယခု ပစ္စုပ္ပန်မျက်မှောက်၌ ဤသို့ဖြစ်ခဲ့ပြန်လျှင်လည်း နောင်အနာဂတ်ကာလ ကျရောက်လျှင် မည်သို့ဖြစ်တန်ရာသည်ကို ချင့်ချိန်နိုင်သည်။ သည့်ထက်ပင် ကိုယ်တိုင်ကြုံဖူးသည့်အရာ၊ ကိုယ်တိုင်တွေ့ဖူးသည့်အရာများကိုလည်း သာ၍ ပင် မှန်ကန်အောင် ချင့်ချိန်နိုင်သည်။

သို့ဖြစ်၍ စဉ်းစားဆင်ခြင်ချင့်ချိန်နိုင်သည့်အရာကို ထားဦး၍ ကိုယ် တိုင်တွေ့ဖူးကြုံဖူးသည့်အရာများကို ဆင်ခြင်ချင့်ချိန်နိုင်သည့်အရာမှာ ယခု ပုပ္ပားတောင်၌ရှိသော မင်းသားသည် အခြားမဟုတ်၊ သားတော် တရုတ်မျှော် မင်းကလေးဖြစ်သည်။ အဖေလည်း သူနှင့်ပတ်သက်၍သာ ယခုထောင်မှာ နေရသည်။ မောင့်ကိုမွေးစားသော လှေသူကြီးမောင်ဘိုးအိုသည် မင်းသား၏ အမှုကို တိတ်တဆိတ်ဆောင်သောသူဖြစ်သည်။ ယခု နန်းတော်တွင်း၌လည်း မင်းသားလူအများရှိသည်၊ မှူးမတ်ထဲ၌လည်း မင်းသားလူရှိသည်၊ ထိုလူများ တိတ်တဆိတ် ထောက်မ၍သာ ငါတို့နှစ်ယောက်အသက်ဘေးမှ ချမ်းသာ ရသည်။ သူတို့မထောက်မ,က တို့နှစ်ယောက်မှာ မုချသေရမည်။ မောင့်လက် ၌ တွေ့သောစာကား အခြားမဟုတ်၊ ထိုမင်းကလေးထံမှ လူယုံမှူးမတ်ထံ ပေးသောစာဖြစ်သည်။ ထိုစာ၌ပါသော စကားများမှာ လျှို့ဝှက်သောစကား ဖြစ်သည်။ စာအဓိပ္ပာယ်ကို အထိမ်းအမှတ်ထားကြသော လူချင်းသာလျှင် သိနိုင်သည်။ သူတစ်ပါးမသိနိုင်။ သူတစ်ပါးနားလည်နိုင်အောင်ပေးကလည်း အကြံမအောင်ရှိတတ်သည်။ စဉ်းစားဆင်ခြင်ချင့်ချိန်နိုင်သည့်အရာမှာ မောင် နှင့်အတူ ယှဉ်ပြိုင်၍ လူမျိုးလှည့်သူမောင်မြတ်သာဆိုသူသည် မောင်၌ ထိုစာ ပါကြောင်းကိုသိရှိသည်၊ မည်သို့သိသည်ကိုကား အဖေမပြောနိုင်။ သူငယ်ချင်း

Generated by CamScanner from intsig.com

မိတ်ဆွေ ချစ်ခင်ပါစေဆိုစေ၊ ဥစ္စာနှင့်ညားက ရန်ပွားတတ်သည်။ ညီရင်းအစ်ကို မျိုးမတတ်ချစ်ခင်သည်မှန်စေ၊ ချစ်ခင်စုံမက်ကြသော မိန်းမနှင့် စပ်ယှက်က တစ်ယောက်အသက်ကိုပင် တစ်ယောက် ရန်မူတတ်ကြသည်။ ယခု မြတ်သာဆိုသူမှာ မောင်ရင်နှင့် ဆွေမတော် မျိုးမစပ်၊ မောင်နှင့်အတူလုပ်ဖော်ကိုင်ဖက်မျှသာဖြစ်သည်။ သူခုံမက်လိုသောမိန်းမ မောင်နှင့်လက်ထပ်သည်ကိုမြင်လျှင် မနာလို မရှုဆိတ်သည်ကတစ်ကြောင်း၊ မောင်အသက်သေလျှင် သူရကောင်းရလိမ့်မည်ထင်သည်တစ်ကြောင်းများကြောင့် ငါ့သားသေစေရန် အကြောင်းဖြင့် အစိုးရများထံ သူသွား၍ ကုန်းချောသည် မုချဖြစ်သည်။ မောင့်အိတ်၌ စာရှိကြောင်းကို သူ မပြောစားက မည်သူမျှပြောစားမည့်သူမရှိ။ မောင်ရင်မင်္ဂလာဆောင်သောနေ့က သူ့မျက်နှာသာယာရဲ့လားမေး၏။

ကိုရင်မောင်လည်း ထိုနေ့က တစ်နေ့လုံး သူ့ကိုပင်ရှာ၍မရအောင်ရှိသည်။ သူတိမ်းရှောင်နေသည့် လက္ခဏာရှိပါသည်ဟု ပြန်ပြောလျှင် ဆရာကြီးက ထိုနေ့က ရှောင်ရှားနေသည့်ဆိုလျှင်မှန်၏။ သို့သော်လည်း ထင်းခွေရင်း ရေခပ်ဆိုဘိသကဲ့သို့ တစ်ချက်ခုတ် နှစ်ချက်ပြတ် အဝမြို့ကရှောင်၍ အမရပူရသို့သွားပြီးလျှင် မောင်ရင့်အကြောင်း ချောစားနေသည်မလွဲဖြစ်သည်ဆိုလျှင် ကိုရင်မောင်က ယခု အဖေပြောသမျှ အမှန်ချည်းဖြစ်ပါသည်ဆိုပြီးလျှင် အိမ်အောက်က မောင်မြတ်သာ ချောင်းမြောင်းနားထောင်သည့်အကြောင်းကို ပြောပြ၏။ ဆရာကြီးလည်း မောင့်ကို သူသေကြောင်းကြံသည်မှာ အမှန်ဖြစ်တော့သည်။ သို့သော်လည်း ငါ့သားမှာ ကံဇာတာညံ့သေးသည်။ ငါ့သားကံဇာတာထကာလ ငါ့သားက တစ်စုံတစ်ခု ပြုလုပ်ရတော့မည်မဟုတ်။ သူ၌ အလိုလို ဆင်းရဲရောက်လိမ့်မည်။ အဖေ့အကြောင်းကိုအဖေပြောဦးမည်။ အဖေ ဤထောင်သို့ကျရောက်စဉ်က ထောင်မှ လွတ်ပါ

မည်အကြောင်းနှင့် အသပြာများစွာ ပေးပါမည်ဟူ၍ ထောင်မှူး၊ မြို့ဝန်တို့ ထံ အဖေ တီးတိုးပြောသည်။ ပြောပါသော်လည်း အဖေက ကံကလည်းမလှ၊ သူတို့ကလည်း အဖေဖြေတွင်မြှုပ်ထားသော ပစ္စည်းဥစ္စာများကို မစားလိုက် ဖြစ်သောကြောင့် အဖေရှုံး၍သာပြောသည်၊ သွပ်၍သာပြောသည် အဖေ့ အခြေအနေကို သူတို့ကြည့်ရှု၍လည်း ဥစ္စာရှိသည် လက္ခဏာမဟုတ်လျှင် မုချသူရှုံးထင်ကြသည်။ အဖေ့ဖာတာက တစ်နေ့တခြားနိမ့်၍သာသွားလျှင် သူတို့ အရှုံးထင်၍ရှိမှဖြင့် ရှုံးချင်ယောင်ဆောင်မှ ငါအသက်ဘေးချမ်းသာရ တော့မည်ကြံပြီးလျှင် သူရှုံးအယောင် အဖေဆောင်၍နေသည်မှာ ထောင်တွင် ကျစကာကည်းပင်ဖြစ်သည်။ သို့သော် ထိုပစ္စည်းများကို ငါ့သား စားလိုက် သောကြောင့်သာလျှင် ဤသို့ကြံဖန်၍ ဖြစ်ပျက်ခဲ့ရသည်။ အစစအရာရာ အဖေ စေ့စေ့စဉ်းစားပြီး၍ ယခု ဆင်ခြင်မိသည်မှာ အဖေမြေတွင်ထားသော ပစ္စည်းကို အဖေမခံမစားလိုက်သောကြောင့် စားလိုက်သောသူ ငါ့သား ပစ္စည်း ရှင်ထံ ပစ္စည်းအပ်ရန် အဖေ ဤထောင်တွင်းသို့ရောက်ရသည့်အရာမှာ မုချ မှန်သည်မှတ်ပါ။ သို့သော် ပစ္စည်းသာလျှင်မဟုတ်၊ ပညာပါ အဖေအပ်ခဲ့ မည်။ ထောင်ထဲမှ ဖောင်ရင်ထွက်ဖို့ တစ်နေ့နေ့အကြံရလိမ့်မည်။ ဝိုင်းပြည် တွင် တစ်ဘုရင်တစ်မင်းလဲလျှင် ငါတို့ကဲ့သို့အမှုနှင့် ထောင်တွင်းအကျဉ်းခံ ရသူတို့ လွတ်မြဲ ချမ်းသာမြဲဖြစ်သည်။ ယခု ဘုရင်မင်းဖြတ်လည်း စိတ်မောသော် ပြန် ရှုံးသွပ်သောဝေဒနာ အနည်းငယ်ကပ်ရောက်လျက် ရှိသည်။ သို့သော် အဖေ့ဗေဒင်အရမှာ သူနန်းသက်ရှည်လျက်ရှိလိမ့်ဦးမည်ဟု လွက် ဆိုၐ၏။

တို့နောက် ပညာသင်ကြားရန် ပုရပိုက်၊ ကံ့ကူဝံ၊ ကံ့ကူဆံများကို အလွန်ခက်ခဲစွာဖြင့် မယ်မတို့အိမ်မှ ကြံဆောင်ရရှိပြီးကာလ၊ စာသပကျွမ်းမှ် များအနက် အတူးအသုံးဝင်မည့် သဒ္ဒါ၊ သင်္ချိုပ်၊ ဆန်း၊ အဘိဓာန်းမလင်္ကာ တို့နှင့် ဟောကိန်းညဝါကျမ်းဂန်များကို ရွေးနုတ်၍ တစ်နေ့မပြတ် နေ့စဉ်အင်

ကြား၏။ ထိုမှတစ်ပါး လောကီ၏အစီးအပွားဖြစ်သော မကာရန္တ၊ သံဒိဋ္ဌ နေသရ-လသရကျမ်း၊ ဗြဟတ်၊ ရာဇမတ္တဏ်ကျမ်း၊ အသိတိကျမ်း စသော ဗေဒင်ကျမ်း၊ ထိုမှတစ်ပါး တတ္တနိရို၊ တတုဒီပနီ၊ တတုဝိဘာဂ၊ နရသုခိ၊ နရမာလာ၊ နရတန်ဆောင်၊ ဥါဒရာသိစသော ဗိန္ဒောကျမ်း၊ ဆေးကျမ်း၊ ထိုမှတစ်ပါး မနုရင်း၊ မနုကျယ်ရွှေမျဉ်း၊ ပကိဏ္ဏက၊ ကန်တော်မင်းကျောင်း စသော ဓမ္မသတ်ကျမ်းများကို သင်ကြားပေး၏။ ထို့ပြင် မျက်လှည့်လက် လှည့်နှင့်တကွ ပဥ္စလက်အတတ်များကိုလည်း သင်ကြား၏။

ဤကဲ့သို့ နေ့စဉ်နေ့စဉ်သင်ကြားရာ တစ်နေ့ကတစ်နေ့၊ တစ်လက တစ်လ၊ တစ်နှစ်ကတစ်နှစ်၊ နှစ်ကုန်မှန်းမသိ နှစ်နှစ်တိုင် ကြာရှိ၍ ကိုရင် မောင်လည်း ဆိုခဲ့သည့်ပညာများကို အတော်အသင့်လျော်အောင် တတ်ကျွမ်း ရှိလျှင် တစ်နေ့သ၌ ဆရာကြီးကဆိုသည်မှာ ငါ့သား- အဖေပြောမည်၊ နားထောင်၊ ငါ့သားမှာ ယခု ပညာလုံ့လောက်စွာရပြီဖြစ်၍ အဖေ့ကိစ္စကုန်ခါ နီးပြီ အဖေ့ကိစ္စကုန်လျှင် ငါ့သား ဤထောင်ကြီးက ထွက်ရလိမ့်မည်။ ထွက်ရမည်ဆိုသော်လည်း လွယ်ကူစွာနှင့်ထွက်ရမည်မဟုတ်၊ ရဲရင့်သော သတ္တိရှိ၍ သေမည့်ဘေးကို မငဲ့မကွက် မကြောက်မရွံ့ စွန့်စားမှသာလျှင် ဖြစ်နိုင်မည်။ သို့သော်လည်း ငါ့သား မောင်ရင်မောင်မှာ ယောက်ျားကောင်း အင်္ဂါ၊ ရဲစွမ်းသတ္တိလည်း ပါသည်။ စွန်အားဗလနှင့်လည်း ပြည့်စုံသည်။ ငါ့သားကို ရေက အသက်ကယ်ဆယ်လိမ့်မည်။ ငါ့သား ရေကူးပညာများ တတ်ခဲ့ပါပြီလောမေး၏။ ကိုရင်မောင်လည်း အဖေ- ကျွန်တော်ကား တစ်သက်ပတ်လုံး လှေထိုးသားတို့နှင့်အတူ လှေတက်နှင့် လုပ်ကိုင်စားသော… ခဲ့ရသည်ဖြစ်သောကြောင့် ရေကူးသည့်ကိစ္စ၌ ငါးတိရစ္ဆာန်ဖျွနီးနီး တတ်ကျွမ်း ပါသည်။ သို့သော်လည်း ယခုအခါမှာ အစားအစာ ကောင်းမွန်စွာမစား ရသည့်အတွက် အားအင်ဆုတ်ယုတ်လျက်ရှိပါသည်ဆိုလျှင် ဤရောဝတ်

တစ်ဖက်ကမ်းသို့ရောက်အောင် ကူးနိုင်ပါမည်လော မေးပြန်၏။ ကိုရင်မောင်လည်း တစ်ခေါက် နှစ်ခေါက် ကျွန်တော် ကူးနိုင်ပါ၏ဟု ပြန်ပြောကာလ တော်လှပြီ၊ မောင်ရင် သင့်လှပြီ၊ အစအရာရာမှာ အဖေအဆင်သင့်ကြံစည်ပြီးဖြစ်သည်။ အားအင်တိုးတက်အောင်သာလျှင် အစားအစာကို ဂရုပြု၍စားလေ၊ အခါနီးကာလမှ အလုံးစုံ အဖေပြောမည်ဆို၏။

ထို့နောက် များမကြာမီ ဆရာကြီး ဦးပေါ်လာသည် မမာမကျန်းရှိ၏။ ကိုရင်မောင်လည်း ကောင်းစွာပြုစု၏။ ပြုစုပါသော်လည်းမရ၊ တစ်နေ့တခြား အားအင်ဆုတ်ယုတ်ရောဂါတိုးတက်လျှင် အဖဦးပေါ်လာဆိုသည်မှာ ငါ့သား– ငါ့သားဥစ္စာစည်းစိမ်နှင့် ကြွယ်ဝချမ်းသာလျက် နေသည်ကို ကြည့်ရှုလိုသောစိတ် အဖေ၌ လွန်စွာအားကြီးသည်၊ သို့ပင်မှန်သော်လည်း ငါတို့နှစ်ယောက် ဇာတာကိုက အဖေသေမှ သားချမ်းသာရမည်။ ငါ့သားအားငယ်မည်စိုးသောကြောင့် အဖေ နောက်နောက်မှ မပြောမပြသည်၊ ယခုကား အဖေမနေရပြီ၊ သေရတော့မည်မလွဲဖြစ်သည်ဆိုလျှင် ကိုရင်မောင်သည် မျက်ရည်ပေါက်ပေါက်ကျလျက် အဖေ– သေမည့်အကြောင်းကို မပြောပါနှင့်၊ ကျွန်တော် လွန်စွာဝမ်းနည်းသည်ဆို၏။ ဆရာဦးပေါ်လာလည်း ငါ့သား– အဖေ အဘယ်ပြောလိုပါမည်နည်း၊ မပြောလျှင် အမှုမပြီး၍သာလျှင် ပြောဆိုရသည်။ အဖေမော၍ ခြေလက်မသိမ်းနိုင်ရှိသည်။ အဖေ့ခါးတွင် သတ္တဓာတုပြဒါးလုံးရှိသည်။ အဖေအားရှိအောင် ရေတွင် ၎င်းဓာတ်လုံးကိုထည့်၍ အနည်းငယ်တိုက်ပါဆိုလျှင် မောင်ရင်မောင်လည်း အဖခါးတွင် စမ်းသပ်ရှာဖွေရာ ညစ်လှစွာသော ခါးပန်းအဝတ်မှ ခိုဥပမာဏသဏ္ဍာန်၊ အဆင်းအားဖြင့် ပြဒါးလုံးကဲ့သို့ အဆင်းအရောင်ရှိသော သတ္တုလုံးတစ်ခုကိုရလျှင် ရေတွင်ထည့်ပြီးနောက် ထိုရေကို အဖအားတိုက်၏။

ဦးပေါ်လာလည်း တစ်ခဏတာမျှ မှိန်းလျက်နေပြီးသော် ယခုကား အဖေတွင် အားအင်အနည်းငယ်တိုးတက်ပြီ၊ ဤသတ္တဓာတုပြဒါးလုံးကို

ငါ့သား ဆောင်၍ထား၊ သေမည့်သူအသက်ကို မကယ်နိုင်သော်လည်း လွန်စွာ အကျိုးများသည်။ အမေ မှာရန်ရှိသမျှကို မှာထားခဲ့မည်။ မှာရန်လည်း များစွာမရှိပြီ။ ဥစ္စာအကြောင်းကို အမေ အလျင်ပြောမည်။ စေ့စေ့သာ နားထောင်၊ ဤအဝမြို့ကြီး၏မြို့ရိုး အနောက်တောင်ထောင့်နှင့် ခရီးတစ်တိုင် ခန့်တွင် မယ်ဇယ်ပင်ကြီး ခုနစ်ပင်ရှိသည်။ ထိုခုနစ်ပင်အနက် တစ်ပင်၏ အရင်းတွင် ငါသားမှသည် ငါ့သား၏သား ငါ့မြေးတိုင်ရောက်၍မျှ စားသုံး မကုန်နိုင်လောက်အောင် အမေမြှုပ်ထားသောပစ္စည်းများရှိသည်။ ထိုအပင် ကား မည်သည့်အပင်ဖြစ်သည်ကို ငါ့သားသိသာနိုင်အောင် အမေပြောဦး မည်။ အမေ ထိုနေရာသို့ မရောက်သည်မှာ ၇နှစ်ကြာပြီဖြစ်၍ အပင်သဏ္ဌာန် ကို မဆိုပြီ။ သို့သော် ခုနစ်ပင်စေ့အောင်ရေ ရေပြီးသည့်နောက် အဝမြို့နှင့် အနီးဆုံးသောအပင်ကစ၍ ကျန်အပင်များကို လက်ယာထား၍ အပင်စေ့ အောင် လျှောက်၊ မောင်ရင်လျှောက်သောလမ်းကြောင်းသည် ဇကွဲ(ဇ)သဏ္ဌာန် ရှိအံ့။ ထိုဇကွဲဝတ်ဆံကျရာအပင်သည် ငါ့သားပစ္စည်းကိုထိန်းသိမ်းထားသော အပင်ဖြစ်သည်ဟုဆိုပြီးလျှင် မောသောကြောင့် ရေထပ်၍သောက်ပြီးကာလ ဤသို့ဆို၏။ ငါ့သားလွတ်ထွက်ရန်မှာ ကြောက်လျှင်လွဲ၊ ရဲလျှင်ကြံတိုင်း မြောက်သည်ဟူသောစကားကို မြဲမြဲမှတ်၊ ယခု အမေသေလျှင် အမေ့ အလောင်းကို အိတ်ဖြင့်စွပ်၍ ရေသို့ချလိမ့်မည်။ ရေမချမီ အိတ်စွပ်၍ထား လိမ့်မည်။ ထားသောအခါ အမေ့အလောင်းကို ထုတ်ယူပြီးလျှင် ငါ့သား အခန်းတွင် ပုံးအုပ်၍ထား၊ အမေ့ကျောအောက်၌ အရိုးမရှိသော သင်တုန်း ဓား ရှိသည်။ ယူဆောင်၍ထား၊ ရေသို့ချသည့်အရာအား ညဉ့်အချိန်မှသာ ချသည်။ ရေသို့ချသောအခါ အိတ်ကို ဓားဖြင့်ဖွင့်လှစ်၍ ထွက်ပြီးလျှင် စစ်ကိုင်းဘက်သို့ကူး၊ စစ်ကိုင်းကမှ အမြန်ဝေးရာအရပ် ရွှေဘို၊ တပယင်းသို့ ပြေး၍ ၎င်းအရပ်များတွင် ခိုအောင်းလေ။ တစ်နှစ်မစေ့ကုန်မချင်း အဝ

Generated by CamScanner from intsig.com

မြို့ဘက်သို့ မလာလေနှင့်၊ နောင်ဆောင်ရွက်ရန်ရှိသမျှကို အမှုအလျောက် ဉာဏ်မီသရွေ့ ဆင်ခြင်ဆောင်ရွက်လေလော့။ ယခု အမေ သေရသော်လည်း အားရပြီ၊ ရှိသမျှဥစ္စာနှင့် ပညာပါ ငါ့သားသို့အပ်ပြီးဖြစ်၍ အမေ့ဝန်ထုပ်ကြီး ကျသွားပြီဟူ၍ဆိုပြီးနောက် စကားမပြောတစ်ချက် ပြောတစ်ချက်ဖြင့် မကြောက်နှင့် နောက်ဆုံးစကား မှာပြီးလျှင် အသက်ကုန်ရှာ၏။

❖❖ ❖❖ ❖❖

# အခန်း(၉)

သည်ကဲ့သို့ ဆရာကြီး ဦးပေါလာအသက်ပျောက်လျှင် ကိုရင်မောင်သည် ယခုကား ငါ့သားအားအဖမဲ့၊ အားကိုးရာမဲ့ဖြစ်ချေပြီ ဆိုပြီးလျှင် ချုံးချုံးချ၍ သည်းစွာ ငိုကြွေး၏။ သည်ကဲ့သို့ ငိုကြွေးသည့်အတွင်း မိမိ၌ ဖြစ်ပျက်ခဲ့သမျှကို ပြန်လှန်အောက်မေ့သဖြင့် ငါကား သူတစ်ပါးနှင့်မတူ၊ ကာမာဝစရကုသိုလ်ကံ လွန်စွာနည်းပါးသူဖြစ်သည်။ ငါ့ကို မွေးမြင်လျှင် ငါ့အမိ သေရသည်။ အမိသေလျှင် အဖလည်းလူ့ဘောင်တွင် မနေနိုင်၊ ငါ ပူပြင်းသောကြောင့် ရဟန်းဘောင်သို့ တိမ်းရှောင်ထွက်ပြေးရသည်။ သည်ကဲ့သို့ အမိမဲ့၊ အဖမဲ့ဖြစ်လျှင် လှေသူကြီးဦးဘိုးအို၊ လှေသူကြီးကတော် မဖားဥကို့က သားအရင်းအချာကဲ့သို့ ကောက်ယူမွေးကျွေးသောကြောင့် ငါ လူလားမြောက်လျှင် သူတို့မခံမရပ်နိုင်။ ဦးဘိုးအိုလည်းသေ၊ ရှိသမျှပစ္စည်း ဥစ္စာများကိုလည်း အစိုးရသိမ်းယူ၍ လုံးလုံးပြုန်း၊ ကြီးလှစွာသော ပျဉ်ထောင်အိမ်ကြီးလည်း တဲတင်းကုပ်အဖြစ်သို့ရောက်။ အမိမုဆိုးမ မဖားဥလည်း အတိဒုက္ခရောက်၊ ငါ့ကို ချစ်ခင်စုံမက်မိမှားသော မမယ်မလည်း စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ ဆင်းရဲခြင်းဖြစ်သည်သာမက ငါ့အတွက်အကြိမ်ကြိမ် ငွေထိုးရသောကြောင့် သူတို့အိမ်၌ ဥစ္စာစီးပွားပါးရှားလှပြီ။ မမယ်မခမျာ လင်ဟူ၍ ယူရာလည်း သူတစ်ပါးမျက်မှောက်တွင်သာ လက်ထပ်မင်္ဂလာ ပြုသောကြောင့် လင်အရာ မြောက်သည်။ အကာယ်စင်စစ်ကား အုံးအိပ်ရာ မယှဉ်မဖက်ရသောကြောင့် လင်အရာမမြောက်၊ လင်ယူရသည့်အရာမှာ ငါးပါးကြီးမှောက် ဒုက္ခဆင်းရဲသာ ရောက်ရှာရတော့သည်။ အရပ်ထဲက မိန်းမကလေးချင်းတို့ ကဲ့ရဲ့ပြောဆိုမည်ကို ရှက်ရှာလိမ့်မည်။ ငါ့အဖအရင်းကို ထောင်တွင်းတွင် တွေ့ရပါသော်လည်း

Generated by CamScanner from intsig.com

ငါနှင့်အတူကြီးပြင်းလာခဲ့ပြီး ငါ့အတွက် အသက်သေသည်အထိလည်း၊ ငါ့အား အလွန်
ချစ်ခင်သောသူ၊ ငြိမ်းချမ်းသောသူ၊ ငါနှင့်ခင်ပွန်း ငါ့ကို ချစ်ခင်ပါမယ့်
မှန်သည့်အခါတိုင်းသည် ခုနှစ်နှစ်ရှစ်နှစ်ကြာအောင်ရှိလေသည်ဟူသော
ဟုတ်ခြင်းတွက် ငိုကြွေးခဲ့ပြီးလေပြီ။ ၎င်းနောက် အမှတ်တရသင်ကြား
ခဲ့သော စကားပြောများနောက် သူတစ်ပါးအားမကျိန်၊ ကိုယ်ကိုယ်ကိုယုံ
ကြည်အားကိုး၊ ကိုယ့်ကိုယ်ကို အားကိုးရမည်ဟူသည် အစရှိသော
တို့ ပညာတတ်တို့ဆို၊ အရာရာဆိုရာမှာ ပါဝင်မှု တရည်ရွယ်
ထိုသည် ပေါ်ကြွက်ခြင်းမှ ဘာလုပ်နိုင်သည်၊ အရာကောင်းမည်သည်
မှုသည် မိမိတို့ဘယ်ညီတိုင်းအား အရာရာတွင် ကိုယ့်ကိုယ်ကိုချွန် ထက်အောင်
ထားသော စာရေးသူ ပြောကြားတော်မူသည်ဟူသော စကားများကို အောက်
မေ့ပြီးလျှင် မိမိမှတ်ချက်ပြုလိုက်ပေ၏။

ထိုနောက် အမှတ်သည် အကြောင်းအရာ မသွင်းမီလိုက်၍
ထို သော့နှင့် သားအခြင်းကြောင်းကို ထုတ်ဖော်ပြသမည်ဟု ကြ
ကြိုးစား မိမိမှတ်ချက်ကို မပြင်မီ အကြောင်းကြည့်ပြီးနောက် ရှေ့နေသည့်အခါ
တိုင်း အပြီးသပ် သဘောတူကြောင်း သတ်မှတ်တုံ့ ထိုကြောင်းပြီးနောက်
အကြောင်းအရာ ပြောဆိုချက်ကို ဘာမှမပြောဘဲ လျှင်းဆိုင်ကြောင်းကြည့်
နေ၏။

ညနေ ထမင်းစားချိန်ရောက်လျှင် အကြောင်းအရာနှင့်ပတ်
သက်သည် စာပိုဒ်ကိုလိုက်၍ ပြောဆိုသောနောက်၊ ထုတ်ဖော်ထားသည်ကို သတိ
ထားပြီးနောက် ထုတ်ဖော်ပြီးတိုက်ရိုက်ရှင်းပြ၍ ငါ၏ ကိုယ်ရည်ကိုယ်သွေးတွင်
အားကိုးခဲ့၏၊ ထုတ်ဖော်ပြသ၏။ ထိုအခါ စာဖတ်သူများနှင့်အကြောင်း
ကြည့်ရှုမှု ထိုဆိုခဲ့သော စာဖတ်ရသည်မှာ အသေအချာ ငါ့အ
အရာကို ဖတ်ကြည့်ရန်မိမိသာလျှင် ကြိုးစားလေ့ရှိသည်။ အရာကြီး

ဦးပေါ်လာကား ငါ့အဖအရင်းလည်းပိမှန်သည်၊ ငါ၏ဆရာလည်း မှန်ပေသည်။ ထို့ကြောင့် မာတာပိတုဂုဏောအနန္တော၊ အာစရိယဂုဏော အနန္တောဟူ၍ ဘုရားဟောကျမ်းဂန်အရ အနန္တဂုဏ်နှင့်ပြည့်စုံသော မိဘလည်းမည်၊ ဆရာလည်း မည်ပေသည်။ အာဏာသားတို့သည် လူသေအလောင်းကို အိတ်စွပ်ပြီးလျှင် ပစ်ထားခဲ့လေပြီ၊ ယခုအခါကား ငါ့အဖမှာတိုင်း ပြုလုပ်ရန် ငါ့အခါဖြစ်တော့သည်။ ငါ့အဖကား နောင်ဖြစ်ပျက်မည့်အရေးကို ပြေး၍ကြည့်ရှုဘိသကဲ့သို့ တွေးတောဆင်ခြင်သိမြင်နိုင်သော ပုဂ္ဂိုလ်မှန်ပေသည်တကား၊ ငါ့အဖ မှာတိုင်းသာ ငါပြုအံ့ဟုကြံပြီးလျှင် ရုတ်တရက်အားဖြင့် အခန်းတွင်းသို့ဝင်ရောက်၊ အလောင်းကောင်ကို အိတ်အတွင်းမှ ထုတ်ယူပြီးနောက် သေပြီးသော အလောင်းကောင်ကို အသက်ရှိသော ပုဂ္ဂိုလ်ကဲ့သို့ အရိုအသေအားဖြင့် ဦးသုံးကြိမ်ချပြီးနောက် မိခင်သည် အိပ်ပျော်လျက်ရှိသည့် ချစ်ခင်လှသော သားငယ်ကို အိပ်ရာမှနိုးမည်စိုးသဖြင့် သက်သာစွာပွေ့ပိုက်ဘိသကဲ့သို့ ကိုရင်မောင်လည်း အဖအလောင်းကို ဖြည်းညင်းစွာပိုက်ပြီးလျှင် မိမိအခန်းတွင်းသို့ ယူဆောင်၊ မိမိအိပ်ရာပေါ်တွင် သိပ်ထားပြီးကာလ မိမိခြုံစောင်ဖြင့် ခြုံအုပ်ထား၏။

ထို့နောက် အဖအခန်းသို့ပြန်သွား၍ ကိုယ်ကို အိတ်စွပ်မည်အပြုတွင် မမယ်မမျက်နှာကို စိတ်အာရုံအားဖြင့် ပြေး၍မြင်မိပြန်လျှင် ကိုရင်မောင်သည် အစစအရာရာတွင် ရဲရင့်သောသတ္တိရှိသူမှန်ပါလျက် အိတ်ကိုကိုင်ပြီးလျှင် တစ်ခဏတာမျှ တွေးမှိုင်တွေဝေခြင်းဖြစ်၏။ သည်ကဲ့သို့တွေဝေဆဲတစ်ခဏတွင် ကြက်သီးဖြန်းဖြန်းထပြီးလျှင် အဖဆရာ ဦးပေါ်လာမျက်နှာသည် ကိုရင်မောင်စိတ်အာရုံ၌ ပေါ်လာသဖြင့် "မကြောက်နှင့်"ဟူသောစကားကို တစ်ဖန်ထပ်မံ၍ လာရောက်ပြောဆိုဘိသကဲ့သို့ နားနှင့်ဆတ်ဆတ်ကြားရပြန်သဖြင့် ကိုယ့်ကိုယ်ကို လျင်မြန်စွာဖြင့် အိတ်နှင့်စွပ်

ပြီးကာလ ယခင်လူသေအလောင်းထားသောနေရာတွင် နေရာမပျက် မရွှတ်မယွင်းရအောင် နိုအောင်းကာ နေရှာ၏။ သည်ကဲ့သို့ နေရှာရသည့်အခါ ကိုရင်မောင်၏စိတ်၌ မိမိအသက်သေဆုံးရတော့မည်အထင်ဖြင့် နောက်နောက်က မိမိပြုကျင့်ခဲ့သမျှသော သုစရိုက်ဒုစရိုက် ကောင်းမှုမကောင်းမှုများကို ပြန်၍ပြောင်းအောက်မေ့၏။ ၎င်းနောက်မှတစ်ဖန် တစ်ကြောင်းမှ တန်ကြောင်း စုပေါင်းအောက်မေ့ပြန်လျှင် အတိဒုက္ခပြစ်လျက် ကျန်ရှိရစ်သော အမိ မဖားဥ၊ ငယ်ငယ်ကတည်းက ချစ်ခင်စုံမက်သောနှမ မမယ်မတို့သည် မိမိသေပြီဟူသော သတင်းကိုကြားလျှင် ပူပန်သောကပွားများမည့်အရာများကို စဉ်းစားမိပြန်သောကြောင့် မျှင်အိတ်အတွင်း၌ပင် မျက်ရည်များစွာ ကျလှပြန်၏။ ဤသို့လျှင် ငိုကြွေးသည့်တစ်ခါ၊ စိတ်အားတင်းသည်တစ်လှည့်ဖြင့် နေဝင်၍ မှောင်လတ်သော် ယခင်ဆိုခဲ့သော အာဏာသားနှစ်ယောက်တို့သည် ထန်းရည်အရက်တို့ကို သောက်စားမူးယစ်သဖြင့် များစွာသောစကားကို ကျယ်လောင်စွာပြောဆိုလျက် ဝါးကပ်တစ်ခုကို ယူလာပြီးလျှင် အိတ်တွင်း၌ရှိသော လူရှင်ကိုရင်မောင်ကို သေသူဆရာကြီးဦးပေါ်လာ၏အလောင်းထင်မှတ်၍ ကြမ်းတမ်းစွာ ဆွဲငင်၊ ဝါးကပ်ပေါ်သို့ တင်ကြ၏။ ကိုရင်မောင်လည်း လူသေသဏ္ဌာန်ဖြင့် မိမိကိုယ်ကိုတောင့်လျက် ခံရရှာ၏။ ထို့နောက် ထောင်အတွင်းမှသည် ထောင်ပြင်သို့ရောက်လျှင် ထိုအခါ၌ မိုးစိပ်စိပ်ရွာ၍ လေပြည်ညင်းသဖြင့် အေးမြခြင်းကြောင့် ထောင်ပြင်သို့ရောက်ကြောင်းကို အိတ်တွင်းမှ ကိုရင်မောင်သိရှိ၏။ ထို့နောက်တစ်ဖန် ရေစီးသည့်အသံကို ကြားပြန်လျှင် ယခုကားမြစ်ကမ်းနားသို့ ရောက်လေပြီဟူ၍ သိ၏၊ ထို အာဏာသားနှစ်ယောက်တို့သည် ထောင်တွင်းမှသည်မြစ်ကမ်းနားသို့အရောက် လမ်းတစ်လျှောက်လုံး ထန်းရည်မူးယစ်သောကြောင့် များစွာသောစကားတို့ကို တစ်ဦးနှင့်တစ်ဦး အချေအတင် အပြန်အလှန် ပြောဆိုသွားကြရာ မြစ်ကမ်း

ပါးသို့ရောက်လျှင် ဝါးကပ်ကို ခေတ္တချထားပြီးကာလ အိတ်တွင်းသို့ ခဲအုတ်ကျောက်ထည့်သွင်းမှသင့်မည်။ သို့မဟုတ်လျှင် လူသေအလောင်းပုပ်ကာလ ရေပေါ်တက်သည်ဆိုပြီးလျှင် အသီးအသီး ကျောက်ခဲ၊ အုတ်ခဲများကို ရှာဖွေကြ၏။ ထိုအခါ ကိုရင်မောင်လည်း ယခုအခါ ငါ့၌ပါသော အရိုးမဲ့သင်တုန်းဓားဖြင့် ဖျင်အိတ်ကိုဖောက်ဖျက်ထွက်ပြေးရသော် ငါမုချလွတ်ရန်အကြောင်းရှိသည်။ သည်ကဲ့သို့ ငါထွက်ပြေးရလျှင် မသင့်မလျော်လောဟူ၍ စဉ်းစားဆင်ခြင်လိုက်ရာ ဆရာကြီး ဦးပေါ်လာသည် "မကြောက်နှင့်"ဟူသောစကားကို တစ်ဖန်လာရောက်ပြောဆိုပြန်ဘိသကဲ့သို့ ဆရာကြီးဦးပေါ်လာမျက်နှာကို ကိုရင်မောင်စိတ်တွင်း၌ ကွက်ကွက်ကွင်းကွင်း မြင်ပြန်လျှင် ငါ့အဖ မှာတိုင်းသာ မသွေမယွင်း ငါလိုက်နာကျင့်ဆောင်ရာသည်။ တစ်ကြောင်းလည်း ငါသည်ကဲ့သို့ထွက်ပြေးက ငါ့ကိုပြန်၍ ဖမ်းဆီးရန် အရပ်လေးမျက်နှာသို့ လူအမြောက်အမြား စေလွှတ်မည် ကေန္တဖြစ်သည်။ ငါရေအချခံ၍ တိတ်တဆိတ်ကူးပြေးမူကား ငါသေပြီဟု လူအလုံးတို့ အထင်ရောက်ကြသဖြင့် ငါ့ကို လိုက်လံရှာဖွေဖမ်းဆီးတော့မည်မဟုတ်၊ ငါ့အဖသည် လွန်စွာမြော်မြင်တတ်သောသူဖြစ်သည်။ အဖမှာတိုင်း တစ်သဝေမျှမတိမ်းမလွဲရအောင် လိုက်နာပြုလုပ်အံ့ဟု အကြံပြု၏။ ထို့နောက် အာဏာသားတို့လည်း ရှာဖွေရရှိသမျှသော ကျောက်ခဲ၊ အုတ်ခဲများကို အိတ်တွင်းသို့ သွတ်သွင်းကြ၏။ ကိုရင်မောင်လည်း ငြိမ်ဝပ်စွာ အောင့်အည်း၍ ခံရှာ၏။ ထို့နောက်မှတစ်ဖန် မြင့်လှသောကမ်းစောင်းသို့ ဝါးကပ်ပါယူဆောင်သွားပြီးလျှင် တစ်ဦးသောအာဏာသားက တစ်ကြိမ်၊ နှစ်ကြိမ် ငါ့ပါးစပ်ကဆိုမည်၊ သုံးကြိမ်ဆိုလျှင်ဆိုချင်း ဝါးကပ်ပါရေထဲသို့ ပစ်ချလိုက်ရမည် မှာထားရာ တစ်ဦးကလည်း ကောင်းပါပြီပြော၏။ ထို့နောက် ကိုရင်မောင်လည်း အာဏာသားတို့က မိမိကိုရေသို့ချမည်အပြုတွင် အသည်းနှလုံးတုန်လှုပ်ခြင်းရှိသော်

Generated by CamScanner from intsig.com

လည်း အာဏာသားတို့က တစ်ကြိမ်ဆိုမိလျှင် မိမိ၌ပါသော အရိုးမဲ့ သင်တုန်းဓားကို အဆင်သင့် လက်ယာလက်ဖြင့် မြဲမြဲစွာ ဆုပ်ကိုင်၍ထား၏။ နှစ်ကြိမ် ဆိုမိပြန်လျှင် သေမည်ဆဲဆဲတွင် အဖဆရာဦးပေါ်လာ မှာထားခဲ့သော "မကြောက်နှင့်"ဟူသောစကားကို အောက်မေ့မိသဖြင့် ကြောက်ရွံ့ခြင်းကင်းရှင်း၏။ သုံးကြိမ်ဟူ၍ဆိုသည်နှင့်တစ်ပြိုင်နက် မြစ်ထဲသို့ ပစ်ချလိုက်ရာ မမယ်မကို အောက်မေ့လျက် ရေတွင်မြုပ်သွား၏။

အာဏာသားတို့လည်း မောင်ပေါ်လာ သည်တစ်ခါဖြင့် မပေါ်လာနိုင်ပေဘူးဆိုပြီးလျှင် လူသေအလောင်း မြုပ်သည် ပေါ်သည်ကိုမျှ မကြည့်မရှုဘဲ ထောင်ကြီးသို့ ပြန်သွားကြ၏။ အကယ်စင်စစ်အားဖြင့် ထိုအခါတွင် မိုးမှောင်ကြီး ကျရောက်ရှိနေသောကြောင့် အကယ်ကြည့်ရှုသော်လည်း မြင်နိုင်ဖွယ်ရာအကြောင်းမရှိ။ ကိုရင်မောင်လည်း ရေသို့ချလိုက်ကာလ မြုပ်၍သွားသည်နှင့်တစ်ပြိုင်နက် ဖျင်အိတ်ကို ဓားနှင့်ဖောက်ခွဲပြီးလျှင် ရေကူးအရာတွင် ငါးမျှနီးနီး တတ်ကျွမ်းသူမှန်သည့်အတိုင်း ရုတ်တရက် လက်ပစ်ကူးရသော် အာဏာသားနှစ်ဦးတို့ ကြားသိမည်စိုးသောကြောင့် မိမိကိုယ်ကို နှာခေါင်းပေါ်ရုံမျှဖော်ပြီးလျှင် ရေမျှောခဲ့၏။ ထို့နောက် အဝမြို့အောက်သို့ ရောက်လတ်သော် လက်ပစ်ကူးသည်တစ်ခါ၊ ပက်လက်မျှောသည် တစ်လှည့်ဖြင့် စစ်ကိုင်းဘက်ကမ်းခြေသို့ ရှေးရှုကူးရာ မိုးတွင်းအခါဖြစ်၍ မြစ်ပြင်ကျယ်ဝန်းသည် တစ်ကြောင်း၊ မြစ်ရေအားမြသည်တစ်ကြောင်း၊ ထောင်တွင်း၌ နှစ်နှစ်ကျော် အချုပ်အနှောင်ခံခဲ့ရသဖြင့် အားအင်ဆုတ်ယုတ်သည် တစ်ကြောင်းများကြောင့် တစ်ဖက်ကမ်းသို့ရောက်ရှိ ကမ်းပါးပေါ်သို့ တက်မိလျှင် ရုတ်တရက်ပင် အားအင်ကုန်ခန်း၍ သေငယ်ဇောနှင့် မတ်တတ်က လဲကျမြောသွားရှာ၏။

နောက်တစ်နေ့နံနက် လင်းအားကြီးအချိန် ကျရောက်ကာလ ကိုရင်မောင်သည် တစ်ယောက်ချင်းဖြင့် သတိရပြီးလျှင် နိုးကြားလာသဖြင့် ဗိဗိ

ပါးဆောင်၌ ငုံထားသော အဘဆရာကြီးဦးပေါ်လာပေးခဲ့သော သဣာဓာတု ပြဒါးလုံးကို မိမိလက်ခုပ်တွင် မြစ်ရေနှင့်စိမ်ပြီးလျှင် သောက်သောကြောင့် ကိုယ်လက်အားအင် တိုးတက်ခြင်းဖြစ်၏။ ထိုအခါ မိမိကိုယ်၌ မူလ ဝတ်ဆင်ထားသော နံငယ်ပိုင်းသည် ရေကူးရာတွင် မောသောကြောင့် ချွတ်၍ ရေထဲတွင်စွန့်ပစ်ခဲ့ရသဖြင့် ကိုယ်၌ အဝတ်ပုဆိုးဗလာဖြစ်ရကား မိမိဆိုက်ရောက်ရာ ကမ်းခြေအနီးရှိ မအူပင် ကျွဲလူးရွာနှိမ်တ်၌ရှိသော သုသာန်သို့ သွားရောက်၊ သချိုင်းအသင်တစ်ခုကို တူးဆော်လျက် မြှုပ်ထားသော လူသေ အလောင်းတွင် ဝတ်ဆင်လျက်ပါသော ခါးဝတ်ပုဆိုးကို ယူငင်ဝတ်ဆင်၏။ ထို့နောက် ဥယျာဉ်တစ်ခုအတွင်းသို့ ဝင်ပြီးလျှင် လူသူမရောက်မည့်နေရာတစ်ခုတွင် ထမင်းဆာမွတ်သော်လည်း အောင့်အည်းကာဖြင့် နေကုန်သည့်တိုင်အောင် ပုန်းအောင်းနေရရှာ၏။

အဝဘက်၌လည်း မဖွားဥ၊ မမယ်မနှစ်ယောက်တို့သည် ကိုရင်မောင်ထံ မရောက်သည်မှာ တစ်လခန့်ကြာရှိပြီ၊ ယနေ့ ထမင်းပို့ရန် သွားအံ့ဟု တိုင်ပင်ပြီးလျှင် ထမင်းတောင်းနှင့် ထောင်ကြီးသို့သွားကြ၏။ ထောင်ကြီးသို့ရောက်လျှင် အခါတိုင်းကဲ့သို့မဟုတ်၊ ဆူဆူညံညံ အုတ်အုတ်ကျက်ကျက်ဖြစ်လျက်ရှိသည့်အသံကို ကြားရလျှင် အသည်းနှလုံးလွန်စွာ တုန်လှုပ်ခြင်းဖြစ်ကြ၏။ ထို့နောက် ထောင်မှူးကြီးကိုယ်တိုင်နှင့် တွေ့ဆုံမိ၍ပြောသည်မှာ မဖွားဥနှင့် မမယ်မတို့ ကိုယ့်စိတ်ကိုသာ ကောင်းစွာတင်း၍ထားလေလော့၊ မောင်ရင်မောင်မှာ လမ်းဆုံးသွားရှာလေပြီဆိုလျှင် မိန်းမနှစ်ယောက်လုံး တက်သွား၏။ ထောင်မှူးကြီးကလည်း အိမ်တွင်ရှိုင်းစေသော မိန်းမအစေအပါးတို့ကို ခေါ်ငင်နှိပ်နယ်စေ၏။ အတန်ငယ်ကြာရှိ၍ နှစ်ယောက်လုံးသတိရကြပြီးသည့်နောက် ထောင်မှူးကြီးက လူဆိုသည့်အရာမှာ ကံအတာက သေရမည် ပါလျှင် သိကြားမင်းဝင်၍ တားသော်လည်းမရ၊ မုချသေရမြဲဖြစ်သည်။

ကြမ္မာဆောင်က လူကောင်ပင် ဆိတ်ဖြစ်သေးသည်ဟူသော စကားပုံလည်း ရှိသည်။ ယခုမှာ ကိုရင်မောင် ကြမ္မာငင်သောကြောင့် သူ့အပါး၌ရှိသော အဘိုးအိုကြီးတစ်ယောက်သေဆုံးသည်၊ ထိုသေဆုံးသူ အလောင်းကို ရေသို့ ပစ်ချချေစေခိုင်းရာ စေခိုင်းလိုက်သော အာဂန္တုကသားနှစ်ယောက်တို့သည် ထန်းရည်သောက်စားကြူးယစ်သောကြောင့် ရှင်သူ့အိပ်ပျော်နေသည်ကို လူသေ ထင်မှတ်ပြီးလျှင် ဝါးကပ်နှင့်တင်ယူ၊ ခဲအုတ်ကျောက် လေးအောင်ဆွဲပြီးမှ ရေထဲသို့ချလိုက်သည်။ အစစ အရာရာ ငါစဉ်းစားကြည့်ပြီ၊ အသက်ရှင်ကောင်း ရှင်လိမ့်ဦးမည်ဟု စိတ်ဒွိဟမကင်းရှိပြီးလျှင် ပူပန်သောက ပွားများ၍ မနေကြနှင့်တော့။ သေပြီဟူ၍သာလျှင် စိတ်လုံးလုံးချပြီးလျှင် ဆွမ်းသပိတ် စသည်ကိုသာလျှင် သွတ်လောင်းကြလေလော့၊ အိတ်စွပ်ပြီးမှ ခဲကျောက်အုတ် အလေးဆွဲ၍ ရေထဲသို့ချလိုက်သော် မည်သူမသေဘဲ အသက်ရှင်လျက် နေနိုင်ပါမည်နည်းဟုဆို၏။ မဖားဥ၊ မမယ်မတို့ကလည်း ကောင်းလှပါပြီဆို၏။ ထောင်မှူးကြီးလည်း မမယ်မ– မမယ်မနှင့်တကွ မောင်ရင်မောင်အမိ မဖားဥ ပါ ငါလွန်စွာ ကရုဏာသက်သည်။ ငါကောင်းစားနေသည့်အတွင်း မမယ်မ တို့နှစ်ယောက်ကို လူသူ မစော်ကားရအောင် ငါစောင့်ရှောက်မည်။ အိမ်သို့ သာ ကောင်းမွန်စွာပြန်သွားလေ၊ သူ့အတွက် ဆွမ်းသွတ်လေလော့ဟုပြော ကာလ နှစ်ယောက်လုံးပင် မျက်ရည်စက်လက်နှင့် ပြန်ခဲ့ရရှာ၏။

# အခန်း(၁၀)

ကိုရင်မောင်သည် ယခင်ဆိုခဲ့သည့်အတိုင်း ရေနှင့်သေရမည့်ဘေးမှ လွတ်ကင်းချမ်းသာ၍ ကုန်းသို့တက်ပြီးလျှင် ကျွဲလူးရွာအနီးရှိ ဥယျာဉ်တွင် ခိုအောင်းနေရာမှ ညနေ နေဝင်စပြုလျှင် ဆာမွတ်လှသောကြောင့် အနီးအပါးရှိ သစ်ပင်များမှ သစ်သီးစိမ်း၊ သစ်သီးမှည့်များကို မြိန်ရှက်စွာဖြင့် ဆွတ်ခူး၍ စား၏။ သို့သော်လည်း တစ်နေ့လုံး မစားမသောက်ရ၊ တော်မွတ်လျက်နေသည့်အခါတွင် ထမင်းဟင်းလျာမစားရက တင်းတိမ်ရောင့်ရဲခြင်း မရှိနိုင်သည်ဖြစ်၍ လူသူရှိရာသို့ ရပ်ဖျောက်ဝင်ရောက် ဤသို့ကြံ၏။ ဤ ကျွဲလူးရွာကား ရွာသိမ်ရွာငယ်မှုဖြစ်၍ ရွာသားမဟုတ်သူ တစ်စုံတစ်ယောက် ဝင်ရောက်က မတူတရူထင်တတ်သည်။ ထင်ပြန်လျှင်လည်း စေ့စပ်စွာ မေးမြန်းတတ်သည်။ ဤရွာသို့ဝင်၍ မသင့်မလျော်။ စစ်ကိုင်းမြို့သို့ မှောင်ခို၍ ဝင်ရသော် အမေးအမြန်းမရှိဘဲ ထမင်းဟင်းတောင်းရမ်းစားသောက်ရ၏။ အဝမြို့က သတင်းများလည်း အမှတ်မဲ့ကြားရ၏ဟုကြံပြီးလျှင် စစ်ကိုင်းမြို့သို့ ရှေးရှုသွားရာ လမ်းပန်းလည်းမသိ၊ ညဉ့်လည်းမှောင်၍ မိုးတွင်းအခါ ရွံ့ညွန်ထူထပ်သောကြောင့် သူငယ်အိပ်ဆိတ်အချိန်မှ စစ်ကိုင်းမြို့သို့ ကပ်မိ၏။ မြို့တွင်းသို့ဝင်မိလျှင် သူတောင်းစားတစ်ယောက်သည် လမ်းကြီးကိုလျှောက်လျက် ထမင်းကလေး၊ ဟင်းကလေးကျွန်လျှင် သနားကြပါခင်များဟူ၍ အော်ဟစ်တောင်းသံကိုကြားလျှင် ကိုရင်မောင်သည် ထိုသူ့အတုကိုယူ၍ သူတောင်းစားဘုရား အ သည် အယောင်ဆောင်၍တောင်းရသော် သင့်၏ဟု ကြံပြီးမှ အခြားလမ်းတစ်လမ်းသို့ သွားပြီးလျှင် ဆိုခဲ့သည့်သူတောင်းစား၏ နည်းအတိုင်း အော်ဟစ်ကာ တောင်းရှာ၏။

Generated by CamScanner from intsig.com

သည်ကဲ့သို့ တောင်းရူပါသော်လည်း တစ်လမ်းကနှစ်လမ်း၊ နှစ်လမ်းက သုံးလမ်းကျရှိ၍ မြစ်ကမ်းနားသို့ရောက်မှ တံငါသည်အိမ်တစ်အိမ်တွင် နေဝင်မိုးချုပ်မှရောက်၍ နောက်ကျနေသော တံငါသည်တစ်ယောက် ထမင်းစားသောက်ပြီးသည့်အခါနှင့် ကြိမ်ကြိုက်၍ ခေါင်ငင်ပေးရာ ကိုရင်မောင်လည်း မိမိဆောင်လာသော ငှက်ပျောဖက်ဖြင့်ခံယူပြီးလျှင် ဆာမွတ်လှသောကြောင့် ထိုအိမ်နိမိတ်၌ပင် မှောင်ကွယ်ရာတွင် စားသောက်၏။ သည်ကဲ့သို့ စားသောက်နေသည့်အတွင်း ယခုတင်က ထမင်းစားသောက်ပြီးသူသည် ဆေးလိပ်သောက်လျက် အပေါ်တွင်ထိုင်နေသောမိန်းမယောက်ျား နှစ်ဦးသုံးဦးတို့အား ပြောသည်မှာ အဝဘက်က သတင်းများကြားကြပြီလားမေး၏။ ကိုရင်မောင်လည်း နားစွင့်ကာထောင်၏။ အခြားသူများက ဘာဖြစ်သလဲ၊ မကြားသေးပါ တကားဆိုလျှင် ထိုသူက ထောင်ကြီးထဲတွင် မနေ့က လူတစ်ယောက်သေသည်၊ ထိုလူအလောင်းကို ရေတွင်သွားပစ်ချေနိုင်းစေရာ အာဏာသားတို့သည် မူးယစ်နေသောကြောင့် ထိုလူသေအခန်းအနားၡှိသော အခန်းတွင် အိပ်ပျော်နေသောသူ လူရှင်တစ်ယောက်ကို မနေ့ညက ယခုအချိန်လောက်တွင် ဝါးကပ်နှင့် တင်ယူ ရေထဲသို့ချလိုက်မိသောကြောင့် အဝမြို့တွင် ဆူဆူညံညံ ဖြစ်နေသည်ဆို၏။ တစ်ယောက်သော မိန်းမကလည်း ထိုလူ သေပါသလောမေး၏။ ထိုသူကလည်း အဘယ်မသေဘဲ ခံနိုင်ပါမည်နည်း၊ လူသေမမြုပ်မိစိုးသောကြောင့် ခဲအုတ်ကျောက်ပင် အာဏာသားတို့က ဆွဲ၍ထည့်လိုက်သေးသည်။ ရေတွင်သေသူမှာလည်း အခြားမဟုတ်၊ လှေသူကြီး ဦးဘိုးအိုသားကလေး ယမန်နှစ်က မိန်းမတောင်းရာတွင် ဖမ်းသွား၊ ထောင်ထဲတွင် ချထားသော လူကလေးဖြစ်သည်။ သူ့ဆွေမျိုးများလည်း နက်ဖြန်ဆွမ်းသွတ်ကြလိမ့်မည် ကြားခဲ့သည်။ အချို့က သေကောင်းမှသေမည်ပြောသော်လည်း သိနားလည်သူ ထောင်မှူးအာဏာသားတို့က ရှင်၍မနေနိုင်၊ သေရမည်မုချဟုပြောဆို၏။

ကိုရင်မောင်လည်း လိုင်းကားများကိုကြည့်လျှင် ငါကား ဤမြေ့ရပ်တွင် ကြာမြင့်စွာနေ၍ မသင့်မလျော်။ အနီးရှိများက စိတ်နှလုံးမကောင်း၍ အကယ်လိုက်လံရှာသော် အခြားအရပ်တွင်မရှာ၊ မှန်းချက်ကိုင်းဘက်တွင် ရှာလိမ့်မည်။ ငါ့အဖမှာသိုင်း အဝဖြူနှင့်သေးဆောင်ပြီးမှ ငါသေးသောက ပျောက်ရလိမ့်မည်ဟု ကြံပြီးလျှင် ရင်ညွှန့်တွင်ယင် မြို့မြောက်မှ်ရှိသော ဇရပ်ယောက်တွင် သွားရောက်အိပ်ပြီးကာလ နံနက်မိုးမလင်းမီ ထပြီးလျှင် စစ်ကိုင်းမြို့မြောက် ခရီးတစ်တိုင်ခန့်ကွာသော ရဟန်းတော်တို့ တောရသောက်တည်ရာကျောင်းများအနက် တောင်ဖီလာကျောင်းသို့သွားရောက်၊ ခရီးကစ်ယောက်ရှိအောင်း နေရှာ၏။ ထိုအခါမှာ ဝါတွင်းအခါဖြစ်၍ ဥပုသ်နေ့ပင်မဟုတ်သော်လည်း ရဟန်းတော်များကျောင်း၌ အစားအသောက် မပါးမရှားသောကြောင့် လိုင်နေ့တွက် ဝပြောစွာ စားသောက်ရ၏။

ကိုရင်မောင်လည်း ဤနေရာကား အစားအသောက်ချောင်သော နေရာဖြစ်သည်။ ငါ့ကိုရှာဖွေသောကာမှ ဤနေရာတွင် ရုတ်တရက်လာရောက် ရှာဖွေမည်မဟုတ်။ ငါခရီးသွားမည်ဆိုသော် ကိုယ်လက်ချည်းသွားက ရွာသူရွာသားတို့ သက်သာကောင်းရှိလိမ့်မည်။ မျက်လှည့်ဆရာလုပ်၍သွားရသော် တော်၏။ တောင်း၊ ထမ်းပိုးမှစ၍ ကိရိယာများ ရှာကြံရန် ဤကျောင်းတွင် နှစ်ရက်တာန်သည်၊ သုံးရက်တာန်သည် ဆိုင်းငံ့မှသင့်လျော်မည် အကြံပြုပြီးလျှင် ကျောင်းတွင် ကျောင်းပစ္စည်းများကို ကြည့်ရှုထိန်းသိမ်းရသူ ဦးပဥ္စင်းတစ်ပါးထံ စကားကြောင်းလမ်းရဆောတော့ဟု အကြံနှင့် ဝင်ရောက်ဦးချ၏။ ဦးပဥ္စင်းလည်း မည်သူဖြစ်သည်၊ မည်သည့်အရပ်သားဖြစ်သည် စသည်များကို မေးသင့်မေးရာမေး၏။ ကိုရင်မောင်လည်း ဤအခါကား မှသားစကားကို သင့်လျော်အောင်ဆိုမှ နေသားတကျရှိမည်ကြံပြီးလျှင် အမည်ကား မောင်ဘိုးရင်၊ ဇာတိကား အောက်မြို့ကျေးရွာ မကွေးကျေးလက်၊ အဖ,ဆရာ ဦးဒူဝန်နေအိမ်မှ

ထွက်ခွာသွားရာ ရွှေဘိုတပယင်းတွင် မကျန်းမမာရှိနေသည် ကြားသောကြောင့် အဖထံ ယခုလိုက်၍လာရကြောင်းနှင့် ကြံဖန်လိမ်ဆယ်၍ လျှောက်ထား၏။ အဖအကြောင်းကို မေးပြန်လျှင် အဖကား ဝိဇ္ဇာဆေးကျမ်းမှစ၍ ဗေဒင်အရာ၌လည်း ကျွမ်းကျင်ကြောင်းနှင့် လျှောက်ထား၏။ သည်ကဲ့သို့လျှင် တစ်ကြောင်းက တစ်ကြောင်းမေးပြီးနောက် သားမောင်ဘိုးရင်၌ အဖပညာ အနည်းငယ်မျှ မပေါက်မိပါလောမေးပြန်ရာ ကိုရင်မောင်က အနည်းငယ်ဆည်းပူးမိပါသည်လျှောက်လျှင် ဦးပဥ္စင်းလည်း မိမိဇာတာကို ထုတ်၍ပြ၏။ ကိုရင်မောင်လည်း ကုသိုလ်ကံထောက်မ,သည့်အခါ အဖသင်ထားသော ဗေဒင်ပညာနှင့်တွက်ချက်ပြီးလျှင် နောက်နောက်က ထိုပုဂ္ဂိုလ်ဖြစ်ပျက်ခဲ့သမျှကို ဟောပြောရာ ဦးပဥ္စင်းလည်း မောင့်ဗေဒင်ကား မှုချမှန်ပါပေသည်ဟု ဝန်ခံပြီးမှ ရှေ့သို့ ဖြစ်ပျက်မည်ကို ဗေဒင်ကတွက်သမျှ ဟောပြောပြ၏။

ထို့နောက်မှတစ်ဖန် ဆေးဝါးအကြောင်း မေးပြေပြန်လျှင် ဦးပဥ္စင်းလည်း မောင်ရင် ဆေးကျမ်းများကို တတ်ကျွမ်းပါက ကျွန်ုပ်အဖသည် အနီးရှိသော ကျောင်းတစ်ဆောင်၌ မကျန်းမမာရှိနေသည်။ မောင် ကုနိုင်လျှင် ကုပါဆိုသောကြောင့် ထိုလူနာရှိရာကျောင်းသို့ လိုက်သွား၏။ ရောက်၍ လူနာကိုကြည့်မိလျှင် ကိုရင်မောင်သည် အဖပေးထားခဲ့သော သတ္တကတု ပြဒါးလုံးကို သူ့တစ်ပါးမြင်လျှင် တပ်မက်မည်စိုးသောကြောင့် တိတ်တဆိတ်ယူငင် ရေတွင်ထည့်ပြီးလျှင် ရေကိုမန်းမှုတ်ဟန်ပြု၍ တိုက်စမ်းကြည့်၏။ မောလျက်ရှိသော လူနာသည် ထိုရေကို သောက်မိသည့်အခါမှသည် ကွမ်းတစ်ယာညက်ခန့်လိကြာလျှင် အားအင်တိုးတက်လာသဖြင့် စကားကောင်းမွန်စွာပြောနိုင်၏။ ထို့နောက် အစာဝင်မည့်ဆေး၊ အားအင်တိုးတက် အာဟာရဖြစ်မည့်အစာများကို ကျွေးမွေးလျှင် နှစ်ရက်အတွင်းတွင် ကင်းရှင်းစွာ မပျောက်သော်လည်း လွန်စွာသက်သာခွင့်ရ၏။

ထိုအခါ ကိုရင်မောင်လည်း ထိုအရပ်မှ တစ်ထောက် ထွက်ခွာဦးမှ သင့်မည်ကြံပြီးလျှင် ဦးပဋင်းအား လျှို့ဝှက်တန်ရာ စကားကို လျှို့ဝှက်၊ လိမ်ဆယ်တန်သည့်နေရာတွင် လိမ်ဆယ်ကာပြောသဖြင့် အလိုရှိသော တောင်းနှစ်လုံး၊ ထမ်းပိုး၊ ကြိုးများကိုရ၏။ ထို့နောက်မှတစ်ဖန် မျက်လှည့်ပြရန်လိုသည့်တန်ဆာများကို ရရှိနိုင်သော သစ်ဝါးအဝတ် စသည့်ကိရိယာများနှင့် ကိုယ်တိုင်လုပ်ကိုင် ဦးပဋင်းအား ကန်တော့၏။ ထို့နောက် ကျေးတော မျက်လှည့်ဆရာတို့ သဏ္ဌာန်ဖြစ်၊ တောင်းနှစ်လုံးကို ဆိုင်းထမ်းပိုးနှင့် ထမ်းပြီးလျှင် အလုံမြို့သို့သွားရန်အကြံဖြင့် ကောင်းမှုတော်ဘုရားကြီးအပါးက ဖြတ်သန်း၍ လယ်ကြီးရွာသို့ အရောက်သွား၏။

ဤသို့လျှင် တစ်ရွာမှတစ်ရွာ စခန်းပြု၍သွားရာ ချင်းတွင်းမြစ်ကမ်းရှိ အလုံမြို့သို့ရောက်၏။ သည်ကဲ့သို့ ခရီးသွားရာတွင် ကိုရင်မောင်သည် မိမိကိုယ်ကို ရုပ်ပျက်စေရန်အကြံဖြင့် နေပူရာကသာသွားရှာ၏။ သို့သော်လည်း အလုံမြို့ကြီးသည် ကြီးကျယ်သော လေ့ဆိပ်၊ လှည်းဆိပ်ဖြစ်သောကြောင့် လူသူအရောက်အပေါက်များသည့်အရာကို မြင်လျှင် ၎င်းမြို့တွင် ကြာမြင့်စွာမနေဝံ့ဘဲ မိမိအလိုရှိသည့်အရာများကို လျင်မြန်စွာရရှိပြီးနောက် တပယင်းမြို့ရှိရာ မြောက်စူးစူးသို့သွား၏။ ခြောက်ရက်ခန့်ကြာမှ ၎င်းမြို့သို့ရောက်လျှင် ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ဝင်ရောက်တည်းခိုလျက်နေ၏။ သည်ကဲ့သို့ တပယင်းမြို့သို့ရောက်လျှင် ဤအရပ်တွင် ငါ့ကိုကားလိုက်လံရှာဖွေဖမ်းဆီးတော့မည်မဟုတ်ဟု အနည်းငယ်စိတ်ချပြီးလျှင် ၎င်းမြို့မှစ၍ ရွှေဘိုမြို့၊ ၎င်းပြင် ကျေးတော ကျေးလက် ရွာသိမ်ရွာငယ်များတွင် လှည့်လည်ပြီးလျှင် မျက်လှည့်ပြသည်တစ်ခါ၊ ဆေးကုသည်တစ်ကြိမ်၊ ဗေဒင်ဟောသည်တစ်လှည့်ဖြင့် တစ်နှစ်တိုင် ရှာဖွေစားသောက်ကာနေရှာ၏။

သည်ကဲ့သို့ ကိုရင်မောင် ပုန်းအောင်းနေသည့်အတွင်း အဝမြို့၌

မိမိချစ်ခင်စုံမက်သော မမယ်မတို့အဖြစ်အပျက်ကို ကိုရင်မောင် မြင်နိုင်က မုချမျက်ရည်ကျလောက်သည်။ ကိုရင်မောင်သေပြီအထင်နှင့် ဆွမ်းသွတ်ပြီး၍ တစ်လကြာသော် မမယ်မအဖ ဦးသာဓုသည် မကျန်းမမာရှိပြီးလျှင် ၁၅ ရက်ခန့်တွင် သေဆုံးရှာ၏။ ထိုအခါတွင် မမယ်မတို့၌ ပစ္စည်းဥစ္စာကုန်ခန်းလျက်ရှိရာ အဖေသေသည်မှသည် နှစ်လခန့်ကြာလျှင် အိမ်တွင် ယောက်ျားမဲ့ဖြစ်ရကား အထက်အခါကတစ်ကြိမ်တစ်ခါမျှ မလုပ်မကိုင်ဖူးသော်လည်း ယခုမှာ ဈေးရောင်း၍စားသောက်ရရှာ၏။

ကိုရင်မောင်အမိမဖားဥလည်း ဆင်းရဲနွမ်းပါးသဖြင့် ကြံမိကြံရာ အစိုးရဖျက်ဆီးသိမ်းယူသွားသော မိမိအိမ်ရာလပ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုး၊ ၎င်းမှထွက်သမျှကိုရောင်း၍ အသက်မွေးမြူရရှာ၏။

❖❖ ❖❖ ❖❖

Generated by CamScanner from intsig.com

# အခန်း(၁၁)

မမယ်မနှင့် အမိမဲ့ဘတို့သည် အဘဦးသာစုသေဆုံးပြီးသည့်နောက် တစ်နေ့ထက်တစ်နေ့ စီးပွားဥစ္စာပါးရှား ဒုက္ခဆင်းရဲရောက်ရာ မမယ်မ ဈေးရောင်းပါသော်လည်း နူရာဝဲစွဲ လဲရာတလိုင်းထောင်း ဆိုဘိသကဲ့သို့ အမြတ်ကားမရှိ၊ ရှုံးသာလျှင်ရှုံးတော့သည်။ လူတို့၌ ကံဇာတာနိမ့်သည့်အခါ မကောင်းသောအရာတို့သည် တစ်ခုပြီးလျှင်တစ်ခု ဆက်ဆင့်ဖြစ်ပွားတတ်သည်ဟူ၍ လူကြီးလူကောင်းတို့ ပြောလေ့ပြုကြသည့်စကားသည် မှန်မှန်သောစကားဖြစ်သည်။ မမယ်မသည် တစ်နေ့သ၌ အိမ်တွင်ဆန်မရှိသောကြောင့် ဆန်ဖိုးမျှရရှိစေတော့အကြံဖြင့် ဟင်းသီးဟင်းရွက်များကို သူတစ်ပါးထံမှ အကြွေးခံပြီးလျှင် ဈေးတွင်သွားရောက်ရောင်းချ၏။ ဈေး၌ ဈေးတောင်းကို မြေတွင်ချလျက် ရောင်းချနေသည့်အတွင်း အထက်က မိမိထံမှ ဈေးအကြွေးဝယ်သူ မိန်းမတစ်ဦးက ဈေးကြွေးယူလှည့် ခေါ်သောကြောင့် ဈေးတောင်းကို တစ်ခဏတာမျှ ပစ်သွားမိလျှင် ဆိတ်မိသားတစ်အုပ်တို့သည် ရုတ်တရက်ဝင်ရောက်ပြီးလျှင် မမယ်မတောင်း၌ ရှိသမျှသော ဟင်းသီးဟင်းရွက်ကို အကုန်စားသောက်ကြ၏။ မမယ်မလည်း မိမိဈေးတောင်းကို ဆိတ်နှိုက်စားသည်ကိုမြင်လျှင် အဝေးကပင် မောင်းနှင်ရန်အကြံဖြင့် ပြေးလာ၏။ သည်ကဲ့သို့ပြေးလာသည့်အတွင်း လမ်းတွင် ခလုတ်တိုက်မိလျှင် မြေသို့လဲသဖြင့် တက်သွားသောအခါ အနီးအပါးတွင်ရှိသော မိန်းမများက လာရောက်ဝိုင်းဝန်းနှိပ်နယ်ကြမှ သတိရ၏။ ထိုအခါ မောင်မြတ်သာသည် လွတ်ရာတစောင်းက ချောင်းမြောင်းကြည့်ရှုနေသဖြင့် မြင်သောကြောင့် မမယ်မ ဈေးတောင်းကိုယူပြီးလျှင် မမယ်မကို အိမ်အရောက်လိုက်၍ပို့၏။

Generated by CamScanner from intsig.com

အမိမစာလည်း သမီးဤကဲ့သို့ဖြစ်သည့်အကြောင်းကြားရလျှင် သည်းစွာ
ငိုကြွေးပြီးနောက် မောင်မြတ်သာကို လွန်စွာ ကျေးဇူးတင်သောကြောင့်
ဤသို့ဆို၏။ မောင်မြတ်သာ– ငါတို့ဆင်းရဲသည့်အခါ ဤကဲ့သို့ မောင်ပြုပါ
ပေသည်ကို အမေ လွန်စွာကျေးဇူးတင်သည်။ မမယ်မအဖ ဦးသာစုရှိပါလျှင်
သူလည်း အထူးကျေးဇူးတင်၍ ကျေးဇူးဆပ်မည် မုချဖြစ်သည်။ ယခု ဦးသာစု
မရှိရကား ငါ့သားမောင်မြတ်သာကို ကျေးဇူးမဆပ်နိုင်ပြီ၊ သို့သော်လည်း
အမေမုဆိုးမက မောင်မြတ်သာ ဘုန်းကြီး၍ အသက်ရှည်ပါစေဟူသည့် ဆု
တောင်းပတ္ထနာကိုသာယူ၍ ငါ့သား တင်းတိမ်ရောင့်ရဲလေလော့၊ ပစ္စည်းဥစ္စာ
ဆို၍ အမေတို့မှာ အိမ်တွင် စားစရာဆန်မရှိ၊ ဒုက္ခဆင်းရဲ မုချရောက်နေတော့
သည်၊ အမေတို့ ကျေးဇူးကန်းသည် ငါ့သားမထင်ပါလေနှင့်ဟု ဆို၏။

မောင်မြတ်သာလည်း မမယ်မကို ငယ်ငယ်ကတည်းကပင် အသည်းစွဲ
ကြိုက်နှစ်သက်ရင်း ဖြစ်သည့်အတိုင်း ဤအခါ အမေကြီးထံ မမယ်မကို
တောင်းရသော် ရကောင်း၏ဟူ၍ စိတ်၌ တွေးထင်မိသော်လည်း မိမိကို
မမယ်မ မုန်း၍ မကြိုက်မနှစ်သက်၊ သေသူ ကိုရင်မောင်ကို စိတ်မကွက်မပျက်
ကြောင်း စဉ်းစားမိသဖြင့် ဤသို့ပြန်ပြော၏။ အမေ– အမေ ကျေးဇူးတင်သည့်
အကြောင်းကို ကျွန်တော်သိပါသည်။ အစစအရာရာ ကျွန်တော်တတ်နိုင်သရွေ့
ကို အမေတို့အား ပြုစုပါရစေ၊ ကျေးဇူးကိုဆပ်လိုပါသည်ဆိုပြီးလျှင် အမေ
တတ်နိုင်သည့်အခါ ကျွန်တော် တောင်းပန်ပါသည်။ ထိုအခါကျရောက်လျှင်
မမေ့မလျော့ပါနှင့်ဆို၏။ မစာလည်း ငါ့သား မောင်မြတ်သာ– ငါ့သား
ကျေးဇူးကို မည်သည့်အခါမျှ အမေ မမေ့မလျော့နိုင်ပြီ။ ငါ့သား၌ အမေ
တတ်နိုင်မည်အထင်ရှိသောအခါ အလိုဆန္ဒရှိလျှင် အမေ့အား ပြောသာပြောဟု
ဆိုပြီးနောက် မောင်မြတ်သာလည်း မမယ်မကိုတောင်းရန် ပြောဆိုမည်ကြံ
ပါသော်လည်း စိတ်မရဲသောကြောင့် မပြောမဆိုဘဲ အိမ်သို့ ပြန်သွား၏၊

Generated by CamScanner from intsig.com

သည်ကဲ့သို့ ပြန်သွားပြီးနောက် မမယ်မတို့အိမ်တွင် ဆန်မရှိကြောင်းသိသဖြင့် ဆန်သုံးတင်းကို ကိုယ်တိုင်ဝယ်ယူပြီးလျှင် မမယ်မတို့အိမ်အရောက်ပို့၏။ ၎င်းနောက် ဆီ၊ ဆားမှစ၍ လိုဖွယ်ရှိသမျှကိုလည်း ဝယ်ခြမ်း၍ပို့၏။ ထို့နောက် မောင်မြတ်သာသည် မိမိအိမ်နီးပါးချင်းဖြစ်သော အသက်၄၅နှစ်ရွယ် မသူဇာဆိုသူမိန်းမကြီးတစ်ယောက်ကို အကြောင်းကြောင်းမျိုး စေ့စုံအောင် ပြောပြပြီးကာလ မမယ်မကို မရ,ရအောင် သူ့အမေ မစာထံ ပြော၍ပေးပါ၊ တံနိုးလက်ဆောင်နှင့်နိုင်းစေလျှင် မသူဇာလည်း မစာထံ အနည်းနည်းအားဖြင့် မျောင်းဖျပြောဆို၏။ မစာလည်း မောင်မြတ်သာ အကြိမ်ကြိမ် မိမိတို့အား စောင်မသည့်အရာကို လွန်စွာကျေးဇူးတင်သောကြောင့် ကောင်းလှပြီဟူ၍ သဘောတူလိုက်၏။ ထို့နောက် အမိမစာက သမီး မမယ်မကို ဤသို့ပြော၏။ ငါ့သမီး– တို့မှာ ရေးကနှင့်မတူ၊ ယခုအခါ လွန်စွာ ဒုက္ခဆင်းရဲရောက်တော့သည်၊ မင့်အဖရှိစဉ်က အိမ်တွင် ယောကျ်ားတစ်ယောက် မားမားရှိသောကြောင့် လူသူလေးပါးလည်း ရှိသေသည်၊ စီးပွားလည်းဖြစ်သည်၊ ယခုညည်းအဖမရှိလျှင် လူသူလေးပါးလည်း မရှိသေ၊ စီးပွားဥစ္စာလည်း ပျက်ပြုန်း၊ ဒုက္ခဆင်းရဲ များစွာရောက်တော့သည်၊ ငါတို့အိမ်၌ ယောကျ်ားတစ်ယောက် ရှိမှ ငါတို့ အသက်ရှုသာတော့မည်ဆိုမိလျှင် မမယ်မက အမေအိမ်ထောင်ပြုချင်ပါသလောမေး၏။ ထိုအခါ မစာကဆိုသည်မှာ အမေတို့အရွယ် အမေတို့ ရုပ်ရည်ကို မည်သူကြိုက်နှစ်သက်ပမည်နည်း၊ အမေလည်း အိမ်ထောင်မပြုလို၊ အမေ့ကို အိမ်ထောင်ပြုလိုသော ယောကျ်ားလည်းမရှိ၊ ငါ့သမီးမှာကား အမေနှင့်မတူ၊ ငါတို့အိမ်မှာ ယောကျ်ားတစ်ယောက်ရအောင် အိမ်ထောင်ပြုမှသင့်မည်၊ ငါ့သမီးကို ချစ်ခင်စုံမက်သော ယောကျ်ားကောင်းတစ်ဦးလည်း အမေ့ထံလာပြောသည် ဟူ၍ဆိုလျှင် မမယ်မက အမေ– အမေပြောမည့်အရာ ကျွန်မရိပ်မိပါသည်။ မြတ်သာအကြောင်း အမေပြောမည်ဆိုသည်မှာ အမေ

ပါးစပ်ဟာစဉ်က ကျွန်မ ရိုပ်မိပါသည်၊ အခြားလူနှင့် စပ်လျှင်စပ်ပါ၊ မြေတ်သာကို ကျွန်မ မယူပါရစေနှင့်ဟုဆို၏။ မစာလည်း ငါ့သမီး– အစစအရာရာ အမြော်အမြင်ရှိပါ၊ လူဆိုသည့်အရာ နောက်ကိုလည်းကောင်း၊ နောင်ကိုလည်းကောင်း လှမ်း၍ကြည့်ရှုရာသည်။ ယခု ညည်းနှင့်ငါ ညည့်အဖေသေပြီးနောက် ဒုက္ခဆင်းရဲရောက်သမျှကို မောင်မြတ်သာတစ်ယောက်သာလျှင် ငါတို့နှစ်ယောက်ကို ထောက်မ,လာပါပေသည်။ အမြင်အားဖြင့် ကြည့်ရှုပြန်သော်လည်း မောင်မြတ်သာသည် ငါတို့တစ်အိမ်လုံးကို မေတ္တာသက်ဝင်သောသူဖြစ်သည့်ပြင် အခွမ်းအစလည်း ထထကြွကြွ လုံ့လရှိသဖြင့် ယောကျ်ားပီသောသူ ဖြစ်သည်။ အမှန်ကို အမေပြောမည်၊ လူရုပ်ကား ကွယ်လွန်သူမောင်ရင်မောင်လောက် မလှပေ။ သို့သော်လည်း အထူးသဖြင့် မိသားဖသားပီသူဖြစ်သည်ဆိုလျှင် မမယ်မလည်း စကားခွန်းတုံ့ပြန်၍မပြောဘဲ တစ်ပါးသို့ထသွား၏။ ထို့နောက် ယခင်ဆိုခဲ့သော မသူဇာသည် အိမ်သို့ရောက်လတ်၍ မစာနှင့် အတန်ကြာတီးတိုးစကားပြောပြီးနောက် မမယ်မထံလာရောက်ပြီးလျှင် နားချပြန်၏။ မသူဇာကဆိုသည်မှာ မောင်ရင်မောင်လည်း ကောင်းပါ၏။ မောင်ရင်မောင် လေ့ပွဲနှင်းသေရှာလျှင် လေ့ဦးစီးနှင့်သာ လက်ဆက်ရာသည်၊ ငါ့တူမ စေ့စေ့စဉ်းစားပါ။ ညည့်အမေနှင့်ငါ့မှာ ညီအစ်မဖြစ်သည်။ သို့ဖြစ်သောကြောင့် ညည့်မှာ ငါ့တူမဖြစ်သည်။ ငါ့တူမမှာ ယခု လွန်စွာမျက်နှာငယ်သည်။ ငါ့တူမအဖ ဦးသာခရှိစဉ်အခါက လွန်စွာ မျက်နှာရှိသည်။ လူသူလေးပါးကဲ့ရဲ့မည်ဝေးရော့ ငါ့တူမအကြောင်းနှင့်စပ်လျဉ်း၍ စကားအသေးအဖွဲ့မျှမပြောမဆိုဝံ့ကြ။ ယခုမှာ အိမ်ဦး၌ ယောကျ်ားတစ်ယောက်မျှမရှိလျှင် လူသူလေးပါးက ငါ့တူမကို ကဲ့ရဲ့သငြိုပ်ပြုချင်သည်။ အဒေါ်တို့ လူကြီးဖြစ်သည်၊ လူကြီးဆိုသည်မှာလည်း မင်းတို့ကလေးများထက် အမြော်အမြင် ရှိသည်။ မောင်မြတ်သာကိုယူမှ တော်မည်။ အစစအရာရာ စိတ်ကူးမလွဲနှင့်၊ ငါ့တူမ

ကောင်းစားသည်ကိုသာလျှင် အဒေါ်မြင်လိုသည်၊ ဆင်းရဲနွမ်းပါး သူတစ်ပါး အပြစ်တင်ကဲ့ရဲ့သည်ကို မမြင်လို၍ အဒေါ်ပြောသည်ဆိုလျှင် မမယ်မလည်း မည်သို့မျှ စကားတုံ့ပြန်မပြောဘဲ တစ်ပါးသို့ ထသွားအံ့။

ဤသို့လျှင် အမိမစာက တစ်ခါ၊ အဒေါ်မသူဇာက တစ်လှည့် နားချပန်များလျှင် မမယ်မက အောက်မေ့သည်မှာ ကိုရင်မောင်သေသည်မှာ တစ်နှစ်ခန့်ကြာရှိပြီ၊ ငါကား ကိုရင်မောင်ကို စိတ်မပျက် နှစ်သက်ရင်းမှန် သော်လည်း ကိုရင်မောင်ကား ဘဝတစ်ပါး ပြောင်းသွားလေပြီ။ ငါ၏အဖ လည်း သေပြန်ပြီး အဖသေလျှင် ပစ္စည်းဥစ္စာပါးရှား ငါ့အမိခမျာ လွန်စွာ အတိဒုက္ခရောက်၍ နေရှာသည်၊ မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်း သော်လည်း ပင့်သက်ရှူဆိုဘိသကဲ့သို့ အမိစကားကို နားထောင်မှသင့်မည်၊ သည်ကဲ့သို့ နားမထောင်ဘဲ ဆက်လက်ငြင်းဆန်နေလျှင် ဒုက္ခဆင်းရဲသာ ရောက်တော့မည်ကြံမိသဖြင့် တစ်နေ့သ၌ အမိမစာ လာရောက် ဖျောင်းဖျ ပြန်သောအခါ အမေ- အမေ့စကားကို ကျွန်မကား နားထောင်ပါတော့မည် ပြောဆိုလိုက်အံ့။

သည်ကဲ့သို့ မမယ်မ နှုတ်ကတိပေးသည့်နေ့ ညတွင် ကိုရင်မောင် အိပ်မက်မက်သည်မှာ မိမိအိပ်ပျော်နေသည်အတွင်း မိမိငယ်ငယ်ကတည်းက နိုင်းစေလာသော မြေတ်သာသည် မိမိလည်ပင်းကို တမင်လာရောက် ခြေ ထောက်နှင့်နင်းသည်ဟူ၍ အိပ်မက်သဖြင့် အိပ်မက်ထဲတွင် ရုတ်တရက် ဒေါသဖြစ်ပွား၊ မောင်မြတ်သာကို လက်သီးဖြင့်ထိုးမည်အကြံဖြင့် ရမ်းရော် ထိုးရိုက်လိုက်ရာ မိမိအပါးတွင် အိပ်နေသော ကိုရင်ကလေးတစ်ပါးကိုထိ၍ ထိုကိုရင်ကလေးသည် သည်းစွာငိုကြွေး၊ ကိုရင်မောင်တည်းခိုနေသော ကျောင်း တစ်ကျောင်းလုံး အုတ်အုတ်ကျက်ကျက်ဖြစ်ပြီးလျှင် ကိုရင်မောင် တည်းခို နေသော ကျောင်းထိုင်ပုဂ္ဂိုလ် ဦးဝရလက္ခဏမေးမှ ကိုရင်မောင်ကလည်း

Generated by CamScanner from intsig.com

မိမိအိပ်မက်မှန်သမျှကို ပြန်ပြောလျှင် ဘုန်းကြီးကလည်း ငါ့တပည့်– ဤ အိပ်မက်အကြောင်းကြောင့် စိတ်မကောင်းမရှိနှင့်၊ လူဆိုသည့်အရာ ဥပါဒါန် ကြောင့် ဥပဒ်ရောက်တတ်သည်။ ငါ့တပည့် ငါးပါးသီလကိုခံ ဆိုပြီးလျှင် ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးက ငါးပါးသီလကိုပေးသောကြောင့် သီလကိုခံယူပြီး လျှင် ကိုရင်မောင်သည် ကျောင်းဦးကြမ်းပြင်ကို သွားရောက်နေထိုင်သည့် အတွင်း မင်းလုလင်နှစ်ယောက်တို့သည် ကျောင်းထိုင်ပုဂ္ဂိုလ် ဦးဝရလက်ာထံ ဝင်ရောက်ပြီးလျှင် အရှင်ဘုရား– အရှင့်ဘုရားကျောင်းတွင် အောက်မြို့ကျေးရွာ ကလာသော သူငယ်တစ်ယောက် မရှိပါလောဟု မေး၏။ ဘုန်းကြီးလည်း အောက်သားနှင့်တူသော သူငယ်တစ်ယောက်ရှိသည်။ သို့သော် ငါ့ကျောင်း၌ရှိသော သူငယ်ကား ရာဇဝတ်မှုကျူးလွန်မည့်သူမဟုတ်၊ အစစအရာရာ စဉ်းစားဆင်ခြင်၍လုပ်ကြပါ ဘုန်းကြီးကမှာ၏။ ထိုအခါ ကိုယ်တော့်တပည့် ထုတ်၍ပြပါ မင်းလုလင်တို့ကဆို၏။ ဘုန်းကြီးက မောင်ရင်မောင်ကို ခေါ်၍ ပြ၏။ သည်ကဲ့သို့ ခေါ်၍ပြသလျှင် ဝန်မင်းမှာလိုက်သော ပုံသဏ္ဌာန်နှင့် သည်လူကလေးပုံသဏ္ဌာန် တိုက်ဆိုင်မိသည်ဆိုပြီးလျှင် ထိုလူကလေးကို တပည့်တော်တို့ ဝန်မင်းအမိန့်နှင့် ဖမ်းဆီးရသည်။ ကိုယ်တော် စိတ်မရှိပါ နှင့်ဟု လျှောက်ထားလျှင် ဘုန်းကြီးလည်း ငါ့တပည့်၌ ဘာမှုရှိသလဲမေး၏။ ထိုလူကလေးအပေါ်၌ ဘာမှုရှိသည်ကို တပည့်တော်တို့ မပြောတတ်ပါ။ ဝန်မင်းထံရောက်မှ အကြောင်းကြောင်းမျိုး သိသာရပါလိမ့်မည်။ ထိုအခါ ကာလ ဆရာတော်ဘုရားထံ တပည့်တော်တို့ လာရောက်လျှောက်ထား ပါမည်ဆိုပြီးလျှင် ကိုရင်မောင်ကို လက်ပြန်ကြိုးနှင့် ယူဆောင်သွားကြလေ ၏။

# အခန်း(၁၂)

ယခင်ဆိုခဲ့သည့်အတိုင်း မင်းလုလင်အာဏာသားတို့သည် ကိုရင်မောင်ကို လက်ပြန်ကြိုးချည်နှောင်၊ တပယင်းမြို့မှ ဝန်မင်းရှိရာ ရွှေဘိုမြို့သို့ အရောက်ဆွဲချည်တစ်ခါ၊ ငင်ချည်တစ်လှည့်ဖြင့် နှိပ်စက်ပြီးလျှင် ဆောင်ယူသွားကြ၏။ ထိုအခါ ကိုရင်မောင် မည်ကဲ့သို့ ဆင်းရဲဒုက္ခရောက်သည့် အကြောင်းများမှာ ရှည်လျားမည်စိုးသောကြောင့် မထည့်မသွင်းပြီ။ ဖြစ်ပျက်သည့် အကြောင်းအရာကိုသာ သေချာစွာ ထည့်သွင်းဖော်ပြပေအံ့။

ကိုရင်မောင်ကို ဤကဲ့သို့ လက်ပြန်ကြိုးဖြင့် ယူဆောင်သွားရာ ကိုရင်မောင်လည်း ယခုကား ငါ့ခွဲ မုချသေရတော့မည် ကံကြမ်ကြုံက်ပြီ၊ ငါ့ကို ရေထဲသို့ချရာ မသေကြောင်းကို ကောင်းကောင်းသိ၍ အဝ ဝန်မင်းလိုက်လံ ရှာဖွေချေခိုင်းသောကြောင့် အာဏာသားတို့ မနေသာသဖြင့် ငါ့ကို ရှာဖွေတွေ့မိပြီ။ ယခုကား ရွှေဘိုမင်းကိုယ်တိုင် ဖမ်းဆီး၍မိမှုဖြင့် ငါအသက်မနေရပြီ၊ သေရတော့မည်မလွဲတည်းဟူ၍ စိတ်ထဲကအောက်မေ့လျက် ရွှေဘိုမြို့သို့ ရောက်သွား၏။ ရွှေဘိုမြို့ဝန်မင်းအိမ်သို့ရောက်လျှင် ကိုရင်မောင်ကို လက်ပြန်ကြိုးချည်နှောင်ဆွဲလွဲလာသဖြင့် ဝန်မင်းကဆိုသည်မှာ ဟဲ့-အကောင်တွေ လက်ပြန်ကြိုးကို ချက်ချင်းဖြုတ်၊ နင်တို့ကား သူယုတ်မာစင်စစ်ဖြစ်သည်။ လူတစ်ယောက်ကို ခေါ်ချေဆိုလျှင် ကောင်းကျိုး အလို့ငှာ ခေါ်သည်၊ မကောင်းကျိုးအလို့ငှာခေါ်သည်ကို နင်တို့မစဉ်းစား၊ ဘွားခနဲ တွေ့လျှင် လက်ပြန်ကြိုးကိုသာဆွဲ၍ ချည်နှောင်တော့သည်။ ယခု သူ့ကို လက်ပြန်ကြိုးမှလွှတ်ပြီးလျှင် ယခုချက်ချင်း ကန်တော့ကြဟူ၍ဆိုလျှင် မင်းလုလင်တို့လည်း ကိုရင်မောင်ကို ကန်တော့ကြ၏။ ထိုအခါ ဝန်မင်းက

Generated by CamScanner from intsig.com

ဆိုသည်မှာ အမောင်– ငါ့တပည့်များ မိုက်သည့်အတွက် လုံးလုံးကြီးမှား ကုန်ပြီ၊ အစစအရာရာ သည်းခံမှ ငါတို့ကောင်းတော့မည်။ တပည့်မလိမ္မာ သည့်အရာ ဆရာအပေါ်တွင် အပြစ်မတင်ပါနှင့်၊ ယခုကား တောင်ဖီလာ ဆရာထံက စာရောက်သည်၊ ဆရာကြီး ဦးဒူဝန်သား မောင်ဘိုးရင်သည် ဤအရပ်သို့ရောက်လာလိမ့်မည်၊ အကယ်၍ ရောက်လာခဲ့သော် ရွာအပြင် ကျလျှင် ငါ့ကျောင်းသို့ ဝင်မိအောင်ဝင်ခဲ့ရန် မှာထားလိုက်ပါ၊ တောင်ဖီလာ ဆရာတော်က အမှာတော်စာ ပေးပို့လိုက်သည်။ ဤအကြောင်းကြောင့် မောင်ဘိုးရင်ကို ရွာချေခိုင်းလျှင် ငါ့တပည့်များ မိုက်ရိုင်းစော်ကားလှသဖြင့် မောင်ရင့်ကို လက်ပြန်ကြိုးချည်နှောင်ခေါ်လာသည်ဆိုလျှင် ကိုရင်မောင်လည်း ထိုအခါမှ စိတ်လုံးလုံးချလျက် ဤသို့စဉ်းစားမိ၏။ ယမန်နှစ်က ငါအဝမြို့ က ထွက်ပြေးလာလျှင် တောင်ဖီလာဆရာတော်ကျောင်းသို့ ခိုဝင်အောင်း သည့်အတွင်း ဦးပဥ္စင်းဦးဗုဒ္ဓိယနှင့်တွေ့ကြိမ်လျှင် သူဆရာတော်ဖြစ်လိမ့် မည် ငါဗေဒင်ဟောခဲ့ဖူးသည်၊ ငါ့ဗေဒင်အရ သူဖြစ်ကိန်းကျသည်။ ငါ့ဗေဒင် အတိုင်းတောင်ဖီလာဆရာတော်ဘုရားကြီးသည် ပြန်တော်မူသည်ဖြစ်ရကား တပည့်လက်ထောက်ဖြစ်သူ ငါဗေဒင်ဟောခဲ့သော ဦးပဥ္စင်းဦးဗုဒ္ဓိယသည် ဆရာတော်ဘွဲ့အမည်အရည်နှင့်တကွ ဆက်ခံသောကြောင့် ဗေဒင်ဟောသူ ငါ့ကို တွေ့လိုလှသဖြင့် ရွှေဘိုဝန်မင်းထံ စာကမ်း၍မှာထားသည့်လက္ခဏာ ရှိသည်။ ငါကား အဝမြို့က ဖမ်းလာသည်ထင်မိမှားသောကြောင့် များစွာ ကြောက်ရွံ့တုန်လှုပ်ခြင်းဖြစ်သည်။ ယခုကား ကြောက်စရာအလျဉ်းမရှိပြီ၊ ငါ့အဖမှာထားသည့်နေရာမှာ အဝမြို့ကို တစ်နှစ်ရှောင်ရမည်။ ယခုလည်း တစ်နှစ်စေ့ကုန်ပြီ။ ငါ့အမိ မဖားဉ၊ ငါ့မယား မမယ်မတို့လည်း မည်သို့ဖြစ် ပျက်နေကြသည်ကိုမသိ။ အဝမြို့သို့ တစ်ခေါက် တိတ်တဆိတ် သွားရောက် ချောင်းမြောင်းကြည့်ရှုဦးမှ သင့်မည်ကြံစည်ပြီးလျှင် ဝန်မင်းအား ဤသို့

လျှောက်ထား၏။ အရှင်ဘုရား– အရှင်ဘုရားနှင့်တကွ အရှင်ဘုရား၏ ကျေးကျွန်များကို ကျွန်တော်မျိုး စိတ်အမျက် စိုးစဉ်းမျှမထားပါ။ သို့သော်လည်း ကျွန်တော်မျိုး တည်းခိုနေသော တပယင်းမြို့ကျောင်း၊ ကျောင်းထိုင်ပုဂ္ဂိုလ် ဦးဝရလက်ာသည် ကျွန်တော်မျိုးအတွက် လွန်စွာစိတ်ဒုက္ခရောက်လျက်ရှိရစ်သည်။ သို့ဖြစ်သောကြောင့် ကျွန်တော်မျိုးအပေါ်၌ ရာဇဝတ်မှုခင်းဆို၍ စိုးစဉ်းမျှမရှိကြောင်းကို ဘုန်းတော်ကြီးထံ လျှောက်ထားရန် ကျေးကျွန် စေလွှတ်တော်မူပါဆိုလျှင် ဝန်မင်းသည် ယခင်က ကိုရင်မောင်ကို ဖမ်းလာသော မင်းလုလင်နှစ်ယောက်တို့ကို ခေါ်ငင်၍ နင်တို့ကား တပယင်းမြို့ ဦးဝရလက်ာကျောင်းသို့ ချက်ချင်းသွားရောက်ကြရမည်။ သွားမည်ဆိုသော်လည်း လက်ချည်းမသွားနှင့်၊ ကန်တော့ပွဲ အုန်းပွဲပြင်၊ ဘုန်းတော်ကြီးကို ကပ်လှူရန် ပိုးသင်္ကန်းကို ယူဆောင်၍သွား၊ တပည့်မောင်ဘိုးရင်ကို ဖမ်းဆီးသည့်အရာမှာ နင်တို့ သက်သက်မိုက်မိမှားသောကြောင့် ရာဇဝတ်မရှိသူကို ရာဇဝတ်ကောင်ကဲ့သို့ ဖမ်းဆီးမိ မှားပါပြီဟူ၍လျှောက်ထား၊ အစစအရာရာကို ဘုန်းတော်ကြီး စိတ်ကျေအေးအောင် ပြုလုပ်ကြရမည် စေခိုင်းလိုက်၏။ ထို့နောက် ကိုရင်မောင်ကို ဝန်မင်းကပြောသည်မှာ အမောင်–တောင်ဖီလာဆရာတော်နှင့် ဘယ်ပုံဘယ်နည်း သိကျွမ်းကြပါသနည်း၊အမောင်နှင့် ဆရာဘုရားခွေမျိုး နီးစပ်ပါသလားမေး၏။ ကိုရင်မောင်လည်း ကျွန်တော်နှင့် ဆရာတော်နှင့် ကျွန်တော်မျိုး မသိမကျွမ်းမျိုး အမှန်ကို လျှောက်ပါမည်။ ဆရာတော်နှင့် ကျွန်တော်မျိုး မသိမကျွမ်းဖူးပါ။ တောင်ဖီလာဆရာတော်ဘုရား၏ လက်ထောက်ဦးပဥ္စင်း ဦးဗုဒ္ဓိယနှင့်သာ သိကျွမ်းဖူးပါသည်ဆိုလျှင် ဝန်မင်းကလည်း အမောင် ကျေးတောကျေးလက်တွင် လှည့်လည်နေသောကြောင့် သတင်းစကားမကြားဘဲရှိသည်။ ယခု တောင်ဖီလာဆရာတော်ကား အခြားပုဂ္ဂိုလ်မဟုတ်၊ ဦးဗုဒ္ဓိယပင် ဖြစ်သည်။ ဦးဗုဒ္ဓိယနှင့် မောင်ရင် ဘယ်ပုံဘယ်နည်း တွေ့ကြုံကြသည်ကိုပြော

Generated by CamScanner from intsig.com

စမ်းပါဆို၏။ ကိုရင်မောင်လည်း ယခုအခါကား အဖြစ်အပျက်ကို အမှန်ပြောမှ သင့်မည်။ သို့သော် ဖခင်မြစ်ကို လျှို့ဝှက်တန်ရာ လျှို့ဝှက်ပြောအံ့ဟု ကြံပြီးလျှင် ဤသို့ဆို၏။ အရှင်ဘုရား ကျွန်တော်မျိုးအဖ ဗိန္ဒောဗေဒင်ဆရာ ဦးဒွဝန်သည် အိမ်၌ စီးပွားဥစ္စာလုံလောက်ရှိပါလျက် အိမ်မှထွက်ပြီးလျှင် ဤရွှေဘိုတပယင်းအရပ်သို့ ရှေးရှလာရာ မကျွန်းမမာရှိသည် သတင်းကြားသောကြောင့် ကျွန်တော်မျိုးအိမ်မှ လိုက်လာပါသည်။ လမ်းခရီးတွင် ဆာမွတ်လှသောကြောင့် တောင်ဖီလာဆရာတော်ကျောင်းတွင် ကျွန်တော်မျိုး ထမင်းဝင်၍ တောင်းစားပါသည်။ ကျောင်းတွင်း ကျောင်းဘဏ္ဍာထိန်း ဦးပဥ္စင်းဦးဗုဒ္ဓိယနှင့် တွေ့ဆုံမိလျှင် ကျွန်တော်မျိုးအား ဗေဒင်မေးသဖြင့် အဖဦးဒွဝန် သင်ကြားထားသောပညာနှင့် မနေသာသောကြောင့် ဦးဗုဒ္ဓိယသည် ထိုတောင်ဖီလာကျောင်း၌ ဆရာတော် ဘွဲ့အမည်အရည်နှင့် ကျောင်းထိုင်ရလိမ့်မည် ဟောပြောမိသည်တစ်ချက်၊ ၎င်းပြင် ဦးဗုဒ္ဓိယ၏အဘ ဒကာကြီးဦးဖြူတုတ်သည် လေနာရင်နာစွဲကပ်သောကြောင့် အသည်းအသန်ဖြစ်ပွား၍ စကားမျှမပြောမဆိုနိုင်လျှင် ကျွန်တော်မျိုးအဖ သင်ထားသောပညာနှင့် ကျွန်တော်မျိုးကုသပြန်ရာလည်း သက်သာခွင့်ရပြန်သည်တစ်ချက်၊ ထိုနှစ်ချက်ကြောင့် ကျွန်တော်မျိုးအား တောင်ဖီလာဆရာတော်ဘုရားက ကျေးဇူးဆပ်လိုသည့်အကြောင်းနှင့် မှာထားသည့်လက္ခဏာရှိပါသည်ဆိုလျှင် ဝန်မင်းအပါးက ပြောသမျှစကားကို နားထောင်နေသူ ဝန်ကတော်သည် ရုတ်တရက် ကိုရင်မောင့်ထံပြေးလာပြီးကာလ မိမိဆံထုံးကိုဖြေ၍ ဆံပင်နှင့် ကိုရင်မောင့်ခြေကိုရစ်ပြီးလျှက် ့မောင်ရင်ကယ်ပါ၊ မောင်ရင်ကယ်ပါ၊ မောင်ရင်ကယ်မှ အမေ့သမီး မောင်ရင့်နှမ အသက်ချမ်းသာရတော့မည်ဆို၏။ ကိုရင်မောင်လည်း မိမိခြေထောက်နှင့် အသက်ဝါကြီးရင့်သောသူဆံပင် ထိခိုက်မည်စိုးသောကြောင့် ရုန်းရင်းပါသော်လည်းမရ။ ဝန်မင်းကလည်း ဝန်ကတော်

လုပ်သမျှကို သည်းခံပါတောင်းပန်၏။ ထိုအခါ ဝန်ကတော်က ဆိုသည်မှာ အမောင်– အမေ့တွင် သမီးတစ်ယောက်သာ ထွန်းကားပါသည်။ သားသမီး ဆို၍အခြားမရှိ။ ထိုသမီးကို ဝန်မင်းနှင့်တကွ အမေ ဝန်ကတော်ပါ အသက် မျှလောက်ချစ်ကြပါသည်။ အမေ မနေ့က အိပ်မက်မက်သည်၊ အိပ်မက်မက် သည့်အကြောင်းကိုလည်း ဝန်မင်းသို့အမေပြောပြီးပြီ အမေအိပ်မက်မက်သည် မှာ ရဟန္တာတစ်ပါးသည် အမေ့မျက်မှောက်သို့ကြွလာပြီးလျှင် ရဟန္တာတို့ဘာဝ မြေသို့မသက် ဈာန်ကြွလျက် အမေ့အား ဗျာဒိတ်တော်ပေးသွားသည်မှာ ဒကာမကြီး– နံနက်ဖြန်နံနက် ဒကာမကြီးအိမ်သို့ လူငယ်ကလေးတစ်ယောက် ရာဇဝတ်မှုမရှိဘဲနှင့် ရာဇဝတ်မှုရှိဘိသကဲ့သို့ ဆိုက်ရောက်လိမ့်မည်။ ဒကာမ ကြီးသမီး အသက်ရှည်စေလိုလျှင် ထိုသူငယ်ကို အကုအသခိုင်း၊ ရှိသမျှသော ရောဂါ ဒကာမကြီးသမီးကိုယ်က ကွာလိမ့်မည်။ ထိုလူကလေးသည် ရုပ်ဆင်း သဏ္ဌာန်နှင့် ပြည့်စုံသောသူဖြစ်၍ မြင်လျှင်မြင်ချင်း ဒကာမကြီး သိလိမ့်မည် ဆိုပြီးလျှင် ရဟန္တာပျောက်ကွယ်သွားသည်။ ထိုရဟန္တာဗျာဒိတ်ပေးခဲ့သော ပုဂ္ဂိုလ်သည် အမောင်ပင်ဖြစ်ပါသည်၊ အမောင်ကုသမှ အမေ့သမီးမှာ အသက် ချမ်းသာရတော့မည်ဆိုပြီးလျှင် ဦးချ၏။ ကိုရင်မောင်လည်း လူနာကိုကြည့်ပါ ရစေဆို၏။ ဝန်မင်းလည်း အမောင် အစစအရာရာ မင်းအိမ်စိုးအိမ်ဟူ၍ မမှတ်ပါနှင့်၊ ဤအိမ်တစ်အိမ်လုံးကို မောင့်အိမ်ဟူ၍မှတ်ပါ၊ မောင်နှင့်စပ်လျဉ်း သရွေ့ကို အမေအိမ်၌ တံခါးမရှိ၊ စားမရှိသဘောထားပြီးလျှင် မောင့်သဘော ရှိရာ ဝင်လိုသည့်တံခါးကဝင်၊ ထွက်လိုသည့်တံခါးကထွက်ပါဟူ၍ ဆို၏။ ကိုရင်မောင်လည်း အရှင်ဘုရား– ကျွန်တော်မျိုး လူနာကုသရမည်ဆိုသော် ဆေးအိတ် ဆေးခွက်များသည် တပယင်းမြို့ဦးဝရလက်ာကျောင်း၌ ကျန်ရစ် ခဲ့ပါသည်။ ကျေးကျွန်တစ်ဦးနှစ်ဦးကို ခိုင်းစေယူဆောင်ခဲ့ပါလျှင် သင့်လျော် ပါလိမ့်မည်ဆိုကာလ ဝန်မင်းလည်း မင်းလုလင်နှစ်ယောက်ကို ချက်ချင်း

Generated by CamScanner from intsig.com

စေခိုင်းလိုက်၏။ ကိုရင်မောင်လည်း ဝန်ကတော်က လမ်းပြသဖြင့် လူနာကို သွားရောက်ကြည့်ရှု၏။ လူနာလည်း လေနာရင်နာ စွဲကပ်နေသဖြင့် သတိရသည်တစ်ခါ မရသည်တစ်လှည့်ဖြစ်၍နေသောကြောင့် ကိုရင်မောင်လည်း လူမမာကိုမြင်လျှင် သမားတို့ထုံးစံအတိုင်း အဖျားလော၊ အအိုလောဟူ၍ ဝန်ကတော်အားမေးပြန်၏။ ထိုအခါ အားအင်ကုန်၍ မျက်စိမှိန်းလျက်နေသော လူမမာသည် လွန်စွာ သာယာညင်းပျောင်းရှိသော ကိုရင်မောင်အသံကိုကြားလျှင် မျက်စိနှစ်လုံးကို ဖွင့်၍ကြည့်၏။ သည်ကဲ့သို့ကြည့်ရာ အမိဟုထားသောကြောင့် ဆရာဖြစ်ကြောင်းသိရှိသဖြင့် ငါ့ကို ဤသူကုသရလျှင် ငါကား မုချအသက်ချမ်းသာရတော့မည်ဟု အောက်မေ့မိ၏။ ကိုရင်မောင်လည်း မိမိကိုယ်၌ ဆောင်လျက်ပါလာသော သတ္တတတုပြဒါးဆေးလုံးကို ယူပြီးလျှင် ရေ၌စိပ်လျက် ဆေးလုံးကို လူသူလေးပါးမြင်မည်စိုးသောကြောင့် သိုဝှက်၍ ရေကိုဖန်းမှုတ်ဟန်ပြုပြီးလျှင် ငါ့နမ– အစ်ကိုတိုက်သောဆေးကို အနည်းငယ်မျှသောက်ပါဆိုပြီးလျှင် တိုက်၏။ ထိုရေကို သောက်ပြီးသည့်ခဏတွင် တိုလူနာသည် အားအင်တိုးတက် ခါတိုင်းထက် စကားပြောဆိုနိုင်၏။ ဤအခြင်းအရာကို ဝန်ကတော်ကြီးမြင်လျှင် ကိုရင်မောင်ကို ဦးချပြန်၏။ ကိုရင်မောင်လည်း အမေ ဝန်ကတော်၊ ကျွန်တော်ကုသ၍လူမမာသက်သာသော်လည်း ကျွန်တော့်ပညာ မဟုတ်ပါ။ ကျွန်တော့်ဆရာကျွန်တော့်အဖပညာဖြစ်ပါသည်။ အမေရှိုးဝတ်ပြုလိုလျှင် ကျွန်တော့်ဆရာကို ရည်ရွယ်၍ပြုလုပ်ပါ။ ကျွန်တော့်အား ရှိုးလျှင် ကျွန်တော်၌ အကုသိုလ်မှားပါလိမ့်မည်ဆိုလျှင် ဝန်ကတော်ကလည်း အမောင်– အမေကား အမေ့သမီးကို ကုသသည့်အတွက် အထူးသဖြင့် ကျေးဇူးတင်သည်။ အမေ့သမီးသေဘေးမှလွတ်အောင် အမောင်ကုသသည့်အကြောင်းကြောင့် အမောင့်ကို အမေရှိုးသည်။ ယခုကုသသည့်အရာ၌ အမောင့်ပညာနှင့် မဟုတ်၊ အမောင့်

Generated by CamScanner from intsig.com

အဖဆရာပညာနှင့် ကုသသည်ဆိုလျှင် အဖောင့်အဖကို အမေ ဦးချမည်ဆို လျှက်လက်ယှက်၍ ဦးသုံးကြိမ်ချ၏။ ထို့နောက် ကိုရင်ဖောင်လည်း သဘော သီးမှည့်ကို ဓာတ်စာပေး၏။ ဤသို့လျှင် ကိုရင်ဖောင်သည် ထိုမကျွန်းမဟ သူငယ်မကို နှမအသွင် စိတ်ကသင်၍ ဆေးဆရာတို့ထုံးတမ်းမှုမက မိဘတို့ ၏သမွယ် ကြည့်ရှုကုသပြုစု၏။ နောက်တစ်နေ့ ပိပိဆေးခိတ် ဆေးခွက်များ ရောက်လာလျှင် ဆေးတိုက်ချည်တစ်ခါ၊ အာဟာရဖြစ်မည့် ဓာတ်စာကို ပေးခွဲသည်တစ်လှည့်ဖြင့် ပြုစုသောကြောင့် ထိုလူမမာသည် ရောဂါရှင်းပျောက်၊ ဆယ်ရက်ခန့်ရောက်လျှင် ပိမိပင်ကို အသားအရေ အဆင်းသဏ္ဍာန်ကိုပြန်၍ ရရှိ၏။ တစ်နေ့သ၌ ထိုဝန်မင်း၏သမီး မကျွန်းမဟသူ မစောတင်သည် ကျွန်းမာခြင်းသို့ အတိအလင်းရရှိလေ၏။

❖❖ ❖❖ ❖❖

# အခန်း (၁၃)

မစောတင်သည် သည်ကဲ့သို့ ကျန်းမာခြင်းကို ရရှိပြီးသည့်နောက် ကိုရင်မောင်လည်း မစောတင်အခန်းသို့ မသွားဘဲနေလျှင် တစ်နေ့သ၌ အပျို ကလေးဘာသ သနပ်ခါးပန်းမန်လိမ်းကျံ၊ ပုတီးလက်ကောက်မှစ၍ စုံလင်စွာ ဆင်ယင်ပြီးလျှင် ကိုရင်မောင်ရှိရာ အိပ်ဦးကြမ်းပြင်သို့ လာရောက်၍ ကိုရင် မောင်အပါးတွင်ထိုင်၏။ ကိုရင်မောင်လည်း လူသူလေးပါး သူတစ်ပါးမြင် လျှင် အလွဲထင်မည်စိုးသောကြောင့် တစ်ပါးသို့ဘုတ်၍ထိုင်၏။ ဝန်မင်းသမီး မစောတင်လည်း အစ်ကို ကျွန်မမှာ အစ်ကိုအသက်သာရှိတော့သည်။ အစ်ကို ကုသသောကြောင့် ယခု ကျွန်မအသက်ရှည်လျက်ရှိပါသည်။ အစ်ကို မကု မသလျှင် ကျွန်မသေရမည်မုချဖြစ်ပါသည်။ ကျွန်မသည် အစ်ကို့ကို လွန်စွာ ကျေးဇူးတင်ပါသည်။ ကျွန်မ တစ်သက်ပတ်လုံး အစ်ကို့ထံ လုပ်ကျွေးသမှု ပြု၍ လိုက်ပါရစေဟု တောင်းပန်၏။

သည်ကဲ့သို့ မစောတင်ပြောသောစကားကိုကြားလျှင် ကိုရင်မောင် လည်း မိမိ၌ မယားကြီးမမယ်၊ ရှိကြောင်းပြောလိုဆန္ဒနှင့် နမ မစောတ လူဆိုသည့်အရာ၌ လူပျိုလည်းရှိသည်၊ လူအိုလည်းရှိသည်၊ အစ်ကို့ကို လူပျိုထင်သလော၊ လူအိုထင်သလောမေး၏။ ဝန်မင်းသမီး မစောတင်လည်း သည်အသက် သည်အရွယ်မှာ လူပျိုထင်၍သာ သည်စကားကို ကျွန်မပြော ပါသည် ပြန်ပြောသဖြင့် ကိုရင်မောင်လည်း မမယ်မနှင့်အကြောင်းပါဖူး ကြောင်းကို မစောတင်အား ပြန်ပြောပြမည်အပြုတွင် ဝန်ကတော်ကြီးသည် ရုတ်တရက် ဝင်ရောက်လာ၏။ သည်ကဲ့သို့ ဝင်ရောက်လာပြီးနောက် ဝန် ကတော်ကြီးကဆိုသည်မှာ ဆရာကလေး– ကျွန်ုပ်တို့၌ ဤသမီးတစ်ယော

Generated by CamScanner from intsig.com

သာထွန်းကားသည်။ ဤသမီးတစ်ယောက် သေမည့်ဆဲဆဲတွင် ဆရာကလေး လာရောက်ကုသလေသောကြောင့် အသက်ရှင်ပါပေသည်။ ဆရာကလေး ကျေးဇူးကို ဆပ်မည်ဆိုသော် အမေတို့၌ အသပြာကြေးငွေဆို၍ ပါးရှားသည် မဟုတ်၊ ယခု မောင်ရင်ပြုစုသောကျေးဇူးသည် အသပြာကြေးငွေနှင့်ဆပ်၍ ပြေငြိမ်းနိုင်မည်မဟုတ်၊ ဝန်မင်းနှင့်လည်း ကျွန်ုပ်တို့ တိုင်ပင်ကြည့်ပြီ၊ ကျွန်ုပ်တို့၌ အဖအရိပ်အရာခံရန် သားယောကျ်ားမရှိ၊ သမီးမိန်းမ မစောတင် တစ်ယောက်တည်းသာလျှင် ရှိသည်။ မစောတင်နှင့်လက်ဆက်၍ အဖ အရိပ်အရာကိုခံပါ ဝန်ကတော်ကဆို၏။ ထိုစကားကိုကြားလျှင် ကိုရင်မောင် သည် မိမိ၌ မယားမမယ်မ ရှိကြောင်းကို အတိအလင်းပြောဆိုမည်အကြံ နှင့် စကားအစကို ရှာကြံနေသည်အတွင်း ဝန်မင်းဦးကျော်ခဲသည် ရုတ် တရက် ဝင်ရောက်လာပြန်၏။ ကိုရင်မောင်လည်း မိမိပြောမည့်စကားကို ဝန်မင်း ဦးကျော်ခဲ ဝင်လာသည့်အကြောင်းကြောင့် မပြောဘဲ ရပ်ဆိုင်းနေ လျှင် ဝန်မင်းကဆိုသည်မှာ ဆရာကလေး မောင်ဘိုးရင်– မောင်ဘိုးရင်ကို မြင်လျှင်မြင်ချင်း အဖေက သားအသွင်ထင်မှတ်သည်။ အဖေ သားအသွင် ထင်မှတ်သည့်အတိုင်းလည်း မောင်ဘိုးရင်က အဖေနှင့်တကွ ဝန်ကတော်တို့ ကို အဖေအမေအသွင် မှတ်စေလိုသည်။ ယခု ငါ့သမီးမစောတင် မကျန်းမမာ ရှိလျှင် ငါ့သား ကုသသောကြောင့် သေမည့်သူ အသက်ရှင်ပြီ၊ ထိုရှင်သူကို မိဘမပိုင်၊ ကုသသူဆရာသာပိုင်သည်၊ ရှေ့သို့လျှောက်၍ ငါမပြောပြီ၊ ရှေ့သို့ ပြောစရာရှိသမျှမှာ ဝန်ကတော် မင့်အမေသာပြောလိမ့်မည်ဆိုပြီးလျှင် အခန်း တွင်းမှ ထွက်ခွာသွား၏။ ထိုအခါ ဝန်ကတော်က ဆိုသည်မှာ ဆရာမောင်ဘိုး ရင် အစစအရာရာ အမေ ထူးခြား၍ ပြောရန်မရှိပြီ။ ယခုတင်က အမေပြော သော အကြောင်းပင်ဖြစ်သည်။ အမေပြောသောအကြောင်းကို ကောင်းစွာ နားလည်သွားမိပါပြီလောဟု မေး၏။

Generated by CamScanner from intsig.com

ကိုရင်မောင်လည်း ဤသို့ တောက်လျှောက်၏။ ယခု မိန်းမကား အရပ် အရှည်မှတ်၍ မြင့်စိတ်မှမယ် တင်နိုးမတ်ရှာမရှိပြီ။ မျက်နှာကောင်းသည်၊ မျက်နှာလည်း ကလေးမိန်းကလေးမရှိ၊ ကျည်တော့သောမျက်လုံးရှိသည်၊ အသားလည်း ဖြူသည်၊ ဆံပင်များလည်း ကောင်းသည်၊ အသက်အရွယ်လည်း အ—နှစ်ဆယ့်ငါးနှစ်ရှိသည်၊ ခါးလည်းသေးသည်၊ ရင်လည်းချီသည်၊ အလှအရော စေ့ ပြေပြစ်ရှာမရှိပြီ။ သို့သော်လည်း ငါ့မှာ မယားကြီး မမယ်မ ရှိလျက် ဤမိန်းမကို လက်ထပ်လိမ်းမြားလျှင် မုချအားဖြင့် မမယ်မက ငါ့ကိုဆိုဆဲမည်၊ ယခုကား ငါ့အဖမှာသားသော တစ်နှစ်လည်း ကုန်ချေပြီ၊ မမယ်မထံ ငါတစ်ကြိမ်သွားရောက်ဦးမည်ကြံရာ ငါကား ဤအရပ်က လွယ်လင့်ကွာ လှက်ခွာရသောမည်မဟုတ်။ ကိုယ့်ပညာကိုယ့်ကို စူးတတ်သည်ဟူ၍ ငါ့အဆရာဦးပေါ်လာ မှာထားခဲ့သည့်အရာများသည် မုချမှန်ပေသည်တကားဟူ၍ အောက်မေ့ပြီးလျှင် ကိုရင်မောင်လည်း ဤသို့ပြော၏။ အမေ— မယားတစ်ယောက် လက်ထပ်လိမ်းမြားမည်ဆိုသော် အမိအဖတို့ စိတ်သဘောတူညီလျှင် သာ၍ကောင်းဖြစ်ပါသည်။ မကွေးမြို့၌ရှိသောအမိကို ကျွန်တော် ကိုယ်တိုင်သွားရောက်၍ ခွင့်တောင်းပါရစေဆိုလျှင် ဝန်ကတော်လည်း အမောင်— အမောင်ပြောသောစကားသည် မိကြီးဖကြီးသား ပီသပါပေသည်။ အစစအရာရာ မောင်ရင်မှာ ဗဟုသုတများသောသူဖြစ်သည့်အတိုင်း စဉ်းစားဆင်ခြင်၍ လုပ်ပါပေသည်။ မောင်ရင်သွားလျှင် အမေတို့ကို မတိုင်မကြားသော်လည်း မောင်ရင့်နှမ မစောတင်ကို တိုင်ပင်၍ သွားပါ။ အစစအရာရာ အမေတို့ လူကြီးဖြစ်၍ မပြောလိုလျှင် မောင်ရင်တို့ကလေးချင်း မစောတင်ကို ပြောသွားပါဆိုလျှင် ကိုရင်မောင်လည်း သည်တစ်ခါဖြင့် ခက်ကြပြီ၊ ငါ့၌ မမယ်မနှင့် လက်ထပ်လိမ်းမြားခြင်းမရှိလျှင် ဤမိန်းမကို ငါမုချယူမည်။ ယခုကား ဤမိန်းမ ငါယူလိုက်လျှင် မမယ်မအပေါ်တွင် မတရားကျလိမ့်

မည် ကြံပြီးလျှင် ဤသို့ဆို၏။ ငါ့နမ မစောတင်၊ ငါ့နမကိုကား အစ်ကို လွန်စွာ မေတ္တာရှိသည်ဆိုလျှင် မစောတင်လည်း အပါးသို့ တိုးလာ၏။ ကိုရင်မောင်လည်း ရှိစေတော့ဟုအောက်မေ့သဖြင့် ဆက်လက်ပြောဆိုသည်မှာ ငါ့နမမှာ ဆွေကြီးမျိုးစစ်ဖြစ်သည်သာမက မိန်းမြေတ်တို့အင်္ဂါနှင့်လည်း ပြည့်စုံသည်။ မိန်းမြေတ်တို့ကို လက်ထပ်ထိမ်းမြားမည်ဆိုသော် နှစ်ဖက်မိဘတို့ ပါမြဲဖြစ်သည်။ ယခုကား ငါ့နမဘက်က ဖမိပါ၏။ အစ်ကို့ဘက်က ဖမိ မပါရှိလေသည်။ အစ်ကို့ဘက်က ဖမိ မပါပါအောင် အစ်ကိုခေါ်ချေဦးမည်ပြော၏။ ဤကဲ့သို့ ကိုရင်မောင်ပြောလျှင် အစပထမ၌ ငြင်းဆန်သော်လည်း တရွှေရွှေဖျောင်းဖျပြောသဖြင့် ဝန်မင်းသမီး မစောတင်လည်း သဘောတူညီသောကြောင့် ခွင့်ပြု၏။ သည်ကဲ့သို့ ခွင့်ပြုခဲ့သည့်အတိုင်း ကိုရင်မောင်သွားတော့မည်အပြုတွင် ဝန်မင်းသမီး မစောတင်သည် ကိုရင်မောင်အား ဖက်ယမ်းနမ်းရှုပ်ကာဖြင့် ဤသို့မှာ၏။ အစ်ကို ကိုဘိုးရင်– အစစအရာရာ ခြင်းစား၍သွားပါ။ အစ်ကို ကိုဘိုးရင်ကား လူရုပ်လှသည်၊ လူရုပ်လှလျှင် မိန်းမကြိုက်တတ်သည်။ မိန်းမကြိုက်တိုင်း အစ်ကိုမလိုက်ပါဘူးဆိုသည့်အရာ ကျွန်မ စိတ်ချပါ၏။ သို့သော်လည်း အချို့သောမိန်းမမှာ ကျွန်မတို့ထက် အမူအရာကောင်းပါသည်၊ ကိုဘိုးရင့်အား ဖျောင်းဖျပါလိမ့်မည်။ သည်ကဲ့သို့ အနည်းနည်းအဖုံဖုံဖျောင်းဖျသောအခါ ကိုဘိုးရင် မလိုက်မပါပါနှင့်၊ သေမင်းလက်မှ ငါလုယက်ယူငင်ရသော အကောင်မကလေး တစ်ကောင်ရှိသည်ဟု သတိရရှိပါ။ ကိုဘိုးရင်မမေ့ပါနှင့် မှာထား၏။ ကိုရင်မောင်သည် ယောက်ျားတို့ ထုံးစံနည်းလမ်းအတိုင်း မည်သည့်အခါမျှ မမေ့မလျော့ပါဆို၍ မစောတင်ကို မျက်ရည်စက်လက်နှင့် ခွဲပြီးလျှင် ရွှေဘိုမြို့မှ ခွာ၍ထွက်ခဲ့၏။

❖❖ ❖❖ ❖❖

# အခန်း(၁၄)

သည်ကဲ့သို့ ထွက်ခဲ့ပြီးသည့်နောက် အားထောင်ရွာ၊ အားထောင်ရွာမှတစ်ဖန် ကျောက်တာရွာ၊ ကျောက်တာရွာကတစ်ဖန် တောင်ဖီလာဆရာတော်ထံ ကိုရင်မောင် ရောက်ပြန်၏။ ကိုရင်မောင်ရောက်လျှင် ဆရာတော်ဘုရားလည်း မောင်ဘိုးရင်ကို အထူးနေရာထိုင်ခင်းပေးရမည်ဟူ၍ တပည့်သားမြေးများအား အမိန့်တော်ရှိ၏။ ကိုရင်မောင်လည်း ဦးဗုဒ္ဓိယကား ငါ ဗေဒင်ဟောခဲ့သည့်အတိုင်း မုချအားဖြင့် တောင်ဖီလာဆရာတော်အဖြစ်သို့ ရောက်ချေပြီ။ သို့သော် ကိုယ့်ပညာကိုယ့်ကို စူးတတ်သည်ဟု ငါ့အဘမှာထားခဲ့သည်၊ ကိုယ့်ပညာကိုယ့်ကို တစ်ကြိမ်စူးဖူးလေပြီ။ သို့ဖြစ်သောကြောင့် နှစ်ကြိမ်မစူးရအောင် ငါဂရုပြုရာသည်မြော်မြင်ပြီးလျှင် ဆရာတော်ဘုရားအား ဤသို့ လျှောက်ထား၏။ ဆရာတော်ဘုရား– တပည့်တော် ဟောပြောခဲ့သော ဗေဒင်မှန်ပါ၏လော မေး၏။ ဆရာတော်ဘုရားလည်း ငါ့တပည့် မောင်ဘိုးရင်၊ မောင်ဘိုးရင် ဟောခဲ့သောဗေဒင်မှန်သည် မှားသည် အထူးပြောရန်မရှိပြီ၊ ငါ့တပည့်ကြည့်ရှု၍သာ သွားလေရှောဟုဆို၏။ ကိုရင်မောင်လည်း တောင်ဖီလာဆရာတော် ဤကဲ့သို့အမိန့်ရှိလျှင် ဝမ်းမြောက်ဝမ်းသာရှိသော်လည်း ဤကဲ့သို့ ပြန်၍လျှောက်ထား၏။ အရှင်ဆရာတော်မြတ်ဘုရား– ဆရာတော်မြတ်ဘုရားသို့ တပည့်တော်သည် မမှန်သောအရာ၊ မမှန်သော အမည် ဆိုလျှောက်လျှင် တပည့်တော်တို့မှာ လွန်စွာ အကုသိုလ်ဒုစရိုက်ဖြစ်ပါ၍ သည်ကဲ့သို့ ဒုစရိုက်မဖြစ်ရအောင် အရှင်ဘုရားက မေတ္တာကရုဏာ ရှေသော ဖြဟ္မစိုရ်တရားကို ရှေးရှုထားပြီးလျှင် တပည့်တော်အား ခွင့်ပေးသနားတော်မူစေလိုပါသည်။ တပည့်တော်အမည် မောင်ဘိုးရင်ဟူ၍ လျှောက်

ထားမိသည်မှာ အမည်မှန်မဟုတ်ပါ။ ကိုယ့်ကိုယ်ကို ဗေဒင်တွက်ချက်ကြည့်ရာ အမည်နာမကို လွှဲဖယ်၍ပြောမှသင့်မည်ဟု ဗေဒင်တွက်ကသောကြောင့် အမည်ရင်းကိုမဖော်ဘဲ မဟုတ်သောအမည်ကို အရှင်ဘုရားထံ လျှောက်ထားရခြင်းဖြစ်ပါတော့သည်။ တပည့်တော် အမည်အမှန်မှာ ယခု အချိန်မကျမရောက်သေးသည့်အတွက်ကြောင့် မလျှောက်ထားပါရစေနှင့်၊ အချိန်သင့်ရောက်ကာလ အရှင်ဘုရား ရွှေနားတော်မြတ်ကြား တပည့်တော်အမည်နှင့်တကွ တပည့်တော် ဆွေမျိုးဇာတိအစဉ်သည် ဆက်ဆက်ရောက်လာရလိမ့်မည်ဟူ၍ မှတ်တော်မူပါဟု လျှောက်ထား၏။ ဆရာတော်လည်း အမောင်-ငါ့အကြောင်းနှင့် အမောင်ဗေဒင်ဟောသွားသည့်အကြောင်းများမှာ မှုချမှန်သည့်အကြောင်းကို အမောင်ယခုကိုယ်တိုင်မြင်ပြီ၊ ဤကျောင်းတွင် ဆရာတော် အမည်ခံ၍ ကျောင်းထိုင်ပုဂ္ဂိုလ် ပြုလုပ်ရမည် အမောင် ယမန်နှစ်က ဟောခဲ့သည်။ အမောင်ဟောခဲ့သည့်အခါ ငါ့ဆရာလည်း ကျန်းမာစွာရှိသောကြောင့် ငါကား မယုံမကြည်ရှိမှားသည်။ လွန်ခဲ့သည့် တစ်လခန့်ကမှ ငါ့ဆရာပြန်လွန်တော်မူလျှင် အမရပူရမြို့ နန်းစံဘုရင်မင်းမြတ်ကိုယ်တိုင်တောင်ဖီလာကျောင်းကို ဆရာတော်ဘွဲ့ခံပြီးလျှင် ကျောင်းထိုင်တော်မူပါတောင်းပန်လာမှ ငါ့တပည့်မောင်ဘိုးရင်ဗေဒင်ဟောသောအချက်များကို ငါအောက်မေ့မိသောကြောင့် ငါ့တပည့်သွားသောလမ်းကို လိုက်လှမ်းကြောင်းလမ်းရာ ရွှေဘိုဝန်မင်း ငါ့သူငယ်ချင်းကျောင်းနေဖက်ထံ စာကမ်းလှမ်းလျှင်သင့်မည်ထင်မြင်သောကြောင့် ငါစာကမ်းလှမ်းလိုက်သည်။ ဤအကြောင်းများကို ငါ့သူငယ်ချင်း ဝန်မင်းက ပြောပါလေ၏လောမေး၏။ ကိုရင်မောင်လည်း ဖြစ်ပျက်သမျှကို အစကအဆုံးတိုင် ပြန်ပြောင်း၍ပြောလျှင် ရှည်လျားမည်စိုးသည်တစ်ကြောင်း၊ စကားများလျှင် အမှားပါတတ်သည်ဟူ၍ အဖမှာခဲ့သည့်အရာများကိုထောက်သည်တစ်ကြောင်းများကြောင့် ဤသို့ ပြန်၍လျှောက်၏။ အရှင်ဘုရား- တပည့်တော်ကား ယခင်တစ်နှစ်က တပည့်တော်

အမည်၊ အဘအမည် စသည်များကို ဆရာတော်ဘုရားထံ လျှောက်ထားခဲ့သည့်အရာမှာ အမှန်မဟုတ်ပါ။ ရာဇဝတ်ကို ကြောက်ရွံ့သောကြောင့် အမည်ကို လွှဲ၍လျှောက်ထားခဲ့ပါသည်။ ယခုလည်း ရာဇဝတ်မကင်းသေးသောကြောင့် အမည်နာမ၊ ဇာတိနေရပ်ကို မှန်တိုင်းမလျှောက်မထားပါရစေနှင့်ဟူ၍ တောင်းပန်၏။ တောင်ဖီလာဆရာတော်ဘုရားလည်း ငါ့တပည့်-အစစအရာရာ ငါနားလည်သည်။ မင်းမှု၌ ငါတတ်နိုင်သောအမှုလည်းရှိသည်။ ငါမတတ်နိုင်သောအမှုလည်း ရှိသည်။ သို့သော်လည်း ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသ... ...သို့ ကိုယ့်အမှုကို ကိုယ်သိသည်၊ ငါ့တပည့်၌ ဖြစ်ပျက်ခဲ့သမျှကို ငါဆရာမမေးလိုပြီ၊ ငါ့တပည့်အမှုချောမောကာလ ငါ့ကျောင်းသို့ ဆက်ဆက်ရောက်ပါလေ။

ငါ့တပည့်၏အဖမောင်ဒွဝန် မကျွန်းမဟာရှိသည့်အရာ ယခုကျွန်းမှ ပါပြီလောမေး၏။ ကိုရင်မောင်ကလည်း ဆရာတော်ဘုရား- ဤအရာ၌လည်း တပည့်တော်အပေါ်တွင် ဒုစရိုက်ကြေးမြီတင်ရင်လျက် ရှိပါသည်။ အဖဦးဒွဝန် မကျွန်းမဟာ၍ ရွှေဘိုတပယင်းသို့ တပည့်တော်လိုက်ရသည်ဆိုသည်မှာ အကယ်အားဖြင့် မဟုတ်ပါ။ ရာဇဝတ်သင့်ရောက်ဆဲအခါဖြစ်၍ တပည့်တော် လှည့်ဖြားလျှောက်ထားခြင်းဖြစ်ပါသည်။ အကယ်စင်စစ်ကား တပည့်တော်အဖသည် တမလွန်ဘဝပြောင်းကြွပြီး ဖြစ်ပါပေသည်။ ရာဇဝတ်သည် ဖြစ်သောကြောင့် စကားကို လွှဲဖယ် မပြောလျှင် မနေသာ၍ လွှဲဖယ်ပြောရခြင်းဖြစ်ပါသည်။ သည်ကဲ့သို့ လွှဲဖယ်ပြောရသည့်အရာကို ဆရာတော်ဘုရား ဖွေယူတော်မမူပါနှင့်ဆိုလျှင် ဆရာတော်ဘုရားက မိန့်ဆိုတော်မူသည်မှာ မစိုးရိမ်နှင့် ငါ့တပည့်၊ မုသားမပါ လက်သမချောဟူ၍လည်း စကားပုံရှိသည်။ ငါ့တပည့်မှာ ကိုယ့်အသက်ကို စောင့်ရှောက်ခြင်းငှာ မုသာဝါဒသုံးစွဲရသည်။ ဓမ္မကျောင်းဆရာတို့က အပြစ်ပေးမည်မဟုတ်၊ သို့ဖြစ်သောကြောင့် ဤအကြောင်းနှင့် စပ်လျဉ်း၍လည်း ပူပင်သောက မပွားမများနှင့်၊ ငါ့တပည့်

အောက်မြို့မကွေးကျေးရွာသို့ သွားမည်ဆိုသော် စရိတ်စကလိုသည်။ ငါ တပည့် စရိတ်အတွက် ငွေတစ်ရာ ဆရာတော်က ထောက်မလိုက်မည်။ ယူဆောင်သွားလေတော့ဆိုပြီးလျှင် ဆရာတော်ဘုရားလည်း ယမန်နှစ်က မကျန်းမမာရှိသူ ငါ့အဘ ဦးဖြူတုတ်သည် မောင်ရင်မောင်အား အထူး ကျေးဇူးပေးဆပ်လိုသောကြောင့် တစ်ဆောင်သောကျောင်းတွင် စောင့်ဆိုင်း လျက်ရှိသည်။ သွား၍ နှုတ်ဆက်ချေ စေခိုင်း၏။

ဆိုခဲ့သည့်အတိုင်း တောင်ဖီလာဆရာတော်ဘုရားက အဘဖြစ်သူ ကပ္ပိယဒကာကြီးဦးဖြူတုတ်ကို နှုတ်ခွန်းဆက်ချေစေခိုင်းသည့်အတိုင်း ဦးဖြူ တုတ်ရှိရာကျောင်းခန်းသို့သွားလျှင် ဦးဖြူတုတ်လည်း ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုဆို အချိုအချဉ်စသော စားဖွယ်သောက်ဖွယ်များကို တည်ခင်း ကျွေးမွေးစေ၏။ ကိုရင်မောင်လည်း မာကြောင်းသာကြောင်းကိုမေး၏။ ဦးဖြူ တုတ်လည်း မောင်ဘိုးရင် ယမန်နှစ်က ကျွန်ုပ်အသည်းအသန်အားဖြင့် မကျန်းမမာ သေလုခမန်းရှိရာတွင် မောင်ဘိုးရင်လာရောက်ကုသ၍ ရောဂါ ပျောက်ကင်းသည်မှာ ယခုတိုင် တစ်နှစ်နှင့်လေးလကျော်ရှိလေပြီ။ ထိုအခါက စ၍ ယခုတိုင်း ခေါင်းမူးမခဲဖူးပါ။ ယခုလည်း ကျန်းမာရုံမျှမက အထူးပင် စား၍ကြံ့ အိပ်၍ပျော်ရှိသောကြောင့် မောင်ဘိုးရင်ကျေးဇူးကို အထူးသဖြင့် နေ့စဉ်အောက်မေ့ပါသည်ဟု ပြန်ပြော၏။ ကိုရင်မောင်လည်း အဖနှင့်တကွ ဆရာတော်ဘုရားပါ ကျန်းမာစွာတွေ့ကြုံရသည်များကို လွန်စွာဝမ်းမြောက် ဝမ်းသာရကြောင်းနှင့် ပြန်ပြော၏။ ထို့နောက် အခြားသင့်ရာစကားများကို အတန်ငယ်ကြာ၍ ပြောဆိုကြပြီးကာလ ကပ္ပိယကြီးဦးဖြူတုတ်က မောင်ဘိုး ရင်– မောင်ဘိုးရင်မှာ ခရီးရောက်မဆိုက်ဖြစ်၍ ခရီးပန်းသည်၊ ဤသင်ဖြူး ပေါ်တွင်ပင် တစ်ရေးတစ်မော အိပ်လေဦးလော့ဆိုပြီးလျှင် ခေါင်းအုံးများကို ထုတ်၍ပေးသဖြင့် ကိုရင်မောင်လည်း အမှန်အားဖြင့် များစွာခရီးပန်းလှသော ကြောင့် မငြင်းမဆန်ဘဲ ကျောင်းတွင် တစ်ရေးမျှအိပ်မည်အကြံနှင့် လျောင်း

Generated by CamScanner from intsig.com

နေ၏။ သည်ကဲ့သို့လျှောင်းလိုက်ရာမှ ထိုအခါတွင် အဝမြို့နှင့်နီးပြီ အောက်မေ့မိသောကြောင့် အဝမြို့ရှိ အမိ မဖွားဥနှင့်တကွ မမယ်မတို့ကို သတိရသည့်ပြင် ကွက်ကွက်ကွင်းကွင်းအားဖြင့် မြင်၏။ ၎င်းကမှတစ်ဖန် ရွှေဘိုသူမစောတင်ကို သတိရပြန်၍ ငါကား သတိဝိရိယအမြော်အမြင် မပြုမိပါလျှင် မစောတင်နှင့် မုချအားဖြင့် အကြောင်းပါအံ့သည်။ သည်ကဲ့သို့ အကြောင်းပါပြန်လျှင် မမယ်မအပေါ်တွင် သစ္စာကတိ ဖောက်ဖျက်ရာရောက်မည့်ပြင် မစောတင်အပေါ်တွင်လည်း မတရားကျင့်ကြံရာရောက်မည်။ ငါလည်းအသက်မရှည်၊ ရွှေဘိုဝန်မင်းသမီးကို ယူမိပြန်လျှင် တစ်နည်းနည်းအားဖြင့် အကျော်အစောဖြစ်ကာလ အဝမြို့အစိုးရများက ငါမသေကြောင်းသိရှိသော် မုချဖမ်းဆီးအသေသတ်အံ့သည်၊ မစောတင်ကို လိမ်လည်လှည့်ဖြား၍ ငါတိမ်းရှောင်ခဲ့ရသည်ကား၊ မစောတင်ကို လွန်စွာသနားဖွယ်ကောင်းသော်လည်း အကြောင်းကြောင်းမျိုးကို ငါထုတ်ဖော်၍မပြောကောင်း၊ ပြောပြန်လျှင်လည်း ကိုယ့်အသက်ကို ကိုယ်အန္တရာယ်ရှာသည်နှင့်တူမည်။ မပြောမိသည်မှာ သာ၍ကောင်းသည်။ မမယ်မနှင့် ငါ့အမိတို့မှာ လွန်စွာဆင်းရဲဒုက္ခရောက်လျက်ရှိရှာလိမ့်မည်။ ယခုညချင်းပင် ငါအဝဘက်သို့ကူးပြီးလျှင် တိတ်တဆိတ်အားဖြင့် တစောင်းက ငါချောင်းမြောင်းကြည့်ရှုအံ့။ အဖမှာထားခဲ့သောပစ္စည်းများကိုလည်း တူးဖော်အံ့၊ တူးဖော်၍ အကယ်ရကလည်း ငါ့အမိနှင့်တကွ မမယ်မတို့ စားသောက်လောက်အောင် အနည်းငယ်ပေးထားပြီးလျှင် အောက်မြို့ကျေးရွာအရပ်ဝေးသို့ ငါပြေးဦးမှသင့်မည်ဟု အနည်းနည်းအဖုံဖုံနှဖူးပေါ်တွင် လက်တင်ကာဖြင့် စိတ်ကူး၍နေဆဲ အိပ်ပျော်သွားရှာ၏။

❖❖ ❖❖ ❖❖

Generated by CamScanner from intsig.com

# အခန်း(၁၅)

အထက်ဆိုခဲ့သည့်အတိုင်း အိပ်ပျော်သွားရာတွင် ကိုရင်မောင် အိပ်မက် မြင်မက်သည်မှာ ကိုရင်မောင်သည် ညှို့အခါ ပျော်ကြီးမည်းမည်းတွင် ရုတ်တရက် အဝပြို့သို့ ရောက်သွားသဖြင့် မမယ်မတို့အိမ်ဖြစ်သည်။ အမိ မဖားဥအိမ်ဖြစ်သည်မှာ မထင်မရှား။ မမယ်မနှင့် မဖားဥတို့သည် တစ်ဦးနှင့် တစ်ဦး တစ်ယောက်မျက်နှာကိုတစ်ယောက် မကြည့်ရှုလိုသည့် လက္ခဏာဖြင့် တစ်ဦးကိုတစ်ဦး ကျောခိုင်းကာထိုင်လျက် နှစ်ဦးလုံးပင် မျက်ရည်စက်လက်နှင့် ငိုရှိုနေသည်ကို ကိုရင်မောင် လှမ်းလှမ်းက မြင်လျှင် ကိုယ့်ကိုယ်ကို မမြင်စေရဘဲ သူတို့နှစ်ယောက်ပြောသောစကားကို နားထောင်ရန်အကြံဖြင့် တစောင်းက ချောင်းမြောင်းနားထောင်ရာ မမယ်မက ငိုလျက်ညည်းညူရာ သည်မှာ ခဿ– သူတစ်ပါးမှဆိုးမများ ပြောဆိုကြသည်၊ သူတို့လင်များမှာ သေ၍ ဘဝတစ်ပါးပြောင်းသွားပြီးသည့်နောက် တစ်နည်းနည်းအားဖြင့် မယား ကို လာ၍ပြတတ်သည်၊ ခြောက်၍ကျီစယ်တတ်သည်၊ အိပ်မက်လျှင်လည်း ပေးတတ်သည်။ တစ်ညလုံးတစ်ညလုံးထိုင်၍ မအိပ်ဘဲ ငါစောင့်ရှောက်နေပါ သော်လည်း ဖြောက်ဖြောက်မျှလာ၍မပြရှိသည်၊ သေသည်အမှန်ဟုတ်ကောင်း မှ ဟုတ်မည်၊ အကယ်၍မသေပြန်လျှင်လည်း ငါ့ထံကို တစ်နည်းနည်းအားဖြင့် အကြောင်းအရိပ် နိမိတ်ပေးဖို့ရန်ရှိသည်ဟူ၍ ဆိုရာကမှ တစ်ဖန် ကိုရင် မောင်ရေ– ကျွန်မဖြင့် သူတစ်ပါးလက်ရောက်ရတော့မယ်၊ လာ၍ ကြည့်လှည့် ပါဦးဟူ၍ မမယ်မဟစ်အော်ငိုကြွေးလိုက်သောအသံကို ကြားရလျှင် သနား ကရုဏာလွန်စွာ အားကြီးလှသောကြောင့် အပြေးသွား၍ မမယ်မကို ဖက်မည် အကြံနှင့် အိပ်မက်ထဲတွင် ရုတ်တရက် အားကုန်ခုန်လိုက်ရာ ကပ္ပိယဒကာ ကြီး ဦးဖြူတုတ်တည်ခင်းထားသော ရေတကောင်း၊ ကွမ်းအစ်၊ လက်ဖက်

ခွက် စသည်တို့ကို ခြေနှင့်ကျောက်ကန်မိသဖြင့် တကွဲတပြားစီ လွင့်ပါးသွားလျှင် အပါး၌ရှိသော ကပ္ပိယကြီးကို ထိမှန်၍ မောင်ဘိုးရင်– လူကလေးသည်းခံသည်းခံဆိုမှ ကိုရင်မောင်လည်း နိုးလာ၏။ သည်ကဲ့သို့ နိုးလာ၍မျက်စိဖွင့်လှစ်ကြည့်ရှုလိုက်ရာ ကပ္ပိယကြီးဦးဖြူတုတ်သည် လှမ်းလှမ်းကထိုင်လျက် မိမိပုဆိုးတစ်စကို ကြပ်ထုပ်ပြုလုပ် အာငွေ့ဖြင့် မှုတ်ကာမှုတ်ကာမိမိနံဖူးကို ကြပ်ထုပ်ထိုးလျက် မိမိအပါး၌ ရေတကောင်းလည်း ထက်ပိုင်းကျိုးပဲ့၊ ကွမ်းအစ်မှာလည်း အမတကွဲ အဖိုတခြားဖြစ်သည့်အပြင် ကွမ်းစားဆေးများလည်း ဖိတ်စဥ်လျက်နေသည်ကိုမြင်မှ သတိရရှိသဖြင့် ဦးဖြူတုတ်ကိုတောင်းပန်ကန်တော့ရန်အကြံဖြင့် ရုတ်တရက်ထလိုက်ရာ ဦးဖြူတုတ်လည်းကိုရင်မောင်၏အကဲကို ခတ်လျက်နေသဖြင့် ကိုရင်မောင် ရုတ်တရက်ထသည်ကိုမြင်လျှင် နိုးရိုးခြင်းမကင်းလှသောကြောင့် ရုတ်တရက်ထ၍ မောင်ဘိုးရင်သည်းခံ လူကလေး၊ သည်းခံဆိုပြီးလျှင် တံခါးဝသို့သာ သုတ်သုတ်သွား၏။ ထိုအခါမှ ကိုရင်မောင်က ကပ္ပိယကြီးသည် မိမိကို သူရူးထင်၍ကြောက်ရွံ့နေရာသည်ကို ရိပ်မိသဖြင့် အဖေ– ကျွန်တော်နိုး၍ သတိရပါပြီ၊ အစစအရာရာဧွယူတော်မမူပါနှင့်၊ သည်းခံတော်မူပါဆိုလျက် အဝေးကလှမ်း၍ ဦးချမှဦးဖြူတုတ်လည်း တပြည်းပြည်းဖြင့် အပါးသို့ ချဥ်းကပ်လာ၏။ ကိုရင်မောင်လည်း ဖိတ်စဥ်လျက်ရှိသော ကွမ်း၊ ဆေး၊ လက်ဖက်၊ တကောင်းအကျိုးအပဲ့များကို လျှင်စွာ ကောက်ယူရှင်းလင်း၏။ ကပ္ပိယကြီးလည်း အမောင်ယခုတင်က မည်သို့ဖြစ်ပါသလဲမေး၏။ ကိုရင်မောင်လည်း အဖေ– ကျွန်တော်က အိပ်မက်မကောင်းသောကြောင့် ယောင်ယမ်း၍ ကျောက်ကန်မိပါပေသည်၊ ဧွယူတော်မမူနှင့်ဟု တောင်းပန်ပြီးလျှင် ကန်တော့ပြန်၏။

ထိုအခါမှ ဦးဖြူတုတ်သည် ကိုရင်မောင် မရူးပသွပ်ကြောင်း သိရှိရုံမျှမက ယောင်ယမ်း၍ပြုမိသည့်အတွက်ကြောင့် ကိုရင်မောင်သည် အားနာသည်တစ်ဖက်၊ ရှက်သည်တစ်ဝဖြစ်သဖြင့် မနေမထိုင်တတ် ရှိနေသည်ကို

Generated by CamScanner from intsig.com

မြင်လျှင် အမောင် အဖေသည် ဓားပြတိုက်ခံခဲ့ရဖူး၏။ ထိုဓားပြများသည် ဤဖူးလောက် မကြမ်းမတမ်းကြပေဟု ရယ်မောကာပြောဆို၏။ ကိုရင်မောင်လည်း ကျွန်တော့်အိပ်မက်ကား လွန်စွာထူးခြားသောကြောင့် ယခုကဲ့သို့ ယောင်ယမ်း၍ ကြမ်းတမ်းစွာပြုလုပ်မိပါသည်ဟု ပြန်ပြောလျှင် မောင်ဘိုးရင် ယခုဖြစ်ပျက်သည့်အတွက် ရုက်လည်းမရုက်နှင့်၊ အဖေ့အပြင် မည်သူမျှ မမြင်၊ အားလည်းမနာနှင့်၊ ကျောင်းပင်ဖြစ်သော်လည်း မောင့်အိမ်ကဲ့သို့ အောက်မေ့ဟု ဆို၏။ ကိုရင်မောင်လည်း ကပ္ပိယဒကာကြီးစိတ်မှကျေအောင် ကြံပြီးလျှင် ဤသို့ပြော၏။ အဖေ– ကျွန်တော်သည် အသက်နှင့်အမျှ ယခု ကဲ့သို့ ယခုတစ်ကြိမ်ပါ နှစ်ကြိမ် ကြိမ်ကြိုက်ဖူးပါသည်။ ပထမတစ်ကြိမ်မှာ ကျွန်တော်နှင့် လူပျိုဘာဝရည်းစားလုဘက်သည် ကျွန်တော့်လည်ပင်းကို တက်၍နင်းသည် အိပ်မက်မက်၍ အိပ်မက်ထဲတွင် ကျွန်တော် ဒေါသအမျက် ထွက်သဖြင့် ထိုးကြိတ်လိုက်ရာ ကျွန်တော့်အပေါ်တွင်အိပ်နေသော ကျောင်းသားသူငယ်ကလေးတစ်ယောက်ကိုယ်တွင် ဒဏ်ရာများစွာ ရသွားရှာပါသည်။ ယခုလည်းတစ်တန် အိပ်မက်ပြန်သည်မှာ ကျွန်တော့်ရည်းစားသည်မှာ အခုတိ ဒုက္ခရောက်ပြီးလျှင် ကျွန်တော့်အား တသင်္ချိုင်းကြွေးသောအသံကို ကျွန်တော် ကြားရသောကြောင့် ရုတ်တရက်ပြေးသွားမည်အကြံနှင့် ခုန်လိုက်မိသည့် အတွက် ယခုဤကဲ့သို့ဖြစ်ပါသည်ဟု ပြောပြ၏။

ကပ္ပိယကြီးလည်း သဘောကျလှသဖြင့် မိမိငယ်စဉ်က ရည်းစားထားရာတွင် ကြိမ်ကြိုက်ဖူးသည့်အကြောင်းများကိုပင် ကိုရင်မောင်အား ပြောပြ၏။ ထို့နောက် မောင်ရင်မောင် ငှင်းနေညနေပင် အဝဘက်သို့ကူးလိုသည် ပြောလျှင် ညစာထမင်းဟင်း ချက်ပြုတ်ကျွေးမွေးပြီးနောက် ပိုးသားပုဆိုးတစ်ထည်နှင့် ငွေတစ်ရာ ထုတ်ပေး၏။ ကိုရင်မောင်လည်း မယူဘဲနေပြန်လျှင် ဆရာတော်ဘုရားနှင့်တကွ ကပ္ပိယကြီးပါ စိတ်ကွက်မည်တစ်ချက်၊ ယူပြန်လျှင်လည်း ကိုယ်တိုင်ပုန်းလျှိုးနေရသည့်အခါဖြစ်၍ အသုံးမဝင်သည့်

Generated by CamScanner from intsig.com

ပြင် ဉစ္စာကြောင့် လူ၌ အန္တရာယ်ပွားများမည်ကို မျှော်မိမြင်သည်တစ်ချက်ကြောင့် ပေးသောလက်ဆောင်ကို လက်ခံပြီးမှ ခေတ္တမျှသိမ်းဆည်းထားပါဟု ပြန်၍ အပ်ခဲ့၏။

ထို့နောက် ကပ္ပိယကြီးနှင့်တကွ ဆရာတော်ဘုရားကို ကန်တော့ပြီးလျှင် နေဝင်ရီသရောအချိန် စစ်ကိုင်းမြို့သို့ရှေးရှုသွား၏။ စစ်ကိုင်းမြို့သို့ ညီအစ်ကို မသိတသိအချိန်ချဉ်းကပ်မိလျှင် လှေဆိပ်သို့သွားရောက်၍ အဝဘက်သို့မျှော်လျှက် ကြည့်ရှုလိုက်ရာ ညဥ့်အခါဖြစ်၍ အိမ်များကို ကွဲပြားစွာ မမြင်ရသော်လည်း အချို့သောအိမ်များတွင် ထွန်းထားသော မီးများကို လက်လက်မြင်လျှင် ဤမီးကား မမယ်မတို့အိမ်က မီးဖြစ်တန်သည်။ ဤမီးကား မည်သူ့အိမ်ကမီးဖြစ်သည်ဟူ၍ စိတ်ကူးဖြင့် မှန်းတန်းမိ၏။

ထို့နောက် လူသူစကားပြောဆိုကြသောအသံကို လှမ်းလှမ်းက နားထောင်ပြန်ရာ အဝဘက်တွင် ထိုညဥ့်ပွဲခံနေသည်ဟု ကြား၏။ အချို့သောမိန်းမယောက်ျားတို့လည်း လှေဖြင့်ကူး၍ သွားရောက်ကြည့်ရှုရန် တိုင်ပင်လျှက်နေကြသည်ကို ကြား၏။ ကိုရင်မောင်လည်း အဝဘက်သို့ပွဲကြည့်ရှုရန်သွားကြသောသူများနှင့်အတူလိုက်သော် သိကျွမ်းသူများနှင့် တွေ့ကြိမ်လိမ့်မည်ဖြစ်၍ မသင့်မလျော်၊ လှေတစ်စင်းကို တိတ်တဆိတ်ယူငင်၍ တစ်ကိုယ်တည်း ကူးမှ သင့်မည်ဟုအောက်မေ့ပြီးလျှင် လှေကိုလိုက်၍ရှာဖွေရာ စစ်ကိုင်းမြို့အထက် သောတာပန်ရွာသို့ရောက်မှ လှေငယ်တစ်စင်းကို တွေ့ရှိသဖြင့် တိတ်တဆိတ်ယူငင်ပြီးလျှင် တက်မရှိသောကြောင့် ဝါးခြမ်းကို တက်ပြု၍ လှော်သွား၏။

သည်ကဲ့သို့ မှန်းတန်းလှော်သွားရာ မြစ်လယ်သို့ရောက်လျှင် အဝဘက်က ဆိုင်းတီးမှုတ်သံကိုကြား၍ ကိုရင်မောင်လည်း တစ်ဦးသောသူရှင်ပြုနားထွင်းမင်္ဂလာအလှူဖြစ်ရာ၏ဟု အောက်မေ့၏။ ထို့နောက်တစ်ဖန် အဝဘက်သို့ နီးသည်ထက်နီးပြန်လျှင် ဆိုင်းသံသည် မမယ်မတို့အရပ်က

ဆိုင်းသံဖြစ်ကြောင်းကို သိရှိပြန်၍ ၎င်းအရပ်တွင်ရှိသမျှသော လူအပေါင်းတို့ကို ကောင်းမွန်စွာ သိကျွမ်းသူများချည်းဖြစ်၍ နားတွင်းရာတွင် ပွဲခံမည့်သူ အလွန်နည်းပါးသည်။ ရှင်ပြုဆိုရမည်လည်း သီတင်းဝါလကျွတ်ပြီးစဖြစ်၍ ရှင်ပြုပဟုတ်တန်၊ မင်္ဂလာဆောင်ဖြစ်ရာ၏။ ၎င်းအရပ်တွင် မိမိသိကျွမ်းသမျှသော ဗိန်းပပျိုကလေးများအနက် မည်သူဖြစ်တန်ရာသည်ကို လိုက်၍ တွေးတောပြန်ရာလည်း မရရှိ၏။ ထို့နောက် ကမ်းသို့ လှေဆိပ်တက်ဆိပ်မဟုတ်ရာအရပ်၌ ဆိုက်ကပ်ပြီးလျှင် သူတစ်ပါးလှေကို ယူငင်သည့်အတွက် အကုသိုလ်ဒုစရိုက်ဖြစ်ပွားမည်ကို သတိရသော်လည်း ထိုလှေကအစပြု၍ လူကိုရန်ရှာမည်စိုးရိမ်ရန်ရှိသဖြင့် မလွှဲသာသောကြောင့် လှေကို ရေသို့ မျှောလိုက်ရရှာ၏။

ထို့နောက် ကမ်းပေါ်သို့တက်မိလျှင် မမယ်မတို့အိမ်အနီးတွင် ပွဲခံကြောင်းသိရှိသဖြင့် မှောင်ခို၍ လှမ်းလှမ်းကကြည့်ရှုပြန်ရာ ရပ်သေးစင်လည်း မမယ်မတို့ အိမ်ဘက်ကို မျက်နှာပြု၍ထားသည်ကို မြင်ပြန်လျှင်ကိုရင်မောင်သည် လွန်စွာအံ့သြဖြစ်သည်သာမက မည်သည့်အကြောင်းကြောင့် ပွဲခံကြောင်းကို မတွေးမဆနိုင်ရှိ၏။ ထို့နောက် မိမိမျက်နှာကိုလူမြင်မည်စိုးသည်တစ်ကြောင်း၊ ရှုးစမ်းကြည့်ရှုလိုသောဆန္ဒအားကြီးသည်တစ်ကြောင်းကြောင့် မိမိကိုယ်တွင် ဝတ်ဆင်ထားသော ခါးဝတ်ပုဆိုးတစ်ပိုင်းကို ခေါင်းမြီးလုံ့စွာခြုံလျက် တော်သင့်ရာက ကွင်းရှောင်ပြီးလျှင် ရပ်သေးစင်အောက်သို့ ဝင်ရောက်၏။

ထိုရပ်သေးစင်အောက်ကနေ၍ မမယ်မတို့အိမ်ကို ကြည့်ရှုပြန်ရာ မမယ်မကိုလည်းမမြင်၊ မမယ်မအမိ မစာမှစ၍ အဖဦးသာခုကိုလည်းမမြင်၊ မိမိနှင့် ရည်းစားလုဘက် မောင်မြတ်သာသည် မီးထိန်ထိန် ထွန်းညှိထားသော အိမ်ခလောက်ဆွဲတွင် သင်ဖြူးကော်ဇောမှစ၍ ခင်းကျင်းပြီးလျှင်ထိုင်နေသည်ကိုမြင်၍ မမယ်မတို့သည် ဆင်းရဲနွမ်းပါးလှသောကြောင့် အိမ်ကို

Generated by CamScanner from intsig.com

ရောင်းပြီးလျှင် အရပ်တစ်ပါးသို့ ပြောင်းသွားကြသည်ဖြစ်ရာဟု အောက်မေ့၏။

ထိုအခါတွင် ကလေးသူငယ်တို့သည် ဘာဘအလျောက် ရုပ်သေးစင်အောက် ရုပ်သေးစင်တိုင်ကိုဖက်၍ တက်တုံဆင်းတုံ ကစားနေသော ကလေးများတို့အနက် တစ်ဦးသောကလေးကို ကိုရင်မောင်က ငါ့တူ သည်အိမ်မည်သူ့အိမ်လဲမေး၏။ အကလေးကလည်း မမယ်မတို့အိမ်ဟု ပြော၏။ ကိုရင်မောင်လည်း ဤကလေးက အိမ်ရှင်ဟောင်းအမည်ကိုပြောသည်ဖြစ်ရာ၏ဟုအောက်မေ့ပြီးလျှင် မမယ်မတို့ရှိကြရဲ့လားမေး၏။ အကလေးသည် အိမ်ပေါ်မှာရှိသည်ပြော၏။ သည်ပွဲကိုဘာကြောင့်ခံသလဲမေးပြန်ရာ အကလေးကလည်း ခင်ဗျားကြီး ဘယ်အရပ်ကလှေတိုးသားလဲ၊ ကိုမြတ်သာနှင့်မမယ်မနံနက်က မင်္ဂလာဆောင်သည်ကို မကြားသေးဘူးလားဟု ပြန်၍မေးလျှင် ကိုရင်မောင်သည် အသည်းနှလုံးကို လေသင်တုန်းဇော့ဘိသကဲ့သို့ မူးဝေ၍လဲကျမည်ရှိရာတွင် လက်ဖြင့် ရော်ရမ်းကာ ရုပ်သေးစင်တိုင်ကို ဖက်မိမှမလဲမကျဘဲ တိုင်ကို အမှီပြုပြီးလျှင် ထိုင်လျက်နေရရှာ၏။

❖❖ ❖❖ ❖❖

# အခန်း(၁၆)

ကိုရင်မောင်သည် အစစအရာရာသော နေရာဌာနၳ အစဉ်းစား အဆင်ခြင် အမြော်အမြင်ဂုဏ်နှင့် ပြည့်စုံလှလောက်သူမှန်ပါလျက် မမယ်မနှင့် မြေတ်သာ ထိမ်းမြားခြင်းမင်္ဂလာပြုသည်ဟု အကာလေးပြော၍ကြားလျှင် အသည်းနှလုံးကို လေသင်တုန်းဇော့ခတ်သကဲ့သို့ မိန်းမောတွေဝေခြင်းဖြစ်သဖြင့် ရုပ်သေးစင်တိုင်ကိုမှီလျက် သူရူးကဲ့သို့ဖြစ်ပြီးလျှင် ရှေးဦးစွာ မိမိမေး၍ပြောသောအကာလေးကို ခြေဖြင့် ကျောက်ကန်မည် ကြံစည်မိ၏။ ထို့နောက်သူငယ်ခမျာ မိမိမေး၍သာပြောရသည့်အရာကို ဆင်ခြင်မိပြန်လျှင် မြေတ်သာကို ချက်ချင်းပြေး၍ ရိုက်နှက်သတ်ဖြတ်မည်ကြံစည်မိပြန်၏။ ထို့နောက်တစ်ဖန် သတိရ၍ အောက်မေ့ပြန်သည်မှာ မြေတ်သာကား ယောကျ်ားဖြစ်သည်၊ မိန်းမက ကြိုက်နှစ်သက်လျှင် ယောကျ်ားက မယူဘဲနေပါမည်လော၊ သို့ဖြစ်၍ ယောကျ်ားကို အပြစ်တင်ဖွယ်မရှိ၊ မိန်းမကိုသာ အပြစ်တင်သင့်သည်။ ဤမျှလောက် သစ္စာပျက်ကွက်သည့်မိန်းမ မိမယ်မကို ဓားနှင့်သတ်၊ ငါ့ကိုယ်ကိုလည်း ဓားနှင့်သတ်၊ နှစ်လောင်းပြိုင်သေရလတ်သော် သာ၍ကောင်းမည်မဟုတ်လောဟု ကြံမိပြန်၏။ ထို့နောက်တစ်ဖန် သူတစ်ပါးအသက်ကို ရန်ရှာ၍ ဘယ်အကျိုးထူးရှိမည်နည်း၊ ကိုယ့်ကံကုသိုလ်မကောင်း၍ ဖြစ်ရသည့်အရာ၊ ဤမျှလောက် ကံခေမာသော ငါ့ကိုယ်ခန္ဓာကိုသာ ငါအဆုံးစီရင်ရသော် ဒုက္ခငြိမ်းရာ၏။ ငါ့ကိုယ် ရေသို့ချစဉ်အခါ ငါမသေဘဲအသက်ရှည်၍နေရသမျှမှာ ဤမင်္ဂလာဆောင်ပွဲသို့ လာရောက်ရရုံမျှ အကျိုးထူးရှိပါပေသည်တကား၊ ငါကား ရေထဲသို့ဆင်း၍ သေပါတော့မည်ဟူ၍လည်း စိတ်ကူးမိ၏။ ၎င်းနောက်မှတစ်ဖန် မိမိကိုယ်ကို မြို့ဝန်မင်းထံပြန်၍

အပ်ပြီးလျှင် သတ်ပါတော့ဟု တောင်းပန်ရန်လည်း ကြံစည်မိ၏။ နောက်မှ တစ်ဖန် အောက်မေ့ပြန်သည်မှာ ငါကား လွန်စွာမိုက်သောသူဖြစ်သည်၊ မိန်းမတစ်ယောက်အတွက်နှင့် သူတစ်ပါးအသက်၊ ကိုယ့်အသက်ကို ဖျက်ဆီးမည်ကြံစည်မိသည်၊ မှောင်တကာ့မှောင်တွင် ဤမှောင် ကြီးသည်ဆိုသည့် စကားပုံရှိသည်။ ငါကား ဤမိန်းမတစ်ယောက် သစ္စာပျက်ကွက်သည်ထင်လျှင် ကိုယ့်အမိကို ကိုယ်လုပ်ကျွေးပြုစုရန် ဝတ္တရားရှိသေးသည့်အရာကိုပင်လျှင် မေ့လျော့၍ သေပါတော့မည် ကြံစည်မိသည်။ ငါလည်း ကျင့်ဆောင်ပြုခဲ့သမျှမှာ ငါသေပြီဟု သူတစ်ပါးထင်အောင်သာလျှင် ငါပြုလုပ်ခဲ့သည်။ ငါပြုလုပ်ခဲ့သည့်အတိုင်း ငါသေပြီဟူ၍ မမယ်မ စိတ်လုံးလုံးချလျှင် သူ လင်မယူဘဲနေပါမည်လော၊ သူ့ကိုယ်တိုင် မယူလိုရှိစေကာမူ ဒုက္ခဆင်းရဲ ရောက်သည့်အတွက် အမိမစာ နားချပါများလျှင် ယူရလိမ့်မည်။ မမယ်မကို လည်း အပြစ်တင်ရန်မရှိပေ။ သူ့အတွက်မှာ သူလင်ရပြီဖြစ်သောကြောင့် သူ့လင်ကို သူလုပ်ကျွေးမွေးမြူရန်ရှိတော့သည်ဟု အောက်မေ့ပြီးလျှင် မျက်ရည် စက်လက်ဖြင့် ယခင်ဆိုခဲ့သော အကလေးများ မြင်မည်စိုးရိမ်၍ တိတ်တဆိတ် ရပ်သေးစင်အောက်တွင် ငိုကြွေးပြီးမှ အဖိအိမ်သို့ ရှေးရှုသွားရာ လမ်းတစ်လျှောက်လုံးတွင်လည်း အံကြိတ်ကာငိုကြွေးလျက် စိတ်ကူးမိပြန်သည်မှာ မမယ်မသည် ငါ့ကို မကြိုက်မနှစ်သက်၊ မချစ်မခင် မစုံမက်သောကြောင့် တစ်ပါးသောသူနှင့် အိမ်ထောင်ပြုလေပြီ၊ ကိုယ့်ကိုချစ်မှ ကိုယ်ချစ်ရာသည်၊ ချင်းစိမ်းနှင့် ဖိသလင် သူကြင်မှ ကိုယ်ကြင်ရာသည်ဟူသော စကားပုံလည်းရှိသည်။ ရွှေဘိုဝန်မင်းသမီး မစောတင်ကား ငါ့ကို မုချစုံမက်သည်၊ မစောတင်ကို လက်ဆက်ရသော်ကောင်း၏။ မစောတင်သာလျှင် ငါ့ကို မေတ္တာသက်ဝင်သည်မဟုတ်၊ အဖဝန်မင်း အမိဝန်ကတော်ပါ ငါ့ကို ချစ်ခင်စုံမက်သည်။ ငါ အဖိကို နှုတ်ခွန်းဆက်ပြီးလျှင် နက်ဖြန်ရွှေဘိုမြို့သို့

ငါပြန်အံ့။ ငါ့အား ဆရာတော်ဘုရားပေးသနားတော်မူသော ပိုးသားပုဆိုးနှင့် အသပြာငွေတစ်ရာအနက် အသပြာငွေတစ်ရာကို မမယ်မအဖို့၊ ပိုးသားပုဆိုးကို မမယ်မလင်အဖို့ လက်ထပ်မင်္ဂလာပြုရာ လက်ဆောင်အဖြစ်ဖြင့် မမယ်မနှင့် သိကျွမ်းဖူးသူတစ်ဦးဟူ၍ဆိုပြီးလျှင် တောင်ဖီလာဆရာတော်ဘုရားကျောင်းကနေ၍ လူကြုံဖြင့် ပါးလိုက်ရသော် မမယ်မက သမီးရည်းစားဆို၍ အပျိုဘော်ဝင်စက ငါတစ်ယောက်မျှသာ ထားရှိဖူးသောကြောင့် မုချအားဖြင့် သူရိပ်မိပေလိမ့်မည်။ သည်ကဲ့သို့ ငါ့ထံမှလက်ဆောင်ဖြစ်ကြောင်း သူရိပ်မိပြန်လျှင် မမယ်မသည် ငိုကြွေးကောင်းငိုကြွေးရှာလိမ့်မည်။ အကယ်၍ ငိုကြွေးလျှင်လည်း ငါ့ကို စုံမက်ခြင်းကြောင့် ငိုကြွေးသည်မုချဖြစ်မည်။ သည်ကဲ့သို့ ငိုကြွေးလျှင်လည်း ငါလည်း ငိုကြွေးမိလိမ့်မည်။ အကယ်စင်စစ်အားဖြင့် မြေတ်သာကို ချစ်ကြိုက်ပြီဖြစ်၍ ငါ့ထံမှပို့လိုက်သော လက်ဆောင်ပဏ္ဏာကို ငါ့ထံမှ ပေးပို့ကြောင်းသိရှိသဖြင့်လည်း မသိမ်းမယူလို ငြင်းဆိုကောင်းငြင်းဆိုလိမ့်မည်၊ သို့တည်းမဟုတ် သူ့လင်ဦးမြတ်သာက သူတစ်ပါးပေးသောပစ္စည်းကို မယူမငင်ရဟူ၍ဆိုသောကြောင့် လင်၏ဩဇာ မယားကောင်းတို့မှာ တည်ရာသည်အတိုင်း မမယ်မက လက်ခံသိမ်းပိုက်လိုလျက်နှင့် သက်သက်ငြင်းပယ်ရသည်လည်း ဖြစ်မည်။ တစ်ကြောင်းလည်း သည်ကဲ့သို့ ငါ လက်ဆောင်ပဏ္ဏာပေးပို့သည့်အကြောင်းကြောင့် ငါအသက်ရှည်လျက်ရှိကြောင်း လင်မယားနှစ်ယောက်လုံး သိရှိကြပြန်လျှင် ထိုလင်မယားနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ကြည်ဖြူကြတော့မည်မဟုတ်၊ သို့ဖြစ်သောကြောင့် ဤလက်ဆောင်ပဏ္ဏာ ပေးပို့ရန်မှာ အလျဉ်းမသင့်၊ စင်စစ်အားဖြင့် ဆင်ခြင်သော် မမယ်မသည် ငါသေပြီထင်သောကြောင့် မြေတ်သာနှင့် မင်္ဂလာပြုရှာသည့်အရာဖြစ်သည်။ ယခု ငါအသက်ရှည်လျက်ရှိကြောင်းကို သူသိရှိလျှင် ငါ့ကို မေတ္တာပျက်မည်မဟုတ်။ ယခုအခါ မမယ်မ

ရှိရာသို့ ကိုယ်တိုင်သွားရောက် နှစ်ယောက်ချင်းပြောဆို တိတ်တဆိတ်ခေါင်ငင် အရပ်တစ်ပါးသို့ ထွက်ပြေးတိမ်းရှောင်သွားရသော် သင့်လျော်၏ဟူ၍လည်း စိတ်ကူးမိ၏။ ထိုအကြောင်းကို ဆက်လက်ဆင်ခြင်ပြန်သော် မမယ်မကို ခိုးယူထွက်ပြေးသည့်အတွက် လိုက်လံရှာဖွေလိမ့်မည်။ ရှာဖွေဖမ်းဆီးမိက လည်း အထက်တိုင်းရေးပြည်မှူးနှင့်လည်း အသက်ဆုံးရှုံးခြင်းဒဏ်ကို မုချ ခံရလိမ့်မည်၊ တစ်ကြောင်း မမယ်မသည် ယခုနေ့နံနက်က မြေတ်သာနှင့် ထိမ်းမြားမင်္ဂလာပြုပြီး ဖြစ်သောကြောင့် အုံးအိပ်ရာမယှဉ်သေးသော်လည်း မမယ်မမှာ မြေတ်သာ၏ မယားမြောက်ပြီး တစ်ဦးနှင့်တစ်ဦး မပေါင်းမဖက် ရသေးသော်လည်း မြေတ်သာမှာ ကာမပိုင်ဖြစ်မြောက်သည်။ ဤကဲ့သို့ ကာမပိုင်ရှိသူ မိန်းမတစ်ဦးကို ပြစ်မှားမည်ကြံစည်ရုံမျှဖြင့် ကာမေသုမိစ္ဆာစာရ ကံတွင် မနေ့သကံ ထိုက်သင့်ပြီ၊ ဒုစရိုက်အမြောက်အမြားအနက် ဤဒုစရိုက် မျိုးကို အထူးသဖြင့် ရှောင်ကြဉ်ရမည်၊ ငါ့အဖ ငါ့ဆရာ မှာထားဖူးသည်။ ထို့နောက် တစ်ဖန်ရွှေဘိုဝန်မင်း သမီးမစောတင်ထံ ပြန်မည်ကြံပါသော်လည်း မိမိမသေကြောင်းကို အဝ ဝန်မင်းသိရှိကာလ အသက်သေရလိမ့်မည့်အရာကို တွေးတောဆင်ခြင်မိပြန်သဖြင့် တစ်ယောက်တည်းချင်း အောက်မြို့ကျေးရွာသို့ သေသောကလွတ်အောင် ထွက်ပြေးတိမ်းရှောင်မှ သင့်လျော်မည်ဟူ၍ လုံးလုံး စိတ်ချ၏။

ကိုရင်မောင်သည် သူရူးစိတ်မကောင်းသူတို့၏လက္ခဏာဖြင့် အနီးနီး အပုံပုံ တစ်ကြောင်းမှတစ်ကြောင်း စိတ်ကူးသွားရာ အမိမဖားဥနေထိုင်သော တဲပုတ်အငယ်အနီးသို့ရောက်လျှင် အမိမဖားဥဘုရားရှိခိုးသည့်အသံကိုကြား မှ အစစအရာရာကို စိတ်ကောင်းသူတို့၏ လက္ခဏာနှင့် စဉ်းစားဆင်ခြင်နိုင် သဖြင့် ငါကား လွန်စွာယုတ်ညံ့သောသူဖြစ်သည်။ ငါ့ကို ငယ်စဉ်ကတည်းက မွေးကျွေးလာသောသူကို သတိမရ၊ မမယ်မကိုသာ သတိရမိသည်ငါကား

Generated by CamScanner from intsig.com

ငါ့အမိမသေသေးချင်း ငါ့အိမ်ထောင်မပြုပြီ။ ထိုအမိကိုသာလျှင် လုပ်ကျွေးသမှု ပြုတော့မည်။ ဤအရပ်တွင် အမိနှင့်ပူးကပ်၍ မနေနိုင်မသော်လည်း ငါ အောက်မြို့ကျေးရွာကနေ၍ ထောက်ပံ့မည်အကြံပြု၏။

ရင်းနောက် အမိမဖောဥနေထိုင်သော တဲပုတ်ငယ်ကိုမြင်လျှင် ဤ တဲပုတ်နေရာ၌ အလက်က မျှဉ်လောင်းအိမ်ကြီးရှိသည်။ ထိုမျှဉ်ဆောင်းအိမ် ကြီးသည် ယခုပပျောက်၍ ရင်းနေရာတွင် ထန်းသားကိုတိုင်ပြု၍ ထန်းလက် ထန်းရွက်တို့ကို မိုးကာဆောက်လုပ်ထားသော တဲပုတ်ငယ်မျှရှိတော့သည်။ ဝင်းအတွင်းသို့ရောက်လျှင် အမိမဖောဥနေထိုင်ရပ်ကို ရှောင်းပြောင်းကြည့်ရှု ဦးမည်ဟုကြံပြီးလျှင် ဝင်းအတွင်းဝင်သွား၏။ ဤဂုံလို ဝင်သွားရာဝင်းအတွင်း သို့ ရောက်လျှင် မဖောဥစိုက်ပျိုးထားသော ချဉ်ပေါင်ပင်၊ ပဲပင် အစရှိသော ဟင်းသီးဟင်းရွက်ပင်များကို မြေဖြင့် နင်းမိသောကြောင့် ကိုရင်မောင်သည် ငါ့အမိကား လွန်စွာဆင်းရဲဒုက္ခရောက်ရှိ၊ စားနပ်ရိက္ခာပါးရှားလှသောကြောင့် ဆန်ဖိုးမျှ ရပလေစေ စိုက်ပျိုးရာသည် အောက်မေ့ပြီးလျှင် ငါ့အမိကား ငါပြိုပပ်မှုသည့်အတွက်ကြောင့် ဒုက္ခဆင်းရဲရောက်ရာရပေသည်ဟူ၍ သတိ ရရှိပြန်လျှင် မျက်ရည်ယိုစွဲကျရှာပြန်၏။ ထိုကမှတစ်ဖန် ရှေ့သို့တိုး၍တက် သွားပြန်လျှင် ဤနေရာကား ယခင်အိမ်ကြီးရှိစဉ်အခါက ငါနေထိုင်သော လှူမျိုခန်းနေရာဖြစ်သည်။ ယခုကား ဤနေရာတွင် ပဲတောင်းလျှားပင်တို့သည် အမိမဖောဥစိုက်ပျိုးပြုစုထားသောကြောင့် ဖွံ့ဖြိုးသန်စွမ်းလျက်ရှိသည်။ ဤ နေရာလည်း ယခင်က ညောင်ရေအိုးစင်ထားရှိသဖြင့် နံနက်တိုင်း ငါ့အမိ သည် ဘုရားရှိခိုးဆွမ်းတော်ကပ်လှူသည့်နေရာဖြစ်သည်။ ယခုကား ငါ့အမိ စိုက်ပျိုးထားသော ဘူးပင်သည် အနွယ်အနွယ်ဖြင့် နွယ်တက်လျက်ရှိသည်။ ဤနေရာကား ဧည့်ခန်းနေရာဖြစ်သည်။ ထိုဧည့်ခန်း၌ မယ်မနှင့် ငါ ပထမ အကြိမ်သိကျွမ်းစကားအစပြောဆိုပြီးသည့်နောက် နင်ကြိမ်သုံးကြိမ်ခန့် စကား

ပြောဆိုဖူးသည်။ ယခုကားဆူးချုံအတိ ဖုံးလွှမ်းလျက်ရှိသည်။ ဤကား
အတိတ်နိမိတ်ဖြစ်သည်။ သို့သော် ဥပါဒါန်ကြောင့် ဥပဒ်ရောက်တတ်သည်
ဟူ၍အောက်မေ့ပြီးလျှင် ရှေ့သို့တိုးတက်သွားပြန်ရာ တဲပုတ်ငယ်အနီးသို့
ချဉ်းကပ်မိသဖြင့် အမိမဖားဥ တဲသရုံကိုမှီ၍ထောင်ထားသော တူရွင်းတစ်စင်း
ကို တိုက်မိုက်မိသဖြင့် တူရွင်းလဲကျသောကြောင့် တဲပုတ်ငယ်အတွင်းမှ
အမယ်ကြီး မဖားဥ ညည်းညူသည်မှာ–

အမောင်တို့– အမေ့ ဟင်းသီးဟင်းရွက်များအနက် အမောင်တို့အလို
ရှိသည်ဆိုသော် အလိုရှိရာကို စားသောက်လောက်ရုံမျှ ယူငင်သွားကြပါ၊
အမေ့အိမ်တွင် ဆန်မရှိသောကြောင့် ဆန်ဝယ်လောက်ရုံချန်ခဲ့ကြပါဟူ၍ ပြော
ဆိုသံကြားလျှင် ကိုရင်မောင်သည် အထူးသဖြင့်ကရုဏာသက်သောကြောင့်
တစ်တန်မျက်ရည်ကျပြန်၏။ ထို့နောက် အမိမဖားဥနေထိုင်ရပုံကို သိလို၍
ထန်းလက်ဖြင့်ကာရံသော ထရံအတွင်းသို့ ချောင်းမြောင်းကြည့်ရှုရာ မွေ့ရာ
ဆို၍မရှိ၊ ဖြူစောင်နှင့်တူသော အဝတ်နွမ်းတစ်ထည်၊ ခေါင်းအုံးကဲ့သို့ အသုံး
ပြုသော သစ်ခွေးတုံးတစ်တုံး၊ တဲပုတ်အတွင်း၌ ဖျာဆို၍မရှိ၊ ဝါးကြမ်း
ကျဲကျဲပေါ်တွင် ဆိုခဲ့သည့် သစ်ခွေးတုံးကို ခေါင်းအုံးလျက် လဲလျောင်းနေ
သည်ကို ကိုရင်မောင်မြင်လျှင် ဤမိန်းမကြီးကား လွန်ခဲ့သောအခါများက
အထူးသဖြင့် ဥစ္စာကြွယ်ဝချမ်းသာခဲ့သည်။ မိမိအိပ်ခန်းနေရာမဆိုထားဘိဦး
ဧည့်သည်စောင်သည်နှင့် စကားပြောဆိုသည့်အခါ၌ပင်လျှင် နေရာထိုင်ပုံပေါ်
က သက်ဆင်းသည်မရှိ။ ယခုကား ငါ့ကြိုပြော်မွှေ့သောကြောင့် ဒုက္ခဆင်းရဲ
အတိ ဖြစ်ပွား။ ဝါးကြမ်းတွင် လျောင်းစက်ရသည်မျှမက သစ်ခွေးတုံးကို
ခေါင်းအုံးရရှာသည်ဟု အောက်မေ့မိသဖြင့် မျက်ရည်ယိုကျပြန်၏။ ယိုကျ
သောမျက်ရည်ကို သိမ်းဆည်းပြီးနောက် အမေ– အမေဟူ၍ ဖြည်းညင်း
သက်သာစွာ ခေါ်၏။ မဖားဥလည်း အမောင်တို့– အမေ့၌ ဟင်းသီးဟင်းရွက်

Generated by CamScanner from intsig.com

အပင်များပြင် ပစ္စည်းဆို၍ မိုးစဉ်းမျှမရှိ။ မောင်တို့အလိုရှိသော ဟင်းသီးဟင်းရွက်အလိုရှိသရွေ့ ခူတ်ရူးပြီးလျှင် ပြန်ကြပါလေ။ အမေအိုကြီးကို အနောင်အယှက်ပြုလုပ်က အမောင်တို့တွင် ငရဲရောက်ဘတ်ပါသည်ဆိုလျှင် ကိုရင်မောင်လည်း ငါ့အမိ မဖားဥကား ငါ့ကို ကာလသားလူဆိုးကလေးများအထင်နှင့် ဤစကားကိုပြောသည် အောက်မေ့ပြီးလျှင် ဤသို့ဆို၏။ အမေ– ကျွန်တော်ကား အခြားသူမဟုတ်ပါ၊ အမေ့သား မောင်ရင်မောင်ဖြစ်ပါသည်ပြောကာလ မဖားဥကဆိုသည်မှာ ခေသာ်– မောင်ရင်မောင်သည် တမလွန်ဘဝသို့ပြောင်းရသည်တွင်ပင် အေးအေးမြမြမနေနိုင်ရှာ။ သူ့ရည်းစားလင်ယူသည်ကြားလျှင် ဘွားခနဲပေါ်လာတော့သည်။ အမေ ယခုတင်ကပင် ဘုရားပုထိုး ရှိခိုး၍ပြီးပြီ၊ ငါ့သား အမျှယူ၍ ကောင်းမွန်စွာပြန်လေဟုဆို၏။ ကိုရင်မောင်လည်း အမေ– အမေ့သားကျွန်တော်မှာ လူသေမဟုတ်၊ လူရှင်ဖြစ်ပါသည်။ တံခါးကို ခေတ္တဖွင့်ပါဆိုလျှင် မောင်ရင် အမျှသူ၍ နေရင်းအရပ်ကိုသာ ငြိမ်သိတ်စွာပြန်ပါဆိုသော်လည်း မရ၊ တံခါးကို ဖွင့်လှစ်ပါမည့် အကြောင်းနှင့် ကိုရင်မောင်က ထပ်ကာထပ်ကာ ပြောဆိုသောကြောင့် အမိ မဖားဥသည် အမောင်– အမောင်သည် ငါ့သားမောင်ရင်မောင်ဖြစ်သည်ဟူ၍ အမောင်ပြောသော်လည်း အမေ မယုံမကြည်၊ အမောင်က တံခါးကိုဖွင့်ပါဆိုလျှင် အမေ့မှာ ဖွင့်ရတော့မည်ဆိုပြီးလျှင် တံခါးကိုဖွင့်လှစ်၊ တဲပုတ်ငယ်အတွင်းသို့ ကိုရင်မောင်ဝင်ရောက်မိလျှင် ကိုရင်မောင်မျက်နှာကို ခေစပ်သေချာစွာကြည့်ရှု၊ ကိုရင်မောင်၏ ခြေလက်များကို ဆုပ်ကိုင် စမ်းသပ်ကြည့်ရှုပြီးမှ အမှန် ကိုရင်မောင်ဖြစ်ကြောင်းကိုသိရှိလျှင် အမယ်အိုကြီးသည် ကိုရင်မောင်ကို ဖက်ယမ်း ငိုကြွေး၏။ ကိုရင်မောင်လည်း ယောကျ်ားဝင်စစ်ဖြစ်သော်လည်း ဝမ်းနည်းလှသောကြောင့် မိမိမျက်ရည်ကို မထိန်းမသိမ်းနိုင်သဖြင့် အမိမဖားဥနှင့်အတူ ဖက်တွဲငိုကြွေးမိ၏။

ထို့နောက် အမိမဖားဥလည်း မျက်ရည်ကိုသိမ်းရုပ်မိလျှင် ပွဲခံသည့်နေရာမှ ပတ်မကြီးတီးသံကို ကိုရင်မောင်ကြားက အမေ ဤဆိုင်းကား မည်သည့်အကြောင်းနှင့် တီးမှုတ်သည့်ဆိုင်းပါနည်းမေး၏။ အမိမဖားဥလည်း ကိုရင်မောင် သည်ကဲ့သို့မေးလျှင် စကားခွန်းတုံ့မပြန်ဘဲ ချုံးချုံးချ၍ငိုကြွေးပြန်၏။ မောင်ရင် ဤဆိုင်းအကြောင်းကို အမေ့အား မမေးပါနှင့်။ ဤဆိုင်းမှ ပတ်မကြီးထုသံကို အမေကြားလျှင် အမေ့အသည်းကို လာရောက်ထုနှက်သကဲ့သို့ အမေ့အသည်းနာလှပါသည်။ အမောင်သိလိုလျှင် အခြားသူများကို မေးပါ။ အမေ့ပါးစပ်က ပြော၍မထွက်နိုင်ပါဆိုလျှင် ကိုရင်မောင်လည်း ဤအကြောင်းနှင့် စပ်လျဉ်း၍ သူတစ်ပါးထံ ကျွန်တော်စုံစမ်းသိသာရပြီးဖြစ်ပါသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ အမေကလည်း စကားစပ်၍ မပြောမဆိုပါနှင့်။ ကျွန်တော်လည်း မပြောမဆိုလိုပါပြီ။ အခြားအကြောင်းအရာများကိုသာ တိုင်ပင်နှီးနှောပြောဆိုပါလော့ဟုဆိုပြီးသည့်နောက် ကိုရင်မောင်သည် မည်သို့အားဖြင့် မိမိအသက်ရှည်လျက် ထောင်တွင်းမှ ထွက်ပြေးရသည့်အကြောင်းများကို ပြန်ပြော၊ အမိမဖားဥလည်း ကိုရင်မောင်ထောင်သို့ အကျဉ်းခံရသည့်နောက် မိမိကိုယ်၌ဖြစ်ပျက်သည့်အကြောင်းအရာများကို ပြန်ပြောင်းပြောဆိုကြ၏။

❖ ❖ ❖

Generated by CamScanner from intsig.com

# အခန်း(၁၇)

ယခင်တစ်ခန်းကပြဆိုခဲ့ပြီးသည့်အတိုင်း သားအမိနှစ်ယောက် အပြန်အလှန် ပြောဆိုကြသည့်စကားတစ်ဝက်၌ အမိမဖားဥက မေးသည်မှာ မောင်ရင်– မောင်ရင့်ကို ဤဧရာဝတီမြစ်ကြီးထဲသို့ ပစ်ချလိုက်သည်မဟုတ်ပါလော၊ ပစ်ချလိုက်သည့်မှန်ပါလျှင်လည်း မည်သည့်နည်းနှင့် မောင်ရင် အသက်ရှင်လျက်ရှိနေပါသနည်း။ မူလပထမက မောင့်အအိပ်ဆိုး၍ ရေထဲသို့အပစ်အချ ခံရသည်ကို အမေ လွန်စွာအံ့သြသည်။ ရေထဲသို့ချပြီးသည့်နောက်မှ ယခု အသက်ရှည်လျက် တွေ့မြင်ရသည်ကိုလည်း လွန်စွာပင်အံ့သြသည်ဟု ဆို၏။ ထိုအခါ ကိုရင်မောင် ပြန်ပြောသည်မှာ အမေ– ရေထဲသို့ပစ်ချသည်မှာ ကျွန်တော်အအိပ်ဆိုး၍မဟုတ်၊ ကျွန်တော်တို့ အကျဉ်းခံရသည့်အရာတွင် အဖော်တစ်ယောက်သည် မကျန်းမမာရှိသောကြောင့် သေလျှင် ထိုသူ့အလောင်းကောင်ကို ရေသို့ချလိုက်မည်ကို ကျွန်တော်သိသောကြောင့် ကျွန်တော် လူရှင်သည် လူသေအလောင်းကို တစ်ပါး၌ရွှေ့ပြောင်း လှို့ဝှက်ထားပြီးသည့်နောက် ကိုယ့်ကိုယ်ကို လူသေအယောင်ဆောင်သဖြင့် မြစ်ထဲသို့ ကျွန်တော် အချခံခဲ့ပါသည်။ မြစ်ထဲသို့ ကျွန်တော့်ကိုပစ်ချလိုက်လျှင် ကျွန်တော့်အဖ လေ့သူကြီးဦးဘိုးအိုး၏ကျေးဇူးကြောင့် ရေကူးအရာ၌ အဝဘက်နှင့် စစ်ကိုင်းဘက်ဆိုသော တစ်တန်မျှမဟုတ် နှစ်တန်၊ သုံးတန်မျှ ခေါက်တုံ့ခေါက်ပြန်ကူးနိုင်သည့်အတိုင်း ကျွန်တော်ကူး၍ထွက်ပြေးရာ စစ်ကိုင်းဘက်သို့ရောက်လျှင် စစ်ကိုင်းဘက်တွင် ကိုယ့်ကိုယ်ကိုမလုံသေးထင်သောကြောင့် ရွှေဘိုတပယင်းသို့ ကျွန်တော် ပြေးသွားပါသည်ဆို၏။

အမိမဖားဥလည်း ဤစကားကိုကြားလျှင် ကိုရင်မောင်၏ကျောကို သပ်လျက် ပြောဆိုသည်မှာ လူကလေးမောင်ရင်မောင်– မောင်ရင်မောင်အဘ

Generated by CamScanner from intsig.com

ဦးဘိုးအို ငါ့အားပြောဆိုသည်၊ မှာထားဖူးသည်၊ ဤလူကလေးသည် သာမည မဟုတ်၊ နဖူးရေဒူးရေကောင်းသည်၊ ကြီးပြင်းလျှင် မုချကောင်းစားလိမ့်မည်၊ အကလေးမှုဖြစ်စဉ်က အမြော်အမြင်အရာတွင် ငါ့သားမှာ သူတကာ့သား ထက် ထူးကဲပါပေသည်၊ သူတကာ့သားနှင့်ယှဉ်ပြိုင်လျှင် အစစအရာရာ တွင် ငါ့သားကသာ သာပါသည်၊ ငါ့သားကို ညည်းက မဆိုမဆဲပါနှင့်ဟူ၍ သူမှာထားလျှင် အမေတစ်တန်မျက်ရည်ကျဖူးသည်။ ၎င်းနောက် တစ်ဖန် ငါတို့အိမ်အရှေ့ဘက်က ဘိုးရဆိုသူလူကလေးနှင့် အဝဘက်မှစစ်ကိုင်း၊ စစ်ကိုင်းဘက်မှ အဝဘက် ခေါက်တုံ့ခေါက်ပြန် အသပြာငါးဆယ်မျှအလောင်း အစားပြုလုပ်၍ ငါ့သားကို ဦးဘိုးအို ရေကူးခိုင်းသည့်အရာကိုလည်း အမေ ဤဘဝ မမေ့မလျော့နိုင်ပြီ၊ အကယ်စင်စစ်အားဖြင့် ဘိုးရမျာမှာ ငါ့သား ထက် သုံးနှစ်ခန့်မျှ အသက်ကြီးသော်လည်း ရေကူးသည့်အရာ၌ ငါ့သားကို မတုမဖက်နိုင်ရှာ၊ စစ်ကိုင်းမြို့က အဝဘက်သို့ ပြန်၍မကူးနိုင်ခြင်းကြောင့် လောင်းလှေနှင့်သွားရောက်ယူငင်ရသည်။ ငါ့သားမှာကား မောပန်းခြင်းမရှိ။ အဝမြို့မှ စစ်ကိုင်း၊ စစ်ကိုင်းမြို့မှ အဝမြို့သို့ ပြန်၍ တပြောင်းပြန်ပြန်ကူး၍ လာသောအခါ ဤမျှလောက် ရက်စက်ကြမ်းကြုတ်သော အလုပ်ကို ကျွန်မ သား ဤသူငယ်မောင်ရင်မောင်ကို ခိုင်းစေရက်ပါပေခြင်းဟု အမေ မျက်ရည် တစ်တန် ကျခဲ့ဖူးသည်ဟူ၍ဆို၏။

အမိမဖားဥ ဤသို့ဆိုလျှင် ကိုရင်မောင်လည်း အမေ– လူအများတို့ သည် ကျွန်တော့်ကိုသေပြီထင်သလော၊ သို့မဟုတ် ယခုတိုင် အသက်ရှည်၍ ရှိသေးသည်ထင်သလောမေး၏။ အမိမဖားဥလည်း မောင်ရင်၊ လူအများတို့ သည် မောင်ရင်သေလေပြီဟူ၍သာထင်ကြသည်။ သို့သော်လည်း ဘိုးရနှင့် ရေကူးပြိုင်ကြဖူးသည့်အကြောင်း သတိရသူတို့သည် မောင်ရင် သေကောင်း မှ သေမည်။ အသက်ရှည်၍ ကုလားမင်းနိုင်ငံ အောက်မြို့ကျေးရွာသို့ပြေးပြီး

တွေးသူလည်းရှိသည်ဆိုလျှင် ကိုရင်မောင်လည်း ဤကဲ့သို့ ပြန်ပြော၏။ အမေ– ကျွန်တော်ကား ဤအဝမြို့တွင် တာရှည်စွာမနေနိုင်ပြီ။ ကျွန်တော့်ကို ဖမ်းဆီးမိက ထောင်ထဲသို့လျှင်လည်း ပြန်၍ချထားလိမ့်မည်။ သို့တည်းမဟုတ် အသက်ကိုလျှင်လည်း အသေသတ်လိမ့်မည်။ သို့ဖြစ်သောကြောင့် ကုလားမင်းနိုင်ငံသို့ သေဘေးမှလွတ်အောင် ကျွန်တော်ပြေးရလိမ့်ဦးမည်ဆိုလျှင် အမိမဖားဥသည် ကိုရင်မောင်ကို ဖက်ယမ်းကာဖြင့် ငိုကြွေး၊ ကိုရင်မောင်လည်း အမိမဖားဥငိုကြွေးသည်ကို မြင်လျှင် မချုပ်မတည်းနိုင်သောကြောင့် မျက်ရည်တစ်တန်ကျမိပြန်၏။

ထို့နောက် ကိုရင်မောင်က ပြောဆိုသည်မှာ အမေ– ယခု သန်းခေါင်ကျော်ပြီ။ ကျွန်တော်ကား လူမြင်မခံဝံ့၊ ကျွန်တော့်ကို လူမြင်လျှင် ဖမ်းဆီးလိမ့်မည်။ သို့ဖြစ်သောကြောင့် ကျွန်တော်ကား အဝမြို့အရှေ့တောင် တောထဲတွင် သွားရောက် ခိုအောင်းပုန်းလျှိုးရလိမ့်မည်။ နက်ဖြန်နံနက် ကျရောက်လျှင် ယခု ကျွန်တော်ပေးထားခဲ့သော ကြေးငွေနှင့် ထမင်းဟင်းလျာ ချက်ပြုတ်ပြီးလျှင် လာရောက်ပို့လှည့်ပါ။ တောတွင်းသို့ရောက်ကာလ အမေ ချောင်းဟန့်ပါ။ အမေ့ချောင်းဟန့်သံကြားလျှင် ကျွန်တော်တုံ့ပြန်၍ ချောင်းဟန့်ပါမည် မှာထားပြီးသည့်နောက် ကိုရင်မောင်သည် အမိမဖားဥအား ဦးသုံးကြိမ်ချပြီးလျှင် မဖားဥတဲပုတ်မှ ထွက်ခွာသွားမည်အကြံဖြင့် ယခင်မိမိခလုတ်တိုက်မိသောတူရွင်းကို မိမိပခုံးပေါ်တွင် ထမ်းဆောင်လျက် အဝမြို့အရှေ့တောင်ထောင့်သို့ ရှေးရှုသွား၏။

ဤကဲ့သို့သွားသည်အတွင်း ကိုရင်မောင် စဉ်းစားမိသည်မှာ ငါ့အဖကား ပစ္စည်းရှိသည့်နေရာ ငါမရောက်ရောက်အောင် သေချာစွာ မှာထားသွားသည်။ မယ်ဇယ်ပင်ကြီးခုနစ်ပင်ရှိသည်ဆိုသည်၊ ၎င်းခုနစ်ပင်ကို မရှေ့ရှေ့အောင် ရေတွက်ရမည်။ ရှေ့အောင်ရေတွက်မိလျှင် တစ်ပင်နှင့်တစ်ပင် အစဉ်

အဆက်သွားသည့် ခြေရာလမ်းကြောင်းသည် အကွရာ(ဇ)ဇကွဲပမာဏထင်လိမ့်မည်။ ထိုဇကွဲအကွရာ၏ ဝတ်ဆံကျရာ၌ ပစ္စည်းရှိသည် မှာထားသည်ဟု စိတ်ကူးလျက် ရှေးရှုသွားရာ မှာထားသော အရပ်ဒေသတွင် သစ်ပင်တစ်ပင်၏အပေါ်သို့ရောက်လျှင် ဤအပင်ကား မယ်ဇယ်ပင်နှင့် အလားတူသည်ဟူ၍ မျှော်ခေါ်ကြည့်ရှုပါသော်လည်း ထိုညဉ့်၌ ဆန်းလျက်ရှိသော လသည် သန်းခေါင်ကျော်သောကြောင့် အနောက်စစ်ကိုင်းဘက်တောင်ခြေဖုံးကွယ်ဆဲဖြစ်သဖြင့် ကောင်းမွန်စွာ မကွဲမပြားရှိလျှင် အသေအချာကြည့်ရှုရအောင် အပင်အောက်သို့ ဝင်ရောက်၏။

ထိုအခါ ကိုရင်မောင်သည် အခါတစ်ပါးနှင့်မတူ မမယ်မအိမ်ထောင်ကျသောကြောင့် လူ့ဘဝတွင်မျှ မနေချင်သလောက် စိတ်လက်ပျက်သည့်နောက် အမိမဖား၌ ဒုက္ခဆင်းရဲကြီးစွာ ရောက်လျက်နေသည်ကို တွေ့မြင်ရပြန်သဖြင့် လွန်စွာ စိတ်နှလုံးကျလျက်ရှိသည့်ပြင် ညဉ့်သန်းခေါင်အချိန်တောကြီးတွင်းသို့ တစ်ကိုယ်တည်း လာရောက်ရသည့်အရာ၊ လာရောက်ရသည့်အရာမှာလည်း နှစ်လရှည်စွာ သူတစ်ပါးမြေတွင် မြှုပ်လျက်ထားသော ပစ္စည်းဥစ္စာ အမြောက်အမြားကို တူးဖော်ရန် လာရောက်ရသည့်အရာ၊ သည်ကဲ့သို့သော ပစ္စည်းများနှင့်စပ်လျဉ်း၍ နာနာဘာဝ၊ ဝိနာဘာဝ အနှောင့်အယှက် အခြောက်အလှန့်ရှိတတ်သည်ဟူ၍ လူတို့ဝေါဟာရပြော ဆိုမြဲပြုကြသည့်အရာများကို အောက်မေ့မိလျှင် ကိုရင်မောင်သည် လိပ်ပြာငယ်၍ တုန်လှုပ်ခြင်းဖြစ်၏။ သည်ကဲ့သို့ ကြောက်ရွံ့တုန်လှုပ်လျက်နှင့် သစ်ပင်အောက်သို့ဝင်မိလျှင် 'မောင်ရင်မောင်မကြောက်နှင့်'ဟူသော သေသူ မိမိအဖအသံကို ကြားရ၏။ သည်ကဲ့သို့ကြားသည်ကို အမှန်မှုချပင်ကြားသည်၊ သို့တည်းမဟုတ် မိမိလိပ်ပြာငယ်သည့်အခါဖြစ်၍ ကိုယ့်လိပ်ပြာကိုယ်ပင်ပြန်၍ခြောက်သည်ကို စဉ်းစားဆင်ခြင်ရာမရ၊ အသံကြားသည့်နေရာ သစ်ပင်

Generated by CamScanner from intsig.com

ပေါ်သို့ မျှော်၍ကြည့်ရှုပါသော်လည်း တစ်စုံတစ်ရာမျှမမြင်ရ၏။ ကိုရင်ဖောင်လည်း ညှိနေရာမှ နောက်သို့ဆုတ်၍ပြန်မည်ပြုသည်။ တစ်ဖန်ရှေ့သို့တိုး၍သွားမည်လည်းတစ်ဝ အနည်းငယ်မျှ ပုံပြုကြည့်ပြီးနောက် ရှေ့လှမ်း၍ကြည့်ရှုရာလည်း လမင်းကွယ်ပျောက်၍ မှောင်အတိပျောက်ချိုး မမြင်ရကြောင်း ညှိနေရာတွင်ပင် နံနက်အရုဏ်တက်သည့်တိုင်အောင် စောင့်ဆိုင်းလျက် နေရှာ၏။

သည်ကဲ့သို့ စောင့်ဆိုင်းနေရာ အရှေ့မှုန်းမှုန်းမှ အလင်းရောင်ရောက်လာသောကြောင့် ကြည့်ရှုလိုက်လျှင် မိမိဆိုင်းမှုလျက်နေသော သစ်ပင်သည် မယ်ဇယ်ပင်ဖြစ်ကြောင်းကို အသေအချာသိရ၏။ ရှေ့သို့ လှမ်းကြည့်ပြန်ရာ သဏ္ဌာန်တူသော အပင်တစ်ပင်ကို အတောင်တစ်ရာခန့်တွင် မြင်ပြန်သောကြောင့် သွားပြန်သဖြင့် ဒုတိယမယ်ဇယ်ပင်ဖြစ်ကြောင်းကိုသိရှိ၍ ဝမ်းမြောက်ခြင်းဖြစ်၏။ ရှေ့သို့လည်း သည်ကဲ့သို့ပင် တတိယမယ်ဇယ်ပင်တွေ့ရှိပြီးသည့်နောက် တစ်ပင်မှတစ်ပင်သို့ အပင်ရေ(၇)ပင်စေ့အောင် ရေတွက်၍ တဖြည်းဖြည်းသွားရာ (၇)ပင်စေ့ရောက်လျှင် မိမိလမ်းကြောင်းသည် အဘရာသည့်အတိုင်း (၈)အကူရာဟုတ်မဟုတ်၊ ဟုတ်လျှင်လည်း ၎င်းအကူရာဝတ်ဆံသည် မည်သည့်အပင်တွင်ကျရောက်မည်ကို စဉ်းစားဆင်ခြင်နေသည့်အတွင်း ယခင် မိမိရေတွက်လာသော အဆုံးမယ်ဇယ်ပင်အရင်းသို့ (၈)ဝတ်ဆံကျရောက်ရာသည်ထင်သောကြောင့် ကြည့်ရှုလိုက်ရာ မိုးမသောက်သေးသဖြင့် မြူမှုန်ဆိုင်းဝေလျက်ရှိသော်လည်း ဆိုခဲ့သည့် မယ်ဇယ်ပင်အောက်တွင် အဝတ်ဖြူ ခေါင်းပေါင်းဖြူဝတ်ဆင်ထားသော လူတစ်ယောက်သည် မတ်တတ်ရပ်လျက် မိမိလက်၌စွဲကိုင်သော တောင်ဝှေးသဏ္ဌာန်ရှိသော တုတ်တစ်ချောင်းနှင့် မယ်ဇယ်ပင်ကြီး၏ အရင်းအမြစ်ကို ကြိမ်ဖန်များစွာ ထိုးအွသည်ကို မြင်ရသဖြင့် ထူးလှသောကြောင့် ကိုရင်ဖောင်သည် တရွေ့ရွေ့ချဉ်းကပ်သွားရာ ထိုနေရာ၌ မည်သူ တစ်စုံတစ်ယောက်မျှမမြင် ပျောက်ကွယ်သွားသည်ကို သိရပြန်၏။

Generated by CamScanner from intsig.com

ထိုအခါ၌လည်း ကိုရင်မောင်သည် ယခင်ဆိုခဲ့သောလူကို အမှန်ပင် မိမိမြင်သည်၊ သို့တည်းမဟုတ် မိမိအဖကို မိမိစိတ်၌ မှန်းတန်းသဖြင့် မိမိ စိတ်က ထင်ရုပ်ရှိသည်ကို မဝေခွဲနိုင်အောင်ရှိ၏။ သို့သော် ငါ့အဖမှာထား သောအပင်ကား ဤအပင်ပင်ဖြစ်သည်။ အပင်(၇)ပင် စိစဉ်လျက်ရှိသည့် အနေအခြေမှာလည်း ဤအပင်တွင်ပင် ဝတ်ဆံကျရာသည်ဟု အောက်မေ့ ပြီးလျှင် အမိအိမ်မှ မိမိယူဆောင်လာသော တူရွင်းငယ်ဖြင့် ယခင်အဝတ်ဖြူ ဝတ်ဆင်သူ ထိုးဆွသည့်နေရာတွင် တူးဖော်၏။ သည်ကဲ့သို့ အတန်ငယ် တူးဖော်၍ တစ်ထွာကျော် တောင်ဆုပ်ခန့်ကျရောက်လျှင် ကျောက်ပြားတစ်ခု ကို တူးလှန်မိ၏။ သည်ကဲ့သို့တူးလှန်မိလျှင် ပေရွက်အရွက်ကို တွေ့မြင်၏။ ထိုပေရွက်ကိုကြည့်ရှုလိုက်ရာ မိုးလင်းပြီဖြစ်သောကြောင့် စာနှစ်ကြောင်း မြင်၏။ ၎င်းစာနှစ်ကြောင်းကား အမှုအောင်ပြီ၊ နောင်အဖို့ အမှုကို အစစ အရာရာ သတိပြု၍ဆောင်ရွက်ပါလေဟုပါ၏။ ကိုရင်မောင်လည်း လက်ရေး ကို မြင်ကာမျှဖြင့် မိမိအဖ ဦးပေါ်လာရေးထားခဲ့သောလက်ရေးဖြစ်ကြောင်း ကို သိရှိလျှင် မိမိအဖသည် ဤစာကို မည်သည့်အခါက ရေးသားထားသည် ကို စဉ်းစားဆင်ခြင်လျက် ရှေ့သို့ ဆက်လက်၍ တူးဖော်ပြန်၏။ သည်ကဲ့ သို့ တူးဖော်ရာတွင်မှ စဉ့်အိုးရှယ်ရှယ် တစ်လုံးမှတစ်လုံး၊ ငါးလုံး တွေ့မြင် ၏။ စဉ့်အိုးတစ်လုံး၌ ငွေခွက်ရွှေခွက်၊ ထို့ပြင် စဉ့်အိုးတစ်လုံး၌ မိန်းမတို့ ဝတ်ဆင်သော စိန်၊ မြ၊ ပတ္တမြား ခြယ်လှယ်သော နားတောင်း၊ ပုတီး စသည့် လက်ဝတ်လက်စား။ ထို့ပြင် စဉ့်အိုးငယ်တစ်လုံးအတွင်း၌ ကွမ်းအစ် ငယ်တစ်လုံး တွေ့မြင်ရာ ထိုကွမ်းအစ်အတွင်း အပေါ်အံ၌ မြလုံးဘူးတစ်လုံး တွေ့မြင်၏။ အောက်ဆုံးအမတွင် ချောက်ချောက်သံကြားသောကြောင့် ဖွင့် လှစ်ကြည့်ရှုပြန်ရာ ကွမ်းအစ်အမတစ်ခုလုံးသည် ထိန်ထိန်ဝင်းမျှတောက်ပ လျက်ရှိသော စိန်အမြောက်အမြားကို တွေ့မြင်ရ၏။ ၎င်းပြင် စဉ့်အိုးတစ်လုံး

ကို ရှုကြည့်ပြန်ရာလည်း ကွမ်းအစ်တစ်လုံးကို တွေ့မြင်ပြန်သောကြောင့် အောက်အမကို ဖွင့်လှစ်ကြည့်ရှုပြန်ရာ ပတ္တမြားကျောက်နီအလုံးရေများစွာ တွေ့မြင်ပြန်၏။ ၎င်းနောက်တစ်ခုသော စဥ့်အိုးကြီးမှ ရရှိပြန်သော ရွှေကွမ်း အစ်တစ်လုံးမှာ ထိပ်ဝအလယ်ချက်၌ ကြီးမားလှသော မြတစ်လုံး၊ ၎င်းမြ တစ်လုံးကို စိန်ဝန်းရံခြယ်လှယ်သည် တစ်ထပ်၊ ၎င်းမှတစ်ဆင့် ပတ္တမြား ကျောက်နီဝန်းရံသည်တစ်ရပ်၊ ဤကဲ့သို့လျှင် စိန်တစ်ထပ်၊ ပတ္တမြားတစ်ထပ်၊ မြတစ်ထပ် စီမံခြယ်လှယ်သော ရွှေသားကွမ်းအစ်အတွင်း ဖွင့်လှစ်ကြည့်ရှုရာ ကမ္ပည်းပါသော စာတစ်ရွက်ကို တွေ့ပြန်၏။ ထိုစာ၏သဘောကား ဤ ပစ္စည်းများသည် မိဖုရားခေါင်ကြီး မည်သူ့ပစ္စည်းဖြစ်ပါသည်။ ဤပစ္စည်းကို တွေ့ရှိသောသူတို့သည် မိဖုရားခေါင်ကြီးအသက်ရှည်လျက်ရှိသေးက အနည်း ငယ် မျှတ ထောက်ပံ့ကြပါ။ မိဖုရားခေါင်ကြီး ရာဇဝတ်နှင့် အသက်သေရလျှင် လည်း ထိုပစ္စည်းကို စားထိုက်သူယူ၍ ခံစံစားကြပါကလည်း အမျှဝေကြ ပါဟူ၍ပါ၏။

ကိုရင်မောင်လည်း စာလက်ရေးကိုမြင်လျှင် ဤကားအခြားသူ လက် ရေးမဟုတ်၊ ငါ့အဖလက်ရေးပင်ဖြစ်သည်။ ယခု ငါတွေ့ရှိသောပစ္စည်းများ ကို မြေမြှုပ်မည့်အခါ၌ ရေးသားခဲ့သောစာပင်ဖြစ်သည်ဟူ၍ အောက်မေ့ပြီး နောက် ငါ့အမိလည်း နေလုံးပေါ်လျှင် ငါ့ထံထမင်းပို့ရန် ရောက်လိမ့်မည်။ လာရောက်ချိန်နီးပြီဖြစ်သောကြောင့် ဤပစ္စည်းများကို ဖုံးအုပ်၍ ထားဦးမှ သင့်မည်။ ငါ့အမိ မဖားဥလည်း မိန်းမမျှဖြစ်သည်။ မိန်းမတို့မည်သည်လည်း လောဘလည်းရှိတတ်သည်။ စကားတစ်ခုကိုရလျှင် သူတစ်ပါးနားသို့ ပြော ကြားတတ်သည်။ ယခုတင်က ငါတူးဖော်၍ရသော ရွှေခွက်၊ ငွေခွက်၊ ကျောက်သံပတ္တမြား စသည်များကို ငါ့အမိမဖားဥတွေ့မြင်က သတင်းစကား ဖြစ်ပွားလိမ့်မည်။ သို့ဖြစ်သောကြောင့် ဤပစ္စည်းများကို အမိမဖားဥမမြင်မှ

Generated by CamScanner from intsig.com

သင့်မည်ကြံစည်ပြီးလျှင် ဆိုခဲ့သောပစ္စည်းများကို မြေတွင်ပြန်၍ ဖုံးအုပ်ပြီးနောက် တစ်ပါးသင့်ရာက သွားရောက်စောင့်ဆိုင်းနေ၏။

❖❖ ❖❖ ❖❖

Generated by CamScanner from intsig.com

## အခန်း(၁၈)

ကိုရင်မောင်သည်ဆိုခဲ့သည့်အတိုင်း အမိမဖားဥကို စောင့်ဆိုင်းနေရာ မကြာမီပင် အမိမဖားဥချောင်းဟန့်သံကိုကြား၏။ ကိုရင်မောင်လည်း ယခင်မှာထားသည့်အတိုင်း တုံ့ပြန်၍ ချောင်းဟန့်အသံကိုပြု၏။ သားအမိနှစ်ယောက်တွေ့ဆုံမိကြလျှင် အမိမဖားဥလည်း မိမိယူဆောင်လာသောအစားအသောက်များကို သားကိုရင်မောင်အား ကျွေးလေ၏။ သည်ကဲ့သို့ကျွေးသော စားဖွယ်သောက်ဖွယ်များကို စားသောက်ပြီးသည့်နောက် အမိမဖားဥဆိုသည်မှာ မမယ်မတစ်ယောက်သည် သူတစ်ပါးနှင့် လက်ဆက်အိမ်ထောင်ပြုရသည့်အရာ၌ ငါ့သားကို မရှုစ်ခင် မစုံမက်၍မဟုတ်ပေ။ ငါ့သားမောင်ရင်မောင်မရှိ၊ သေလေပြီထင်သည့်နောက် သူ့အဖဦးသာစုသေဆုံး၊ အိမ်တွင်ပစ္စည်းပျက်ပြုန်း ပါးရှားလှသဖြင့် စားရာမဲ့ သောက်ရာမဲ့ဖြစ်လျှင် မြေတ်သာနှင့် သူတစ်ပါး စပ်လာသောကြောင့် မလွှဲသာ၍ အိမ်ထောင်ပြုရခြင်းဖြစ်သည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ငါ့သားက စိတ်မခုနှင့်ဆို၏။ ကိုရင်မောင်လည်း အမေ– မမယ်မကြောင်းနှင့် စပ်လျဉ်း၍ အမေကလည်း မပြောဆိုပါနှင့်၊ ကျွန်တော်ကလည်း မပြောမဆို မလိုပါဟူ၍ လွန်ခဲ့သောညက အမေ့အား ကျွန်တော် မှာထားပါသည်။ မမယ်မအကြောင်းနှင့်စပ်၍ ကျွန်တော့်အား ရှေ့သို့ဆက်လက်၍ မပြောလေနှင့်ဟု ပြန်ပြော၏။

ကိုရင်မောင်သည် မမယ်မအကြောင်း စကားစပ်၍မပြောပါလေနှင့်ဟု အမိမဖားဥအား မြစ်တားသော်လည်း မိမိကိုယ်တိုင်မှာကား မမယ်မအကြောင်းစိတ်မကူးဘဲမနေနိုင်သဖြင့် ငါ့အမိပြောသည့်စကား မှုချမှန်သည်။ ငါသေပြီဟု စိတ်လုံးလုံးချစေကာမူလည်း အမိမစာမှစ၍ သူတစ်ပါး အပူ

ဘပြင်း မသွေးမဆောင် မတိုက်မတွန်းက သူ့အိမ်ထောင်ပြုမည်မဟုတ်၊ မည်သို့ပင်တိုက်တွန်းစေကာမူလည်း ကိုယ့်ကိုယ်ထူထောင်နိုင်ရုံမျှ ဉစ္စာအင်အားရှိသည်မှန်က မမယ်မသည် မြေတ်သာနှင့် အိမ်ထောင်ပြုမည်မဟုတ်၊ ယခုမှာကား အကြောင်းကြောင်းမျိုးစုံသည့်ပြင် အကြံကုန်အောင် ဆင်းရဲလှ၍သာ သူ့အိမ်ထောင်ပြုရရှာပေသည်။ အဝမြို့သို့ ငါဆိုက်ရောက်သည်မှာတစ်ရက်တည်းမျှ နောက်ကျသည်။ မင်္ဂလာမပြုမီတစ်ညက ငါဆိုက်ရောက်ခဲ့ပါလျှင် ကြံသာဖန်သာမည်ဖြစ်၍ ဤကဲ့သို့မဖြစ်ရ။ ယခုမှာကား ငါဝိရိယနည်းပါးသောကြောင့် မမယ်မခမျာ လွန်ခဲ့သော တစ်ညကပင် မြေတ်သာ၏မယားဖြစ်ရရှာလေပြီတကားဟု တွေဝေစဉ်းစားနေရာတွင် မဖားဥလည်းငါ စကားစမိသောကြောင့် မှိုင်လျက်နေရှာပြီ။ အခြားစကားကို ငါထောက်၍ပြောဦးမှုဆင့်မည် အကြံပြုပြီးလျှင် မောင်ရင်– ရွှေဘိုတပယင်းအရပ်သို့အမောင်သွား၍နေရာ မည်သည့်အလုပ်အကိုင်ကိုလုပ်ကိုင်၊ မည်သို့နေထိုင်စားသောက်ခဲ့ပါသနည်းဟု မေးကာလ ကိုရင်မောင်သည် တွေဝေလျက်နေရာမှ သတိရပြီးလျှင် မိမိဖြစ်ခဲ့သမျှကို ဇေ့ငုသေချာစွာ ပြောသည့်အနက်တပယင်းမြို့ ဘုန်းတော်ကြီး ဦးဝရလက်ာရကျောင်းတွင် တည်းခိုနေထိုင်သည့်အတွင်း မိမိလည်ပင်းကို မြေတ်သာနင်းသည် အိပ်မက်သောကြောင့်အိပ်ရာမှ ယောင်ယမ်း၍ ကျောင်းသားသူငယ်ကို မြေတ်သာမှတ်ပြီးလျှင်ထိုးကြိတ်မိသည့်အကြောင်း ကျရောက်ကာလ လရက်ကိုတွက်စစ်ကြည့်ရှုရာ မမယ်မက မြေတ်သာကိုယူပါတော့မည် စကားတုံ့ပြန်သည့်နေ့နှင့် တိုက်ဆိုင်မိကြောင်းသိရှိရ၏။ သည်ကဲ့သို့ သိရှိရပြန်လျှင်လည်း ငါ၏ကိုယ်စောင့်နတ်၊ နတ်သူတော်ကောင်းတို့သည် ငါ့ကို သတိပေးနှိုးဆော်ရှာကြပါလျက်ငါထိုင်းမှိုင်း၍သာလျှင် မရိပ်မိ မသိရှိလေသည်ဟု ကိုယ့်ကိုယ်ကို အပြစ်တင်မိပြန်၏။

ထို့နောက်မှ ရုတ်တရက်သတိရ၍ ဆက်လက်ပြောပြန်၏။ သည်ကဲ့သို့ ပြောရာ၌ မစောတင်အကြောင်းကိုပြောက အမိအမေးအမြန်းထူထပ်သဖြင့် စကားရှည်လျားမည်ပြင် သင်းလင်ယူလို့ရှိမှ မောင်ရင် မယားယူပါတော့ကောဟု အမိပြောမည်တစ်ချက်၊ ပိန်းမချင်းကိုယ်ချင်းစာသဖြင့် မစောတင်နှင့်သာ အိမ်ထောင်ပြုပါလေဟု တိုက်တွန်းလျှင် မိမိကိုယ်တိုင် စိတ်ပါပြီးဖြစ်သည့်အတိုင်း လိုက်နာမိများပြီးလျှင် သေဘေးကျရောက်မည်စိုးရိမ်သည်တစ်ချက်ကြောင့် မစောတင်အကြောင်းကို အရိပ်အမြွက်မျှမဆိုဘဲ ခြွင်းချန်ပြီးလျှင် အခြားဖြစ်ပျက်ခဲ့သမျှကို ကုန်စင်အောင် ပြောပြပြီးနောက် အမိအား ဤသို့မှာထား၏။ အမေ– ကျွန်တော် အောက်မြို့ကျေးရွာသို့ သွားရောက်ကာလ အမေမှာ အားကိုးရာမဲ့ ဖြစ်လိမ့်မည်။ သူတစ်ပါးကို များစွာမစိုးရိမ်။ ကျွန်တော့်အမိဖြစ်သည့်အကြောင်းသက်သက်ကြောင့် မြေတ်သာက အမေ့ကို နှောင့်ယှက်လိုသောဆန္ဒရှိလိမ့်မည်။ သို့ဖြစ်သောကြောင့် ကျွန်တော်မရှိသည့်နောက် အမေ့၌ အရေးတစ်ခုံကိုယ်တွင်ကြုံ၍ရှိက စစ်ကိုင်းဘက် တောင်ဖီလာဆရာတော်ကျောင်းတော်ရှိ ဆရာတော် ခမည်းတော် ကပ္ပိယကြီးဦးဖြူတုတ်ထံ အကြောင်းကြားလျှင် အမေ့အား ထောက်မလိမ့်မည်။ စိတ်ချ၍သွားရအောင် ယနေ့ညနေပင်လျှင် ကျွန်တော် သွားရောက်ပြီးလျှင် မှာထားမည်ဟုဆို၏။ မဖားဥလည်း ကောင်းလှပြီဟု ပြော၏။

ထို့နောက် ကိုရင်မောင်သည် အောက်မြို့ကျေးရွာသို့ သွားသောအခါ ယမန်နှစ်က ရွှေဘိုတပယင်းသို့သွားသည့်နည်းစနစ်အတိုင်း မျက်လှည့်ဆရာအယောင်ဆောင်၍ သွားမှ သင့်မည်အောက်မေ့သဖြင့် အမိအား ဤသို့ပြော၏။ ကျွန်တော် အောက်မြို့ကျေးရွာသို့သွားမည်ဆိုသော် တောင်းနှစ်လုံးနှင့် ဆိုင်းထမ်းပိုးလိုသည်။ ထမ်းပိုးမှာ တောထဲတွင် လွယ်လင့်စွာရနိုင်ပါသည်။ နက်ဖြန် အမေ ထမင်းပို့ လာသောအခါ တောင်းနှစ်လုံး ရှာကြံဝယ်ခဲ့ပါ။

ဝယ်ယူသောအခါ၌လည်း လူသူလေးပါးမရိပ်မိနိုင်အောင် သတိပြု၍ တစ်လုံးစီ အသီးအခြားပြုပြီးလျှင် လူအသီးအခြားထံမှဝယ်ပါ။ ရရှိ၍ ကျွန်တော့်ထံ ယူလာသောအခါသည် သူတကာမြင်က တောင်းတစ်လုံးတည်းထင်မှတ်အောင် တစ်လုံးအတွင်းသို့ တစ်လုံးသွင်း၍ ရွက်ခဲ့ပါဟု မှာထားပြီးနောက် အမိမဖွားဥအိမ်သိုပြန်လျှင် ထင်းခွေရာမှ ပြန်လာသည် သူတစ်ပါးထင်မှတ်စေခြင်းငှာ ထင်းခြောက်အနည်းငယ် ရှာဖွေစည်းနှောင်၍ ပေးလိုက်၏။ မဖွားဥလည်း ကိုရင်မောင် ညစာအဖို့ ထမင်းဟင်းအနည်းငယ်ကို ဖက်နှင့်ထုပ်၍ပေးခဲ့ပြီးလျှင် ထင်းစည်းကိုရွက်၍ အိမ်သို့ ပြန်သွား၏။

သည်ကဲ့သို့ အမိမဖွားဥပြန်သွားသည့်နောက် ကိုရင်မောင်လည်း နံနက်က မိမိတူးဖော်တွေ့ရှိသော ပစ္စည်းဥစ္စာရပ်များကို အသေအချာကြည့်ရှုပြန်ရာ ရွှေခွက်များထည့်သည့်အိုးတွင် ရွှေခွက်များအလယ် ရွှေကြုတ်တစ်ခုကို တွေ့မြင်၏။ ထိုရွှေကြုတ်ကို ဖွင့်လှစ်ကြည့်ရှုကာလ ရွှေသက်န်းဖြင့် ခြုံမံထားသော ရုပ်ပွားတော်တစ်ဆူ၊ ထိုရုပ်ပွားကိုယ်တော်နှင့်အတူ ရွှေပေလွှာတစ်ချောင်ကို တွေ့မြင်ရ၏။ ထိုရုပ်ပွားတော်၏ နဖူး၌ မြတစ်လုံးခြယ်လှယ်လျက်ရှိ၏။ ရွှေပေလွှာပါ ကမ္ပည်း၌ မဟာဗောဓိသားအစစ်ကို ဆုလုပ်သည်ဟု ပါသဖြင့် ထိုဝတ္ထုကြား ရာဇဝတ်ကို တိမ်းရှောင်နေရသူ ငါကဲ့သို့သော လူနှင့်မလျော်၊ တောင်ဖီလာဆရာတော်ဘုရားကို ကပ်လှူရန် ရည်စူးမိ၏။ ၎င်းပြင် အောက်မြို့ကျေးရွာသို့ သွားရောက်ကာလ အသုံးပြုရန် ပတ္တမြားကျောက်နီအနည်းငယ်၊ မြအနည်းငယ် ထုတ်နုတ်ယူငင်ပြီးသည့်နောက် ကျန်ပစ္စည်းများကို နေရာဟောင်းတွင်ပင် ပြန်၍မြှုပ်ထား၏။

❖❖ ❖❖ ❖❖

# အခန်း(၁၉)

ထိုနေ့ညနေ နေဝင်ရှုံမှောင်စပြုလျှင် မိမိပုန်းအောင်းသောတောတွင်းမှ မြစ်ဆိပ်သို့သွားရောက်၊ မြစ်ဆိပ်ကမှ လှေငယ်တစ်ခုကို တိတ်တိတ်ခိုးယူ၊ စစ်ကိုင်းဘက်သို့ ကူး၍သွားရာ တစ်ဖက်ကမ်းသို့ရောက်ကာလ သင့်ရာအရပ်တွင် လှေငယ်ကို ဝှက်ထားပြီးလျှင် တောင်ဖီလာဆရာတော်ကျောင်းသို့ အမြန်သွားရောက်၏။ ထိုအခါ၌ ကိုရင်မောင်လည်း ကပွိယဦးဖြူတွတ်ထံသွားမည်အကြံဖြင့် တောင်ဖီလာဆရာတော်ကျောင်း၊ ဘုရားဆောင်အပါးမှ ဖြတ်သန်း၍သွားရာ ထိုအခါ ဆရာတော်ဘုရားသည် ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းနေဆဲအခါဖြစ်၍ လှုရိပ်မြင်လျှင် ဟဲ့– မည်သူလဲဆိုလျှင် ကိုရင်မောင်လည်း တပည့်တော် မောင်ဘိုးရင်ပါဘုရားဟု လျှောက်ထား၏။ ဆရာတော်ဘုရား ဝမ်းသာအားရရှိသည့် လက္ခဏာဖြင့် ငါ့တပည့်– ကျောင်းပေါ်သို့တက်ခဲ့ဦး အမိန့်တော်ရှိ၏။ ကိုရင်မောင် ကျောင်းပေါ်သို့တက်မိလျှင် မောင်ဘိုးရင် တစ္ဆေမြင်ဖူးပါ၏လောဟုမေး၏။ ကိုရင်မောင်လည်း မမြင်ဖူးကြောင်းပြန်၍လျှောက်ထားလျှင် တောင်ဖီလာဆရာတော်ဘုရားသည် မောင်ဘိုးရင်ကား ဗေဒင်ကျမ်း၊ ဗိန္ဒောကျမ်းများ တစ်ဖက်ကမ်းခပ်မျှ တတ်ကျွမ်းသူမှန်သော်လည်း တစ္ဆေသူရဲကိုမြင်သော် မောင်ဘိုးရင် ရဲပါမည်လော မေး၏။ ကိုရင်မောင်လည်း တပည့်တော်ကား အာမဝန်မခံဝံ့ရှိပါသည်။ သို့သော်လည်း ဆရာတော်ဘုရားအပါးက နေရလျှင် မည်သည့်တစ္ဆေသရဲကိုမျှ ကြောက်ရွံ့ခြင်းမရှိ မြင်ဝံ့ပါ၏ဟု လျှောက်ထား၏။ ဆရာတော်ဘုရားသည် မောင်ဘိုးရင် ငါ့နောက်ကလိုက်ခဲ့ဟုဆိုပြီးလျှင် ကျောင်းပေါ်မှဆင်းသက် ကျောင်းလှေကားရင်းသို့ရောက်ကာလ ငါ့တပည့်မကြောက်နှင့်၊ တစ္ဆေသူရဲကိုခေါ်၍

Generated by CamScanner from intsig.com

ပြမည်ဆိုပြီးလျှင် ဟဲ့ကောင်တွေ– ငါတပည့် မောင်ဘိုးရင်လာသည့်အခိုက် ရုပ်နာမ်ဖန်တီး၍ပြကြစမ်းဟူ၍ ကျယ်စွာသောအသံဖြင့် ဟစ်အော်၏။ ကိုရင်မောင်လည်း တစ္ဆေကိုမြင်ရတော့မည်ဟု သတိပြု၍ ကြည့်ရှု၏။ သို့ကြည့်ရှုပါသော်လည်း တစ်စုံတစ်ရာမျှမမြင်၊ ထူးခြားခြင်းမရှိသည့်အတွင်း တောင်ဖိလာ ဆရာတော်ဘုရားသည် ယခင်ကထက် ကျယ်မြင့်သောအသံနှင့် ယခင်ကကဲ့သို့ပင် ထပ်မံတစ်ကြိမ်အော်ဟစ်၊ တစ်ကြိမ်မှနှစ်ကြိမ်၊ ကြိမ်ဖန်များစွာ အော်ဟစ်၍မျှ တစ္ဆေသူရဲတို့ မရောက်မလာကြလျှင် ဆရာတော်ဘုရားသည် ယနေ့ညကား လွန်စွာထူးခြားသည်၊ ညတိုင်းညတိုင်းမှာ ငါခေါ်လိုက်လျှင် တစ္ဆေသရဲတို့သည် မနေနိုင်၊ ငါ့မျက်မှောက်သို့ လာရောက်ကြသည်။ ယခုကား တစ်စုံတစ်ယောက်သော တစ္ဆေစုန်းနတ်မျှပင်လျှင် မနွံမနှာ ရှိနေသည်၊ အကြောင်းမည်သို့ရှိသည်မသိရသေး၊ အကြောင်းကိုသိရအောင် ငါ စုံစမ်းဦးအံ့ဟု ပြောပြီးလျှင် ကိုရင်မောင်ကို ကျောင်းပြင်သို့ ခေါ်သွား၏။ ကျောင်းပြင်သို့ရောက်ကာလ ယခင်နည်းအတိုင်း တစ္ဆေစုန်းနတ်တို့ကိုခေါ်ပြန်ရာမရ၊ မနွံမနှာရှိနေလျှင် ဤအရာကား လွန်စွာထူးခြားလှသည် ငါ့တပည့် မောင်ဘိုးရင်၌ ငါ့ထက်လွန်ကဲသော အာဏာအထူးရှိပြီ။ ဤအကြောင်းကြောင့်သာလျှင် ငါမွေးမြူးထားသောသူရဲသဘက်တို့ မလာမရောက်ဘဲရှိသည်။ မောင်ဘိုးရင် ဤနေရာတွင်နေဦးဆိုပြီးသည့်နောက် ဆရာတော်ဘုရားသည် ကျောင်းတွင်းသို့ဝင်ပြီးလျှင် အိပ်ပျော်လျက်ရှိသော ကျောင်းသားသုံးဦးအနက် တစ်ဦးသော ကျောင်းသားကို နှတ်သွင်းသည်၊ သည်ကဲ့သို့သွင်းသောအခါ အိပ်ပျော်လျက်နှင့်ပင် ကျောင်းသားကို နတ်ဝင်သောကြောင့် ထ၍ထိုင်ပြီးလျှင် ဆရာတော်ဘုရားအားဦးချ၏။ ဆရာတော်ဘုရားလည်း တစ္ဆေသူရဲတို့သည် ယနေ့ည ငါ ၇ကြိမ်၊ ၈ကြိမ်တိုင်အောင်ခေါ်ပါသော်လည်း မနွံမနှာရှိသည် အကြောင်းမည်ကဲ့သို့နည်းမေး၏။ ကျောင်းသားကလေးသည် အရှင်ဘုရား– အရှင်ဘုရား

နှင့်အတူပါသောပုဂ္ဂိုလ်၏ကိုယ်၌ ဝတ္ထုတစ်ခုပါပါသည်။ ထိုဝတ္ထုအပါးသို့ ချဉ်းကပ်ရန်မှာ သီလ၊ သမာဓိ စွဲမြဲသောသူသာလျှင် ချဉ်းကပ်နိုင်ပါသည်၊ တပည့်တော်တို့သည်ကား အရှင်ဘုရား၏ အာဏာကို လွန်စွာကြောက်ရွံ့သော်လည်း တပည့်တော်တို့သည် ထိုသူ၏အပါးသို့ မထိပါးကပ်ဝံ့ရှိပါသည်။ ထိုသူ၏ထံမှ ထိုပစ္စည်းကို ပယ်ပါစေ။ တပည့်တော်တို့ လွယ်လင့်တွာ လာရောက်နိုင်ပါသည်ဟူ၍ ကျောင်းသားကလေးက လျှောက်ထားကာလ တောင်ဖီလာဆရာတော်ဘုရားသည် ကိုရင်မောင်ကိုခေါ်ပြီးလျှင် တပည့်မောင်ရင်မောင်- ငါ့တပည့်ကား ဗေဒင်အတတ်၊ ၎င်းပြင် ဗိန္ဒောအတတ် ဤနှစ်ရပ်ကိုသာ တတ်ကျွမ်းသည်ဟု ဆရာထင်မိမှားသည်။ ပညာအကြမ်းအနုအရာ၌ တောင်ဖီလာကျောင်းတွင် ကျောင်းထိုင်သောပုဂ္ဂိုလ်အဆက်ဆက်တို့သည် တက္ကသိုလ်မှ တတ်ကျွမ်းနားလည်ကြသည်။ ယခု ငါ့လက်ထက်ကျးရောက်ပြန်လျှင်လည်း ငါ့ဆရာသင်ကြားခဲ့သော ပညာဖြစ်သော တစ္ဆေသူရဲတို့သည် နွံနာခံမြဲနွံနာကြပါလျက် ယခု မောင်ဘိုးရင်၏ကျောင်းသို့ ဆိုက်ရောက်လာလျှင် မည်သူတစ်စုံတစ်ယောက်မျှ မနွံမနာရှိလေသည်။ မနွံမနာရှိသည့်အကြောင်းလိုက်၍ စစ်ဆေးရာ မောင်ဘိုးရင်၌ တစ္ဆေကြောက်ရွံ့သောဝတ္ထုတစ်ခုခုပါရှိသည်ဆို၍ မည်သည့်ဝတ္ထုဖြစ်သည်ကို ဆရာ့အား ပြောကြားပါ တောင်းပန်၏။ ကိုရင်မောင်လည်း ကိုယ်၌ပါသော သတ္တုတစ်ခုဆေးလုံးကို ဦးခွာသတိရ၏။ ဤဆေးလုံးသည် ဗိန္ဒောနှင့်သာလျှင် စပ်လျဉ်းသည်၊ အကြမ်းအနုအရာ၌ တန်ခိုးအာနိသင်ရှိသည်ဟူ၍လည်း ငါ့အဖမမှာ၊ ထိုမှတစ်ဖန် ကိုယ့်ကိုယ်ကို လိုက်၍ လက်ဖြင့်စမ်းသပ်ကြည့်ရှုရာ ယခင်တစ်ခန်းကဆိုခဲ့ပြီးသော ရုပ်ပွားတော်ကို မိမိဦးခေါင်းထက်ဝယ် ခေါင်းပေါင်းတွင် ချည်နှောင်လျက်ထားသည်ကို စမ်းသပ်မိရာတွင် ကိုရင်မောင်လျှောက်ထားသည်မှာ အရှင်ဘုရား- အရှင်ဘုရား၏တပည့် သားမြေးတို့သည် အရှင်ဘုရားကို မနွံမနာရှိသည်

အရာမှာ အခြားမဟုတ် ဤဝတ္ထုကြောင့်သာလျှင် ဖြစ်ပါသည်ဆို၍ ရုပ်ပွားတော်နှင့်တကွ ရွှေပေလွှာပါ ဆရာတော်ဘုရားသို့ ကမ်းလှမ်းလိုက်၏။ ဆရာတော်ဘုရားလည်း ရွှေပေလွှာကို ကောက်ယူဖတ်ကြည့်ရာ မဟာဗောဓိပင်၏အသား အစစ်ဖြစ်ကြောင်းနှင့် တွေ့မြင်ရလျှင် များစွာအံ့သြခြင်းဖြစ်၏။ ငါ့တပည့် မောင်ဘိုးရင် ယခုတင်က တစ္ဆေသရဲတို့ မလာမရောက်ကြသည် မောင်ဘိုးရင်ကိုယ်၌ ဤကိုယ်တော်မြတ်ပါလာသောကြောင့်သာလျှင် ဖြစ်သည် ဆိုပြီးလျှင် ရုပ်ပွားတော်မြတ်ကို ဦးသုံးကြိမ်ချ၏။

ကိုရင်မောင်လည်း တပည့်တော်သည် ဤကိုယ်တော်မြတ် အရှင်ဘုရားအား လှူဒါန်းလိုသောကြောင့် ယူဆောင်ခဲ့ပါသည်။ တပည့်တော်မှာ ရာဇဝတ်သင့်ရောက်လျက်ရှိသူဖြစ်သောကြောင့် ဤပစ္စည်းကို မည်သည့်နေရာမှ မည်သို့ရသည်ဆိုသောအကြောင်းကို မလျှောက်မထားပါရစေနှင့်ဦး။ အချိန်ကာလသင့်ရောက်လျှင် နောက်မှ တပည့်တော်လျှောက်ထားပါမည်။ ယခုအခါမှာ အရှင်ဘုရားနှင့်တကွ အရှင်ဘုရား၏ခမည်းတော် ကပ္ပိယဒါယကာ ဦးဘိုးတုတ်နှစ်ပါးတို့အား လျှောက်ထားတောင်းပန်ရန် အရေးကိစ္စရှိပါသည်။ အရှင်ဘုရားခွင့်ပြုပါလျှင် တပည့်တော်လျှောက်ထားပါရစေ ပြောဆိုပြီးမှ တပည့်တော်သည် အရပ်ဝေးသားမဟုတ်ပါ။ အဝမြို့သားမျှဖြစ်ပါသည်။ အဝမြို့တွင် ဦးဘိုးအို၊ မအားဥဟူ၍ ထင်ပေါ်သော ပုဂ္ဂိုလ်နှစ်ဦးတို့၏သားဖြစ်ပါသည်။ ယခုအခါ တိုင်းရေးပြည်မှုအကြောင်းနှင့် တပည့်တော် တိမ်းရှောင်နေရသည့်အခါ ဖြစ်ပါသည်။ သည်ကဲ့သို့ တိမ်းရှောင်ရာ၌ ကုလားမင်းပိုင်သော အောက်ပြည်နိုင်ငံကျေးရွာသို့ပြေးမှ အသက်ဘေးချမ်းသာရမည်ထင်ပါသည်။ ဤအရပ်တွင် နေတိုင်မည်ဆိုသော်လည်း ဖြစ်နိုင်ပါ၏။ သို့သော်လည်း ကိုယ့်ကိုယ်ကို အသိအမြင်မခံဝံ့ဘဲ ကိုယ့်ရုပ်ကို ကိုယ်ဖျက်ပြီးလျှင် ပုန်းလျှိုးနိုင်မှ အသက်ဘေးချမ်းသာရပါလိမ့်မည်။ သို့ဖြစ်သောကြောင့်

Generated by CamScanner from intsig.com

ဤအရပ်တွင် နေထိုင်က စိတ်လက်ချမ်းသာခြင်း ရနိုင်တော့မည်မဟုတ်၊ အောက်ကျေးရွာတွင် ကုလားမင်းပိုင်ဆိုင်သော နေရာအရပ်၌ကား ပုန်းလျှိုးရခြင်းမရှိပြီ၊ ထင်ပေါ်စွာ လုပ်ကိုင်စားသောက်နေနိုင်လိမ့်မည်ဖြစ်သောကြောင့် တပည့်တော်ကား နေ့ချင်းညချင်းပင် မျက်လှည့်သည် အယောင် တူအောင် ဆောင်ပြီးလျှင် အဝမြို့မှ ကျောက်တစ်လုံး၊ ကျောက်တစ်လုံးမှ တလုတ်မြို့၊ တလုတ်မြို့မှ ရေနံချောင်း၊ ငင်းမြို့မှ မကွေး။ ဤသို့လျှင် ခရီးအစဉ်အဆက် သွားမည်ကြံရှိပါသည်။ ဤကဲ့သို့ တပည့်တော်သွားပြန်လျှင် အမိမဖားဥသည် အားကိုးရာမဲ့ရှိပါသည်။ သူတစ်ပါး အနှောင့်အယှက်ပြုလုပ်မည်ကိုလည်း စိုးရိမ်ပါသည်။ သည်ကဲ့သို့ အနှောင့်အယှက်ရှိလျှင် ဆရာတော်ဘုရားအား တိုင်ကြားလေဟု အမိကို တပည့်တော် မှာထားပြီးဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် တပည့်တော်၏အမိ မဖားဥကို ဆရာတော်ဘုရားနှင့်တကွ အဖဦးဖြူတုတ်နှစ်ပါးလုံးတို့ကပင် အမိ မဖားဥ ဆင်းရဲဒုက္ခရောက်လျှင် ကြည့်ရှုစောင်မစေလိုပါသည်ဘုရားဟူ၍ လျှောက်ထားလျှင် ဆရာတော်ဘုရားလည်း မောင်ဘိုးရင်– မောင်ဘိုးရင်ကို ငါမေးမြန်းလိုသော ပုစ္ဆာအများပင်ရှိသည်။ သို့သော်လည်း ငါမေး၍ အကြောင်းကြောင်းမျိုးသိရလျှင် ငါ့အပေါ်တွင် ဝန်တက်လိမ့်မည်။ သို့ဖြစ်သောကြောင့် ငါ မမေးမြန်းလိုပြီ။ မောင့်အမိအကြောင်းမှာ ဒိတ်သာချ၊ မည်သူတစ်စုံတစ်ယောက်မျှ အနှောင့်အယှက်မရှိရအောင် ငါ ဆရာ ကြည့်ရှုမိုင်းမမည်။ အောက်မြို့ကျေးရွာသို့သာလျှင် စိတ်လုံးလုံးချ၍ သွားလေဟု မိန့်ဆိုတော်မူ၏။

သည်ကဲ့သို့ ဆရာတော်ဘုရားထံမှ အမိမဖားဥကို ကြည့်ရှုလိုက်မည်၊ ဒိတ်ချ၍သာလျှင်သွားဟူသော စကားကိုရရှိလျှင် ကိုရင်မောင်သည် အထူးဝမ်းသာအားရရှိ၏။ လို့နောက် ဆရာတော်ဘုရားထံ ခွင့်ပန်ပြီးလျှင် ကပ္ပိယဒကာကြီး ဦးဖြူတုတ်ထံသွားရောက်၍ ယခင်နည်းအတိုင်း အမိမဖားဥကို

Generated by CamScanner from intsig.com

စောင်မပါမည့်အကြောင်းနှင့် တောင်းပန်၏။ ဦးဖြူတုတ်လည်းကောင်းစွာ အာမခံသဖြင့် ယခင် အပ်နှံထားခဲ့သော ငွေ ၁၀၀ ကျပ်နှင့် ပုဆိုးများကို အမိအသုံးလိုသည့်အခါ အမိကိုထောက်ပံ့လိုက်ပါ မှာထားပြီးကာလ အဝမြို့သို့ သုတ်သုတ်ပြန်လာရာ လမ်းခရီးတွင် အခွင့်မသင့် မတာသည့်အရာမရှိ ချောမောဆိုက်ရောက်သော်လည်း မိုးလင်းလုပြီဖြစ်၍ အမိအိမ်သို့ ဝင်မည် ကြံစည်အားထားသော်လည်း မဝင်နိုင်ဘဲ လှေကို နေရာရင်းတွင် လက်ရာ မပျက်ပြန်၍ ချည်နှောင်ထားပြီးလျှင် မိမိတောစခန်းသို့သာ အမြန်သွားရှာ၏။ ရောက်ကာလ တောင်ဖီလာဆရာတော်ဘုရား ကျောင်းတော်မှယူဆောင်လာသော မျက်လှည့်ပြရန် ကိရိယာမှစ၍ ဗိန္ဓောဆေးများကို ထုပ်လာသည့် အထုပ်ကို ခေါင်းအုံးလျက် သစ်ပင်ရင်းတွင် လျောင်းလိုက်ရာ မောပန်းလှသောကြောင့် ချက်ချင်းပင် အိပ်ပျော်သွားရှာ၏။

❖❖ ❖❖ ❖❖

Generated by CamScanner from intsig.com

# အခန်း(၂၀)

ဆိုခဲ့သည့်နောက်တစ်နေ့နံနက် နေလုံးပေါ်လျှင် အမိမဖားဥလည်း ကိုရင်မောင်မှာလိုက်သော တောင်းထဲတွင် ထမင်းဟင်းထည့်လျက် ရွက်၍ ရောက်လာရာ သားအိပ်ပျော်နေသည်ကိုမြင်လျှင် တောင်ဖီလာကျောင်းသို့ သွားရသဖြင့် အအိပ်ပျက်သည်တစ်ကြောင်း၊ မောသည်တစ်ကြောင်းကြောင့် အိပ်လျက်နေသည်ကို သိရှိသဖြင့် အိပ်ရာမှမနှိုးဘဲ သားနိုးသည်တိုင်အောင် အပါးက စောင့်ဆိုင်းကာနေ၏။ နေလုံးထန်းတစ်ဖျားခန့်မြင့်၍ ကိုရင်မောင် နိုးကာလ အမိအပါးကစောင့်ဆိုင်းနေသည်ကို မြင်လျှင် ရုတ်တရက်ထပြီးမှ မျက်နှာများကို ရေဖြင့်ဆေးသစ်၊ အမိတည်ခင်းကျွေးသောထမင်းဟင်းများကို စားသောက်၏။

ထိုအခါ ကိုရင်မောင်ကပြောသည်မှာ အမေ– ကျွန်တော်သည် ယမန် နေ့ညက တောင်ဖီလာဆရာတော်ကျောင်းသို့ သွားရောက်ပြီးကာလ အမေ့ အကြောင်းကို ဆရာတော်ဘုရားနှင့်တကွ ခမည်းတော်ဦးဖြူတုတ်တို့အား ပြောကြားတောင်းပန်ရာ အစစအရာရာ ဝန်ခံလိုက်ကြပေသဖြင့် အမှုကိစ္စ ချောမောလေပြီ။ အရေးရှိက ကျောင်းသို့သာသွားရောက် လျှောက်ထားပါ လေ။ အမေကိုယ်တိုင်မသွားနိုင်လျှင်လည်း လူစေလွှတ်ပါ။ ကျွန်တော် ထွက်ခွာသွားရသည်ကကို ၁၀ ရက်တန်သည် ၁၅ ရက်တန်သည်ရှိသော် ကိစ္စ ပင်မရှိသော်လည်း လူချင်းသိကျွမ်းရုံမျှ တစ်ခေါက်သွားရောက်၍ ဦးဖြူ တုတ်နှင့် စကားပြောဆိုပါ။ ကျွန်တော်မရှိသည့်အတွင်းအမေ စားသုံးရန် ကြေးငွေမှာ ဦးဖြူတုတ်ထံ ကျွန်တော် ငွေ ၁၀၀ ကျပ် အပ်ထားခဲ့သည်။ ယခု အမေအပြန်တွင်လည်း ငွေ၁၀၀ကျပ် ကျွန်တော်ပေးလိုက်ဦးမည် ဆိုပြီး လျှင် ထမင်းစား၍ပြီးကာလ တောထဲသို့ဝင်ရောက်၊ ယမန်နေ့က မိမိသီးခြား

၍ ဖြုပ်ထားသောပစ္စည်းများအနက် ရွှေခွက်ငွေခွက်အချို့ကို မိမိပုဆိုးတစ်စနှင့် ထည့်သွင်းယူဆောင်လာ၏။ ၎င်းနောက် အမေ– ဤပစ္စည်းများကား အမေ စားသုံးရန်နှင့်ရန် ပစ္စည်းဖြစ်သည်ဆိုလျှင် မဖားဥသည် ရွှေခွက်ငွေခွက် အပြောက်အမြားမြင်ကာအံ့နှင့် အံ့သြလှသဖြင့် ငါ့သား– ဤမျှလောက်ပစ္စည်းများကို အဘယ်က မောင်ရပါသလဲမေး၏။ ကိုရင်မောင်လည်း အမေ– ကျွန်တော်ကား အမေ့အား မုသားစကားကို မဆိုလို၊ မမှန်သည်ကို ကျွန်တော်ပြောလျှင်လည်း ကျွန်တော့်မှာ အပြစ်ရှိလိမ့်မည်။ သို့ဖြစ်၍ မမေးပါနှင့်ဆို၏။ မဖားဥလည်း မောင်ရင်– မောင်ရင်ကား ငယ်ငယ်ကတည်းကပင် နိုးတတ် ဝက်တတ်ခြင်းမရှိ၊ တောင်တွင်းသို့မောင်ကျရောက်မှလည်း ထိုမကောင်းသောအမှုအရာများကို မောင်ရင် ကျင့်ကြံမည်ဟူ၍လည်း အမေ လုံးလုံးမထင်၊ သို့သော်လည်း အမေ စိတ်စနောင့်စနင်းမရှိရအောင် ထိုပစ္စည်းများသည် သန့်ဝင်သောပစ္စည်းများ မှန်မမှန်ကို အမေ့အား ပြောပါဆို၏။

ကိုရင်မောင်လည်း အမေ– ဤအကြောင်းနှင့်စပ်လျဉ်း၍ စိတ်သာချပါ။ ဤပစ္စည်းကား မုချသန့်ဝင်သောပစ္စည်းဖြစ်သည်၊ အမေ့သားလည်း တောင်တွင်းသို့ ကူသည့်အတွက် ရှေးကထက် သီလ သမာဓိတရားနှင့်ပြည့်စုံပါသည်၊ အမေပေးလိုသည့်သူကိုပေးပါ။ ကျွန်တော် ကျိန်ဆိုပါမည်ဆိုလျှင် မဖားဥလည်း သားရ– သားရ– မောင်ရင်မကျိန်မဆိုနှင့်တော့၊ အမေယုံကြည်ပါ၏ဟု ဆို၏။ ကိုရင်မောင်လည်း ဆိုခဲ့သည့်ငွေများအနက်မှ ငွေ ၁၀၀ ကျပ်ခန့် ခွဲထုတ်၍ ပေးပြီးလျှင် ကျန်ဥစ္စာရပ်များကို မဖားဥမျက်မှောက်တွင် မဖားဥကို ကြည့်ရှုစေလျက် မိမိတို့အရိပ်ခိုလျက်နေကြသော သစ်ပင်ကြီးအရင်းတွင်ပင် တူး၍မြှုပ်နှံ၏။ ထို့နောက် မှာထားသည်မှာ အမေအသုံးလိုကလ လိုသရွေ့ကို လူမသိအောင်လာယူပါ။ ဦးဖြူတုတ်ထံမှ ကြေးငွေကိုလည်း အနည်းငယ်ယူငင်ပြီးလျှင် အရင်းအနှီးပြုလုပ်၊ ဦးဖြူတုတ်က မ,စလေ

Generated by CamScanner from intsig.com

ဟန်ဖြင့် အနည်းငယ်ကူးသန်းပါ။ ၎င်းနောက် မပြတ်မစွန်းသော်လည်းပြတ်စွန်းလေဟန်ဖြင့် တရွေ့ရွေ့ အမေ့အနေအခြေ၊ နေအိမ်ကိုပြုပြင်၊ တဲကုပ်ကိုဖျက်၍ အိမ်ကလေးဆောက်လုပ်ပါ။ ၎င်းကမှ တစ်ဆောင်ထပ်၍တိုးလျှင် နှစ်ဆောင်အိမ်ဖြစ်က အမေချမ်းသာစွာ နေနိုင်ပါလိမ့်မည်။ ကျွန်တော့်အတွက်ကြောင့် ပူပန်သောကဆို၍ စိုးစဉ်း မရှိလေနှင့်။ အမေ့ကိုယ်ကိုသာ အမေကျန်းမာအောင် ကြံဖန်၍နေပါ။ ကျွန်တော်သည် မင်းပြောင်းကာလ အောက်မြို့ကျေးရွာက ပြန်လာခဲ့မည်ဆို၏။

အမေမဖားဥလည်း မောင်ရင်– အမေလည်း အသက်ကြီး၍ အိုမစွမ်းရှိပြီ၊ ငါ့သားနှင့် ပြန်၍တွေ့မှတွေ့ရပါဦးမည်လောဆိုပြီးလျှင် ငိုကြွေး၏။ ကိုရင်မောင်လည်း အမေ့ကိုသာ အမေစောင့်ရှောက်၍ ကျန်းမာအောင်နေပါ၊ တွေ့ရပါလိမ့်ဦးမည်၊ နောက်တစ်ကြိမ်တွေ့ရသောအခါ၌ ယခုကဲ့သို့ ခိုးကြောင်ခိုးဝှက်မဟုတ်ပြီ၊ သားအမိပိပိ သူသိသူမြင် တွေ့ဆုံရပါလိမ့်မည်။ စိတ်သာချပါဟု အားပေး၏။ ထို့နောက် ကျွန်တော်သည် နက်ဖြန်နံနက် မိုးမလင်းမီ ဤအရပ်မှထွက်ခွာရလိမ့်မည်။ သို့ဖြစ်သောကြောင့် အမေမလာနှင့်တော့ဟု မှာထား၏။ မဖားဥလည်း မိမိသားကို ယနေ့ကစ၍ နောင်အကယ်၍တွေ့ရပါလျှင် နှစ်ပေါင်းများစွာ ကြာမြင့်မှတွေ့ရတော့မည်အောက်မေ့ပြီးလျှင် ဝမ်းနည်းလှသောကြောင့် ငိုမည်ပြုသော်လည်း သား ကိုရင်မောင်စိတ်မကောင်းရှိမည်စိုးသောကြောင့် ချုပ်တည်းကာသာ နေရရှာ၏။ ကိုရင်မောင်လည်း အမိမဖားဥကို နှုတ်အားဖြင့် အားပေးသောစကားကိုဆိုသော်လည်း စိတ်တွင်း၌ကား အမိကဲ့သို့ပင် မချိရှိ၏။

ထို့နောက် မှာထားရန်စကားရှိသမျှကို ကုန်စင်အောင်မှာထားပြီး၍ နေမွန်းတည့်လျှင် အမေအချိန်လွန်ပြီ၊ အမေ အိမ်သို့ ပြန်မှသင့်မည်ဆိုပြီးလျှင် ဦးညွှတ်ကန်တော့၏။ မဖားဥလည်း ထုံးစံရှိရာ ဆုတောင်းပတ္ထနာကိုပြုပြီး

Generated by CamScanner from intsig.com

သျှင် မိမိငွေပါသောအဝတ်ထုပ်ကို ဦးခေါင်းထက်၌ ရွက်လျက် မျက်ရည် အက်လက်နှင့် ပြန်သွား၏။ ကိုရင်မောင်လည်း အမိသွားလျှင် ဝမ်းနည်းသည့် ဒံဟ်များကို ဖျောက်ဖျက်၍ မိမိသွားလျှင် အထက်ဆိုခဲ့သော အဖိုးထိုက်တန် သော ပစ္စည်းအမြောက်အမြားကို ယူဆောင်ရန် ဤသို့ကြံစည် ပြုလုပ်၏။ ရွှေခွက်ငွေခွက်များမှာ လေးလံသောပစ္စည်းများဖြစ်၍ အနည်းငယ်မျှယူပြီး လျှင် မိမိတောင်းနှစ်လုံးအောက်ခြေက ထည့်ပြီးမှ တောင်းအတွင်းအောက်ခြေ တွင် လူသူမသိနိုင်အောင် အခြေတစ်ထပ် ထပ်မံရက်ပြီးနောက် အပေါ်ယံတွင် မျက်လှည့်တန်ဆာများနှင့် ဆေးအိတ်များကို ထည့်ထားခြင်းဖြင့် လျှို့ဝှက်၏။ ပတ္တမြား၊ ကျောက်နီ၊ စိန်၊ မြ စသည်များမှာ ဝန်ပေါ့၍ အဖိုးတန်သည့်အရာ များဖြစ်သဖြင့် သူတစ်ပါး မရှာမဖွေတန်သည့်နေရာကို အကြောင်းပြုပြီးလျှင် မိမိကိုယ်တိုင်ခုတ်လုပ်သော ထမ်းပိုးတွင် အခေါင်းဖောက်ပြီးမှ ၎င်းထမ်းပိုး တွင်းသို့ သွတ်သွင်း၍လျှို့ဝှက်၏။ ဤသို့ ပစ္စည်းများကို သူတစ်ပါး မမြင် မတွေ့နိုင်အောင် လျှို့ဝှက်စီမံပြီးကာလ ၎င်းနေ့ညဦးယံအချိန် တစ်ခဏမျှ အိပ်ပြီးလျှင် အဝမြို့အနီးအပါးတွင် မိမိအသိအကျွမ်းများနှင့် မတွေ့မဆုံမိ နိုင်အောင် သန်းခေါင်ကျော်အချိန်တွင် မိမိဆိုင်းထမ်းပိုးများကို ထမ်းလျက် တောင်စူးစူးသို့ ရှေးရှုထွက်ခွာသွားရာ၏။

# အခန်း(၂၁)

ဇရာဝတီအရှေ့ဘက်ကမ်းရှိ အဝမြို့နှင့်နီးသော ရွာမှန်သမျှမှာ ကိုရင်မောင် လေ့တက်နှင့် သွားလာကူးသန်းဖူးသောရွာများချည်းဖြစ်၍ ထိုရွာများသို့ ကိုရင်မောင် မဝင်ဝံ့သဖြင့် ညအချိန်သာလျှင် ခရီးသွား၍ နေ့အချိန်မှာတောတွင် ပုန်းအောင်းလျက်သွားရသောကြောင့် များစွာ ခရီးဖင့်၏။ ညဦးအခါတွင် တောသားတိရစ္ဆာန်ရန်၊ နေ့အခါတွင် လူသားရန်ကို ကြောက်ရွံ့စိုးရိမ်ရသဖြင့်လည်း စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်း များစွာဖြစ်ပွားအတိဒုက္ခရောက်၏။ အဝမြို့နှင့် ကျောက်တစ်လုံးရွာသည် များစွာခရီးမလှမ်းမကမ်းသော်လည်း သုံးညတာ လမ်းတွင်အိပ်၍သွားမှ ၎င်းရွာသို့ရောက်သဖြင့် လေ့ဆိပ်နှင့်ကမ်းလှမ်းသော ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ဝင်ကာ တည်းခိုရ၏။ ထိုကျောက်တစ်လုံးရွာတွင် မျက်လှည့်ပြလျှင် လူသူလေးပါးစုရုံး၍ကြည့်ရှုကြက အသိအကျွမ်းဟောင်းများနှင့် တွေ့ဆုံမိမည်စိုးသောကြောင့် မိမိအလိုရှိရာ ဆန်၊ ဆား၊ ငါးပိငါးခြောက်များကို ဝယ်ခြမ်းပြီးနောက် တစ်ညတာမျှအိပ်ပြီးလျှင် တောင်သို့ ရှေးရှုသွားပြန်၏။

ဤခရီး၌လည်း ယခင်ခရီးမှာကဲ့သို့ပင် ကိုယ်တိုင်ရောက်ပေါက်ဖူးသော ရွာကြီးများကို ကွင်းရှောင်၍သွားရသောကြောင့် လမ်းခရီးတွင် နှစ်ညအိပ်မှ တလုတ်မြို့သို့ ဆိုက်ရောက်၏။ ၎င်းမြို့သို့ များစွာဝင်လိုသည့်ဆန္ဒမရှိသော်လည်း ခရီးပန်းသည်တစ်ကြောင်း၊ လမ်းခရီးတွင် စားသောက်ရသောအစားအစာမကောင်း၊ မလုံလောက်သဖြင့် အားအင်ကုန်ခန်းသည်တစ်ကြောင်းကြောင့် လူသူအသွားအလာနည်းပါးမည့် ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် တည်းခိုရန်ဝင်ရောက်ရာ မကျန်းမမာသူ ဘုန်းကြီးတစ်ပါးကိုမြင်လျှင် ကိုရင်

Generated by CamScanner from intsig.com

မောင်သည် ဤသို့ အောက်မေ့၏။ ငါကား ဤဘုန်းတော်ကြီး မကျွန်းမမာ သည်ကိုမြင်လျှင် ဝမ်းသာအားရရှိသည်၊ ဤကဲ့သို့ သူတစ်ပါး မကျွန်းမမာ သည်ကိုမြင်လိုသောဆန္ဒသည် မုချဒုစရိုက်ဖြစ်သည်။ ငါဝမ်းသာအားရရှိသည့် အကြောင်းရင်းကား စစ်ပေါက်၍ဆင်ခြင်သော် အခြားကြောင့်မဟုတ်၊ ဤ ပုဂ္ဂိုလ် ကျန်းမာလျက်ရှိနေသော် ငါ၏အကုအသကို သူမခံရသဖြင့် ငါ့မှာ ကျေးဇူးမထွန်း၊ ယခု သူမကျွန်းမမာရှိနေသဖြင့် ငါကုသ၍ ရောဂါပျောက် ကင်းသော် ထိုပုဂ္ဂိုလ်သည် ငါ့အားကျေးဇူးတင်အံ့သည်။ သင်ကဲ့သို့ ကျေးဇူး တင်ကလည်း ငါ၌ ကြေးငွေအလိုမရှိသော်လည်း အခြားတစ်နည်းနည်း တဖုံဖုံအားဖြင့် ကျေးဇူးဖြစ်ထွန်းရန်ရှိခြင်းကြောင့်သာလျှင် ငါဝမ်းမြောက် ခြင်း ဖြစ်သည်။ ကိုယ်ကောင်းစေခြင်းငှာ သူတစ်ပါးမကောင်းသည်ကို မြင် လိုသည်၊ ငါကား သူယုတ်မာစင်စစ် ဖြစ်တော့သည်ဟု အောက်မေ့မိ၏။ သို့သော်လည်း သူမမာကို ကြည့်ရှုကုမရခြင်း၏ သံသရာအကျိုးကျေးဇူး ထူးခြားသည်ကို သတိရရှိပြန်သည့်ပြင် သူနာတစ်ဦးကိုမြင်လျှင် ကိုယ်ကုသ နိုင်ပါလျက်နှင့် လျစ်လျူရှု၍မသွားရက်နိုင်သဖြင့် တောင်း၊ ထမ်းပိုးများကို သင့်ရာနေရာ၌ ထားပြီးကာလ ဘုန်းတော်ကြီးအပါးသို့ ကြည့်ရှုချဉ်းကပ် သွား၏။

ကိုရင်မောင်သည် အထက်ဆိုခဲ့သည့်အတိုင်း မကျွန်းမမာရှိသူ ဘုန်း တော်ကြီးအပါးသို့ချဉ်းကပ်၍ရောက်လျှင် ထိုဘုန်းတော်ကြီးသည် ခြေလက် ကုပ်ကွေးကာဖြင့် များစွာလူးလဲ၏။ ၎င်းနောက် အတန်ငယ်ငြိမ်ဆိတ်ရှိလျှင် ကိုယ်တော် ဘယ်သို့ရှိပါသနည်းမေး၏။ ဘုန်းတော်ကြီးလည်း မည်သူဖြစ် သနည်း ပြန်၍မေးသဖြင့် ကိုရင်မောင်က အရပ်ဝေးက အာဂန္တုဖြစ်ကြောင်း ကို လျှောက်လျှင် ဘုန်းတော်ကြီးကလည်း အာဂန္တုမှန်ပါက ငါ့အပါးသို့ မလာလေနှင့်ဒကာ၊ လွတ်ရာကိုသာရှောင်ရှား၍နေ၊ ငါ့ရောဂါကား အခြား

မဟုတ်၊ ကာလကပ်ရောဂါ ဖြစ်သည်။ အမြန်တိမ်းရှောင်လေဟူ၍ဆိုလျှင် ရုတ်တရက်ရှောင်တခင်အားဖြင့် ကိုရင်မောင်သည် အသည်းနှလုံးတုန်လှုပ်ခြင်း ဖြစ်၏။ သည်ကဲ့သို့ တုန်လှုပ်ခြင်းဖြစ်ရာ၌ မိမိကိုယ်ကို စိုးရိမ်ကြောင့် ကြခြင်းသက်သက်ကြောင့်မဟုတ်၊ မိမိကိုမွေးစားသော အဖေလေ့သူကြီးဦးဘိုး အိုသည် ထိုရောဂါကပ်ရောက်သဖြင့် လွန်မင်းစွာဝေဒနာခံစားပြီးသည့်နောက် မိမိမျက်မှောက် မိမိလက်ပေါ်တွင်ပင် အသက်ပျောက်ဆုံးရှာသည့်အရာများ ကို ယမန်နေ့ကမှဖြစ်ပွားဘိသကဲ့သို့ ကွက်ကွက်ကွင်းကွင်း စိတ်အာရုံတွင် ထင်မြင်မိသောကြောင့် တုန်လှုပ်ခြင်းဖြစ်သည်။

ကိုရင်မောင်၌ အဖဦးပေါ်လာ ထောင်တွင်းတွင် သင်ကြားထားခဲ့ သော ဆေးနည်းများအနက် မြွေကိုက်ကုဆေးနည်း၊ ခွေးရူးကိုက်ကုဆေးနည်း၊ ကာလသားရောဂါကုဆေးနည်း၊ ဆေးနည်းသုံးနည်းအထူးရှိသည့်ပြင် ရှေ့ဘို တပယင်းအရပ်များတွင် ခိုအောင်းနေထိုင်စဉ်အခါကပင် ထိုဆေးသုံးပါးကို အသင့်ဖော်လုပ်ဆောင်ထားသဖြင့် မိမိတောင်းတွင်းရှိဆေးအိတ်၌ အသင့် ပါလာသောကြောင့် ဆိုင်ရာဆေးကို လွယ်လင့်တကူ ယူငင်၍ ဘုန်းတော် ကြီးအား တိုက်ကျွေး၏။ ထို့ပြင် ကာလရောဂါတွင် ထက်ကြပ်ပါမြဲဖြစ်သော ဝမ်း၊ ကျော၊ သလုံး၊ ခြေလက်တို့တွင် ကြွက်တက်သည့်အရာကို သက်သာခွင့် ရလေအောင် အုတ်ပူကြပ်ထုပ်ထိုးပြီးကာလ သင့်ရာဆေးများကို လိမ်းကျံ၍ ပေး၏။ ထိုနေ့ညပင်လျှင် ကျောင်းဒကာတစ်ယောက်သည် ဘုန်းတော်ကြီး ၌ ကာလရောဂါကပ်ရောက်သည်ကို သိရှိသဖြင့် ပြန်တော်မူပြီအထင်နှင့် ကျောင်းသို့လာရောက်ကြည့်ရှုရာ သူနာမှာ မသေသည်သာမက ကြွက်တက် ခြင်း၊ ဝမ်းသက်ခြင်းတို့သည် ကင်းပျောက်၍ များစွာသက်သာခွင့်ရရှိသည် ကိုမြင်လျှင် လွန်စွာအံ့သြ၏။ ထိုနေ့က သုံးရက်ကြာရှိလျှင် ထိုဘုန်းကြီး သည် ကျောင်းကြမ်းပြင်တွင် စင်္ကြံလျှောက်သွားနိုင်၏။

ထိုအခါကာလ၌ ဆိုခဲ့သောရောဂါဆိုးသည် တလုတ်မြို့၌ များစွာသော လူတို့ကွင် ကပ်ရောက်ဖိစီးခြင်းကြောင့် နေ့စဉ်ပင် ယောကျာ်း၊ မိန်းမ၊ လူကြီး၊ ကလေးတို့သည် သေကျေပျက်စီးကြသဖြင့် ဘုန်းတော်ကြီးကို ကိုရင်မောင် ကုသ၍ ရောဂါပျောက်ကင်းလျှင် ထိုသတင်းသည် ရပ်ရွာတွင်း၌ လျင်မြန်စွာ ကြေညာခြင်းဖြစ်ရကား လူအပေါင်းတို့သည် ကိုရင်မောင်အား များစွာ လာရောက်ခေါ်ငင်ကြ၏။ ကိုရင်မောင်လည်း အဖိုးအခ မတောင်းမယူဘဲ ကုသိုလ်ဖြစ် လိုက်၍ ကုသရာ သည်ကဲ့သို့ ကိုရင်မောင်ကုသသမျှမှာလည်း ရောဂါဖိစီးသည့်အစက ကုသရလျှင်ဖိတ်စဉ်သည့်အရာ လွန်စွာနည်းပါး၍ အသက်ရှင်သူသာလျှင် များပြား၏။ ကိုရင်မောင် သည်ကဲ့သို့ ကြိမ်ဖန်များစွာ ရပ်ရွာထဲသို့ ဆေးအကုအသ သွားရောက်သည့်အရာ၌ သိကျွမ်းဟောင်းနှင့် တွေ့ကြုံမည်ကို စိုးရိမ်ခြင်း အနည်းငယ်မျှကင်း၍ ခွန့်စားသွားရောက်ခဲ့သည့် အကြောင်းကား မိမိပျက်လှည့်ကိရိယာများအနက် တစ်ရံတစ်ခါအသုံးပြုသော နှုတ်ခမ်းမွေးတစ်ခုသည်ရှိသဖြင့် တလုတ်မြို့အတွင်းသို့ မဝင်မီကပင် ထိုနှုတ်ခမ်းမွေးကို မိမိနှုတ်ခမ်း၌ဆင်ယင်ထားသဖြင့် သိဟောင်းကျွမ်းဟောင်းနှင့် တွေ့ဆုံမိက သူ့အရင် ကိုယ်ကသိလိမ့်မည်ကို ယုံကြည်စိတ်ချသောကြောင့် ရပ်ရွာတွင်းသို့ သွားခဲ့လာခဲ့ရှိ၏။

ထို့နောက် ၁၅ ရက်ခန့်ကြာရှိလျှင် ဘုန်းတော်ကြီးလည်း ကောင်းမွန်စွာကျန်းမာပြီးဖြစ်၍ နေ့နက်ဖြန် တလုတ်မြို့မှ ထွက်ခွာမည်ကြံစည်ရှိနေသည့်အတွင်း ဆိုခဲ့သော ကာလရောဂါသည် ကိုရင့်မောင့်ကိုယ်တွင် ကူးစက်ကပ်ရောက်လာ၏။ ကိုရင်မောင်လည်း အထူးသတိကောင်းသဖြင့် မိမိအားမည်သို့ကုသပါ၍ ဆေးနှင့်တကွ ဘုန်းတော်ကြီးသို့အပ်ပြီးလျှင် မှာထားရာ ဘုန်းတော်ကြီး ပြုစုရသောကြောင့် အသက်မှချမ်းသာရသော်လည်း ကိုရင်မောင်သည် ရောဂါပျောက်ကင်းပြီးသည့်နောက် ချည့်နဲ့သောရောဂါ စွဲကပ်၍

မသွားမလာနိုင်၊ တစ်နေရာမှတစ်နေရာသို့ တောင်ဝှေးကိုင်မှ ရွှေ့ပြောင်းနိုင်သဖြင့် ထိုဘုန်းတော်ကြီးကျောင်းတွင်ပင် နှစ်လကျော်သုံးလခန့် ရပ်တန့်သျှက် နေရရှာ၏။

❖ ❖ ❖

Generated by CamScanner from intsig.com

# အခန်း(၂၂)

တလုတ်မြို့တွင် ကိုရင်မောင် သည်ကဲ့သို့ ပကျွန်းမဟာရှိနေသည့်အတွင်း အဝမြို့တွင် အမိမဖားဥ၊ ရွှေဘိုမြို့တွင် ပစောတင်တို့သည် မည်သို့ဖြစ်ပျက်ကြသည်ကို အနည်းငယ်မျှ ပြဆိုပေဦးအံ့။

မဖားဥလည်း ကိုရင်မောင်မှာထားခဲ့သည့်အတိုင်း ကိုရင်မောင် အဝမြို့မှ ထွက်ခွာသွားသည်ကကို ၁၀ ရက်၊ ၁၅ ရက်ခန့်ကြာရှိလျှင် တောင်ဖီလာဆရာတော်ကျောင်း ကပ္ပိယကြီးဦးဖြုတုတ်ထံ သစ်သီးလက်ဆောင်များနှင့်သွားရောက်၏။ ဦးဖြုတုတ်က မေးမြန်းသောကြောင့် မောင်ဘိုးရင်၏အမိဖြစ်ကြောင်းနှင့် မဖားဥကပြောပြလျှင် အားရဝမ်းသာ ဧရိုးဦးကြိုဆိုလက်ခံပြီးမှလောကဝတ်ကိုပြု၏။ ထို့နောက် ကိုရင်မောင့်အကြောင်းကို ပြောဆိုကြရာကိုရင်မောင်သွားမည့်လမ်းစဉ်ကို ကိုရင်မောင်ပြောထားသောကြောင့် ဦးဖြုတုတ်သိရှိသဖြင့် ယခုအခါ မည်သည့်ရပ်ရွာသို့ ရောက်တန်သင့်သည်ဟူ၍နှစ်ဦးလုံးပင် မှန်းတန်းတွေးတောကြပြီးသည့်နောက် မဖားဥကို တောင်ဖီလာဆရာတော်ဘုရားလည်း အားရဝမ်းသာရှိတော်မူသောကြောင့် အစစအရာရာတွင် ဆရာတော်နှင့်တကွ ဒကာကြီး ဦးဖြုတုတ်ကိုပါ အားကိုးပြုလေတော့ဟု မှာထားတော်မူ၏။ ထို့နောက် မဖားဥပြန်လျှင် ဦးဖြုတုတ်သည် မဖားဥအား စားသုံးရန် ကြေးငွေထောက်မ,သည့်ပြင် စစ်ကိုင်းမြို့သို့အရောက်လှည်းဖြင့် ပို့စေ၏။

ထိုနေ့က နှစ်ရက်ကြာရှိပြန်လျှင် ဦးဖြုတုတ်သည် အဝမြို့ မဖားဥအိမ်သို့ တပည့်လက်သားများနှင့်တကွ သွားရောက်၏။ သည်ကဲ့သို့ သွားရောက်ရာတွင် မဖားဥဆင်းရဲနွမ်းပါးလှသဖြင့် တဲပုတ်နှင့်နေရသည်ကိုပြင်

Generated by CamScanner from intsig.com

လျှင် သစ်များကို ဝယ်စေပြီးမှ ပျက်စီးယိုယွင်းလျက်ရှိသော ထန်းလက်တဲကို ဖျက်၍ ၎င်းနေရာတွင် အိမ်ငယ်တစ်ဆောင်ကို ကိုယ်တိုင်ကြီးကြပ်ဆောက် လုပ်ပေးရာ သုံးရက်ခန့်ကြာ၍ အိမ်ပြီးစီးမှ ပြန်သွား၏။ ၎င်းနောက်လည်း ဦးဖြူတုတ်သည် ၁၀ ရက်တစ်ကြိမ်၊ ၁၅ ရက်တစ်ကြိမ်မျှ မဖားဥထံလာ၍ နှစ်ယောက်ချင်း အကြိမ်ကြိမ် တီးတိုးစကားပြောဆိုကြသည်ကို အရပ်ထဲက မိန်းမကြီးငယ်တို့မြင်လျှင် မိန်းမတို့ဘာဝ အနည်းနည်းအဖုံဖုံ အလွဲလွဲအချော် အချော် တွေးထင်ကြ၏။ အချို့သောမိန်းမများကမှာ ဝမ်းတွင်းတွင် မျိုသိပ် ၍ မထားနိုင်၊ တိုက်ရိုက်လည်း မမေးဝံ့သောကြောင့် တစ်နေ့သ၌ တစ်ဦးသော မိန်းမသည် မဖားဥအိမ်သို့လာပြီးလျှင် အမေ– ဦးဖြူတုတ် သဘောသကာရ ကောင်းပါ၏လောမေး၏။ မဖားဥလည်း သဘောရိုးဖြစ်ရကား မေးသူ၏ အရိပ်နိမိတ်ကို ဂရုမပြုမိသော်လည်း အလွန်မှ သဘောကောင်းသောကြောင့် သာလျှင် အိမ်ရာပင် ဆောက်လုပ်ပေးပေသည်မဟုတ်လောဟု ပြန်ပြော၏၊ ကွယ်လွန်သူ ဦးဘိုးအိုနှင့် မည်သူက သာ၍ သဘောကောင်းပါသနည်းဟု မေးပြန်လျှင် မဖားဥသည် ယခုအခါ ဦးဘိုးအိုအကြောင်း စ၍မပြောလာပါ နှင့်၊ အမေ လွန်စွာစိတ်မကောင်းဖြစ်သည်ဟူ၍ ပြန်ပြောလိုက်ကာလ ထိုမိန်းမ လည်း မိမိတွေးထင်တိုင်းမှန်ပြီဟု စိတ်ချပြီးလျှင် မဖားဥ လင်ယူတော့မည်ဟု ရပ်ရွာထဲတွင် ပျံ့နှံ့အောင် သတင်းကြေညာ၏။

ထိုစကားကို မမယ်မ ကြားလျှင် မဖားဥကို အမိရင်းကဲ့သို့ ချစ်ခင် ကြင်နာသနားကရုဏာသက်ရင်း ရှိသည်ဖြစ်၍ ဟုတ်မှန်လျှင်လည်း မဖားဥ မှာ အားကိုးမှီခိုရာသူတစ်ယောက်ရရာ၏ဟု အောက်မေ့သော်လည်း မဖားဥ အိမ်ထောင်ပြုလိမ့်မည်ဟူ၍ မထင်သောကြောင့် အိမ်သို့လာရောက် မဖားဥ အရိပ်အခြည် နေပုံထိုင်ပုံကို ချင့်ချိန်ရာ မဟုတ်ကြောင်းသိရှိလျှင် ရှေးကထက် ကရုဏာသက်ဝင်သဖြင့် မမယ်မသည် မဖားဥအိမ်သို့ နေ့စဉ်လာရောက်

အလုပ်အကိုင် လုပ်ကိုင်ရန် ရှိသမျှတွင် ကူ၍လုပ်ကိုင်ပေး၏။ ဦးမြတ်ကား ကိုယ်တိုင် ကာလသားဖြစ်ခဲ့ဖူးသည့်ပြင် ဗဟုသုတ အကြားအမြင်များပြား၍ အစစအရာရာတွင် သတိပြုတတ်သောသူဖြစ်သဖြင့် မဖွားဥအိမ်သို့ မိမိလာ တိုင်းလာတိုင်း အနီးအနားရှိအိမ်များမှ မိန်းမများသည် အထူးဝိုင်းယှက် ထုတ်၍ မိမိနှင့်မဖွားဥနှစ်ဦးတို့ကို ချောင်းမြောင်းကြည့်ရှုသည်ကိုမြင်ရသျှ ဖြင့် ၎င်းမိန်းမများသည် အလွဲလွဲ ထင်မှတ်လျက်ရှိကြကြောင်းကို သိ၏။ ၎င်းအကြောင်းကို မဖွားဥအားပြောကြားပြီးလျှင် ဤသို့သတိပေး၏။ ကျောင်း အမ– ကျွန်ုပ်တို့နှစ်ဦးလုံး၌ အိုကြီးအိုမအိမ်ထောင်ပြုလိုသော ဆန္ဒလည်း နိုးစဉ်းမျှမရှိကြ၊ ယခုမှာ အရပ်က အလွဲလွဲထင်ကြသည်မှာ အရှည်ကိုအင်ပြင် သည်ရှိသော် မောင်ရင်မောင် ကောင်းမှုဖြစ်သည်။ သို့ဖြစ်သောကြောင့် သူတကာ အထင်လွဲသည့်အရာများကို ဂရုမပြုပါနှင့်၊ နေမြဲသာနေပါဟု မှာထား၏။

မဖွားဥထံ ဦးမြတ် သည်ကဲ့သို့ မကြာမကြာ လာရောက်ထောက် မသည့်အရာကို ချောင်းမြောင်းကြည့်ရှု၍ အကဲခတ်ကြသည့်အရာ၌ ယခင် ဆိုခဲ့သော မိန်းမများချည်းသာမဟုတ်၊ အခြားသောမိန်းမများလည်း အကဲခတ် ကြလေသည်။ ထိုမိန်းမများမှာ ယောကျ်ားနှင့်မိန်းမ အိမ်ထောင်သည့်ကိစ္စ တွင် မိန်းမတိုင်းတို့၏ဘာဝ ဝါဒရှိသောကြောင့်သာလျှင် ပြုလုပ်ကြသည့် အရာဖြစ်သည်။ မောင်မြတ်သာမှာကား သည်ကဲ့သို့ ပျော်ပါးလို၍မဟုတ်၊ ကိုရင်မောင်ကို ထောင်တွင်းတွင် ချုပ်နှောင်ထားရာမှ လူရှင်ကို လူသေမှတ်၍ ရေထဲသို့ ချလိုက်မိသောကြောင့် ကိုရင်မောင်သေပြီဟူသောစကား ကြားနေရ ရသည့်အခါကပင်လျှင် ရေကူးအရာ၌ ကိုရင်မောင်သည် အထူးသဖြင့် စွမ်း သန်သူဖြစ်ကြောင်းကိုသတိရသဖြင့် ကိုရင်မောင်သေပြီဟူ၍စိတ်မချ။ အသက် ရှည်လျက် ရှိလေဦးမည်ဟူ၍သာ ထင်သောကြောင့် ထိုအခါများက ကိုရင်

Generated by CamScanner from intsig.com

မောင်ကို ရေသို့ချသော အာဏာသားနှစ်ယောက်ထံ ကိုယ်တိုင်သွားရောက် ငွေကြေးပေးခြင်း၊ ထန်းရည်အရက်တိုက်ခြင်းအားဖြင့် ချော့မော့မေးမြန်းရာ အာဏာသားတို့ကလည်း ကိုရင်မောင်ကိုယ်ကို မိမိတို့ကိုယ်တိုင် အိတ်စွပ်၍ အိတ်တွင်းသို့ ခဲကျောက်အမြောက်အမြား လေးလံစွာ သွတ်သွင်းပြီးမှ မိမိတို့ကိုယ်တိုင် ရေထဲသို့ချရာ မိမိမျက်မှောက်တွင်ပင် ရေ၌မြုပ်သွားသည်သာမက ပြန်၍လည်း မပေါ်လာကြောင်းနှင့် ကျမ်းသစ္စာကျိန်ဆို၍ အတန်တန်ပြောမှ အနည်းငယ်စိတ်အေးသော်လည်း စိတ်လုံးလုံးမချနိုင်သဖြင့် မဖားဥအိမ်ကို အစဉ်သဖြင့် တစေ့တစောင်း သတိပြု၍ ချောင်းမြောင်းကြည့်ရှုကာ နေ၏။ သည်ကဲ့သို့ ကြည့်ရှုနေသည့်အတွင်း တောင်ဖီလာဆရာတော်၏ ခမည်းတော်ဦးဖြူတုတ်သည် နောက်နောက်က မသိကျွမ်းဖူးဘဲလျက် ရုတ်တရက်ရောက်လာပြီးလျှင် မောင်ရင်မောင် အမိမဖားဥကို ကြည့်ရှုစောင်မ အိမ်ရာဆောက်ပေးရုံမှုမက ရုံဖန်ရံခါ လာရောက်ကူပံ့သည်များကို တွေ့မြင်ရလျှင် မောင်မြတ်သာတွေးထင်သည်မှာ မောင်ရင်မောင်ကား မုချအားဖြင့် အသက်ရှည်လျက်ရှိသည်။ သူ့ကို ဦးဖြူတုတ် လျှို့ဝှက်ထားသည်ဖြစ်မည်၊ ဦးဖြူတုတ် လျှို့ဝှက်ထားလျှင်လည်း အရပ်ဝေးတွင်မဝှက်၊ တောင်ဖီလာကျောင်းအနီးအနားတွင်ပင် ဝှက်မည်။ ယခု ဦးဖြူတုတ်သည် မဖားဥထံ ကြောကြောလာရောက်သည်မှာ မဖားဥကို ချစ်ကြိုက်၍လာသည်ဟူ၍ အရပ်က ထင်ကြသည့်အရာမမှန်၊ မောင်ရင်မောင်က စေလွှတ်သောကြောင့် မောင်ရင်မောင့်ကိုယ်စားလှယ်ပြုလုပ်၍ လာသည် မုချဖြစ်မည် ငါသတိပြု၍ကြည့်ရှုမှ သင့်မည်ဟု အကြံပြု၏။

❖❖ ❖❖ ❖❖

Generated by CamScanner from intsig.com

# အခန်း(၂၃)

သည်ကဲ့သို့ သတိပြုလျက်နေရာတွင် မမယ်မသည် မဖားဥအိမ်သို့ နေ့စဉ်သွားသည်ကို မောင်မြတ်သာမြင်ပြန်လျှင် မမယ်မကား မောင်ရင်မောင် မသေကြောင်းကိုသိ၍ မောင်ရင်မောင်နှင့်တွေ့ဆုံရအောင် မဖားဥအိမ်သို့သွား ရသည်ဟု တွေးထင်၏။ မောင်မြတ်သာသည် လွန်စွာချစ်ခင်သော မယားကို သည်ကဲ့သို့ မသင်္ကာမကင်းသည့်စိတ် ကပ်ငြိလျှင် စားကောင်းခြင်းမစားနိုင်၊ အိပ်ကောင်းခြင်းမအိပ်နိုင်ရှိသဖြင့် တစ်နေ့တခြား အသားအရေ ဆုတ်ယုတ် ခြင်းဖြစ်၏။ တစ်နေ့သ၌ မောင်မြတ်သာသည် ဤကဲ့သို့ အောက်မေ့၏။ ငါကား မဖားဥအိမ်ကို ဦးဖြူတုတ် လာရောက်ရုံမျှဖြင့် အကြောင်းမဲ့ စိတ်ဒုက္ခ ရောက်လျက်ရှိသည်။ အကယ်အားဖြင့် ဦးဖြူတုတ်သည် အရပ်က မိန်းမများ တွေးထင်ကြသည့်အတိုင်း မဖားဥနှင့် အိမ်ထောင်ပြုရန်ကြံရွယ်၍သာ မဖားဥ ထံသို့ ကြိမ်ဖန်များစွာလာသည်ဖြစ်မည်။ သည်အတိုင်းမှန်ကန်လျှင်လည်း မမယ်မ မသိတန်သည်ကြံပြီးလျှင် တစ်နေ့သ၌ မမယ်မအား ဤသို့မေး၏။ မမယ်မ– မမယ်မကား မဖားဥထံသို့ မကြာမကြာသွားလေ့ရှိသည်။ မဖားဥ သည် ဦးဖြူတုတ်နှင့် အိမ်ထောင်မည်ပြောကြသည့်အရာ မှန်ပါသလောမေး ၏။ မမယ်မကလည်း မဖားဥနှင့် ဦးဖြူတုတ်နှစ်ယောက်လုံးတို့တွင် မည်သူ မျှ အိမ်ထောင်လိုသောဆန္ဒမရှိ၊ မဖားဥဆင်းရဲသည်ကို သနားသောကြောင့် အိမ်ထောင်သည်ကို ရှုကြည့်လိုသော်လည်း ယခုအခါ သူတို့နှစ်ယောက်ကို သိကြားမင်းဆင်း၍ အောင်သွယ်သော်လည်း စိတ်ကူးကြမည်မဟုတ်ဟု စကားတိုတိုဖြင့် ပြန်ပြော၏။ မောင်မြတ်သာလည်း ရှေ့သို့ဆက်လက်မေးမြန်း လိုသောဆန္ဒရှိသော် လည်း မိမိမယား မမယ်မကို ကြောက်ရွံ့ရင်းဖြစ်သဖြင့်

မမေးဝံ့ဘဲ တိတ်ဆိတ်စွာသာနေပြီးလျှင် ဤသို့တွေးတောပြန်၏။ မမယ်မ ပြောသည့်စကားသည် အမှန်ပင်ဖြစ်သည်။ ဦးဖြူတုတ်နှင့် မဖားဥတို့ တစ်ဦးနှင့် တစ်ဦးပြောဆိုနေထိုင်ကြသော အမူအရာသည် ချစ်ကြိုက်သည့်လက္ခဏာ မပါ၊ သို့သော်လည်း သူတစ်ပါး မကြားမသိစေလိုသောအရာကို တိုင်ပင် ကြသည့်အရာမှာကား မုချထင်ရှားသည်။ ဤကဲ့သို့ သူတစ်ပါးမသိစေလိုသည့် အကြောင်းမှာလည်း အခြားအကြောင်းမဟုတ်။ မောင်ရင်မောင့်အကြောင်း သာလျှင်ဖြစ်မည်။ မောင်ရင်မောင်လည်း အနီးအနားတွင်ပင် ပုန်းအောင်းလျက် ရှိမည်။ မမယ်မလည်း မောင်ရင်မောင် အနီးအနားတွင်ရှိကြောင်းသိ၍ တွေ့ဆုံ ရအောင် နေ့စဉ် မဖားဥအိမ်သို့သွားရောက်သည်မုချ ဖြစ်ရမည်။ ဦးဖြူတုတ် မလာမီက မမယ်မသည် မဖားဥအိမ်သို့သွားသည့်မရှိ၊ ယခု ဦးဖြူတုတ်လာမှ နေ့စဉ်သွားသည်။ ဤအရာ၌ မိန်းမတို့မာယာ ထင်ရှားသည်။ တဲပုတ်ကိုဖျက် ၍ အိမ်ဆောက်လုပ်သည့်အရာမှာလည်း မောင်ရင်မောင် တစ်ခါတစ်ရံလာ လျှင် လူသူမမြင်စေရန်ကြံရွယ်၍ ဆောက်သည့်အရာဖြစ်သည်။ နောက် တစ်ကြိမ် ဦးဖြူတုတ်လာ၍ညအိပ်လျှင် အသေအချာသိရအောင် ငါ- ချောင်း မြောင်း၍ နားထောင်အံ့ဟု အကြံပြု၏။

လောက၌ အကြင်လင်နှင့်မယားတွင် မယားဖြစ်ကလည်း မိမိလင် ကို တစ်ပါးသောမိန်းမနှင့် သင့်ကာမကင်းသည့်အရာ၊ လင်ဖြစ်ကလည်း မိမိ မယားကို သူတစ်ပါးနှင့် သင့်ကာမကင်း စိတ်လက်မချသည့်အရာ များသည်။ သည်ကဲ့သို့ သင့်ကာမကင်း စိတ်လက်မချသူပုဂ္ဂိုလ်အား စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းဒုက္ခကို ပွားများစေတတ်၏။ သည်ကဲ့သို့ ပွားများသော ဒုက္ခဆင်းရဲသည် သာမညမဟုတ်။ လူကောင်းစင်စစ် ဟုတ်မှန်လျက်နှင့် စိတ္တဇရောဂါ ကပ်ရောက်သဖြင့် သူရူးအဖြစ်သို့ရောက်၍ လောကငရဲခံစား ရဘိသကဲ့သို့ ရှိတတ်၏။ ယောကျ်ားတစ်ပါးနှင့် ချစ်ကြိုက်ဖူးသော မိန်းမ

ပိန်းပကာစ်ပါနှင့် ချစ်ကြိုက်ဖူးသောယောကျ်ားနှင့် အိမ်ထောင်သူတို့သည် ဤဒုက္ခကို အခြားသူတို့ထက် တွေ့ကြိုပ်လွယ်၏။

မောင်ပြံ့တိသာသည် မောင်ရင်မောင်မသေ အသက်ရှည်လျက်ရှိသည် ဟူ၍ ဖိဖိစိတ်၌ အထင်ရောက်သည်က အစပြု၍ မယ်မကို မယုံမကြည်ရှိ ပြီးလျှင် ညအခါ အိပ်ရာမှလျှင်လည်း မယ်မသည် ထ၍သွားနိုး၊ နေ့အခါ၌ သည်း တစ်ပါးသောအိမ်တွင် မောင်ရင်မောင်နှင့် ချိန်းချက်၍ တွေ့ဆုံနိုးဖြင့် နှလုံးမပြတ် ဥပါဒါန်ကပ်ရောက်သဖြင့် အိမ်မပျော် စားမဝင် ကိုယ်စိတ်နှစ်ပါး ပင်လျှင် မချမ်းသာ၊ လွန်စွာဆင်းရဲသော လောကငရဲကို ခံစားရ၏။

ထို့နောက် များမကြာမီ ဦးဖြူတုတ်သည် တပည့်သုံးယောက်နှင့် ရောက်လာပြီးလျှင် ဓါတိုင်းကဲ့သို့ပင် မဖားဥအိမ်တွင် တည်းခိုနေထိုင်၏။ သခါကျရောက်ကာလ နှစ်ယောက်သောတပည့်တို့သည် လူငယ်တို့ဘာဝ အရပ်ထဲသို့ အလည်အပတ်သွားကြသဖြင့် ကျန်တပည့်တစ်ယောက်လည်း အိပ်ခလောက်သွဲတွင် အိပ်နေ၏။ ဦးဖြူတုတ်လည်း ဘုရားပုတီးရှိခိုးမှုဖော်ပြီး ၍ မအိပ်မီအတွင်း မဖားဥနှင့် ဘုရားတရားတော်အကြောင်း ပြောဟောနေ၏။ သည်ကဲ့သို့ ပြောဟောနေသည့်အတွင်း ခလောက်အွဲတွင် အိပ်နေသောသူ သည် ရုတ်တရက် လူ- လူ- ဟု ဟစ်အော် အိပ်ပေါ်မှခုန်ချပြီးလျှင်လိုက် ၏။ ထိုအခါတွင် ကံအားလျော်စွာ အလည်အပတ်သွားသော တပည့်နှစ် ယောက်တို့သည် လည်ပတ်ရာမှပြန်လာ၍ အိမ်ဝင်းဝအနီးသို့ရောက်ရှိသဖြင့် လူ- လူ- အော်ဟစ်သံကြားသည်နှင့်တစ်ပြိုင်နက် မဖားဥဝင်းအတွင်းမှ လူတစ်ယောက် ပြေး၍ထွက်လာသည်ကိုမြင်လျှင် တစ်ယောက်သောသူက သည်ကို ရုတ်တရက်ဖက်၍ နှိပ်ထား၏။ တစ်ယောက်ကလည်း ကျောကို ထောင်းထု၊ ၎င်းနောက် လူ- လူ- ဟု အော်သောသူ ရောက်လာပြန်လျှင် လည်း ကူညီထောင်းထုပြန်၏။ သည်ကဲ့သို့ ထောင်းထုသောအသံကို အရပ်

က ကြား၍ မီးခွက်များနှင့် လာရောက်ကြည့်ရှုရာတွင်မှ မိန်းမတစ်ဦးက အလိုလေး မောင်မြတ်သာပါ၊ တန်ပါ၊ လွှတ်လိုက်ပါအော်သော်လည်းမရ။ မောင်မြတ်သာဖြစ်က သူတကာ့အိမ်ကို အဘယ့်ကြောင့် ခိုးရန်ချောင်းမြောင်း ရသနည်းဆိုပြီးလျှင် ထပ်ကာထပ်ကာ ထောင်းထုပြန်ရာ ဦးဖြူတုတ်လာ ရောက်၊ ဟဲ့- လွှတ်လိုက်ပါဆို၍ လွှတ်လိုက်မှ မောင်မြတ်သာသည် လူ အမြင်မခံဝံ့ရှာသဖြင့် ဒဏ်ရာပြင်းထန်လှသောကြောင့် ကောင်းမွန်စွာ မသွား နိုင်သော်လည်း ယိမ်းယိုင်ကာဖြင့် တိမ်းရှောင်ထွက်ခွာသွားလေ၏။

❖❖ ❖❖ ❖❖

# အခန်း(၂၄)

ကိုရင်မောင် အဝမြို့မှထွက်ခွာသွားသည့်နောက် အမိမဖွားဥတို့ နေထိုင်ရပုံ၊ မမယ်မ မောင်ပြတ်သာတို့ နေထိုင်ဖြစ်ပျက်ကြပုံမှစ၍ မောင်ပြတ်သာသည် မယား မမယ်မကို သက်ကမောင်း မယုံမကြည်ရှိလျှင် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းဖြစ်ပွား၊ အတိဒုက္ခတွေ့ကြုံရသည့်အကြောင်းများကို အထက်ကပြဆိုခဲ့လေပြီ။ ရွှေဘိုမြို့တွင် မစောတင်မှစ၍ အဘဝန်မင်း အမိဝန်ကတော်တို့ အဖြစ်အပျက်ကို ယခု အနည်းငယ်မျှ ပြဆိုပေဦးအံ့။

ဤလောက၌ ယောက်ျားနှင့်မိန်းမ ဝမ္မတာသဘောအရ ချစ်ခင်စုံမက်ကြရာ၌ မည်သူ့အချစ်မေတ္တာ သာ၍ကြီးကျယ်ကြောင်းမှာ ရှေးပညာရှိ ကဝိပုဂ္ဂိုလ်တို့ပင်လျှင် တစ်ဦးနှင့်တစ်ဦး သဘောအယူအဆမတူ ကွဲလွဲလျက်ရှိကြသည်။ အချို့သောဆရာတို့က မိန်းမကြိုက်ကမျှော်လိုက်ကာ၊ ယောက်ျားကြိုက်ကစိုက်ဆိုက်လာဟူသောကြောင့် မိန်းမ၏အချစ်မေတ္တာထက်ယောက်ျား၏အချစ်မေတ္တာက ကဲလွန်သည်ဟူ၍ ပြဆိုသည်။ အချို့တို့ကလည်း မိန်းမတို့ ဣန္ဒြေ ရွှေပေး၍မရဟူ၍ အဆိုရှိသည်။ မိန်းမတို့မှာကား ဣန္ဒြေကိုစောင့်ထိန်းရခြင်းကြောင့် အချစ်ကို လူသူမသိရှိသည်။ အကယ်စင်စစ်ကား မိန်းမတို့၏အချစ်က ပိုလွန်သည်ဟူ၍ အယူရှိသည်။ အချို့ကလည်း မိန်းမနှင့်ယောက်ျားတွင် မည်သူက မည်သူ့ထက်သာသည်ဟူ၍ မဆိုသာ။ လူ၏သဘောကိုသာလိုက်၍ ဖြစ်သည်ဟူ၍လည်း ပြောဆိုရေးသားကြသည်။

မိန်းမနှင့်ယောက်ျားတွင် မည်သူက အချစ်သာသည်ဟူ၍ပင်ဆိုစေ၊ ဤကဲ့သို့သော ချစ်ခြင်းမျိုး၌ အသက်အရွယ်နုနယ်သူတို့၏ ချစ်ခြင်းသည် အသက်အရွယ် ကြီးရင့်သောသူတို့၏ ချစ်ခြင်းထက် ဆတက်တမ်းပိုးကဲပုံ

Generated by CamScanner from intsig.com

သာလွန်ကြောင်းမှာ မုချမှန်သည်။ စီးဆင်းသောရေအားကြီးက တားဆီးပိတ်ဆို၍မရနိုင်သည့်နည်းတူ ချစ်ခြင်းအားကြီးကလည်း တားဆီးပိတ်ဆို၍မရနိုင်။ အသက်အရွယ်ကြီးရင့်သူတို့၏ ချစ်ခြင်းကား ချုပ်တည်းနိုင်သည်။ ယောက်ျားငယ်၊ မိန်းမငယ်တို့ ကလေးချင်းဘာဝချစ်ကြိုက်ကြလျှင် လွန်စွာချုပ်တည်းနိုင်ခဲသည်။ ကြိုက်လျှင်လည်းမရှက်၊ ငိုက်လျှင်လည်းမရှက်ဟူသော ရှေးပညာရှိတို့ စကားသည် သူငယ် သူငယ်မတို့ ချစ်ကြိုက်ခြင်းကိုရည်၍ဆိုခြင်းဖြစ်သည်။

သို့ဖြစ်သောကြောင့် အသက် ၁၇-နှစ်ရွယ်မျှရှိသူ အပျိုမိန်းကလေး မစောတင်သည် မိမိနှင့်အရွယ်တူဟု ဆိုအပ်သော မောင်ရင်မောင်နှင့် ချစ်ကြိုက်မိလျှင် မောင်ရင်မောင်အား အထူးသဖြင့် ချစ်ကြည်အားထားသည့်အရာများကို ထူးခြားသည်မဆိုသာ။ ယခင်တစ်ခန်းတွင် ပြဆိုခဲ့သည့်အတိုင်း ကိုရင်မောင်သည် မစောတင်နှင့် အိမ်ထောင်ဖက်ရန် ရပ်ရွာကိုပြန်၍ မိဘတို့ထံ ခွင့်ပန်ချေဦးမည် ပြောဆိုထွက်သွားသဖြင့် မစောတင်မျက်ရည်စက်လက်နှင့် ကျန်ရစ်ခဲ့ပြီးသည့်နောက် တစ်လခန့်မျှကြာလိမ့်မည်။ ကိုရင်မောင် မှာထားသည့်အတိုင်း နေ့စဉ်နေ့စဉ် နေ့ရက်ကိုရေတွက်ပြီးလျှင် ယနေ့လျှင်လည်း ရက်ပေါင်းမည်မျှရှိပြီဖြစ်၍ ကိုဘိုးရင်လာရန် ရက်ရေမည်မျှလိုသေးသည်သာလျှင် တွက်စစ်ကာနေ၏။ သည်ကဲ့သို့ ရေတွက်ရာမှ တစ်လစေ့ရောက်လုနီးလျှင် ကိုဘိုးရင်လာရောက်တော့မည်။ လာကလည်း သူတကာမမြင်ရမိ သူတကာ့အလျှင်မြင်ရအောင်ဟုကြံပြီးလျှင် မိမိအိပ်ခန်း တောင်ဘက် ပြတင်းပေါက်ကသာ ကိုရင်မောင်လာမည့်လမ်းကို နေထွက်နေဝင် နေ့စဉ်မပြတ်မျှော်တမ်းရှာ၏။

သည်ကဲ့သို့ပင် တစ်လကနှစ်ရက်ခန့် ကျော်လွန်လျှင် မစောတင်သည် မိန်းမငယ်တို့ဘာဝ တွေးတောဆင်ခြင်သည်မှာ ခရီးသွားတို့မည်သည်မှာ အခိုက်အခန့်မသင့်လျှင် နှစ်ရက်တန်သည် သုံးရက်တန်သည် ကြန့်ကြာမြဲ

ဖြစ်သည်။ ယနေ့မရောက်လျှင် နက်ဖြန်ရောက်လာလိမ့်မည်။ နက်ဖြန်မရောက်လျှင်လည်း သန်ဘက်ခါရောက်လိမ့်မည်။ ကိုဘိုးရင်သည် ငါ့အားမုချချစ်မက်သည်။ ငါ့ကိုလိမ်လည်မည်မဟုတ်၊ ကိုဘိုးရင်မျက်နှာတွင် လိမ်လည်တတ်သည့်လက္ခဏာမပါဟုအောက်မေ့။ ကိုဘိုးရင်ရှိစဉ်က ငါ့အားမည်သည့်အကြောင်းကို ပြောဆိုဖူးသည်။ မည်သို့ ကျီစယ်ဖူးသည်များကိုလည်း အောက်မေ့ပြီးလျှင် ကိုယ့်စိတ်ကိုကိုယ် ပျောင်းဖျကာဖြင့် မျှော်လျက်သာနေ၏။

တစ်လကကို တစ်လခွဲခန့်ကြာရှိပြန်လျှင် ကိုဘိုးရင်ကား မကျန်းမမာ၍သာလျှင် ချိန်းချက်သည့်နေ့ရက်ကို မလာနိုင် မရောက်နိုင်ရှိသည် ဟူ၍ ထင်မိပြန်သဖြင့် ပူဆွေးဒုက္ခကြီးလှသောကြောင့် ဝမ်းတွင်း၌ တစ်ကိုယ်တည်း မမျိုမသိပ်နိုင်ရှိလျှင် အိမ်တွင်နေထိုင်၍ မိမိအား ငယ်စဉ်ကတည်းက ထိန်းကျောင်းကျွေးမွေးလာသော မိမိအထိန်း ၃၆-နှစ်ရွယ် မိန်းမတစ်ဦးအား ဤသို့ ပြောကြားတိုင်ပင်၏။ မကြီးမိ- ကိုဘိုးရင်သည် တစ်လနှင့်ပြန်လာမည်ပြောဆိုသွားရာ ယခုကား တစ်လခွဲကျော်၍လည်း မပြန်မလာရှိနေသည်၊ ကျွန်မမှာ စား၍လည်းမဝင်၊ အိပ်၍လည်းမပျော်နိုင်ရှိနေသည်၊ မည်သို့ကြံရမည်ကို အကြံပေးစမ်းပါဆိုလျှင် မကြီးမိလည်း ငါ့တူမ- ငါ့တူမအရိပ်ကို အခေါ်ကြည့်ရှုလျက်နေသည်၊ အခေါ်အမှုတ်မှဲ့နေသည်မှထင်နှင့်၊ အခေါ်တို့လည်း အခေါ်တို့အခါများက ဤကဲ့သို့ပင် ကြိမ်ကြိုက်ခဲ့ဖူးသည်။ သို့ဖြစ်၍ မအေတင် စိတ်တွင် မည်သို့ ပူဆွေးသည်ကို အခေါ်သိသည်။ နောက်ဆုံးကျရောက်ကာလ အခေါ်အကြံပေးမည်။ ယခုမှာ မောင်ဘိုးရင်သွားသည့်ခရီးနှင့် နှိုင်းစာသော် ရက်ပေါင်းများစွာ ကြန့်ကြာသေးသည်မဟုတ်။ မကွေးမြို့ဆိုသည့်ခရီးသည် အခေါ်မေးမြန်းကြည့်ရာ ကုန်းတစ်တန်၊ ရေတစ်တန်၊ လှည်းတစ်တန်၊ လှေတစ်တန် သွားရသည့်ပြင် ဆယ်ရက် ဆယ့်ငါးရက်ခန့်သွားမှ ရောက်သည်။ အသွားအပြန်ဆိုသော် တစ်လခွဲ နှစ်လခန့်ကြာပေမည်၊ မစိုးရိမ်

နှင့်၊ နောက်ဆုံးတစ်နေ့ကျလျှင် အဒေါ်ကိုယ်တိုင်သွား၍ ခေါ်ပေးမည်ဟုဆို၏။

မစောတင်လည်း အဒေါ်– မြို့သူကြီးသမီးများသည် ကျွန်မအား မနာလိုရှိသည်၊ ထိုမိန်းမများ ကဲ့ရဲ့မည်ကို စိုးရိမ်ရှက်ကြောက်ပါသည်ဆိုလျှင် မကြီးမိလည်း ငါ့တူမကိုကဲ့ရဲ့လျှင် သင်တို့လည်းပင်းကို အဒေါ်နင်း၍ ပါးကို ရိုက်မည်ဆို၏။ ထိုအခါ မစောတင်သည် မကြီးမိကား ငါနှင့်ကိုယ်ချင်းစာ သူဖြစ်သည်။ သူကိုယ်တိုင်လည်း ဤအမှုမျိုး တွေ့ကြုံခဲ့ဖူးသည်။ သူ့ကို ကား ငါအားကိုးလောက်သည်။ သူ့စကားကို ငါနားထောင်အံ့ဟု အကြံ ပြု၏။

တစ်နေ့သ၌ ဝန်မင်းဦးကျောက်ခဲသည် ညအိပ်ရာဝင်တွင် ဝန်ကတော် နှင့် တိုင်ပင်သည်မှာ ဝန်ကတော်– မောင်ဘိုးရင်သည် တစ်လနှင့်ပြန်လာမည် ဆို၍သွားရာ ယခုကား တစ်လခွဲရှိ၍မှ မလာရှိနေသည်၊ ဝန်ကတော်သမီး လည်း အသားအရေဆုတ်ယုတ် မျက်နှာမသာရှိလှပြီ၊ ကျွန်ုပ်ကား မိန်းကလေး ကို လွှင်စွာသနားသည်၊ အစစအရာရာတွင် ဝန်ကတော်က အမိဖြစ်သည်နှင့် လျော်ညီစွာ အားပေးပါ။ ကျွန်ုပ်ကား ကရုဏာအားကြီးလှသောကြောင့် မိန်းကလေးမျက်နှာကိုမျှ မကြည့်ချင်အောင်ရှိသည်။ ကျွန်ုပ်သည် နံနက်ခင်း အချိန် ဝင်းအတွင်းစကြံလျှောက်တိုင်းပင် မိန်းကလေးသည် ပြတင်းပေါက် က တောင်သို့မျှော်နေသည်ကို တွေ့မြင်ရသည်။ ညနေခင်းကျရောက်ပြန်လျှင် လည်း ဤနည်းပင် မျှော်တော့သည်။ သမီးကလေး သည်ကဲ့သို့မျှော်သည်ကို မြင်ရလျှင် ကရုဏာအားကြီးလှသဖြင့် ကျွန်ုပ်စိတ်နှလုံး၌ များစွာမချမ်းမသာ ဖြစ်သောကြောင့် ယခုကား ဝင်းအတွင်းကိုမျှ ကျွန်ုပ်ဆင်း၍ စကြံမလျှောက် ပြီဟုဆိုလျှင် ဝန်ကတော်လည်း ဝန်မင်း– ကျွန်ုပ်သည် အမှတ်မဲ့နေသည် ဝန်မင်းထင်သလော၊ ဝန်မင်းမှာ အဘမျှဖြစ်သည်၊ ကျွန်ုပ်မှာ မစောတင်အမိ ဖြစ်သည်၊ မိန်းကလေးသည် ယခုမှ မောင်ဘိုးရင်ကိုမျှော်သည်မဟုတ်၊ မောင်

ဘိုးရင်သွား၍ ရက်ပေါင်းအစိတ် စေ့ရောက်သည့်နေ့ကပင် မျှော်မျှော်သည်၊ ကျွန်ုပ်မှာ မောင်ဘိုးရင်မှာသွားသော တစ်လစေ့ကုန်၍ ၁၅ ရက်ခွန်းလျှင် ရွှေမိလင် မှတ်ကို စေလွှတ်လိုက်သည်။ မှတ်သည် ကိုယ်နှင့်လည်း ဆွေမျိုးတော်စပ်သည်။ ၎င်းမယား ရွှေမိလည်း ကျွန်ုပ်ညီမတော်ပင် ဖြစ်သည်၊ အစစအရာရာတွင် သူတို့ကို ရက်ကြောက်ရန်အကြောင်းမရှိ၊ မှတ်သည် လိမ္မာရေးခြားရှိသည်၊ နိုင်းလေရာရာ ပေါက်ပေါက်ရောက်ရောက်လည်းရှိ သည်။ အကယ်၍ မောင်ဘိုးရင်လာလျှင်လည်း လမ်းတွင်တွေ့ဆုံခဲ့သော်၊ မလာလျှင် စစ်ကိုင်းမြို့တောင်ဖိလာဆရာတော်ကျောင်းသို့ ရောက်သွား၍ သတင်းမေးပြီးလျှင် ပြန်လာလိမ့်မည်။ ယခုနေ့ မှတ်လာရက် စေ့ရောက် သည်။ ယနေ့မလာလျှင် နက်ဖြန်ဆက်ဆက် ရောက်လာလိမ့်မည်။ မှတ် နှင့်အတူလည်း နောက်ပါလူနှစ်ယောက် ထည့်လိုက်သည်ဆိုလျှင် ဝန်မင်း လည်း ဝန်ကတော်ကား အမြော်အမြင်ရှိသော မိန်းမကောင်း ပီပါပေသည်ဟု ချီးမွမ်း၏။

❖❖ ❖❖ ❖❖

Generated by CamScanner from intsig.com

# အခန်း(၂၅)

နေ့ခက်တစ်နေ့နံနက်ကျလျှင် ဝန်ကတော်နှင့်တကွ ဝန်မင်းပါ မောင်မှတ်ကို မျှော်ကြ၏။ မစောတင်လည်း မိမိမျှော်မြဲဖြစ်သော ပြတင်းက မျှော်နေသည့်အတွင်း တောင်စူးစူးမှ လူသုံးဦး လာကြသည်ကို အဝေးကမြင်လျှင် မောင်ဘိုးရင် ပါနိုးဖြင့် အသည်းနှလုံးတုန်လှုပ်လျက် ကြည့်ရှုရာ၏။ သည်ကဲ့သို့ အတန်ကြာ ကြည့်ရှုရာမှ မောင်ဘိုးရင် မပါကြောင်းကို သိရှိသည့်ပြင် တစ်ယောက်သောသူကား အခြားမဟုတ်၊ မကြီးမိယောက်ျားမောင်မှတ်ဖြစ်သည်ကိုမြင်လျှင် မကြီးမိကို အမြန်ခေါ်ငင်မေးမြန်း၏။ မကြီးမိလည်း ပြတင်းပေါက်က မျှော်၍ကြည့်ရှုပြီးနောက် ဤသို့ပြော၏။ တူမ– မောင်ကြီးမှတ်ကား အခြားကိစ္စနှင့်သွားရသည်မဟုတ်၊ မောင်ဘိုးရင် လာလျှင်လည်း လမ်းတွင်တွေ့ဆုံစေတော့၊ မလာလျှင်လည်း စစ်ကိုင်းမြို့ တောင်ဖီလာဆရာတော် ဘုရားကျောင်းမှ သတင်းစကားကြားရစေတော့ အကြံနှင့် သွားသည်။ ယခုမှာ မောင်ဘိုးရင်မပါ၊ သတင်းစကား ပါလာလိမ့်မည်။ ငါ့တူမ စိတ်လက်မသာမယာရှိမည်စိုးသောကြောင့် အခေါ် အထက်က မပြောပြသည်၊ မည်သည့်သတင်းစကား ပါလာသည်ကို အခေါ် နားထောင်ချေဦးမည်ဆို၍ အိမ်ဦးသို့သွား၏။ မစောတင်လည်း ငြိမ်ဝပ်စွာဆိုင်းငံ့၍မနေနိုင်သဖြင့် မကြီးမိ ထွက်သွားလျှင် အိမ်ဦးခန်းနှင့်ကပ်လျက်ရှိသော အခန်းတစ်ခုအတွင်းသို့သွားရောက်ချောင်းမြောင်း နားထောင်နေ၏။

မောင်မှတ်လည်း အိမ်ဦးခန်းသို့ရောက်၍ ဝန်မင်းရှေ့တွင်ပင် ဝန်ကတော်မေးသဖြင့် မောင်ဘိုးရင်နှင့် မတွေ့မဆုံခဲ့ရကြောင်း၊ မောင်ဘိုးရင်သတင်းကို တောင်ဖီလာဆရာတော်ကျောင်း ဦးဖြူဟုတ်ထံမှစ၍ ဆရာတော်

Generated by CamScanner from intsig.com

ဘုရားထံ မေးရာလည်း ကောင်းမွန်စွာမပြော၊ သတင်းစကားဆို၍ မည်သည့် အရာမျှ သေချာစွာ မရှိခဲ့ရ၊ ဤရွှေဘိုမြို့ကအပြန်တွင် မောင်ဘိုးရင် ကျောင်းသို့ ဝင်ရောက်သွားကြောင်းမျှလောက်သာ ကျောင်းသားကလေးတို့ ပြောပြသိရှိခဲ့ရကြောင်း၊ ကျွန်တော်မျိုး ပြန်မည့်နေ့ရက်တွင်မှ ဦးဖြူတုတ်က ကျွန်တော်မျိုးကို ပြန်ခေါ်ပြီးလျှင်မည်သည့်အကြောင်းကြောင့် မောင်ဘိုးရင် သတင်းကို သိလိုသလဲမေးသောကြောင့် ကျွန်တော်မျိုးက မစောတင်ကိစ္စ အကြောင်းပြောပြမှ သည်အတိုင်းမှန်က ဝန်မင်းနှင့်ဖြစ်စေ၊ ဝန်ကတော်နှင့် ဖြစ်စေ တွေ့ဆုံတိုင်ပင်လိုသည်။ ငါကား အိုမစွမ်း၍ ရွှေဘိုမြို့သို့ မလာ မရောက်နိုင်ကြောင်း၊ ဝန်မင်းနှင့်တကွ ဝန်ကတော်တို့ကို လျှောက်ထားလိုက်ပါ မှာလိုက်ကြောင်းများနှင့်ပြောၡ၏။

ထိုစကားကို ဝန်မင်းကြားလျှင် ဝန်ကတော်– ဦးဖြူတုတ်ကား အကြောင်းထူးရှိ၍သာလျှင် မှာသည်။ ကျွန်ုပ်မှာကား မင်းမှုထမ်းဖြစ်၍ မသွားနိုင်သည်တစ်ကြောင်း၊ ဤအကြောင်းနှင့် ကျွန်ုပ်သွား၍လည်း မသင့် မလျော်၊ ဝန်ကတော်နှင့်ဆိုင်သောအလုပ်ဖြစ်၍ ဝန်ကတော်သွားမှ သင့်လျော် မည်၊ တိုင်ပင်လိုသည့်စကားလည်း သူတကာ မသိမကြားအပ်သောစကား ဖြစ်၍သာ ပမှတ်ကို စကားအုပ်စုံမပြောလိုက်ဘဲ ကျွန်ုပ်တို့နှစ်ယောက်ကို မှာသည်။ နေ့ကောင်းရက်သာကိုရွေးပြီးလျှင် အမြန်သွားပါလေ။ ဦးဖြူတုတ် နှင့်တကွ ဆရာတော်ဘုရားထံ လျှောက်ထားရန် အလွှာစ်ကုံးရေးသား၍ ကျွန်ုပ်ပေးလိုက်မည်ဆို၏။ ဝန်ကတော်လည်း ကောင်းလှပြီ၊ ဤအမှု၌ကျွန်ုပ် သွားမှသာ ပြီးစီးမည်၊ နောက်လိုက်နောက်ပါ လူငါးယောက်ခြောက်ယောက် ခန့်နှင့် မိန်းမအဖော်တစ်ယောက်ပါလျှင် တော်လောက်ပြီဟု ဆိုပြီးလျှင် ဝန်ကတော်လည်း တစ်ပါးသို့ ထသွား၏။

မစောတင်လည်း မိမိချောင်းမြောင်းနားထောင်နေသောအခန်းမှ မိမိ အခန်းသို့ ရွှေ့ပြောင်းနေထိုင်၏။ ထို့နောက် တစ်ခဏမျှကြာ၍ မကြီးမိ

ဝင်ရောက်လာပြီးလျှင် သတင်းစကားများကိုပြောပြမည်အပြုတွင် မစောတင်က မပြောပါနှင့်တော့ မကြီးမိ၊ ကျွန်မ အလယ်ခန်းက နားထောင်သောကြောင့် အကုန်အစင်ကြားသိရလေပြီ။ စစ်ကိုင်းမြို့သို့ မေမေနှင့်အတူ ကျွန်မလည်းလိုက်မည်။ မကြီးမိပါ လိုက်ခဲ့ပါဆို၏။ မကြီးမိလည်း အံ့အားသင့်လျက်အတန်ကြာနေပြီးသည့်နောက် ငါ့တူမလိုက်၍ လျော်မှလျော်မည်၊ သို့ပြင်လည်း ဝန်ကတော်ကခေါ်ကောင်းမှခေါ်မည်ဟု ပြန်၍ပြောသည့်အတွင်း စကားအဆက်မျှမပြတ်သေးမီ ဝန်ကတော်သည် ဝင်ရောက်လာ၏။ ဝန်ကတော်လည်း အကြောင်းအမျိုးမျိုးကို မစောတင် မသိသေးထင်သောကြောင့် တိုက်ရိုက်ပြောပြလျှင် မစောတင် စိတ်မချမ်းမသာရှိမည်စိုးသဖြင့် သွယ်ဝိုက်ကာပြောမှ သင့်မည်ကြံပြီးလျှင် ဤကဲ့သို့ဆို၏။ မေမေပြောမည် မစော၊ မောင်ဘိုးရင်သည် တစ်လနှင့်ပြန်လာမည်ပြောဆိုသွားရာ ယခု နှစ်လနီး၍လည်း မပြန်မလာ ရှိနေသည်။ စစ်ကိုင်းမြို့တောင်ဖီလာကျောင်းတော်သို့ မေမေသွားရောက် သတင်းမေးချေဦးမည်ဆိုလျှင် မစောတင်က မေမေသွားလျှင် ကျွန်မလည်း လိုက်မည်ပြော၏။ ဝန်ကတော်ကလည်း အတန်ငယ်တွေဝေ၍ စဉ်းစားဆင်ခြင်နေပြီးနောက် သမီး—သမီးလိုက်၍တော်မည်မထင်၊ ရပ်ရွာက ကဲ့ရဲ့အပြစ်တင်လိမ့်မည်၊ အမေ အမြန်သွား၍ အမြန်ပြန်ခဲ့မည်၊ ငါ့သမီးမှာ ရွှေမိနှင့်အတူ ကောင်းမွန်စွာ ပျော်ပျော်နေရစ်ဟုဆို၏။ မစောတင်လည်း မေမေ— လူများကဲ့ရဲ့မည်ဆိုသည့်စကားမှာ မဟုတ်ပါ၊ နေပြည်တော် အမရပူရမြို့ ရွှေဘွားတော်မြတ်အောက်သွားမည် သတင်းလွှင့်၍ မေမေသွားသော် မည်သူ သိပါမည်နည်း၊ သို့တည်းမဟုတ် တောင်ဖီလာဆရာတော်သည် မေမေနှင့် ငယ်သူငယ်ချင်း ကျောင်းနေဖက်ဖြစ်သည်။ ယခု ဆရာတော်ဖြစ်၍ တောင်ဖီလာကျောင်းကို အစိုးရတော်မူသောကြောင့် ဆရာတော်မှာကြားရ၍ မေမေမသွားနိုင်၍ မေမေသွားသည်ဆိုသော် မည်သူသိပါမည်နည်း၊ အမေသွားလျှင် သမီးပါမြဲဖြစ်သည်၊ ကျွန်မ မပါလျှင်သာ သူတကာ တစ်နည်းနှ

တွေးထင်ရန် ရှိပါသည်၊ ကျွန်မပါလျှင် အမေသွားရာ သမီးပါသောကြောင့် လူသူ့ကဲ့ရဲ့မည်မဟုတ်ပါ၊ ထို့ပြင်လည်း မေမေသွားလျှင် ရက်ပေါင်း ၂၀၊ ၂၅ ရက်မျှ ကြန့်ကြာပါလိမ့်မည်။ သည်ကဲ့သို့ ကြန့်ကြာနေသည့်အတွင်း အနည်းနည်းအဖုံဖုံ စိတ်ကူးတိုင်း တွေးတောပြီးလျှင် မျှော်ရသည့်ဇောနှင့် ကျွန်မ လွန်စွာဒုက္ခရောက်ပါလိမ့်မည်၊ ကြာလျှင် သေကောင်းသေရပါလိမ့်မည်၊ စိတ်ပျောက်လက်ပျောက် စိတ်အေးလက်အေးရှိအောင် ကျွန်မလိုက်ပါရစေဆိုလျှင် ဝန်ကတော်လည်း ငါ့သမီးအဘထံ အမေခွင့်ပန်ဦးမည်၊ သူခွင့်ပြုလျှင် လိုက်ပေတော့ဆိုပြီးလျှင် ဝန်မင်းထံ သွားရောက်ပြောဆိုရာ ဝန်မင်းက ဤသို့ ပြန်ပြော၏။ သမီးကလေးသည် စိတ္တဇရောဂါ ကပ်ရောက်လျက်ရှိသည်၊ ကြာမြင့်လျှင် ရောဂါကြီးပွားက အတိဒုက္ခရောက်ကြလိမ့်မည်ကို ကျွန်ုပ်စိုးရိမ်သည်၊ သို့ဖြစ်၍ စိတ်ပြေလက်ပြေ ခေါ်၍သွားသော် သင့်လျော်လိမ့်မည်၊ ထို့ပြင်လည်း တောခရီး တောလမ်းဆိုသည်မှာ ထမင်းမြိန်တတ်သည်၊ စိတ်ကူးမလွဲနှင့် ခေါ်၍သာ သွားပါလေဆို၏။ ထိုအကြောင်းကို အမိဝန်ကတော် ပြန်၍ပြောသောအခါ မစောတင်ကြားသိလျှင် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ရှိသဖြင့် လွန်ခဲ့သော ၁၅ ရက်ခန့်ကစ၍ ကိုယ့်ကိုယ်ကို မပြုမပြင်၊ မဖြီးမလိမ်း အစားအစာမှာလည်း ကောင်းမွန်စွာ မစားမသောက်ရှိရာ ယခုမှာ ထိုနေ့က သုံးရက်လည်ကာလ ရက်ကောင်းအခါ ရသည်ဆိုလျှင် အစားအစာ ကောင်းမွန်စွာ စားသောက်၊ မိမိကိုယ်ကိုလည်း အနည်းငယ်မျှ ရေးကထက် ပြုပြင်ဖြီးလိမ်း၏။

ထိုနေ့ကကို သုံးရက်စေ့ရောက်လျှင် လှည်းခုနစ်စီး၊ ယောက်ျားအစေခံ ၁၅–ယောက်ခန့်၊ မိန်းမအစေခံကြီးငယ် သုံးယောက်ခန့်တို့နှင့် မစောတင်သားအမိတို့သည် ရွှေဘိုမြို့မှ စစ်ကိုင်းမြို့သို့ ထွက်ခွာသွားကြ၏။

ဂျဗဂျဗဂျဗဂျ

# အခန်း(၂၆)

မစောတင်သားအမိတို့သည် ယခင်ဆိုခဲ့သည့်အတိုင်း လှည်းခုနစ်စီး၊ နောက်ပါကျေးကျွန် အခြံအရံနှင့်တကွ ရွှေဘိုမြို့မှထွက်ခွာ၍ တောင်စူးစူးသို့ ရှေးရှုသွားရာ ခုနစ်ရက်လည်ကာလ ညနေ နေဝင်သောအချိန်တွင် ကျောက်တာရွာသို့ ရောက်၍ ၎င်းရွာအနီးတွင် လှည်းခုနစ်စီးကို ရပ်တန့်စခန်းပြုလုပ် အိပ်ကြ၏။

နောက်နေ့နံနက် မိုးမသောက်တသောက်တွင် မစောတင်သည် မိမိအပါးတွင် အိပ်ပျော်လျက်နေသူ မကြီးမိကိုနှိုး၍ပြောသည်မှာ မကြီးမိ–မကြီးမိ ထပါဦး၊ ကျွန်မအိပ်မက်ကား အလွန်တရာထူးခြားပါသည်၊ ကျွန်မ အိပ်မက်အတိုင်း မှန်မည်ဟူ၍လည်း ကျွန်မထင်ပါသည်၊ ကျွန်မသည် အိပ်မက်ထဲတွင် ရွာစဉ်ကိုလျှောက်၍ ကိုဘိုးရင်ကို လိုက်လံရှာဖွေရာ တစ်ခုသော ရွာ၌ မည်သည့်ကပ်ရောဂါမသိ၊ ကပ်ရောဂါဖိစီးနှိပ်စက်သောကြောင့် လူအမြောက်အမြားတို့သည် ရွာ၏အရှေ့ကွင်းပြင်သာတစ်ခု၌ အတုံးအရုံးသေသူသေ၊ နာသူနာ၊ ရေငတ်ပါသည်၊ ရေငတ်ပါသည်– ရေပေးပါ တောင်းသူလည်း အချို့၊ သည်ကဲ့သို့ရေတောင်းဆဲအတွင်း လင်းတဆွဲသူလည်းအချို့၊ တောခွေးဝံပုလွေစသော တောတိရစ္ဆာန်သားရဲတို့ ဆွဲငင်ကိုက်စားကြသည်လည်းအချို့၊ အချို့တို့မှာလည်း ထိုတလင်းပြင်ဗဟိုချက်၌ရှိသော ဆန္ဒရမက်နှင့် မနိုင့်အနိုင် ရေအိုင်ရှိရာသို့ ရှေးရှုလေးဖက်တွားသူအချို့၊ တိရစ္ဆာန်မြွေသွားသည့်နည်းဖြင့် ကိုယ့်ကိုယ်ကို လွန့်လူးကာ သွားလာသူအချို့၊ သည်ကဲ့သို့ဖြစ်ရာ ခုနစ်တောင်တာမျှခရီးတွင် ခွန်အားကုန်ခန်း၍ သေသူလည်းအချို့၊ သည်ကဲ့သို့ ရှိကြသည့် လူများအနက် တစ်ဦးသောသူသည် ရုတ်တရက် ရှောင်တခင်ဖြင့် မစောတင်ရေ– မြင်လှည့်ပါဦးဟူ၍ ဟစ်အော်သံကိုကြားသောကြောင့် ကျွန်မ သွားရောက် ကြည့်ရှုကာလ အခြားသူမဟုတ်၊ ကိုဘိုးရင်စစ်စစ် ဖြစ်ပါသည်။

Generated by CamScanner from intsig.com

ကိုဘိုးရင် ရေတော်လုံရှာသောကြောင့် ကျွန်မသည် ရေရှိရာသို့ ပွေ့ချီယူသွားပြီးလျှင် လက်ခုပ်ဖြင့် ခပ်ယူ၍ ရေတိုက်ကျွေးကာလ ချက်ချင်းအားအင်တိုးတက်လူမမာအဖြစ်မှ ကိုလူသန် လူမာပကတိအဖြစ်သို့ ရောက်ပါသည်။ ထို့နောက် ကိုဘိုးရင်သည် သူစေတ္တတည်းခိုနေထိုင်သော ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ကျွန်မအား ခေါ်ငင်သွားပါသည်။ သည်ကဲ့သို့ ခေါ်ငင်သွား၍ ကျောင်းရှေ့သို့ရောက်လျှင် ကျောင်းရှေ့တွင်ရှိသော စံကားစိမ်းပင်မှ ပန်းသုံးပွင့်ကိုဆွတ်ခူးပြီးလျှင် ကျွန်မဦးခေါင်းထက် ဆံထုံးတွင် ပန်ဆင်ပေးပါသည်။ ထို့နောက် ကိုဘိုးရင်သည် ကျွန်ုပ် မကျန်းမမာသည့်အတွင်း ကျွန်ုပ်ကိုပြုစုပါဟူ၍ မှာနေသည့်အခိုက် ကျွန်မတို့လှည်းသမားအများတို့ အော်ဟစ်ကြသောကြောင့် အိပ်မက်မဆုံး၊ တစ်ဝက်တစ်ပျက်နှင့်ပင် ကျွန်မ လန့်၍ နိုးလာပါသည်။ အိပ်မက်မဆုံးသော်လည်း အိပ်မက်၏အဓိပ္ပာယ်အရမှာ ကိုဘိုးရင် မုချအားဖြင့် ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် မကျန်းမမာရှိနေပြီးလျှင် သူ မကျန်းမမာသည့်အတွင်း ထောက်မပြုစုရန် ကျွန်မကို တသလျက်ရှိနေပါသည်။ ဤဘုန်းကြီးကျောင်းကို ကျွန်မမျက်စိထဲတွင် ရုပ်ပုံရေးသားထားဘိသကဲ့သို့ ထင်မြင်လျက်ရှိပါသည်။ ထိုဘုန်းကြီးကျောင်းကို မြင်လျှင် ကျွန်မ မုချမှတ်မိပါမည်။ အခြားအရာကို မမှတ်မိလျှင်ရှိစေတော့၊ ကျောင်းရှေ့၌ရှိသော ကိုဘိုးရင် ပန်းသုံးပွင့်ဆွတ်ခူးသည့် စံကားစိမ်းပင်ကား ကျွန်မ မုချမှတ်မိပါသည်။ ဤအကြောင်းနှင့်စပ်၍ မည်သို့ပြုလုပ်ရမည်ကို မကြီးမိက အကြံပေးပါဦးအံ့။ မကြီးမိလည်း ငါ့တူမအိပ်မက်ကား လွန်စွာထူးခြားပေသည်၊ သို့သော်လည်း အိပ်မက်ဆိုသောအရာသည် အိပ်မပျော် စားမဝင်သောကြောင့် သွေးလေနှင့်တကွ ဓာတ်လေးပါးချောက်ချားခြင်းကြောင့်လည်း မက်တတ်သည်၊ ရှေး၌ တွေ့ဖူး ထင်ဖူး မြင်ဖူးသောအာရုံကို ဥပါဒါန်စွဲလမ်းသောကြောင့်လည်း မက်တတ်သည်၊ နတ်တို့သည် အကျိုးကိုလို၍လည်း

ကောင်း၊ မလိုရှိလည်းကောင်း အရှုံးရှုံး အပြုံးပြုံးသော အာရုံကိုကို ရှေးရှုဆောင်ယူ လှည့်ဖြားသောကြောင့်လည်း မက်တတ်သည်၊ ကုသိုလ် အကုသိုလ်၏အစွမ်းဖြင့် ရှေးကိုယ့်ပုဗ္ဗနိမိတ်ဖြစ်မည်၊ မျက်မည်းများကို ပြသော အားဖြင့်သော်လည်း မက်တတ်သည်။ ယခုရှေ့ကျပြသော အိပ်မက်ခြင်း လေးမျိုး၌ တစ်မျိုးသာလျှင် မှန်တတ်သောအရာ ပါရှိသည်။ ငါ့တူမ အိပ်မက် ကား အမှန်မယူရသောအိပ်မက်သုံးပါးတွင် ပါဝင်မည်။ ထိုအိပ်မက်ကို အစွဲအလမ်းမရှိလေနှင့်၊ ငါ့တူမအိပ်မက် ထူးခြားသည်ကားမှန်၏။ ရှေ့ရှေ့ တလင်းပြင်တွင် လှုနာလူသေမှ၍ တချို့ကို မသေမီက ငှက်တိရစ္ဆာန်လင်းတ တို့ ဆွဲစားသည် ငါ့တူမ ပြောပြသောအခါ အခေါ်ပင်လျှင် ကြက်သီးနှလုံး တုန်လှုပ်သည်၊ သို့သော်လည်း ငါ့တူမအိပ်မက်သည် စွဲလမ်းခြင်းကြောင့် ဥပဒ်ရောက်တတ်သည်၊ ဤအိပ်မက်ကို အစွဲအလမ်းမပြုနှင့်၊ ယခုပင် လှည်း ထွက်ကာလ တောင်ဖီလာကိုမြင်ရတော့မည်။ တောင်ဖီလာကျောင်းတော်သို့ ရောက်ပြန်လျှင်လည်း မောင်ဘိုးရင်သတင်းကို ကြားရတော့မည်။ ဤသို့လျှင် အနည်းနည်း အဖုံဖုံအားဖြင့် မကြီးမိက မစောတင်ကို ချော့မော့၍ ထား၏။

မကြီးမိသည် တူမ မစောတင်အား သည်ကဲ့သို့ပြောဆိုချော့မော့၍ ထားသော်လည်း မစောတင်အိပ်မက်သည် လွန်စွာထူးခြားရုံမျှမက မှန်ကောင်း မှန်လိမ့်မည်ဟူ၍ စိတ်စွဲလမ်းခြင်းရှိနေသည့်အတွင်း မိမိထက် ဗဟုသုတ အကြားအမြင်များသူ လင်မောင်မှတ်နှင့် တွေ့ဆုံမိလျှင် မစောတင်အိပ်မက် တိုင်းကို ပြောပြ၍ အိပ်မက်၏အနာဂတ်ကို မေးမြန်း၏။ မောင်မှတ်ကလည်း ဤအိပ်မက်ကား သာမညအိပ်မက်မဟုတ်၊ လွန်စွာထူးခြားသောအိပ်မက်ဖြစ် သည်။ ဤအိပ်မက်သည် အရိပ်နိမိတ်အားဖြင့် မှန်ကန်သော ရုပ်လက္ခဏာ ပါသည်ပြောဆိုလိုက်လျှင် မကြီးမိလည်း မူလအစကပင် ဤအိပ်မက်မှန်ကန် သည်ဟူ၍ စွဲလမ်းခြင်းရှိရာတွင် လင်မောင်မှတ်က ဤကဲ့သို့ ပြောပြန်ကာလ

Generated by CamScanner from intsig.com

မှချမှန်ပြီဟူ၍ ယူဆပြီးလျှင် တူမ မစောတင်အား မောင်မှတ်ပြောသမျှကို ပြန်ပြောအံ၏။

သည်ကဲ့သို့ပြန်ပြောလျှင် ကျွန်မအိပ်မက်အတိုင်း မှန်ကန်ပါလျှင် ကိုဘိုးရင်သည် ယခုပင် မကျွန်းမမာရှိပြီးလျှင် မကျွန်းမမာရှိရာတွင် ထောက်မပြုစုရန် ကျွန်မကို တသလျှက် နေရှာလေပြီ၊ သည်ကဲ့သို့ တသနေကြောင်းကို နတ်သူတော်ကောင်းတို့သည် ကျွန်မအား အိပ်မက်အားဖြင့် သတင်းစကားလာရောက် ပြောကြားကြပေသည်။ သည်ကဲ့သို့ပြောကြားလျှင် ကျွန်မကား မနေသာ၊ ကိုဘိုးရင် မကျွန်းမမာရှိရာသို့ အမြန်သွားရောက် ကြည့်ရှုပြုစုရသော တွေ့ရအံ့ရှိပါသည်ဆို၏။ မကြီးမိလည်း ငါ့တူမ– ယနေ့ကား တောင်ဖီလာကျောင်းသို့ ငါတို့ရောက်တော့မည်၊ တောင်ဖီလာကျောင်းသို့ ရောက်သောအခါ မောင်ဘိုးရင်သတင်းကို မုချကြားသိရလိမ့်မည်။ သတင်းကြားသိရမှသာ အဓေါသညာပေးနိုင်မည်၊ ငါ့တူမ အိပ်မက်အကြောင်းကို မေမေ့အား မပြောလေနှင့်ဦး၊ ငြိမ်ဝပ်စွာသာလျှင် ဣန္ဒြေမပျက် နေပါဟု ပြောအံ၏။

နံနက်မိုးသောက် အရုဏ်တက်လတ်သော် ဆိုခဲ့သောလှည်းခုနစ်စီးတို့သည် စစ်ကိုင်းမြို့သို့ ရှေးရှုမောင်းနှင်ပြန်၏။ ကျောက်တာရွာတောင်ဘက်သို့ ထွက်မိပြီးနောက် မကြီးမိလင် မောင်မှတ်သည် မိမိစီးမြဲဖြစ်သော မြင်းကို စီးလျှက် မကြီးမိ၊ မစောတင်နှစ်ဦးပါသော လှည်းအပါးသို့ ချဉ်းကပ်လာလျှင် တောင်ဖီလာတောရနီးပါပြီလော၊ မည်သည့်အကြောင်းကြောင့် တောင်ဖီလာခေါ်ပါသနည်းဟု မစောတင်ကမေး၏။

မောင်မှတ်လည်း တောင်ဖီလာခေါ်သည့်အရာမှာ အခြားအကြောင်းကြောင့်မဟုတ်၊ ယခုကြည့်ရှုလိုက်လျှင် ဓနိတစ်တိုင်နှစ်တိုင်ဝန်းကပင် တောင်ကန့်လန့်ဖီလာမြင်သောကြောင့် တောင်ဖီလာခေါ်သည်။ ယခုလည်း တောင်ဖီလာသို့ နီးပြီဆိုပြီးလျှင် တောင်ဖီလာကို လက်ညှိုးညွှန်၍ မစောတင်အား

ပြသ၏။ မစောတင်လည်း လက်ညှိုးညွှန်ရာကိုကြည့်လိုက်ရာ တောင်ဖီလာ ဆရာတော်ကျောင်းကို မမြင်ရသော်လည်း ရှေ့တွင် ဖီလာခံလျက်ရှိသော တောင်မှစ၍ ထိုတောင်ထိပ်ဖျား၌ရှိသော စေတီတော်ကိုမြင်လျှင် ကိုရင်မောင် ကိုယ်တိုင်ကို လှမ်းလှမ်းက မြင်ရဘိကဲ့သို့ စိတ်၏အာရုံတွင် ထင်မြင်မိသဖြင့် ကြက်သီးနှလုံးထကြွခြင်းဖြစ်၏။

ထိုအခါ မောင်မှတ်သည် တောင်ဖီလာဆရာတော်အကြောင်း၊ ၎င်း အပြင် ဆရာတော်၏ခမည်းတော် ဦးဖြူတုတ်အကြောင်းများကို မစောတင် အားပြောပြသဖြင့် မစောတင်လည်း ဤပုဂ္ဂိုလ်နှစ်ဦးကား ငါ့အား ကရုဏာ သက်မည့်ပုဂ္ဂိုလ်များပင် ဖြစ်ပေသည်။ ကျောင်းတော်သို့ရောက်ကာလ ဤ ပုဂ္ဂိုလ်နှစ်ဦးထံ ဆည်းကပ်မည် အကြံပြု၏။

ထို့နောက် တောင်ဖီလာကျောင်းသို့ရောက်လျှင် အမိဝန်ကတော်သည် မိမိကိုယ်တိုင်စီးသောလှည်းတစ်စီး၊ မစောတင်၊ မကြီးမိ စီးသော လှည်းတစ်စီး များကိုချန်လှပ်၍ ကျန်လှည်းများနှင့်တကွ ကျေးကျွန်သင်းပင်းတို့ကို စစ်ကိုင်း မြို့ မည်သည့်အိမ်သို့သွားနှင့်လေ စေခိုင်းပြီးသည့်နောက် မိမိကိုယ်တိုင်နှင့် တကွ သမီးမစောတင်၊ မကြီးမိတို့ကို ခေါ်ငင်ပြီးလျှင် တောင်ဖီလာကျောင်း သို့ဝင်၏။ သည်ကဲ့သို့ ဆရာတော်ကျောင်းသို့ ဝင်ရောက်ရာ ဆရာတော့် ခမည်းတော် ဦးဖြူတုတ်နှင့်တွေ့ဆုံမိလျှင် ဦးဖြူတုတ်လည်း ဝမ်းသာအားရ ခရီးဦးကြိုဆိုပြီးနောက် ဆရာတော်ဘုရားထံ ခေါ်ငင်သွားသောကြောင့် ဆရာ တော်ဘုရားရှေ့တော်သို့ ရောက်ကာလ ဝန်ကတော်နှင့်တကွ မစောတင်၊ မကြီးမိတို့ပါ ရှိခိုးပူဇော်ကြရ၏။

❖❖ ❖❖ ❖❖

Generated by CamScanner from intsig.com

# အခန်း(၂၇)

ထို့နောက် ဝန်ကတော်နှင့်တကွ မကြီးမိတို့သည် ကိုရင်မောင်အကြောင်းကို ဦးဖြူတုတ်နှင့် တီးတိုးမျှ တိုင်ပင်ပြောဆိုကြ၏။ ၎င်းနောက်ကျောင်းပရိဝုဏ်အတွင်းရှိ ဇရပ်နှစ်ဆောင်တွင် ဦးဖြူတုတ်က နေရာချထားသောကြောင့် ခေတ္တခဏမျှ ရပ်နား တည်းခိုနေသည့်အတွင်း မစောတင်သည် ဦးဖြူတုတ်ထံသို့သွားရောက် ကန်တော့ ဝတ်ပြု၏။

ဦးဖြူတုတ်လည်း မစောတင်ကိုမြင်လျှင် အရည်အချင်းနှင့် ပြည့်စုံလုံလောက်သောမိန်းကလေးဖြစ်သည့်အတိုင်း ကရုဏာသက်သဖြင့် မစောတင်ဝတ်ချသည်ကိုမြင်လျှင် စကားမှစမိစေတော့အကြံဖြင့် ဝန်မင်းအကြောင်းကိုမေးမြန်း၏။ ထို့နောက် တရွေ့မှတရွေ့ ကိုရင်မောင်အကြောင်းကို ဆက်မိလျှင် ဦးဖြူတုတ်သည် ဤသို့ပြော၏။ ငါ့သမီးရည်းစားရှယ်သောသူကား ယောကျ်ားမြတ်ဖြစ်သည်။ ပညာဗဟုသုတအရာမှာ တစ်ဖက်ကမ်းခပ်မျှ တတ်ကျွမ်းသည်၊ ရဲစွမ်းသတ္တိဆိုသည်မှာလည်း ဆိုဖွယ်ရာမရှိ၊ အရုပ်အရည်မှာလည်း ယောကျ်ားပီသသည့်အပြင် ချောမောလှပသည့် အဆင်းလည်းရှိသည်။ ငါ့သမီးမှာလည်း အရုပ်အရည်နှင့်တကွ လှပတင့်တယ်ယဉ်ကျေးခြင်းရှိသည့်ပြင် အမျိုးအရိုးဂုဏ်လည်း သူ့တစ်ပါးထက်ထူးသော ဝိသေသရှိပါပေသည်။ ဤအကြောင်းများကြောင့်သာလျှင် မောင်ဘိုးရင်သည် ငါ့သမီးကိုဤမျှလောက် နှစ်သက်စုံမက်ခြင်း ရှိပါပေသည်ဆိုလျှင် မစောတင်လည်း အဖေ–ကိုဘိုးရင်သည် အဖေထံလာရောက်စဉ်အခါက အဖေ့သမီးအကြောင်းများကို အရိပ်အမြွက်မျှ ပြောသွားပါ၏လောမေး၏။

ဦးဖြူတုတ်လည်း ငါ့သမီးအကြောင်းကို အရိပ်အမြွက်မျှ ပြောဆိုရုံမျှသာပြုမည်ဆိုသော် အဖေ ဂရုပြုမည်မဟုတ်၊ ယခုမှာကား ငါ့သမီး

Generated by CamScanner from intsig.com

အကြောင်းနှင့်စပ်လျဉ်း၍ မောင်ဘိုးရင်ပြုလုပ်သည့်အရာများ၌ အဖေ ကံ ကုသိုလ်ကြီးသောကြောင့် အသက်မသေသည်ဟူ၍ဆိုလျှင် မစောတင်က ထပ်ကာထပ်ကာမေးမြန်းကာလ ဦးဖြူတုတ်ပြောသည်မှာ ငါ့သမီးကို မောင် ဘိုးရင် မချစ်မကြည်မည်စိုးရိမ်ရန်အကြောင်းကား အလျဉ်းမရှိ၊ ငါ့သမီးကို မောင်ဘိုးရင် ချစ်ကြည်ပါသည်ဆို၍ မောင်ဘိုးရင်နှုတ်ဖြင့် ပြောရုံမျှနှင့်လည်း အဖေ ဤမျှလောက် ယုံကြည်အားထားခြင်း ရှိမည်မဟုတ်၊ ယခုမှာကား မောင်ဘိုးရင်သည် ဤကျောင်းသို့ ရောက်လာပြီးလျှင် ယခု ငါ့သမီးထိုင်သည့် နေရာတွင် လျောင်း၍ အိပ်ပျော်နေသည့်အခိုက် သူ့ရည်းစား မစောတင်ကို သူတစ်ပါး စော်ကားကျင့်ကြံသည်ဟု အိပ်မက်မက်သဖြင့် အိပ်ရာမှယောင် ယမ်း၍ ရုတ်တရက် ထကြွ ကျောက်ကန် ထိုးကြိတ်ပြုလုပ်ရာ အဖေ့နဖူးတွင် ယမန်နေ့ကတွင်မှ အဖူးအရောင် ကင်းပျောက်သည်။ အဖေ့နဖူး၌ လက်နှင့်နှိပ် ၍ စမ်းသပ်သော် ယခုတိုင် နာကျင်လျက် ရှိသေးသည်။ သို့ဖြစ်သော ကြောင့် မောင်ဘိုးရင် ငါ့သမီးမစောတင်ကို ချစ်သည်၊ မချစ်သည်များကို အဖေ့အား မမေးလာနှင့် မေးတိုင်းမေးတိုင်း အဖေ့နဖူးတွင် အဖူးအရောင်ဖြစ် သည်ဟူ၍ အဖေ့စိတ်၌ ထင်မိသည်ဟုဆို၏။

ဦးဖြူတုတ်ဆိုသောပုဂ္ဂိုလ်သည် ပညာဗဟုသုတ အကြားအမြင်မှစ၍ များပြားသူမှန်သည့်ပြင် သဘောအထား အနေလည်း ဖြူစင်သူဖြစ်သည့် အတိုင်း ကိုရင်မောင်အား အထူးသဖြင့် မေတ္တာသက်ဝင်ခြင်းရှိ၏။ သည်ကဲ့ သို့ မေတ္တာသက်ဝင်သည့်အရာတွင် အကြောင်းကိုရှာလိုက်သော် ဦးဖြူတုတ် သည် လွန်စွာ မမာမကျန်းရှိရာ ကိုရင်မောင် လာရောက်ဆေးဝါးကုသဖြင့် သေမင်းလက်မှ အသက်ကို လုယက်ယူငင်ဘိသကဲ့သို့ အသက်ဘေးမှချမ်းသာ ရသည်တစ်တန်။

ထိုပြင် မိမိသား ဦးပဋ္ဌင်းဦးဗုဒ္ဓိယသည် ဟောပြောသည့်နေ့ တစ်ဆယ့် နှစ်လအတွင်း ရဟန်းတော်တို့ဘောင်တွင် ရဟန်းတော်တို့၏ ဦးစီးနာယက

ဥက္ကဋ္ဌအဖြစ်သို့ ရောက်လိမ့်မည် ဗေဒင်ဟောပြောရာ မှန်ကန်သည်တစ်တန်၊ ထိုပြင် ကိုရင်မောင် မည်သို့ ပင်ပန်းနွမ်းနယ်သော အဝတ်ကို ဝတ်ဆင်၍လာသော်လည်း ကိုရင်မောင် နေထိုင်ပုံ၊ ကိုရင်မောင် ပြောဆိုပြုမူပုံမှစ၍ ကိုရင်မောင်၏ ရုပ်လက္ခဏာကို မြင်ကာမျှဖြင့် သာမညမဟုတ်ကြောင်းကို သိမြင်သဘောကျနသည်တစ်တန်၊ သည်ကဲ့သို့သော အတန်တန်များကြောင့် ကိုရင်မောင်အား ရင်၌ဖြစ်သော သားအရင်းကဲ့သို့ ချစ်ခင်စုံမက်သဖြင့် လွမ်းဆွတ်တသလျက်ရှိနေသည်အတွင်း မစောတင်၏ ရုပ်လက္ခဏာကို မြင်ရပြန်လျှင် ဤမိန်းမငယ်ကား ရုပ်လက္ခဏာအားဖြင့် လွန်စွာမြင့်မြတ်သောမိန်းမငယ်ဖြစ်သည်၊ မိန်းမတို့၏ရုပ်လက္ခဏာကို ပြဆိုရာသော ကျမ်းအစောင်စောင်၌ မျက်လုံး၊ မျက်ဆန်၊ ဆံပင်စသည်နှင့် ပါးစပ်နေပုံကို အရင်းပဋ္ဌာန်ပြု၍ပြသော ရုပ်လက္ခဏာနှင့်ညီညွတ်သည့်ပြင် ဇာတ္တိသျှဇာ့ရစသော ကျမ်းဂန်များ၏ အတွက်အလာနှင့်လည်း ညီညွတ်သည်။ ကိုယ်လုံးကိုယ်ပေါက်ကို ကြည့်ရှုလိုက်ပြန်ရာလည်း မရှည်လွန်း မပုလွန်း ကျန်းဂန်နှင့်လျော်ညီသည်။ ခါးလည်း သေးသည်၊ ရင်လည်း ချီသည်၊ အစစအရာရာတွင် ရိုးသားဖြောင့်မတ်တည်တံ့သော စိတ်နှလုံးရှိသဖြင့်လည်း တစ်ဦးသောယောက်ျားကို စုံမက်မိလျှင် တစ်ပါးသောယောက်ျားကို မြက်သစ်ရွက်လောက်မျှ မှတ်ထင်တော့မည်မဟုတ်၊ မျက်နှာထားကားချို၏။ ချိုသော်လည်း ကလိမ်းကလက်ပြုလုပ်လိုသော ရုပ်လက္ခဏာမရှိ။ ဤမိန်းမငယ်ကား မောင်ရင်မောင်အဖို့ တမင်မှာ၍ပြုလုပ်ထုထွင်းထားဘိသကဲ့သို့သာ ရှိတော့သည်ဟု ရုပ်လက္ခဏာကို ဖတ်ကာဖတ်ကာဖြင့် အောက်မေ့ပြီးလျှင် မစောတင်နှင့် စကားပြောလေပြောလေ မေတ္တာသက်ဝင်၊ ကိုရင်မောင်အကြောင်းနှင့်စပ်လျဉ်း၍ မစောတင်မေးတိုင်းမေးတိုင်းကို ထိန်ဝှက်ခြွင်းချန်ခြင်းမရှိဘဲ အကုန်အစင်ပြောပြလေ၏။

မစောတင်လည်း ဦးဖြူတုတ်နှင့် စကားတာရှည် ပြောဆိုနေရာမှ ဦးဖြူတုတ်သည် မိမိအား မေတ္တာသက်ဝင်ကြောင်းကို မုချသိရှိလျှင် ဤသို့

ဆို၏။ အဖေ– အဖေ့သား ကိုဘိုးရင်ကား လွန်စွာစိမ်းကားသောသူဖြစ်ပါသည်။ အစပထမက ဤသူကား စကားတစ်ခွန်းကို ဖျက်မည့်သူမဟုတ်ဟူ၍ ကျွန်မ အောက်မေ့မိပါသည်။ ကိုဘိုးရင်သည် အမိထံတိုင်ကြားချေဦးမည်၊ ရက်ပေါင်းသုံးဆယ်အတွင်း မရောက်ရောက်အောင်လာခဲ့မည် ကတိစကား ပြောဆိုသွားပြီးလျှင် ယခုမှာကား ရက်ပေါင်းသုံးဆယ်ကကျော်၍ ရက်ပေါင်းကိုးဆယ်နီးသည်တိုင်အောင် မလာမရောက်ရှိနေသည်။ အဖေ့သားကား သူတစ်ပါးကို မညှာတာ၊ စကားမတည်တံ့သော လူလိမ်လူကောက်ဖြစ်ပါသည် တကားဟုဆိုလျှင် ဦးဖြူတုတ်လည်း ငါ့သမီးမစောတင်၊ ငါ့သမီးကားမိန်းမသားမျှဖြစ်သည်။ မိန်းမတို့မျက်မြင်ကား ဤမျှလောက်သာရှိသည်၊ အစစအရာရာ ငါ့သမီးမသိသောကြောင့်သာလျှင် ငါ့သား မောင်ဘိုးရင်ကို အပြစ်တင်သည်။ မောင်ဘိုးရင်အကြောင်းနှင့်စပ်လျဉ်း၍ အဖေသိသရွေ့သာလျှင် ငါ့သမီးသိမည်ဆိုသော် ငါ့သမီးမျက်ရည်ကျလိမ့်မည်ဆိုလျှင်၊ အဖေ– ကိုဘိုးရင်အကြောင်းနှင့်စပ်လျဉ်း၍ အဖေသိသမျှကို ကျွန်မ သိပါရစေ၊ ကျွန်မကို ပြောပြပါဆို၏။ ဦးဖြူတုတ်လည်း ငါ့သမီး– မောင်ဘိုးရင်အကြောင်းနှင့်စပ်လျဉ်း၍ သူ့အကြောင်းကို သူတစ်ပါးသို့ မပြောပါလေနှင့်ဟု သူမှာ၍သွားသည်၊ ငါကလည်း မည်သူတစ်စုံတစ်ယောက်သို့မျှ မပြောမပြမည့်အကြောင်း ကျမ်းကျိန်ဆိုလိုက်ရသည်ဟုပြောလျှင် မစောတင်လည်း ဦးဖြူတုတ်ကား ငါ့အား မုချမေတ္တာရှိသည်၊ ကိုဘိုးရင်ထံ ကျမ်းကျိန်ဆိုထားသော်လည်း ငါ အပူတပြင်းမေးရသော် ပြောလိမ့်မည်အထင်ဖြင့် ဤသို့ပြန်ပြော၏။ အဖေ– အဖေဆိုသော ကျမ်းသစ္စာကား သူတစ်ပါးနှင့်သာဆိုင်ပါသည်။ သူတစ်ပါးကို အဖေပြောသော် သစ္စာဖောက်ဖျက်ရာ ရောက်ပါလိမ့်မည်။ ကျွန်မမှာကား သူတစ်ပါးမဟုတ်၊ ကိုဘိုးရင်နှင့် နှစ်ကိုယ်တစ်စိတ်ဖြစ်ပါသည်။ ကိုဘိုးရင်နှင့် ကျွန်မမှာ လင်ခန်းမယားခန်း မပြောက်သေးသော်လည်း မိဘနှစ်ပါး

ခိတ်တူသဘောတူ လက်ထပ်ထိမ်းမြားမည် ရည်ရွယ်ပြီးသောမယား ဖြစ်ပါသည်။ လင်နှင့်မယားဆိုသည့်အရာမှာ လျှို့ဝှက်ရာသောစကား မရှိရာသည်အတိုင်း ကိုဘိုးရင်အကြောင်း စကားများကို ကျွန်မသို့ ပြောကြားခြင်းအားဖြင့် အဖေ ကျိန်ဆိုထားသော ကျမ်းသစ္စာချက်ကွက်နိုင်မည်မထင်ပါဆိုလျှင် ဦးဖြူတုတ်လည်း ငါ့သမီးပြောသောစကား မှန်ပါပေသည်။ အဖေ ပြောပြတော့မည်၊ ငါ့သမီး စေ့စေ့သာ နားထောင်လေလော့။ မောင်ဘိုးရင်ကား ပြည့်ရှင်မင်းကြီး အမျက်တော်ပွားများရှိလျှင် ပထမ ရွှေဘို တပယင်းအရပ်သို့ ထွက်ပြေးတိမ်းရှောင်ရသည်၊ ရွှေဘိုတပယင်းက ပြန်လာလျှင် အမျက်တော်မပြေမကြေကြောင်း သိရှိပြန်သဖြင့် အသက်ဘေးမှ ချမ်းသာရလေအောင်ကုလားမင်းတိုင်းနိုင်ငံ အောက်မြို့ကျေးရွာသို့ ပြေးရရှာလေပြီဆိုလျှင် ရုတ်တရက် ရှောင်တခင်အားဖြင့် မစောတင်သည် ဟစ်အော်ငိုကြွေးပြီးလျှင် သတိမရ မူးမော် တွေဝေ လဲကျသွားရှာလေ၏။

❖❖ ❖❖ ❖❖

## အခန်း(၂၈)

ထိုအခါ ဦးဖြူတုတ်သည် ဖိုးမှိုင်းဆောင်လာသောဆေးဆေး နှာခေါင်း ည်များကို ရှိက်ရှုစေသဖြင့်လည်းကောင်း၊ မကြီးမီ လာရောက်နှိပ်နယ် းကြောင့်လည်းကောင်း မစောတင် သတိရ၏။

ထို့နောက် စကားကို ဆက်၍ ပြောပါဦးဟု၍ တောင်းပန်ပြန်သဖြင့် ဖြူတုတ်လည်း ငါပြောသိုင်းပြောသိုင်း ဤသို့သာလျှင် ငါသမီးမစောတင် က်ရှက်၍နေမည်ဆိုသော် ငါမပြောလိုပြီဆိုကာလ မစောတင်လည်း အဖေ– န်မ နောက်နောင် သည်ကဲ့သို့ မေ့လျော့တော့မည်မဟုတ်ပါ၊ ပြောသာပြော ဖေ၊ ယခုတင်ကမှ ရတ်တရက်ရှောင်တခင်ဖြစ်၍ သတိလစ်ဟင်းမေ့ ွားသွားပါသည်။ ကိုဘိုးရင်သည် အောက်မြို့ကျေးရွာသို့ ထွက်ခွာ၍သွား ည်မှာ ရက်ပေါင်းမည်မျှကြာပါပြီနည်း၊ မည်သည့်အရပ်သို့ သွားပါသနည်း၊ ည်သည့်လမ်းက သွားပါသနည်း၊ မည်သူနှင့် သွားပါသနည်း၊ မည်သည့် ိုးအဝတ်ကိုဝတ်ဆင်၍ သွားပါသနည်း၊ ကိုဘိုးရင်သွားခါနီးတွင် အဖေ ်းအကြောင်းနှင့်စပ်လျဉ်း၍ တစ်ခုံတစ်ရာ မှာသွားပါ၏လော၊ ကိုဘိုးရင် းခဲ့အခါက ကျန်းမာစွာရှိပါ၏လောမေးလျှင် ဦးဖြူတုတ်လည်း တန်ဦး ာတင်၊ မစောတင်မေးသောမေးခွန်းများသည် လွန်စွာများပြားလွန်းသည် သောကြောင့် အဖေ့ကို မဆိုထားဘိဦး၊ သိကြားမင်းမှပင် ပြေကျအောင် နိုင်လိမ့်မည်မထင်၊ မှန်တိုင်းသာလျှင် အဖေပြောနိုင်မည်၊ မောင်ဘိုးရင် းသည့်နေ့မှ ယခုနေ့ နှစ်လခွဲကျော်လေပြီ၊ သူသွားမည့်ရွာစဥ်ကို အဖေ့ း မှာထားပေမည်။ အဝမြို့ကကို ပြော၊ ကျောက်တစ်လုံး၊ ၎င်းကမှ ရတ်ခြံ၊ မြင်းခြံ၊ ၎င်းကမှတစ်ဖန် ရေနံချောင်း၊ ၎င်းကမှတစ်ဖန် တောင် ်းကြီး၊ တောင်တွင်းကြီးမှတစ်ဖန် နယ်ကျန်၊ ၎င်းကမှတစ်ဖန် တောင်ငူ

Generated by CamScanner from intsig.com

မြို့၊ ၎င်းကမှ သင့်ရာခရီးလမ်းမှ ကုလားမင်းပိုင်သော မော်လမြိုင်မြို့သို့ အရောက်သွားမည် မှာထားသည်ဆို၏။ မစောတင်လည်း အဖေ- ကိုဘိုးရင် သည် ယခုအခါ မော်လမြိုင်မြို့သို့ ရောက်လောက်ပါပြီလောမေး၏။ ဦးဖြူ တုတ်လည်း ခရီးသွားယောကျ်ားဆိုသည်မှာ အမှန်အကန်မရှိ၊ ခရီးစဉ်မှန် သော်လည်း လမ်းစခန်း၌ အခွင့်မသင့်မတင့်ရှိက ကြန့်ကြာကတ်သည်။ သို့ သောကြောင့် ရက်ရေနှင့်ချင့်တွက်ရသော် နယ်ကျွန်မြို့အပြင် လွန်၍ရောက် လေဦးမည် အဖေမထင်၊ ၎င်းပြင်လည်း မောင်ဘိုးရင်သည် ကျေးတောသား အယောင်တူစွာဆောင်ပြီးလျှင် ကျေးတောသားမျက်လှည့်ဆရာအဖြစ်ပြင့် ရွာစဉ်ကိုလျှောက်၍ မျက်လှည့်ပြသလျက်သွားမည်ဖြစ်သောကြောင့် များစွာ ခရီးတွင်မည်မဟုတ်ဟူ၍ ဦးဖြူတုတ်က ပြန်ပြော၏။

မစောတင်လည်း အဖေ- အဖေကား ကျွန်မကို မုချမေ့တွာရှိပါ ပေသည်၊ ကိုဘိုးရင်အကြောင်းနှင့်စပ်လျဉ်း၍ ကျွန်မသည် ယမန်နေ့ညက အိပ်မက်မက်ပါသည်၊ ဤအိပ်မက်အရမှာ ကိုဘိုးရင်သည် လမ်းခရီး၌ရှိသော ရွာတစ်ရွာတွင် မကျန်းမမာရှိပြီးလျှင် ယခုအခါ ဆိုင်းငံ့နေပါသည်ဆိုလျှင် ဦးဖြူတုတ်လည်း ငါ့သမီးမစောတင်၊ မစောတင်ကား မောင်ဘိုးရင်အကြောင်း ကို ညတိုင်းညတိုင်း အိပ်မက်မက်လိမ့်မည် အဖေသိသည်၊ ဤကဲ့သို့မက် သောအိပ်မက်ကို အလေးဂရုမပြုလေနှင့်၊ စွဲလမ်းခြင်းကြောင့်မက်သောအိပ်မက် မျှဖြစ်သည်ဟုဆို၏။

မစောတင်လည်း အဖေ- ကျွန်မကား ကိုဘိုးရင်အကြောင်းကိုညစဉ် ညစဉ် အိပ်မက်မြင်လိုသည့်ဆန္ဒ ရှိသည်ကား မှန်ပါ၏။ သို့သော်လည်း အကယ်စင်စစ်မက်မြင်သည်ကား ဤတစ်ကြိမ်မျှသာရှိပါသေးသည်။ ကျွန်မ မက်သော အိပ်မက်ကိုနားထောင်ပြီးလျှင် အိပ်မက်နိမိတ်ကို ဖတ်စမ်းပါသို ကြီးကာလ မိမိမက်မြင်တိုင်းကို ယခင်မကြီးမိသို့ပြောပြသည့်အတိုင်း ပြော၏၊

ဦးဖြူတုတ်လည်း မစောတင်မက်မြင်သော အိပ်မက်အကြောင်းကို ကြားနာရလျှင် ဤအိပ်မက်ကား သာမညမဟုတ်၊ ထူးခြားသောအိပ်မက် ဖြစ်သည်။ မောင်ဘိုးရင်သည် လမ်းခရီးသွားသည့်အတွင်း မမာမကျန်းခြင်း ကြောင့် ဆိုင်းငံ့နေရသည်ဆိုသော် ဟုတ်မှန်တန်သည်။ စံကားစိမ်းပင်ရှိသော ဘုန်းကြီးကျောင်းတစ်ကျောင်းသို့လည်း အဖေရောက်ဖူးသည်။ ဤဘုန်း ကြီး ကျောင်း၏ပုံသဏ္ဍာန်ကို အိပ်မက်ထဲတွင်မြင်သမျှပြောပြစမ်းပါ ခိုင်း၏။ မစောတင်လည်း မိမိမက်မြင်တိုင်းကို ပြန်ပြော၏။ ထိုအခါ ဦးဖြူတုတ်သည် ဤဘုန်းကြီးကျောင်းကိုကား ငါမှချရောက်ဖူးသည်။ ဤကျောင်းသည် အခြား အရပ်တွင်မဟုတ်၊ မြောက်ကျောက်တစ်လုံးအရပ်တွင်လည်းဖြစ်မည်၊ သို့မဟုတ် တလုတ်မြို့တွင်လျှင်လည်း ဖြစ်မည်။ အဖေရောက်သည်မှာ ငါးနှစ်ကျော်မျှ ကြာရှိပြီဖြစ်၍ ယခု သေချာစွာ မပြနိုင်ပြီဟုဆို၏။

ဤသို့လျှင် ကိုရင်မောင်အကြောင်းကို ပြောဆိုနေရာမှ မိုးချုပ်လတ် သော် ဝန်ကတော်နှင့်မစောတင်တို့သည် နောက်ပါလူများနှင့်တကွ စစ်ကိုင်း မြို့ တည်းခိုရာအိမ်သို့ လှည်းဖြင့်သွားကြ၏။

❖❖ ❖❖ ❖❖

# အခန်း(၂၉)

ကိုရင်မောင်သည် တလုတ်ဖြင့် ကာလရောဂါစွဲကပ်ရာ နိုင်ပါသော ဆေးနှင့် ဘုန်းကြီးဦးဝိစာရကုသသောကြောင့် အသက်ချမ်းသာသော်လည်း ကိုယ်လက်တွင် ချည့်နဲ့သောရောဂါစွဲကပ်သောကြောင့် မိမိအပါးတွင် ဘုန်းကြီး ဦးဝိစာရလာရောက်ပေးထားသော အစားအစာကိုမှ ယူငင်၍မစားနိုင်၊ ရေ ငတ်ပါသော်လည်း ရေအိုးကို လှမ်းလှမ်း၍ မြင်မြင်လျက်နှင့် ခြေလက်မစွမ်း မသန်သောကြောင့် ကိုယ်တိုင်ထ၍ မခပ်မယူနိုင်။

ဤကဲ့သို့ ကိုယ့်ကိုယ်ကို မထူမထနိုင်လျှင် ပထမဦးစွာ အမိမဟားဥ ကို သတိရ၏။ ထို့နောက်မှတစ်ဖန် မမယ်မကို သတိရပြန်၏။ ထိုအခါ ကိုရင်မောင် စိတ်ကူးမိသည်မှာ မမယ်မကား အခါတစ်ပါးနှင့်မတူ၊ သူတစ်ပါး မယားဖြစ်လေပြီ၊ မမယ်မကို ငါ့စိတ်ကူးတိုင်း ငါ၌ ဒုစရိုက်ဖြစ်တော့မည်။ ယခု ငါမကျန်းမာသည့်အခါ ငါ့ကိုပြုစုမည့်သူ ရွှေဘိုသူမစောတင်တစ်ယောက်သာ ရှိတော့သည်၊ ငါလည်း ရေငတ်လှသည်၊ ယခုအခါ မစောတင်ကိုယ်တိုင် လာ၍ ရေတစ်ခွက်မျှပေးပါမူ ကောင်းလေစွဟု အောက်မေ့ပြီးလျှင် ယောင်ယမ်း အော်ဟစ်မိ၏။ ကိုရင်မောင်သည် သည်ကဲ့သို့ အော်ဟစ်သံကိုကြားလျှင် ကျောင်းထိုင်ပုဂ္ဂိုလ် ဘုန်းကြီးဦးဝိစာရသည် မောင်ရင် သတိထား၊ မောင်ရင် သတိထားဟူ၍ လာရောက်ပြောဆို ရေများကို တိုက်ကျွေးတော်မူ၏။

ထို့နောက် လရက်ကြာလျှင် ဘုန်းကြီးဦးဝိစာရပြုစုသည်တစ်ကြောင်း၊ ကိုရင်မောင်လည်း ယောက်ျားပီသသောစိတ်သဘောထားရှိသည် တစ်ကြောင်း များကြောင့် လူမမာအဖြစ်ကကို ကျန်းမာသောသူအဖြစ်သို့ ရောက်၏။ သည်ကဲ့သို့ ကျန်းမာလျှင် မိမိကြံစည်ရင်းရှိသည့်အတိုင်း မကွေးမြို့သို့သွားရန် ဆိုင်းထမ်းများကို ကြည့်ရှုလိုက်ရာ မိမိမျက်လှည့်တောင်းများကား အရာ

Generated by CamScanner from intsig.com

မပွင့်ရှိ၏။ ထမ်းပိုးမှာကားမရှိ၊ ပျောက်လျက်နေ၏။ ထမ်းပိုးမရှိသည်ကို မြင်လျှင် ကိုရင်မောင်သည် မိမိ၌ အောက်မြို့ကျေးရွာသို့သွားရန် စီးပွားချမ်းသာကား ဤထမ်းပိုးတွင်ထည့်ထားသည်ဖြစ်၍ ဤထမ်းပိုးမရှိလျှင် ငါ့အကြံခက်ပြီ အောက်မေ့ပြီးလျှင် ဘုန်းကြီးဦးဝိစာရကျောင်းတွင် ကျောင်းပေါ် ကျောင်းအောက် နံ့ပျံ့အောင် ရှာဖွေ၏။

သည်ကဲ့သို့ရှာဖွေ၍ မတွေ့နိုင်လှမှ ဘုန်းကြီးဦးဝိစာရထံလျှောက်ထား မေးမြန်းရာလည်း ငါ့ကျောင်းဝင်းဇရပ်တွင်နေထိုင်သော ဘိုးသူတော်သည် ငါ့တပည့်အပါးမှ ထမ်းပိုးနှင့်တူသော တုတ်တစ်ချောင်းကို ယူဆောင်သွားသည် ကို ငါမှတ်မိသည်။ ဘိုးသူတော်အား မေးစမ်းပါဆို၏။ ကိုရင်မောင်လည်း ဘိုးသူတော်ထံသို့ ချက်ချင်းသွားရောက် မေးမြန်း၏။ ဘိုးသူတော်လည်း အမောင်– ကျောင်းဝင်းထဲတွင် ခွေးတွေဆူလှသောကြောင့် မကျန်းမာသူ အမောင် နားငြီးမည်စိုးသည်ဖြစ်၍ ခွေးရိုက်ရန် အမောင့်အပါးမှ ကျွန်ုပ် တုတ်တစ်ချောင်းဆွဲလာသည်၊ ဤတုတ်ကား ယခု ကျွန်ုပ်လက်မှာမရှိပြီ၊ ယမန်နေ့က သဘာရာဇာငပေသည် ရောဂါနှင့်သေဆုံးသူ ဘဲကို မီးသင်္ဂြိုဟ် ရာ၌ ကျွန်ုပ်အား အသုဘရှုကြွပါ ပင့်ကြားလာရာ သူလာစဉ်အခါက ထို တုတ်ကို မီးသင်္ဂြိုဟ်ရာတွင် တံစူးပြုလုပ်ရန်ဆို၍ ယူငင်သွားသည်၊ အမောင့် တုတ်ကား အထူးသဖြင့် ချောမောသောတုတ်လည်းမဟုတ်ပါ၊ အမောင် အလိုရှိက ဤတုတ်ထက်ကောင်းသောတုတ်ကို ကျွန်ုပ်ရှာကြံပေးပါမည်ဆို၏။

ကိုရင်မောင်လည်း ဘိုးသူတော်ပြောသောစကားကို အစအဆုံးတိုင် အောင် နားမထောင်ဘဲ သဘာရာဇာငပေ့အိမ်ကို မေးပြီးလျှင် ငပေ့အိမ်သို့သာ ရုတ်တရက်ထွက်သွား၏။ ငပေ့အိမ်သို့ရောက်၍ ငပေကိုမေးမြန်းရာ ဦးဝိစာရ ကျောင်းဝင်းနေ ဘိုးသူတော်ထံမှ ကျွန်ုပ် တုတ်တစ်ချောင်းယူခဲ့သည်မှာမှန် ၏၊ ယမန်နေ့က လူတစ်ယောက်ကို မီးသင်္ဂြိုဟ်ရာတွင် တံစူးပြုလုပ်သိုးမွ

ဦးကာလ ထူးခြားလှပသော တုတ်လည်းမဟုတ်သောကြောင့် မီးသပြိုဟ်ရာတွင်ပင်လျှင် ကျွန်ုပ်ပစ်ထားခဲ့သည်။ ဤတုတ်ကား အဖိုးထိုက်တန်သောတုတ်မဟုတ်ပါ၊ မောင်၏တုတ်အတွက် အစားအလိုရှိသည်ဆိုသော်ကျွန်ုပ်အစားပေးပါမည်၊ စိတ်မပူပါနှင့်ဆို၏။

ကိုရင်မောင်လည်း စကားစွန်းတုံ့မပြန်ဘဲ သုသာန်သို့ပြေးသွား၏။ သုသာန်သို့ရောက်၍ လူသေအလောင်းကို မီးသပြိုဟ်သောနေရာများ၌ ရှာဖွေရာ မိမိထမ်းပိုးအစနှင့်တူသော ထင်းစတစ်စကို တွေ့မြင်လျှင် ငါ့ထမ်းပိုးကား သုဘရာဇာငပေ ထင်းဆိုက်ခဲ့လေပြီ။ ထမ်းပိုးဆုံးလျှင် ထမ်းပိုး၌ပါသော ပစ္စည်းလည်း ဆုံးပါးလေပြီ။ သို့သော်လည်း ငါ့မျက်လှည့်တောင်းထဲတွင် ပစ္စည်းဥစ္စာ အနည်းငယ်မျှ ပါသေးသည်။ ထိုဥစ္စာများနှင့်ပင် စရိတ်ပြုလုပ်၍ အောက်မြို့ကျေးရွာသို့ သွားရတော့မည် အကြံပြုပြီးလျှင် ကျောင်းသို့ပြန်သွား၏။

ကိုရင်မောင်သည် သုသာန်မှပြန်သွားရာ ဘုန်းကြီးကျောင်းသို့ရောက်လျှင် ဘုန်းကြီးဦးဝိစာရသည် ဤသို့ဆို၏။ ငါ့တပည့်—ငါ့တပည့်သည်ထမ်းပိုးတစ်ချောင်းပျောက်သည်နှင့် ခေါင်းတောက်အောင် ပြေးလွှားရှာဖွေသည်။ ငါ့တပည့်၏အမှုအရာကို ငါဆရာဆင်ခြင်၍ကြည့်ပြီ၊ ငါ့တပည့်ကား ဗိန္ဒောကျမ်း၊ ဗေဒင်ကျမ်း၊ ဆေးကြမ်းကျမ်းများကို နိုင်နင်းသူဖြစ်သည်။ ယခု ငါ့တပည့်တွင် ပျောက်ဆုံးသောထမ်းပိုး၌ ဝိသေသတစ်စုံတစ်ရာ ရှိလိမ့်မည်၊ သည်ကဲ့သို့ ဝိသေသရှိ၍သာလျှင် ငါ့တပည့် ဤမျှလောက် ဂရုစိုက်သည်၊ ယခုရှာ၍မတွေ့လျှင် နောက်တစ်နေ့နေ့တွေ့လိမ့်မည်။ တွေ့ကာလ ငါ့တပည့်ရှိရာသို့ ဆရာပေးပို့လိုက်မည်ဆိုလျှင် ကိုရင်မောင်လည်း ယခင်ဆိုခဲ့သော ထင်းစကို မြင်ခဲ့သည်ဖြစ်၍ မိမိထမ်းပိုး မီးလောင်ပြီးပြီ ထင်မှတ်သည့်အတိုင်း မိမိထမ်းပိုးကို ပြန်၍ ရလိမ့်ဦးမည်အာရုံမထားသော်လည်း ဘုန်းကြီး ဦးဝိစာ

မအား စကားမှရှောင်မောလုပစေတော့ဟု အကြံပြုပြီးလျှင် ကောင်း... ပြီဟု ပျော့ကုကျားကွဲထားအေ၏။

ကိုရင်မောင်သည် ဘုန်းကြီးဦးဝိစာရနှင့် ဤကဲ့သို့ စကားပြောဆိုပြီးသည့်နောက်တစ်နေ့တွင် ထမ်းပိုးပျောက်သည့်အတွက်ကြောင့် စိတ်လက်မကြည်မသာရှိသော်လည်း တစ်ရွာ၌ ရှည်ကြာစွာနေထိုင်သော် မိမိအသက်ဘေးကို နိုးရိမ်ရသောအကြောင်းရှိသဖြင့် ဘုန်းကြီးဦးဝိစာရကို ခွင့်ပန် ကန်တော့ဝတ်ပြုပြီးလျှင် တရုတ်မြို့မှ တောင်သို့ရှေးရှု၍ သွားလေ၏။

❖❖ ❖❖ ❖❖

## အခန်း(၃၀)

သည်ကဲ့သို့သွားရာ မကွေးမြို့သို့ရောက်လျှင် ယခင်နည်းအတိုင်း ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ဝင်ရောက်တည်းခိုနေထိုင်သဖြင့် ၁၅ ရက်ခန့် ကြာ၏။ ထိုမြို့ကမှတစ်ဖန် ရွေးရွှေသွားပြန်ရာ တောင်တွင်းမြို့သို့ ရောက်ပြန်၏။ တောင်တွင်းမြို့တွင်လည်း ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ဝင်ရောက်တည်းခို၏။ တောင်တွင်းမြို့သို့ရောက်၍ ငါးရက်ခန့်ကြာရှိလျှင် ကိုရင်မောင်လည်း ထမ်းပိုးပျောက်သည့်အဟွက်ကြောင့် စိတ်လက်မကောင်းသည်နှင့် ငါးရက်လုံးလုံး မျက်လှည့် မပြမသ နေ၏။

သည်ကဲ့သို့ ငါးရက်ကျရောက်သည့်နေ့၌ ကိုရင်မောင်စိတ်ကူးမိသည်မှာ ငါကား မျက်လှည့်ဆရာအယောင်ဆောင်၍ လာသည်၊ မျက်လှည့်ဆရာဟူ၍ သူတစ်ပါးစိတ်တွင် မှတ်ထင်လေအောင် ပြုလုပ်ဦးမှ သင့်မည်၊ ယနေ့ငါမြို့တွင်းသို့ သွားရောက်၍ မျက်လှည့်ပြဦးအံ့ အကြံပြုပြီးလျှင် မြို့တွင်းသို့သွားရောက် လမ်းဆုံလမ်းခွ သက်ရောက်ရာ ညောင်ပင်ကြီးတစ်ခုအောက်၌ မိမိမျက်လှည့်တောင်းများ ချထားပြီးလျှင် မိမိ၌ပါလာသော မောင်းငယ်ကို ကျေးတောသားမျက်လှည့်ဆရာတို့ ထုံးစံအတိုင်း ရိုက်ခတ်၏။ သည်ကဲ့သို့ မောင်းကို ရိုက်ခတ်လိုက်သော် လူတစ်ယောက်သည် ငွေတစ်မူးနှင့် လာ၍ ငှား၏။ ကိုရင်မောင်လည်း ကြေးငွေကို အလိုရှိသည်မဟုတ်၊ မျက်လှည့်ဆရာအမည်ကိုသာလျှင် ဆောင်လိုသောသူဖြစ်သည့်အတိုင်း မငြင်းမဆိုဘဲ ယခင်ဆိုခဲ့သော ညောင်ပင်ကြီးအောက်တွင်ပင် မျက်လှည့်ပြ၏။

ကိုရင်မောင်သည် တလုတ်မြို့တွင် ထမ်းပိုးပျောက်သည့်နေ့ကစ၍ စိတ်မကောင်းသည်တစ်ကြောင်း၊ ၎င်းပြင် မိမိ၌ ကာလရောဂါစွဲကပ်သဖြင့် ရှေးကကဲ့သို့ ခြေလက်မစွမ်းမသန်ရှိသည်တစ်ကြောင်းများကြောင့် မျက်လှည့်

Generated by CamScanner from intsig.com

ပြသောအရာများကို အရပ်သားကာလသားကလေး တစ်ဦးနှစ်ဦးတို့သည် ကိုရင်မောင် လက်လှည့်သည့်အရာကို မြင်ကြရ၏။ ထိုအခါ အချို့သော ကာလသားကလေးတို့သည် မျက်လှည့်ဆရာ ကိုရင်မောင်အား လှောင်ပြောင် ခြင်း ပြုကြ၏။

ကာလသားလူငယ်တစ်ဦးကမှာ ဤမျက်လှည့်ဆရာကား သူ တစ်ပါးအပေါ်တွင် ငွေတစ်မူးကို လိမ်၍ယူမည့်အကြံနှင့် ငါတို့မြို့သို့ လာ ရောက်သည်၊ ဤမျက်လှည့်ဆရာသည် ကောင်းသောသူမဟုတ်၊ လူလိမ် သက်သက်ဖြစ်သည်ဟူ၍ လူငယ်တို့ဘာဝ အော်ဟစ်လေသည်။ သည်ကဲ့သို့ အော်ဟစ်လိုက်လျှင် အခြားသူတစ်ယောက်သည် ယခင်မျက်လှည့်ဆရာကို လှောင်ပြောင် အော်ဟစ်သောသူငယ်၏သျှောင်ကိုဆွဲလျက် လူတစ်ယောက် လုပ်ကိုင်စားသောက်သည်ကို နင်အဘယ်ကြောင့် လှောင်ပြောင်ရသနည်းဟု ဆိုပြီးလျှင် ပါးကိုရိုက်၏။ ထိုအခါ ပါးရိုက်ခြင်းခံရသူ သူငယ်သည် ပါးရိုက် သူ သူငယ်ထက် လူလုံးလူရပ်ကြီးမြင့်သည့်အတိုင်း လှန်ပြန်၍ ရိုက်မည် အပြုတွင် ယောက်ျားကြီးနှစ်ဦးသုံးဦးတို့သည် ရုတ်တရက်ဝင်ရောက်ကန့်ကွက် ဆွဲငင်ကြသည့်အကြောင်းကြောင့် ဤနေရာတွင်ပင် ခိုက်ရန်ကင်းငြိမ်း၏။

သည်ကဲ့သို့ ရန်ပွဲအပြီး၌ ကိုရင်မောင် အောက်မေ့မိသည်မှာ ဤ ဆောင်တွင်းမြို့တွင် ငါ၌ အသိအကျွမ်းမိတ်ဆွေခင်ပွန်းမရှိ၊ ယခုတင်က ငါမျက်လှည့်ပြရာတွင် လှောင်ပြောင်သောသူငယ်အား ဝင်ရောက်ဆိုးကြိတ် သောသူငယ်သည် မှုများအားဖြင့် ငါ့အား မေတ္တာသက်ဝင်သောသူဖြစ်သည်။ ထို့ပြင်လည်း ထိုသူငယ်မျက်နှာသည် ငါမြင်ဖူးသောမျက်နှာဖြစ်သည်။ ထို သူငယ်မျက်နှာကို ငါမြင်ရလျှင် လွန်စွာ ငါမေတ္တာသက်ဝင်သည်။ ထိုသူငယ် နှင့် မကြာမီ နှုတ်ဆက်ရအောင် ငါကြံအံ့ဟူ၍ အကြံပြုမိ၏။ သည်ကဲ့သို့ ဆုံးဖြတ်ထားသည့်နောက် ကိုရင်မောင်သည် မိမိမျက်လှည့်ပြသော တောင်းခွက် များကို သိမ်းရုံးပြီးလျှင် မိမိတည်းခိုရာကျောင်းသို့ ပြန်သွား၏။

ကျောင်းသို့ရောက်၍မကြာမီခဏတွင်ပင် ယခင်ဆိုခဲ့သောသူငယ်သည် မိမိလက်၌ တုတ်တစ်ချောင်းကိုစွဲကိုင်လျက် ကိုရင်မောင်ရှိရာသို့လာ၏။ ကိုရင်မောင်လည်း ထိုသူငယ်မျက်နှာကိုမြင်လျှင် ဤသူငယ်ကား မုချငါသိကျွမ်းဖူးသောသူငယ်ဖြစ်သည်၊ ငါသတိမကောင်း၍သာ အမည်နေရပ်ကို နေရာတကျ မမှန်းမတပ်နိုင်သည်၊ သို့သော်လည်း သိဟောင်းကျွမ်းဟောင်းကို တွေ့ဆုံမိပါလျက် အမည်နေရပ်ကို မမှည့်မတပ်နိုင်ဟုဆိုသော် လွန်စွာအားနာဖွယ်ကောင်းသည်၊ ငါမရရအောင် စဉ်းစားဦးအံ့ဟူ၍ ကြံပြီးလျှင် အကြိမ်ကြိမ်စဉ်းစားပါသော်လည်းမရ၊ သည်ကဲ့သို့ ကိုရင်မောင်စဉ်းစားနေသည့်အတွင်း ယခင်ဆိုခဲ့သောသူသည် ကိုရင်မောင်ရှိရာကျောင်းပေါ်သို့တက်လာပြီးလျှင် မိမိလက်၌ပါသောတုတ်ကို မိမိရှေ့တွင်ချထား၏။ ကိုရင်မောင်လည်း သူငယ်၏မျက်နှာကိုမြင်လျှင် ဤသူငယ်၏မျက်နှာကား မျက်နှာအသစ်မဟုတ်၊ မျက်နှာအဟောင်းဖြစ်သည်၊ ၎င်းပြင်လည်း ဤမျက်နှာသည် သူစိမ်းမျက်နှာမဟုတ်၊ ငါနှင့် လွန်စွာ ချစ်ခင်စုံမက်ဖူးသောမျက်နှာ ဖြစ်သည်၊ ဤမျက်နှာကို ငါမည်သည့်အရပ်တွင် တွေ့ဆုံခဲ့ပါလိမ့်နည်းဟူ၍ အတန်တန်စိတ်ကူးဉာဏ်နှင့် ဆင်ခြင်ပါသော်လည်း တွေးတော၍မရရှိနေသည့်အတွင်း ယခင်ဆိုခဲ့သော သူငယ်က ဆရာကျွန်းမာပါ၏လောမေး၏။ ဤကဲ့သို့မေးသည့်အသံကိုကြားပြန်လျှင် ကိုရင်မောင်သည် ကျွန်းမာပါ၏ဟူ၍ ဖြေဆိုသော်လည်း ဤအသံကား ငါ့မိတ်ဆွေထဲမှ တစ်ဦးဦး၏အသံဖြစ်သည်၊ အသံရှင်အမည်နာမနေရပ်ကို ငါမည်သို့မှန်းတပ်ရပါနည်းဟူ၍ အောက်မေ့၏။

ကိုရင်မောင်သည် မိမိရောက်ဖူးသည့်အရပ်များကို ပုံနှံ့အောင် လိုက်လံတွေးတောပါသော်လည်း မိမိမျက်မှောက်၌ရှိသော သူငယ်၏ အမည်နာမနေရပ်ကို တွေးတော၍ မရနိုင်ရှိလျှင် မောင့်အမည်ပြောစမ်းပါဟူ၍မေး၏။ သူငယ်လည်း ဆရာ— ကျွန်တော့်အမည်ကား မောင်ဘိုးစောခေါ်ပါသည်ဆို

လျှင် ကိုရင်မောင်သည် ဤအမည်ကိုကြားလိုက်လျှင် ရွှေဘိုသူ မစောတင်ကို ပြေး၍ သတိရ၏။ ၎င်းနောက် အမောင်– တောင်တွင်းသားဇာတိမှန်၏လော မေး၏။ မောင်ဘိုးစောကလည်း ကျွန်တော်ကား တောင်တွင်းသားမဟုတ်ပါ။ ရွှေဘိုသားဇာတိ မှန်ပါသည်။ ကိစ္စအထူးရှိသောကြောင့် ကျွန်တော် တောင်တွင်းသို့လိုက်ခဲ့ရပါသည် ပြန်ပြောပြီးကာလ ယခင် မိမိကိုင်ဆောင်လာသော တုတ်ကိုယူ၍ တစ်နေရာမှတစ်နေရာသို့ ရွှေ့လိုက်သည်တွင် ကိုရင်မောင် လည်း သတိပြု၍ ကြည့်ရှုလိုက်မိသဖြင့် ယခင်တလုတ်မြို့တွင် မိမိပျောက်ဆုံး ခဲ့သော ထမ်းပိုးဖြစ်သည်ကို မှတ်မိလျှင် လက်ဆုပ်လက်ကိုင် ယူငင်ကြည့်ရှု၍ အမောင်– ဤထမ်းပိုးကို မည်သည့်အရပ်က ရပါသနည်း၊ ဤထမ်းပိုးကို အစ်ကိုသို့ရောင်းပါ၊ ငါ့ညီအလိုရှိသရွေ့ အသပြာကြေးငွေ အစ်ကိုပေးမည် ဆို၏။

မောင်ဘိုးစောလည်း ဤထမ်းပိုးကား ရောင်းရန်ထမ်းပိုးမဟုတ်ပါ။ တလုတ်မြို့တွင် ကျောင်းထိုင်လျက်ရှိနေသူဘုန်းကြီး ဦးဝိစာရက သူ့တပည့် တစ်ယောက် မျက်လှည့်ဆရာအယောင်ဆောင်၍ အောက်မြို့ကျေးရွာသို့ သွားလေသည်၊ တွေ့လျှင်ပေးလိုက်ပါဆိုသောကြောင့် ကျွန်တော် ယူဆောင် ခဲ့ပါသည်ဆို၏။ ထိုအခါ ကိုရင်မောင်လည်း ဘုန်းကြီးဦးဝိစာရမှာလိုက်သော သူကား အခြားမဟုတ်ပါ၊ အစ်ကိုပင်ဖြစ်သည်၊ ပေးပါဆိုလျှင် မောင်ဘိုး စောလည်း အစ်ကိုမှန်သည် မမှန်သည်ကို ကျွန်တော် စမ်းသပ်မေးမြန်းရန်ရှိပါ သေးသည်၊ ဤထမ်းပိုးကို အလိုရှိက ကျွန်တော့်အစမ်းသပ်ကိုခံပါ ပြန်ပြော ၏။ ကိုရင်မောင်လည်း စမ်းသပ်ပါတော့ဆိုလျှင် မောင်ဘိုးစောသည် ကိုရင် မောင်အား ဤသို့မေး၏။ အစ်ကို ရွှေဘိုမြို့တွင် ဝန်မင်းသမီး မစောတင်နှင့် သိကျွမ်းဖူးပါ၏လောမေး၏။ ကိုရင်မောင်လည်း မောင်ဘိုးစော ဤသို့မေး သည့်မေးခွန်းကိုကြားလျှင် မထင်သည့်မေးခွန်းသို့ ရုတ်တရက်မေးသော ကြောင့် များစွာတုန်လှုပ်ခြင်းဖြစ်၍ ကြက်သီးမွေးညင်းထ၏။

Generated by CamScanner from intsig.com

လို့နောက် ကိုရင်မောင်သည် မေးသူမျက်နှာကို စေ့စေ့ကြည့်ရှုလိုက်ရာ မောင်ဘိုးစောဆိုသူမှာ အခြားမဟုတ်၊ မစောတင်ဖြစ်ကြောင်းကို သိမြင်ရလျှင် အတန်ငယ်မျှ အံ့အားသင့်လျက်နေပြီးနောက် မစောတင်မဟုတ်ပါလောဟု မေး၏။ မောင်ဘိုးစောကလည်း လူတူ၍သာရှိပါသည်၊ မဟုတ်ရပါဟု ပြန်ပြောသော်လည်း ကိုယ့်ဣန္ဒြေကိုမထိန်းနိုင်သဖြင့် ငို၏။

Generated by CamScanner from intsig.com

# အခန်း(၃၁)

ယခင်တစ်ခန်းက ပြဆိုခဲ့သည့်အကြောင်းအရာများ၌ မောင်ဘိုးစော ဆိုသူ သူငယ်နှင့် ကိုရင်မောင် စကားအတုံ့အပြန်ပြောဆိုကြသည့်အကြောင်း ပါရှိရာ မောင်ဘိုးစောဆိုသူ သူငယ်သည် အကယ်စင်စစ်အားဖြင့် အခြားသူ မဟုတ်၊ ရွှေဘိုဝန်မင်းသမီးမစောတင်ဖြစ်သည်။ မစောတင်မည်သည့်အကြောင်း ကြောင့် ယောကျ်ားကလေးအဝတ်နှင့် ကိုရင်မောင်ထံ ဤကဲ့သို့လာရောက် ကြောင်းကို ယခုပြဆိုဦးအံ့။

မစောတင်သည် ဦးဖြူတုတ်နှင့် တွေ့ဆုံစကားပြောဆိုကြရာ ကိုရင် မောင်အကြောင်း မစောတင်ကမေးမြန်း၊ ဦးဖြူတုတ်ကလည်း မစောတင်မေး မြန်းသမျှကို သဘောရိုးဖြင့် မှန်တိုင်းပြန်၍ပြောကြား၏။ သည်ကဲ့သို့ ပြော ကြားသည့်စကားအားဖြင့် ကိုရင်မောင်သွားမည့် ခရီးစဉ်ကိုလည်း ကောင်းစွာ သိရှိရသဖြင့် မစောတင် ဆင်ခြင်မိသည်မှာ ယခုကား ကိုတိုးရင်သည် တလုတ် မြို့တွင်လျှင်လည်းရှိမည်၊ သို့တည်းမဟုတ် တောင်တွင်းမြို့တွင်လျှင်လည်း ရှိမည်၊ ကုလားမင်းနိုင်ငံအောက်မြို့ကျေးရွာသို့ ရောက်သေးမည်မဟုတ်၊ ငါအမြန်လိုက်ရသော် တစ်မြို့မြို့တွင် မိကောင်းသည်၊ အမြန်မလိုက်လျှင် မိမည်မဟုတ်ဟူ၍ စိတ်ကူးပြီးလျှင် အဒေါ် မကြီးမိအား ဤသို့ပြောဆို၏။ မကြီးမိ– ကိုဘိုးရင်ကား အောက်မြို့ကျေးရွာသို့သွားတော့မည်။ ယခုအခါ ကျွန်မတို့ အမြန်လိုက်လျှင် မိသေး၏၊ အမြန်မလိုက်လျှင် မမိနိုင်ပြီ။ မမိ မိအောင် ကျွန်မလိုက်လိုသည်၊ မကြီးမိပါ လိုက်ခဲ့ပါ၊ မကြီးမိ မလိုက်သော် ကျွန်မတစ်ကိုယ်တည်းသွားမည်ဆိုလျှင် မကြီးမိကလည်း ငါ့တူမ မောင်ဘိုး ရင်နောက်ကို လိုက်မည်ဆိုသော် အဒေါ် မတားဆီးလိုပြီ၊ ငါ့တူမကို အဒေါ်

Generated by CamScanner from intsig.com

တား၍လည်း ရမည်မဟုတ်၊ အခေါ်မှာ ငါတို့မသွားရာ ထက်ကြပ်ပါမည်။ သို့သော် ငါတို့မှာ နှစ်ယောက်ချင်းသွား၍မတော်၊ ယောက်ျားတစ်ယောက် ပါဦးမှသင့်မည်ဖြစ်၍ ကိုမှတ်ပါ ခေါ်ဦးမှ သင့်မည်ဆိုပြီးနောက် မောင်မှတ်ကို ခေါ်ငင်တိုင်ပင်ရာ မောင်မှတ်လည်း အတန့်တန်ပြောကာလ သဘောတူသော ကြောင့် မောင်မှတ်၊ မစောတင်၊ မကြီးမိသုံးယောက်တို့သည် မစောတင်အမိ ဝန်ကတော် ညဥ့်အခါ အိပ်ပျော်နေသည့်အတွင်း ထွက်ပြေးကြ၏။

မစောတင်၊ မောင်မောင်မှတ်၊ မကြီးမိသုံးယောက်တို့သည် ယခင် ဆိုခဲ့သည့်အတိုင်း ထွက်ပြေးတိမ်းရှောင်လာကြရာမှ အဝမြို့သို့ရောက်လျှင် မစောတင်ဆိုသည်မှာ ယခု ကျွန်မတို့ ကိုဘိုးရင်နောက်သို့ လိုက်မည်ဆိုသော် ကျွန်မပါသည့်အတွက်ကြောင့် ခြေလျင်လိုက်၍မတော်၊ လှေနှင့်လိုက်မှတော် မည်၊ ကိုဘိုးရင်ကား မကွေးမြို့သို့သွားသည်ဆိုလျှင် ရေကြောင်းခရီးပင်ဖြစ် သည်။ သို့ဖြစ်သောကြောင့် မကွေးမြို့သို့ လှေနှင့်သွားရအောင် လှေကြီး တစ်စင်းကို ငှားပါ၊ ငှား၍မရလျှင် ဝယ်ပါဆို၏။

မောင်မောင်မှတ်လည်း အဝမြို့ဆိပ်ကမ်း၌ လှေကြီးကြီးမြင်သမျှကို လိုက်၍ငှားရမ်းရာ ထိုအခါ၌ မကွေးမြို့၊ ရေနံချောင်းမြို့များတွင် ကာလ ရောဂါဖြစ်ပွားလျက်ရှိသောကြောင့် မည်သူတစ်ခုံတစ်ယောက်မျှ လိုက်၍ပို့လို သောသူမရှိလျှင် မစောတင်အား ဤအကြောင်းကို ပြန်ပြော၏။ ထိုအခါ မစောတင်သည် မောင်မောင်မှတ် လှေရှာ၍မရလျှင် ကျွန်မရအောင်ရှာမည်၊ အခေါ် မကြီးမိသာလျှင် ကျွန်မနှင့်အတူ လိုက်ခဲ့ပါဆိုလျှင် အဝမြို့မြစ်ကမ်း တစ်လျှောက်သို့ လျှောက်၍သွားရာတွင် မောင်မောင်မှတ်လည်း နောက်က ပါ၏။ တွေ့မြင်ခဲ့သမျှသောလှေများတွင် အကြီးမားဆုံးဖြစ်သော ကုန်လှေ ကြီးတစ်စင်းကိုမြင်လျှင် လှူသူလည်းမရှိသည်နှင့် မစောတင်သည် ဆင်း၍

ကြည့်ရှုရာ လေ့ဦးပေါ်၌ 'ရင်မောင်'ဟူသော စာလုံးကို ကလေးသူငယ်တို့ ကစားဘိသကဲ့သို့ ဓားနှင့်ထွင်းထားသည့် စာကြောင်းများကို မြင်၏။

လို့နေ့ဘက်တစ်ဖန် ထိုလှေကြီးပေါင်းအောက်သို့ ဝင်ပြန်သော် လှေနံစပ်တွင် ယခင်ကနည်းအတိုင်း ဓားလက်နက်ဖြင့် ထွင်းထုထားသော ရင် ဆိုသည့်စကားတစ်လုံးကို တွေ့မြင်ပြန်လျှင် ၎င်းလှေနံနှင့်တစ်ဖက်တစ်ချက်ဖြစ်သော လှေနံဘက်သို့ ရုတ်တရက် လှည့်လည်၍ကြည့်ရှုလိုက်ပြန်ရာ ယခင်ကကဲ့သို့ပင် ရင်ဆိုသောစကားလုံး ထွင်းထု၍ထားသည်ကို တွေ့မြင်ရပြန်လျှင် မဆောတင်သည် အသည်းနှလုံးတုန်လှုပ်ခြင်းဖြစ်၍ မျက်ရည်ကြီးစွာကျရှိ၏။ မကြီးမိလည်း တူမမျက်ရည်ကျသည်ကိုမြင်လျှင် မိမိခြလာသော ခြံစောင်နှင့် မျက်ရည်သုတ်ပြီးမှ ငါ့တူမ မည်သည့်အကြောင်းကြောင့် မျက်ရည်ကျရသနည်း၊ ဤလှေကား တစ်ပါးသူလှေဖြစ်သည်၊ သူတစ်ပါးလှေပေါ်တွင် ငါ့တူမ မျက်ရည်စက်လက်နှင့် သူတစ်ပါးမြင်သော် မတော်၊ စိတ်ကို တင်း၍ထားပါဆိုလျှင် မကြီးမိ– ဤလှေကား အခြားသူ၏လှေမဟုတ်၊ ကျွန်မလှေပင်ဖြစ်သည်၊ ကျွန်မတို့၌ အသပြာကြေးငွေ အမြောက်အမြားပါသည်။ ဤလှေကို မရရအောင် ဝယ်ပါလေ၊ ဤလှေကိုဝယ်ပြီးကာလ ဤလှေကိုစီးနင်းရန် လှေထိုးသား၊ လှေပဲ့နင်း စသောသူများကို နေ့ခ လခနှင့် ငှားရမ်းပါပြော၏။ မကြီးမိလည်း အဝမြို့ကကို မကွေးမြို့သို့သွားရန် ခရီးမျှဖြင့် လှေတစ်စင်းလုံးကိုဝယ်ယူရမည်ဆိုသော် သင့်လျော်မည်ဟူ၍ အဒေါ်မထင်၊ အစစအရာရာ ငါ့တူမ စဉ်းစားပြီးလုပ်ပါဆိုလျက်နေသည့်အတွင်း မဆောတင်သည် အဒေါ်မကြီးမိ– ကျွန်မနောက်သို့ လိုက်ခဲ့စမ်းပါဆိုပြီးလျှင် လှေပဲ့သို့ ခေါ်ငင်သွားပြီးကာလ လှေပဲ့ပျဉ်တွင် ယခင်ဆိုခဲ့သည့်နည်းအတိုင်း ဓားဖြင့် ထွင်းထုထားသော စာလုံးများကို လက်ညှိုးညွှန်ကာဖြင့် မကြီးမိအား ပြသ၏။ မကြီးမိလည်း လှေပဲ့ပျဉ်တွင်ညွှန်ပြသောစာလုံးများကို ကြည့်ရှုလိုက်

ရာ မောင်,တစ်လုံး၊ ရင်,တစ်လုံး၊ မောင်,တစ်လုံး ငင်းစာသုံးလုံး ဗိုလ်နောက်ဆိုင် မြင်သော်လည်း အရိပ်နိမိတ်ကို မမြော်မမြင်မိသဖြင့် ဤကား ကလေးသူငယ် တို့ ကစားရာတွင် ဓားဖြင့်လည်းကောင်း၊ လှံဖြင့်လည်းကောင်း ခြစ်၍သွား သောစာလုံးမျှဖြစ်သည်၊ ဤစာလုံးများကိုမြင်ကာမျှဖြင့် ငါတို့မသည် အဘယ့် ကြောင့် တုန်လှုပ်ခြင်း ဖြစ်ရသနည်းမေး၏။

မစောတင်လည်း ဤကြောင်းကို ကျွန်မ ယခုပြောပြမည်၊ ဤလှေ ကို ဥစ္စာရှင်မေး၍ အပိုင်မရအောင် မောင်မောင်မှတ်က သွားရောက်ဝယ်ခြမ်း ပါလေ၊ လှေပဲ့နင်း၊ လှေထိုးသားတို့လည်း အသင့်ငှားရမ်းပါလေ၊ စရန်စက ပေးရန်ကြေးငွေကို မောင်မောင်မှတ်အား မကြီးမိက ပေးကမ်းပါလေ ပြောဆို ၏။

မကြီးမိလည်း မောင်မောင်မှတ်သို့ ကြေးငွေ လုံလောက်အောင်ပေး ကမ်းလိုက်ကာလ မောင်မောင်မှတ် ထွက်ခွာသွားလျှင် မစောတင်သည် မကြီးမိကို လှေဦးသို့ခေါ်သွားပြီးနောက် ရင်,မောင် ဟူသောစာလုံးကို လက် ညှိုးညွှန်ကာပြင်ပြသပြီးလျှင် မကြီးမိ– ဤလက်ရေးကား ကိုဘိုးရင်လက်ရေး စင်စစ်ဖြစ်သည်။ 'ရင်'ဆိုသောစာတွင် (ရ,ကောက်)ကိုလည်း ကျွန်မ မှတ်မိ သည်၊ ငင်းပြင် (င,သတ်)ကိုလည်း ကျွန်မမှတ်မိသည်။ ရွှေဘိုမြို့ ကျွန်မတို့ အနီးမှတွင် သေဘူမှ လာရောက်တည်းခိုစဉ်အခါက ကျွန်မက စေခိုင်းသော ကြောင့် (ရင်တကာ)(အရင်တွင်)အစရှိသော သီချင်းတစ်ပုဒ်ကို ကျွန်မအား ရေးသားပေးရှာသောကြောင့် ကျွန်မ နှတ်တိုက်ကျက်ရာ သတိပြုမိသည်မှာ ကိုဘိုးရင် ရေးသားသော (ရ,ကောက်)သည် ကျွန်မတို့အဖ ဝန်မင်း၏စာရေး ရေးသားသော (ရ,ကောက်)နှင့်မတူ၊ ရကောက်အမြီး ကောက်ပုံချင်း ကွဲလွဲ ပါသည်၊ ထိုပြင်လည်း ကျွန်မတို့ ဝန်စာရေး ရေးသော ရကောက်သည် အမြီးတိုသည်။ ကိုဘိုးရင်ရေးသားသော ရကောက်သည် အမြီးရှည်သည်။

Generated by CamScanner from intsig.com

ဤလှေကား ကိုဘိုးရင်ပိုင်ဆိုင်ဖူးသောလှေဖြစ်မည်။ ဤလှေကို မရရအောင် ဝယ်ခြမ်းပါ။ ဝယ်၍မရမှ အခပေး၍ငှားပါ၊ မစောတင်ဆိုလျှင် မကြီးမိလည်း မစောတင်မှာတိုင်း မောင်မောင်မှတ်အား စေခိုင်းပြီးကြောင်း ပြန်ပြော၏။

မောင်မောင်မှတ်လည်း မကြီးမိစေခိုင်းသည့်အတိုင်းလှေရှင်ကိုထောက် လှမ်းမေးမြန်း လိုက်လံရှာဖွေရာ လှေရှင်ကား အခြားသူမဟုတ်၊ မောင်မြတ်သာဖြစ်ကြောင်းသိရှိလျှင် မောင်မောင်မှတ်သည် လှေကိုဝယ်ယူရန် အဖိုးစားနား ပြောဆိုပြီးသည့်နောက် လှေကို စီးနင်းရန် လှေပဲ့နင်း၊ လှေတိုးသား၊ လှေဦးစီး စသည်များကိုငှားရမ်းရန် ပြောဆိုလျှင် မောင်မြတ်သာလည်း ကိုယ့်အိမ်တွင် ကိုယ်နေထိုင်ရသမျှမှာ စိတ်လက်မကောင်းရှိသည်ဖြစ်သောကြောင့် မောင်မောင်မှတ်အား ဤသို့ပြော၏။ အမောင်– အမောင်တို့သည် ယခင်ပြောဆိုသည့်အတိုင်း မကွေးမြို့မှ အောက်သို့လွှန်၍မစုန်လျှင် ကျွန်ုပ်ကိုယ်တိုင်ပင် လှေသူကြီးလုပ်၍ လိုက်မည်။ လှေဦးစီး၊ လှေထိုးသားစသည်များမှာ ကျွန်ုပ်တာဝန်ရှိစေဆိုကာလ ထိုသို့ တပြီးကား ပြကောင်းလှုပြီဟူ၍ ကိုရင်မှတ်ဆိုပြီးလျှင် အသပြာငွေငါးဆယ်ကို စရန်လုပ်၍ ကိုရင်မှတ်က မောင်မြတ်သာအား ပေးကမ်း၏။ နောက်တစ်နေ့၌ မောင်မြတ်သာ လှေပဲ့နင်းအဖြစ်ဖြင့် လှေပေါ်တွင် ဦးစီးဦးကိုင်ပြုလုပ်ပြီးလျှင် စုန်ဆင်းသွားရာ၊ လမ်းခရီးတွင် တစ်ညအိပ်ပြီးနောက် မြင်းခြံသို့ရောက်လျှင် ဤရွာတွင် ဆိုက်စမ်းပါ။ ကျွန်မအိပ်မက်မြင်သောရွာသည် ဤရွာနှင့် လွန်စွာသဏ္ဍာန်တူပါသည်။ ဤရွာတွင် ကိုဘိုးရင်ကို တွေ့မြင်လာလိမ့်မည် ကျွန်မ လွန်စွာဟင်ပါသည်။ ဤရွာတွင် လှေဆိုက်ပါဆို၏။

ဤကဲ့သို့ မစောတင်ပြောဆိုသောကြောင့် မြင်းခြံမြို့တွင် လှေဆိုက်ပြီးသည့်နောက် မြင်းခြံမြို့အရှေ့ဘက်တွင်ရှိသော တလုတ်မြို့သို့ရောက်လျှင် မစောတင်သည် မိမိအိပ်မက်အတိုင်း ဘုန်းကြီးကျောင်းသို့ လိုက်လံရှာဖွေ၏၊

ဤသို့လိုက်လံရှာဖွေရာ မစောတင်နှင့်အတူ မောင်မောင်မှတ်၊ မကြီးမိလိုက်ပါ၏။ သည်ကဲ့သို့ ပါရာတွင် မစောတင်ကဆိုသည်မှာ အဒေါ်– ကျွန်မအိပ်မက်သောကျောင်းကား ဤကျောင်းပင်ဖြစ်သည် ကျွန်မအိပ်မက်သည့်အကြောင်းကို အဒေါ်၊ ဦးတော်တို့အား ကျွန်မပြောပြထားသည်။ ကျွန်မ အိပ်မက်သောကျောင်းကား မုချဤကျောင်းဖြစ်သည်။ ဤအပင်ကား စံကားစိမ်းပင်ဖြစ်သည်။ ကျွန်မအိပ်မက်ထဲတွင် ပန်းတစ်ပွင့်ကိုခူး၍ ကိုဘိုးရင် ကျွန်မဦးခေါင်းတွင် ပန်ပေးရာသည်မှာ ဤအပင်ကပင် ဖြစ်သည်ဆိုပြီးလျှင် မစောတင်သည် စံကားစိမ်းပင်မှ ပန်းတစ်ပွင့်ကို ဆွတ်ယူပြီးလျှင် မကြီးမိအား ပေးပြီးမှ မစောတင်ဆိုသည်မှာ ကျွန်မအိပ်မက်ထဲတွင် ကိုဘိုးရင်နှင့် နှစ်ကိုယ်တည်းတွေ့ဆုံကြရာ ကိုဘိုးရင်ခမျာသည် ယခုတင် ကျွန်မ ပန်းပင်ပေါ်သို့ တက်သကဲ့သို့ ကိုဘိုးရင်ကိုယ်တိုင်တက်ပြီးလျှင် ပန်းတစ်ပွင့်ကို ဆွတ်ခူးပြီးနောက် ယခု မကြီးမိ ဦးခေါင်းတွင် ကျွန်မပန်ပေးသည့်နည်းတူ ကျွန်မဆံထုံးတွင် တမင်ရောက် ကိုဘိုးရင်ကိုယ်တိုင် ပန်ပေးရာသည်၊ ဤအကြောင်းအရာများကို ကျွန်မသေမှမေ့မည် ပြော့ဆိုလျှင် မကြီးမိကဆိုသည်မှာ အိပ်မက်ဆိုသည့် အရာသည် မှန်လည်းမှန်တတ်သည်၊ မှားလည်းမှားတတ်သည်၊ ငါ့တူမမှာ အိပ်မက်သည့်အကြောင်းနှင့်လိုက်၍လာသော် မှားလျှင်လည်းမှားတတ်သည်၊ မှန်လျှင်လည်း မှန်တတ်သည်၊ ယခုမှာ ငါ့တူမအိပ်မက်အတိုင်း မှန်သည့်လက္ခဏာနှင့်တူသည်။ ငါ့တူမပေးသောကြောင့် ပန်းတစ်ပွင့်ကိုရပေပြီ၊ ဤပန်းတစ်ပွင့်ကို ရရုံမျှနှင့် ငါ့တူမ အိပ်မက်မှန်သည် မဆိုသာသေး၊

ဤသို့ မကြီးမိဆိုလျှင် မစောတင်ပြန်ပြောသည်မှာ ကိုရင်မှတ် ဤကျောင်းပေါ်သို့ ဘုန်းကြီးနှင့် စကားပြောရအောင် ခေတ္တမျှတက်သွားပါဆိုပြီးနောက် ဘုန်းကြီးကို ကပ်လှူရန် လှူဖွယ်ဝတ္ထုများပါ ပါ၏လောမေးရာ မကြီးမိက ဘုန်းကြီးကပ်လှူရန်လှူဖွယ်ဝတ္ထုမှာ အဒေါ်၌ပါသည်၊ ငါ့တူမ

# အခန်း(၃၂)

ကျောင်းပေါ်သို့ရောက်၍ သုံးဦးသားတို့ ဝတ်ချမိလျှင် ဘုန်းကြီးက မေးသည်မှာ ဒကာ၊ ဒကာမတို့– မည်သည့်အရပ်ကလာကြသနည်း။ ဤအခါ မောင်မှတ်က လျှောက်သည်မှာ တပည့်တော်တို့မှာ ရွှေဘို တပယင်းအရပ်က လာကြပါသည်၊ ဤတပည့်မများ၏မောင် မောင်ဘိုးရင်ဆိုသူသည် ရွှေဘိုမြို့က ထွက်သွားရာ ဤအရပ်သို့လာသည်သတင်းကြားသောကြောင့် တပည့်တော်နှင့်တကွ ကိုဘိုးရင်၏အဒေါ်ပါ လိုက်၍ ရှာဖွေကြပါသည်။ ကိုဘိုးရင် မည်သည့်လမ်းသို့သွားသည့်အကြောင်းကို အရှင်ဘုရား သတင်းကြားလျှင် တပည့်တော်တို့ သိပါရစေလျှောက်လျှင် ဘုန်းတော်ကြီး ဦးဝိစာရသည် ဤသို့ဆို၏။ ဒကာ၊ ဒကာမလေးတို့– ဒကာ၊ ဒကာမလေးတို့အကြောင်း အရာကို ငါရိပ်မိပြီ။ မောင်ဘိုးရင်ကို လိုက်၍ရှာဖွေမည်ဆိုသော် ဤအဝတ်နှင့် မတော်၊ မိန်းမအဝတ်ကိုလဲ၍ ယောကျ်ားအဝတ်ကို ဝတ်မှတော်လိမ့်မည်၊ မိန်းမဝတ်ကို လဲပြီးလျှင် ယောကျ်ားအဝတ်ကို ဝတ်၍လိုက်၊ မောင်ဘိုးရင်သည် ဤကျောင်းမှထွက်သွားသည်မှာ မကြာမမြင့်သေး၊ မောင်ဘိုးရင်ထံ သွားမည် ဆိုသော် မောင်ဘိုးရင်ထံပေးပို့လိုက်ရန် ငါ၌လည်း ပစ္စည်းတစ်ခုရှိသေးသည်၊ မောင်ဘိုးရင်သည် ဤကျောင်းတွင် တည်းခိုနေစဉ်အခါက ကာလရောဂါစွဲကပ် ပြီးသည့်နောက် ချည့်နဲ့သောရောဂါ စွဲကပ်ပြန်သဖြင့် ကိုယ့်ကိုယ်ကို မထူမထ နိုင်ရှိလျှင် သူ၌ပါသော ထမ်းပိုးသည် ဤကျောင်းဇရပ်၌နေသော ဘိုးသူတော် ဆွဲငင်ယူသွား ဖျောက်ဖျက်ပစ်လိုက်သောကြောင့် မောင်ဘိုးရင် ကျန်းမာခြင်းရ ကာလ အထူးဝီရိယစိုက်ထုတ်၍ ရှာဖွေသည်။ သည်ကဲ့သို့ ရှာဖွေကြောင်း ငါဆရာသိရသဖြင့်လည်း ဤထမ်းပိုး၌ အနာဂတ် တစ်စုံတစ်ရာရှိမည် တွေး ထင်မိသဖြင့် မောင်ဘိုးရင် မရှိသည့်နောက် ငါဆရာ လိုက်လံရှာဖွေရာ ဤ

Generated by CamScanner from intsig.com

ထိုအခါ မဆောတင်သည် မောင်မှတ်၊ မကြီးဝိတို့နှင့်တိုင်ပင်ပြီးကာလ လေ့သူကြီး မောင်မြတ်သာကို မကွေးမြို့တွင် စားနပ်ရိက္ခာအလုံအလောက် နှင့် စောင့်ဆိုင်းစေရန် မှာထားပြီးနောက် ယခင်တလတ်ကြိမ် ဘုန်းကြီးဦးဝါရ မှာထားသည့်အတိုင်း တောင်တွင်းမြို့သို့ သွားရောက် ကုန်သည်အယောင် ဖြင့် ဦးလှုငယ်ဆိုသူ ပွဲစားတစ်ဦးအိမ်တွင် တည်းခိုပြီးလျှင် သတင်းမေးလျက် စောင့်ဆိုင်းကာနေ၏။

❖❖ ❖❖ ❖❖

Generated by CamScanner from intsig.com

# အခန်း(၃၃)

မစောတင်၊ မောင်မုတ်၊ မကြီးမိတို့သည် ယခင်တစ်ခန်း၌ ပြဆိုခဲ့သည့်အတိုင်း တောင်တွင်းမြို့ပွဲစား ဦးလူငယ်အိမ်တွင် တည်းခိုလျက်နေကြပြီးလျှင် မျက်လှည့်ဆရာတစ်ယောက် လာမလာကို နှံ့ပုံအောင် သတင်းမေးရာမျက်လှည့်ဆရာဆို၍ မည်သူတစ်စုံတစ်ယောက်မျှ မလာမရောက်သေးကြောင်းနှင့်သိရှိသဖြင့် တလုတ်မြို့ဘုန်းတော်ကြီး မှာထားလိုက်သည့်အတိုင်း တောင်တွင်းမြို့ကပင် စောင့်ဆိုင်းလျက်နေကြ၏။

သည်ကဲ့သို့စောင့်ဆိုင်းနေသည့်အတွင်း မစောတင်မှာ ယောကျ်ားကလေးအဝတ်ကို ဝတ်ဆင်ထားပြီးလျှင် ကိုရင်မောင်အတွက်ကြောင့် စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်း ပွားများလျက်ရှိနေရာ ဒုရာဝဲစွဲ လဲရာတွင်တလိုင်းထောင်းဆိုဘိသကဲ့သို့ မစောတင်၌ပူပင်သောကပွားများရန် အကြောင်းပေါ်လာသည့်အရာ အမြောက်အမြားပင်ဖြစ်၏။

မစောတင်တို့တည်းခိုသော အိမ်ရှင် ဦးလူငယ် မယား မအိမ်ငြိမ်းတို့၌ မကြီးမြင့်ခေါ် အသက် ၁၆–နှစ်ကျော် ၁၇–နှစ်ရွယ် သမီးပျိုတစ်ယောက်သည်ရှိသဖြင့် လွန်စွာချစ်ခင်စုံမက်ကြ၏။ သည်ကဲ့သို့ချစ်ခင်စုံမက်သဖြင့်လည်း မိဘနှစ်ပါးတို့သည် သမီးငယ်ကို သူတစ်ပါးသားသမီးကဲ့သို့ မခိုင်းမစေ၊ အိမ်တွင် ဖြီးလိမ်းဝတ်စားလျက်သာ နေစေ၏။

မစောတင်မှာ ကိုယ်လုံးကိုယ်ထည်ကမူ၍ပင် ချောမောသူဖြစ်ရကားယောကျ်ားကလေးအဝတ်နှင့် ဝတ်ဆင်၍နေသည့်အခါ၌ အလွန်သဖြင့် တင့်တယ်သောကြောင့် အများသောသူတို့သည် လမ်းခရီးသွားရာတွင် မစောတင်ကိုမြင်လျှင် ရပ်တန့်၍ ကြည့်ရှုကြ၏။

Generated by CamScanner from intsig.com

သို့ဖြစ်သောကြောင့် မကြီးမြင့်သည် မိမိအိမ်တွင် ယောကျ်ားကလေး အဝတ်ကိုဝတ်ဆင်လျက် လာရောက်တည်းခိုနေသူ မစောတင်ကိုမြင်လျှင် အကယ်ယောကျ်ားပင်ထင်မှတ်သဖြင့် မြင်သည့်နေ့ကမှစ၍ တစ်နေ့တခြား ချစ်ခင်မေတ္တာသက်ဝင်သည့်အရာ၌ မကြီးမြင့်ကို အပြစ်မဆိုသာပေ။

အထက်ဆိုခဲ့သည့်အတိုင်း ပွဲစားအိမ်တွင် ဆယ်ရက်သန့် တည်းခိုပြီးသည့်နောက် တစ်နေ့သ၌ မစောတင်သည် မကြီးမိနှင့် နှစ်ယောက်ချင်းဆုံမိလျှင် ဤသို့တီးတိုးတိုင်ပင်ကြ၏။ မကြီးမိ– ဤအိမ်၌ရှိသော ပွဲစားသမီး မိန်းမငယ်သည် ကျွန်မကို အကယ်ယောကျ်ားကလေးထင်မှတ်သောကြောင့် များစွာ မေတ္တာသက်ဝင်ပြီးလျှင် အထူးသဖြင့် လိုက်လျောလျက်ရှိပါသည်။ ကျွန်မကား မိန်းမချင်းကို လွန်စွာ ကိုယ်ချင်းစာနာပါသည်၊ အစားတစ်လုတ် ရလျှင် ကိုယ်တိုင်မစားဘဲ ကျွန်မကိုသာ လာ၍ကျွေးတော့သည်။ နောင်ကြာမြင့်မှ ကျွန်မမိန်းမဖြစ်ကြောင်းကို သူသိမည်ဆိုသော် သူလွန်စွာ ရှက်ရှာလိမ့်မည်၊ သို့ဖြစ်၍ ကျွန်မကား အမှုမလွန်မီ စောစောကဖော်ပြလိုက်လိုပါပြီ။ မကြီးမိ မည်သို့သဘောရပါသနည်းဟုမေးလျှင် မကြီးမိက ပြန်ပြောသည်မှာ ငါ့တူမ မိုက်နှင့်၊ ငါ့တူမ မိုက်ပါနှင့်၊ ယခုအနေ ဖော်ပြမည်ဆိုသော် အကျိုးယုတ်ရန်ရှိသည်။ အခေါ်အမှတ်မဲ့နေသည်မဟုတ်၊ ထိုမိန်းကလေး၏ အမူအရာကို မိန်းမချင်းဖြစ်၍ အခေါ်အစပထမကပင် ရိပ်မိသဖြင့် အရိပ်အခြည်ကို ကြည့်ရှုစောင့်ရှောက်လျက်နေသည်၊ အစပထမ ငါ့တူမယောကျ်ားအဝတ်ကို မဝတ်ခဲ့ပါလျှင်သင့်၏၊ ယခုမှာ ယောကျ်ားအယောင်ဆောင်၍လာမှဖြင့် ငပိမိသဲတိုင် တက်နိုင်ဖျားရောက်ဆိုဘိသကဲ့သို့ အစကအဆုံးတိုင်အောင် ယောကျ်ားကလေးနှင့် တူအောင်နေ၊ ထိုလူငယ်မနှင့်စပ်လျဉ်းသမျှ ယောကျ်ားကလေးနှင့် တူအောင် ကျင့်ဆောင်ပါဟုဆိုလျှင် မစောတင်ကလည်း အခေါ် ပြောသောစကားသည် ပြောရန်ကား လွယ်ကူပါ၏။ ပြုရန်ကား လွန်စွာခက်ခဲ

Generated by CamScanner from intsig.com

လှပါသည်။ မကြီးမြင့်သည် မှုးမှုးကပ်ကပ်နေတိုင်လိုသည့် လက္ခဏာရှိပါသည်။ တကယ် ရုတ်တရက် မှုးကပ်၍ ကျွန်မကိုယ်ကို ကိုင်တွယ်ထိခိုက်မိလျှင် မှုချမိန်းမဖြစ်ကြောင်း သိရှိလိမ့်မည်ဟုဆိုလျှင် မကြီးမိက တုံ့ပြန်ပြောဆိုသည်မှာ ငါ့တူမ– ဤကြောင်းကြောင့် စိတ်မပူနှင့်၊ အခေါ်လှမ်းလှမ်းကနေ၍ ဆောင့်ရောက်မည်၊ ယခုအခါ တုတ်ခေါ်၍ပြောမည်ဆိုသော် အနည်းနည်းအားဖြင့် အကျိုးယုတ်လျော့ရန်ရှိသည်ပြင် မိန်းမပေပ်လည်း လွန်စွာရှက်လိမ့်မည်၊ ရှက်ပြန်လျှင်လည်း အချစ်ကြီးကအမျက်ကြီးသည်ဟူသည့် စကားအတိုင်း သူ့အမျက်ထားက ငါတို့အကြံအစည်မအောင် ရှိလိမ့်မည်ဟု ဆိုရာတွင်မှ မစောတင်လည်း ယောက်ျားကလေးအသွင် မတူ့တူ ဆောင်၍နေရပြန်၏။

ထိုနေ့ပင်လျှင် မကြီးမိသည် ကိုရင်မောင့်သတင်းကို မေးမြန်း နားထောင်ရန် အပါးသို့သွားသောကြောင့် မစောတင်ကျွန်ရစ်သဖြင့် ထိုင်လျက်နေရာ မကြီးမြင့်သည် အပါးသို့လာရောက်ပြီးလျှင် လက်ဖက်စားပါဆိုပြီးမှ လက်ဖက်တည်လာ၏။ မစောတင်လည်း စားဟန်ပြုပြီးကာလ မကြီးမြင့်စိတ်မှ ကျေစေတော့ဟုသဘောထားပြီးလျှင် လက်ဖက်ကောင်းကြောင်းကို ချီးမွမ်း၏။ ထိုအခါ မကြီးမြင့်ကဆိုသည်မှာ ကိုဘိုးစော– ကျွန်မတို့အိမ်၌ လက်ဖက်သာလျှင်ကောင်းသည်မဟုတ်ပါ၊ လူပါကောင်းပါသည်၊ ကျွန်မတို့ အဖေမိဘမှစ၍ ကျွန်မပါ သဘောကြီးပါသည်ဆိုလျှင် မစောတင်ကလည်း ဟုတ်ပါပေသည်ဟု လိုက်ရော၍ ပြောရရှာ၏။

ထို့နောက် မကြီးမြင့် ဆက်လက်ပြောပြန်သည်မှာ ကျွန်မဆိုသည်မှာ အသက်ပင် ငယ်သော်လည်း အလွန်သဘောကြီးပါသည်။ စိတ်လည်း မဆိုးတတ်ပါ။ ကိုဘိုးစောက မည်သို့ပင်ပြောစေ၊ မည်သို့ပင်ဆိုစေ၊ မည်သို့ပင်ပြုစေ၊ ကျွန်မစိတ်မဆိုးတတ်ပါဟုဆိုလျှင် မစောတင်လည်း သူငယ်မကား အသက်အရွယ်နုနယ်သဖြင့် ရှုးတုန်းမိုက်တုန်းအရွယ်ဖြစ်သောကြောင့် ကြိုက်မရှက်၊

ငိုက်မရှက်ဟူသော စကားအလိုက် ပြောရှာတော့သည်ဟု အောက်မေ့လျက် သင့်ရာတုံ့ပြန်၍ ပြောလိုက်၏။ ထို့နောက် မကြီးမြင့်သည် မစောလက်တွင် ဝတ်ဆင်ထားသော မြလက်စွပ်ကိုချီးမွမ်းလျက် လက်စွပ်ကိုစေ့စပ်စွာကြည့်ရှု တော့မည့်ဟန်ဖြင့် မစောတင်လက်ကို ကောက်ယူလိုက်ရာ မစောတင်သည် မိမိ လက်ကကို အစပြု၍ မိမိကိုယ်ကာယကို ကိုင်တွယ်မိလျှင် မိန်းမဖြစ် ကြောင်း သိမည်စိုးသောကြောင့် လွန်စွာထိတ်လန့်ခြင်းဖြစ်၏။ သို့ဖြစ်သော ကြောင့် မောင်မှတ်အား လက်ဖက်မြည်းလှည့်ပါဦးဟု လှမ်း၍ခေါ်လိုက်၏။ မကြီးမြင့်လည်း မောင်မှတ်လာမှ မစောတင်လက်ကို လွှတ်လိုက်၏။

ထိုနေ့ညနေ မကြီးမိပြန်လာ၍ သတင်းစကားအကြောင်း မေးမြန်း ပြီးနောက် မစောတင်သည် ဤသို့ဆို၏။ မကြီးမိ– ကျွန်မတို့ကား အိမ်ပြောင်း မှသင့်မည်။ ဤအိမ်တွင်နေရက ကြာလျှင်ပေါ်လိမ့်မည်ဆိုပြီးလျှင် အကြောင်း ကြောင်းမျိုး ပြန်ပြောင်း၍ပြော၏။ မကြီးမိကလည်း ငါ့တူမ– အစစအရာရာ စဉ်းစားဆင်ခြင်ပါ၊ အိမ်ပြောင်းမည်ဆိုသော် အိမ်ရှာရန်ခက်သည့်ပြင် ဤ အိမ်ရှင်အပေါ်၌ အပြစ်တစ်ခုံတစ်ခုပြနိုင်မှ အိမ်ပြောင်းခွင့်သင့်သည်၊ ယခုမှာ ငါတို့၌ ထမင်းပွဲရှေ့ရောက် စားသောက်၍ ချမ်းသာစွာနေရသည်။ ရှေ့သို့ သုံးရက်တန်သည်၊ လေးရက်တန်သည် အောင့်အည်း၍နေပါ၊ ငါ့တူမ စိုးရိမ် လျှင် မကြီးမြင့်နှင့် ခပ်ရှောင်ရှောင်နေပါ၊ ရှောင်ရှောင်နေပါဆိုသော်လည်း မေတ္တာမပျက်အောင် ဆက်လက်စကားကမ်းလှမ်း၍ ပြောပါ ဆိုရာတွင်မှ မစောတင်လည်း တိတ်ဆိတ်စွာနေ၏။

ထိုနေ့ကကို နှစ်ရက်ခန့်ကြာရှိလျှင် မျက်လှည့်ဆရာနှင့်တူသောသူ တစ်ယောက် ရောက်လာသည် ကြားသောကြောင့် မကြီးမိနှင့်တကွ မောင်မှတ် ပါ သတင်းနားထောင်ရန် ထွက်သွားကြရာ မစောတင်တစ်ကိုယ်တည်းကျန် ရစ်ခဲ့သဖြင့် ထိုနေ့၌လည်း မောင်ရင်မောင့်မျက်နှာကို အထူးမြင်သောကြောင့်

ဒိမ်ခလောက်ဆွဲက မတ်တတ်ရပ်၍ လပ်းသို့ မျှော်လျက်နေသည့်အတွင်း မကြီးမြင့်သည် ရုတ်တရက်လာရောက်၍ ကိုယ်စောင်းတိုက်၏။ မစောတင်လည်း မိမိရပ်ဓာတ်ပေါ်မည်စိုးသဖြင့် ထိတ်လန့်ခြင်းဖြစ်သော်လည်း မကြီးမြင့်က စိတ်ဆိုးပါသလားမေးရာ မဆိုးကြောင်းနှင့် ပြန်ပြောလျှင် မကြီးမြင့်က ပြောသည်မှာ ကိုဘိုးစောကား ကျွန်မကဲ့သို့ပင် သဘောကြီးပါပေသည်၊ ကျွန်မတို့ အမေမိဘများသည် ကျွန်မအား လင်ယောကျ်ားပေးစားလိုသည်။ သဘောကြီးကြီးထားတတ်သူများအနက် ကျွန်မကြိုက်သောသူများ တွေ့လျှင် ပြောသာပြောဟု မှာထားပါသည်၊ မည်ကဲ့သို့သောသူကို ကျွန်မယူရမည်ကို ကျွန်မအား ကိုဘိုးစောက ဉာဏ်ပေးစမ်းပါဟု စကားတောင်းရာ မစောတင်လည်း ရှေ့သို့တိုးလျှင် ထမ်းပိုး၊ နောက်သို့ဆုတ်လျှင် လှည်းတုတ်ဟူသောစကားပုံကို သတိရလျက် မည်သို့ပြန်၍ ချေဆိုရမည်ကို စဉ်းစားနေသည့်အတွင်း နှောင်- နှောင်- နှောင်- နှောင်-ဟူ၍ မျက်လှည့်ဆရာတို့ တီးမြဲဖြစ်သော မောင်းတီးသံကိုကြားလျှင် ဝမ်းမြောက်သောစိတ်အားကြီးလှဖြင့် နှလုံးကို လေခတ်ရေ့သောကြောင့် မှုးမော်၍သွားရာ အားစဲ၍ထားသောကြောင့်သာလျှင် မလဲမကျဘဲရှိ၏။

မကြီးမြင့်လည်း ဤအရာကိုမြင်လျှင် ကိုဘိုးစော မျက်လှည့်မောင်းသံကို ကြားကာမျှဖြင့် မည်သည့်အကြောင်းကြောင့် ဤမျှလောက် တုန်လှုပ်ခြင်းဖြစ်ပြီးလျှင် မျက်နှာများ ပျက်ရပါသနည်းမေး၏။ မစောတင်ကလည်း မျက်လှည့်ဆိုသည်မှာ ကျွန်ုပ်ငယ်ရွယ်စဉ်ကပင် လွန်စွာဝါသနာကြီးသဖြင့် မျက်လှည့်ဟုဆိုလျှင် အလွန်ကြည့်ရှုလိုသောဆန္ဒရှိသည်၊ ယခုလည်း မောင်းသံကိုကြားလျှင်တစ်ခါဖြင့် မျက်လှည့်ကြည့်ရတော့မည်ဟု ဝမ်းသာအားရရှိသောကြောင့် တုန်လှုပ်ခြင်းဖြစ်ပါသည်ဟု ပြန်ပြော၏။ မကြီးမြင့်ကလည်း မျက်လှည့်မောင်းသံကြားကာမျှဖြင့် လဲကျမတတ် ဝမ်းသာအားရရှိသည်ဆို

သည်မှာ တစ်ခါမျှ မကြားဖူးပါဆို၏။ ထိုအခါ မစောတင်က ပြောသည်မှာ ကျွန်ုပ်မှာ သူတစ်ပါးနှင့်မတူ ငယ်ရွယ်စဉ်က သူငယ်နာရှိသောကြောင့် ရုပ်တရက် အကြီးအကျယ် ဝမ်းသာအားရရှိလျှင် ယခုတင်ကကဲ့သို့ပင်ဖြစ်တတ်ပါသည်၊ ယခုမျက်လှည့်ပွဲကို ကျွန်ုပ် အလွန်ကြည့်လိုပါသည်။ ဤမောင်းသည် မည်သည့်နေရာက တီးပါသလဲမေးလျှင် မကြီးမြင့်ကလည်း အရှေ့ဈောင်ပင်ကြီးအောက်ကတီးသည်၊ ကျွန်မလမ်းပြမည် လိုက်ခဲ့ပါဟုဆိုသဖြင့် မစောတင်လည်း လိုက်၍သွား၏။

ပွဲစားအိမ်မှ အရှေ့ဘက်သို့ အတန်ငယ်မျှသွားမိလျှင် လမ်းလေးခွ၌ရှိသော ဈောင်ပင်ကြီးကိုမြင်ရ၏။ ထိုဈောင်ပင်ကြီးအောက်၌ ကလေးလူကြီးတို့သည် စုရုံး၍ မျက်လှည့်ပြသည်ကို ကြည့်ရှုလျက်နေကြ၏။ မစောတင်လည်း မျက်လှည့်ဝိုင်းသို့ရောက်သဖြင့် ကိုရင်မောင်ကို မြင်ချင်သည့်အာနှင့်ကြည့်ရှုလိုက်ရာ မျက်လှည့်ဆရာ၏ မည်းနက်သောအသားအရေ၊ သူတပ်သော နှုတ်ခမ်းမွေးကိုမြင်လျှင် ကိုရင်မောင်မဟုတ်ဟု ရုတ်တရက်အားဖြင့်ထင်မှတ်သဖြင့် များစွာစိတ်လက်ပျက်သွား၏။ သည်ကဲ့သို့စိတ်လက်ပျက်သွားသည့်အတွင်း အသံကိုတစ်ဖန်ကြားမှ နှုတ်ခမ်းမွေးကို စေ့စေ့ကြည့်ရှုရာ ထည့်တပ်ထားသော နှုတ်ခမ်းမွေးဖြစ်ကြောင်း၊ မျက်လုံးမျက်ဆန်လည်း ကိုရင်မောင့် မျက်လုံးမျက်ဆန်ဖြစ်၍ ကိုရင်မောင်ပင်ဖြစ်ကြောင်းကို တပ်အပ်သိရလျှင် ပြေး၍ဖက်မည်ဟု မစောတင်စိတ်၌ တစ်တန်ကြံမိ၏။ ထို့နောက် မျက်လှည့်ပွဲကို သိမ်းရုပ်ပြီးလျှင် မိမိတည်းခိုသည့်အိမ်သို့လည်း ခေါ်သွားမည်ကြံစည်မိ၏။ ဤသို့လျှင် အနည်းနည်းအဖုံဖုံ ကြံစည်ပြီးသည့်နောက်ဆုံးမှ မျက်လှည့်ပွဲ ပြီးသည့်တိုင်အောင်စောင့်ဆိုင်းပြီးလျှင် ငါ ကိုဘိုးရင်နှင့် စကားပြောမည်ဟု အားခဲစောင့်ဆိုင်းလျက်နေ၏။

သည်ကဲ့သို့ စောင့်ဆိုင်းနေသည့်အတွင်း ကိုရင်မောင် မျက်လှည့်ပြသည်ကိုကား ဂရုမပြု၊ ကိုရင်မောင်၏ အသားအရေမှ ဆုတ်ယုတ်ပိန်ချုံးလျက်

နှံသည့်အရာမှာ မကျန်းမမာ၍လည်းတစ်ကြောင်း၊ ပင်ပန်း၍လည်းတစ်ကြောင်းဖြစ်သည့်အရာများကို စဉ်းစားမိသဖြင့် မျက်ရည်ပေါက်ပေါက်ကျလျှင် အပါး၌ရှိသူ မကြီးမြင့်က လက်ဖြင့်ကုတ်၍ အဘယ့်ကြောင့် မျက်ရည်ကျသနည်းဟု မေးမှ ကိုယ့်မျက်ရည်ကို သတိရ၍ သိမ်းရှာနိုင်၏။

ထို့နောက် များမကြာမီ တစ်ဖက်ကကြည့်ရှုနေသော သူငယ်တစ်ယောက်သည် ကိုရင်မောင်ကို ကဲ့ရဲ့လှောင်ပြောင်ပြုလုပ်လျှင် မစောတင်သည် အမျက်ဒေါသပွားများလှသဖြင့် မခံမရပ်နိုင်သောကြောင့် လှောင်ပြောင်သူ သူငယ်ကို ရိုက်နှက်၏။ သည်ကဲ့သို့ရိုက်နှက်ခံရသော သူငယ်ကလည်း ခုခံ၍ သတ်မည်အပြုတွင် မကြီးမြင့်နှင့်တကွ ပွဲစားအိမ်တွင်ခိုင်းစေသူတို့ ဝန်းဝိုင်းလာကြမှ မစောတင်မှာ ဒဏ်ရာမရ၊ ရန်ငြိမ်း၏။ သည်ကဲ့သို့ ရန်ငြိမ်းပြီးသည့်နောက် ကိုရင်မောင်နှင့်တွေ့ဆုံသဖြင့် တစ်ဦးကိုတစ်ဦးသိရှိကြသည့်အကြောင်းမှာ အခန်း ၃၁ တွင် ပြဆိုခဲ့ပြီးဖြစ်သည်။

Generated by CamScanner from intsig.com

# အခန်း(၃၄)

ယခင်ပြဆိုခဲ့သည့်အတိုင်း ကိုရင်မောင်သည် မောင်ဘိုးစောခေါ် သူငယ်သည် မစောတင်ပင်ဖြစ်ကြောင်းသိရကာလ အတန်ငယ်မျှစကားမပြော နိုင်ရှိနေပြီးနောက် ဤသို့မေး၏။ မစောတင် ရွှေဘိုမြို့နှင့် တောင်တွင်းမြို့ ဆိုသည်မှာ နီးသောခရီးမဟုတ်၊ အဘယ့်ကြောင့် ဤမျှလောက် ဒုက္ခဆင်းရဲ ခံ၍ လိုက်လာပါသနည်း။ ကျွန်ုပ်ဤအရပ်သို့သွားသည်ဟု မည်သူညွှန်ပြပါ သနည်းဟုမေး၏။

မစောတင်ကလည်း ကိုဘိုးရင်သည် တစ်လနှင့်ပြန်ခဲ့မည်ပြောဆို၍ သွားရာ တစ်လနှင့်လည်းမလာ၊ နှစ်လကြာ၍လည်းမရောက်လျှင် ကျွန်မ စဉ်းစားမိသည်မှာ ကိုဘိုးရင်သည် ကျွန်မကို လိမ်လည်မည့်သူမဟုတ်၊ မပြန် မလာသည့်အရာမှာ နာများမကျန်း၍လျှင်လည်းဖြစ်မည်၊ သို့တည်းမဟုတ် ထူးခြားသောကိစ္စအကြီးအကျယ်လျှင်လည်း ရှိမည်၊ နာများမကျန်း၍ရှိလျှင် ပြုစုရစေတော့ ကိစ္စကြီးငယ်ရှိလျှင်လည်း ကူညီရစေတော့ဟု အကြံပြုပြီးလျှင် တောင်ဖီလာကျောင်းသို့ သတင်းမေးရန်သွားရာ ဆရာတော် ခမည်းတော် ကပ္ပိယဦးဖြူတုတ် ညွှန်ကြားလိုက်သောကြောင့် လိုက်၍လာခဲ့ပါသည်ဟု ပြန်ပြော၏။

ကိုရင်မောင်က ယခု မည်သူနှင့်အတူ လာပါသနည်းဟုမေးမြန်းရာ မစောတင်ကလည်း စစ်ကိုင်းမြို့တွင် အမိနှင့်အတူ အိမ်တစ်အိမ်တွင် တည်းခို နေသည့်အတွင်း အမိမသိအောင် မကြီးမိ၊ မောင်မှတ်တို့နှင့်အတူ တိတ် တဆိတ်ထွက်၍လာခဲ့ကြောင်းနှင့် ပြန်၍ပြောလျှင် ကိုရင်မောင်ကဆိုသည်မှာ အမိ ဝန်ကတော်သည် သမီးကလေးတစ်ယောက်ကို အသက်လောက်ချစ်

Generated by CamScanner from intsig.com

သည်၊ ယခု မစောတင်သည် အမိကိုမပြောဘဲ တိတ်တဆိတ်ထွက်သွားလာလျှင် ပူပင်သောက အလွန်ကျရောက်ပြီးလျှင် ဒေါင်းတောက်အောင် ရှာဖွေလိမ့်မည်၊ မစောတင် ကျွန်ုပ်ကို စုံမက်သည့်အရာကို အထက်ကပင် ကျွန်ုပ်သိသည်၊ သို့သော် ယခုမျှလောက်စုံမက်မည်မထင်၊ မစောတင်ကို ကျွန်ုပ်က အပြစ်မဆိုလိုပါ၊ သို့သော် အမိကိုစွန့်၍ ကျွန်ုပ်နောက်သို့ လိုက်ခဲ့သည့်အရာမှာ လွန်စွာရက်စက်ရာရောက်သည်။ မစောတင်အတွက်ကြောင့် အမိဝန်ကတော်မှာ ယခုအခါ မစားနိုင်၊ မအိပ်နိုင်၊ မနေနိုင်၊ မထိုင်နိုင်အောင် ဒုက္ခဆင်းရဲရောက်၍ နေရှာလိမ့်မည်၊ စေ့စေ့စဉ်းစားဆင်ခြင်လိုက်သော် သူတစ်ပါးကို အပြစ်တင်ဖွယ်မရှိ၊ ကျွန်ုပ် ဖွေဆိုးဖွေကြမ်း၍ဖြစ်ရသည်။ ကျွန်ုပ်နှင့် မေတ္တာသက်ဝင် ဆက်ဆံပေါင်းသင်းသူမှန်သမျှမှာ ဒုက္ခဆင်းရဲတွေ့ကြုံမရသည်သာလျှင်ဖြစ်တော့သည်။

ဤသို့ ကိုရင်မောင်ပြောလျှင် မစောတင်က ကိုတိုးရင်– ကိုယ့်ကိုယ်ကို အပြစ်မတင်မပါနှင့်၊ တရားလက်လွတ်ရာ ရောက်ပါသည်။ မည်သူမဆို ကိုယ့်ကုသိုလ်ကံအကြောင်းအလျောက် ကိုယ်ဖြစ်ပျက်ကြရပါသည်ဟု ပြန်ပြောလျှင် ကိုရင်မောင်ကဆိုသည်မှာ ငါ့နှမပြောသောစကားလည်း မှန်ပါ၏၊ သို့သော် ကျွန်ုပ်သည် လူလိမ်လူကောက်သက်သက်ဖြစ်သည်၊ မစောတင်နှင့် တကွ အဘဝန်မင်း၊ အမိဝန်ကတော်တို့ကို ကျွန်ုပ်လိမ်လည်လှည့်ဖြားခဲ့သည်။ ကျွန်ုပ်သည် သူယုတ်မာ စင်စစ်ဖြစ်သည်ဟုဆိုသည်။

ထိုအခါ မစောတင်က ကိုယ့်အသက်ဘေးကို ကြောက်ရွံ့ခြင်းကြောင့် မမှန်သောစကားကိုဆိုသည့်အရာမှာ အပြစ်မဆိုလိုက်ပါ။ သံသရာမှာလည်း အပြစ်ရှိမည်မထင်ပါဆိုလျှင် ကိုရင်မောင်က အသက်ဘေးကို ကြောက်ရွံ့ခြင်းကြောင့် မမှန်သောစကားကို ကျွန်ုပ်ဆိုရသည့်အကြောင်းကို မစောတင်အား မည်သူပြောပါသနည်းဟုမေး၏။

Generated by CamScanner from intsig.com

မစောတင်ကလည်း ဤအကြောင်းကိုလည်း ဦးဖြူတုတ် အရိပ်အမြွက်မျှပြောသောကြောင့် ကျွန်မ အနည်းငယ်မျှ သိရပါသည်ဟု ပြန်ပြော၏။ ထိုအခါ ကိုရင်မောင်က ပြောသည်မှာ ကျွန်ုပ်သည် အသက်ဘေးကို ကြောက်ရွံ့ခြင်းကြောင့် လိမ်လည်လှည့်ဖြား၍ ပြောဆိုရသည်မှာ မရေမတွက်နိုင်အောင် ကြိမ်ဖန်များလှလေပြီ၊ သည်ကဲ့သို့ လိမ်လည်ရသည့်အကြိမ်ကြိမ်များ၌ ငါ့နမ မစောတင်ကို လိမ်လည်ရသည့်အရာကို ကျွန်ုပ်အဖို့ အသည်းနာဆုံးဖြစ်တော့သည်။ ကျွန်ုပ်မှာ ရေတွင်းထဲသို့ကျတော့မည့်လူနှင့် အလားတူရာ မစောတင်နှင့် အကျွန်ုပ် သင့်နေမည်ဆိုသော် ကိုယ့်အသက်ကို ကိုယ်တိုင်ရန်ရှာရာရောက်မည့်ပြင် မစောတင်ကို ရေတွင်းထဲသို့ ဆွဲ၍ချသည်နှင့်တူမည်ဖြစ်သောကြောင့် ကျွန်ုပ်ရှောင်၍ထွက်ခဲ့သည်ဟု ပြော၏။

မစောတင်ကလည်း ကိုတိုးရင်နှင့်အတူနေရပါလျှင် မည်သည့်ဆင်းရဲခြင်းကိုမဆို ကျွန်မ ခံနိုင်ပါသည်ဟုပြော၏။ ကိုရင်မောင်ကလည်း မစောတင် နားမလည်၍သာ ဤစကားကိုပြောသည်၊ အကယ်စင်စစ်ကိုဆိုသော် နမနှင့် လင်မယားအဖြစ် ပေါင်းသင်းမည်ဆိုသော် အတူနေရတော့မည်မဟုတ်၊ ကျွန်ုပ်ကို အဝမြို့က လာရောက်ဖမ်းဆီးပြီးလျှင် အသေလျှင်လည်းသတ်လိမ့်မည်၊ သို့တည်းမဟုတ် ထောင်တွင်းလျှင်လည်း ချုပ်နှောင်ထားလိမ့်မည်၊ ထိုအခါ နမ မစောတင်မှာ ဒုက္ခဆင်းရဲတွေ့ကြုံရန်သာလျှင် အကြောင်းရှိသည်ဟုဆိုလျှင် မစောတင်က အစ်ကို– ယခုကဲ့သို့ တစ်ရွာမှတစ်ရွာ သွားလေရာသို့ ကျွန်မလိုက်၍ နေလိုပါသည်။ အစ်ကို အောက်မြို့ကျေးရွာ ကုလားမင်းနိုင်ငံသို့သွားလျှင်လည်း ဆင်းရဲအတူ၊ ချမ်းသာလျှင်အတူ သဘောထား၍ လိုက်လိုပါသည်ဟု ဆို၏။

ကိုရင်မောင်ကလည်း ငါ့နမ၊ ငါ့နမမှာ အမိမွေးစဉ်အခါကစ၍ ပင်ပန်းကြီးစွာ သွားလာလုပ်ကိုင်ခဲ့ဖူးသူမဟုတ်၊ ယခု ကျွန်ုပ်နှင့်တွေ့ဆုံမှ ဒုက္ခဆင်းရဲ

Generated by CamScanner from intsig.com

တွေ့ဆုံရမည်ဆိုသော် ကျွန်ုပ်မကြည့်ရက်နိုင်၊ သို့သော်လည်း ကျွန်ုပ်၏အဖြစ်အပျက် ရှေးဖြစ်နှောင်းဖြစ်များကို နမအား အမှန်အတိုင်းပြောပြဦးမည်၊ အကုန်အစင်ပြောပြ၍ သိရပြီးသည့်နောက်မှ မည်သို့တော်မည်ကို စဉ်းစားပါဟု ဆိုပြီးလျှင် ကိုရင်မောင်က ဤသို့ပြော၏။

ကျွန်ုပ်မှာ အကယ်စင်စစ်အမှန်ကို ပြောရမည်ဆိုသော် ဦးဘိုးအိုမဟားဥတို့၏ သားအရင်းမဟုတ်၊ သူတို့မွေးစားသော ကိတ္တိမသားမျှဖြစ်သည်၊ ကိတ္တိမသားပင်ဖြစ်သော်လည်း သားအရင်းအချာရှိလျှင် ကျွန်ုပ်ကို ချစ်သည်ထက် တိုး၍ချစ်နိုင်မည်မဟုတ်၊ ဦးဘိုးအိုသည် လှေသူကြီးအလုပ်ကို လုပ်ကိုင်လျက် အဝမြို့မှ အောက်မြို့ကျေးရွာသို့သွားရောက်၊ ဟင်္သာတမြို့တွင်ကိုယ်နှင့်ပါလာသော ကုန်စည်များကို ရောင်းချပြီးစီးလျှင် အညာသို့ ဆန်တက်လာရာ မကွေးမြို့အောက်အနွယ်၊ မြင်ကွန်းမြို့သို့ရောက်လျှင် မကွေးမြို့အရှေ့ဘက်၌ရှိသော ပုပ္ပားတောင်တွင် ပုန်းလျှိုးခိုအောင်းလျက်ရှိသော မင်းသားတစ်ပါးသည် ကျွန်ုပ်အဘ ဦးဘိုးအိုထံ စာတစ်စောင် လာရောက်ပေးကမ်း၏။ ကျွန်ုပ်သည် ဤစာ၏အဓိပ္ပာယ်ကိုမသိ၊ လှေ၌ပါလာသော ကုန်စည်များကို ရောင်းရအောင် ကြံစည်ပြီးလျှင် ရွာထဲသို့သွားရောက်ပြောဆိုနေသည့်အတွင်း ကျွန်ုပ်တို့ဆယ်နှင့်ဦးစီးသော မောင်မြတ်သာဆိုသူသည် ကျွန်ုပ်၏အဘ ဦးဘိုးအိုနှင့် မင်းသား နှစ်ဦးနှစ်ဝပြောဆိုသမျှသော စကားများကို မောင်မြတ်သာကြားသဖြင့် မှတ်သိပ်၍ထား၏။

ထို့နောက် ကျွန်ုပ်အဘ ဦးဘိုးအိုသည် ထိုမြင်ကွန်းမြို့တွင်ပင် ကာလဝမ်းရောဂါကပ်ရောက်ရာ သေခါနီးဆဲဆဲတွင် ယခင်ဆိုခဲ့သောစာကို ကျွန်ုပ်အား အပ်နှံခဲ့သည့်အရေးကိုလည်း မောင်မြတ်သာမြင်လိုက်သည်၊ ထို့နောက်အဖအလောင်းကို သင်္ဂြိုဟ်ပြီး၍ အဝမြို့သို့ပြန်လျှင် ကျွန်ုပ်၏အမိ မဟားဥကမိမိမေးမြန်းပြောဆိုထားသော မိန်းမနှင့် တောင်းရမ်းပေါင်း၍ အဝမြို့တွင်

Generated by CamScanner from intsig.com

အတည်တကျနေရမည် အတင်းအကျပ်နိုင်းစေလျှင် မိဘတို့အား သားသမီးမှာ တည်ရာသည်ဟူသည့်အတိုင်း ကောင်းရမ်းပြောဆိုမည်ပြုရာ မောင်မြတ်သာသည် ကျွန်ုပ်တောင်းရမ်းမည့်မိန်းမကို သူမတွေ့သာသက်ဝင်လျှင် ကျွန်ုပ်ကို သဘောကြောင်းကြံသည်၊ ကျွန်ုပ်လက်တွင် အဖိုးဘိုးဘိုးပေးခဲ့သောအပါကြောင်းကို အဖရုပ္ပရမြို့မင်းကြီးတစ်ပါးထံ သွားရောက်ကန်းမျှရ မင်္ဂလာဆောင်သည့်အတွင်း ကျွန်ုပ်ကို လာရောက်ဖမ်းဆီးပြီးလျှင် ထောင်တွင်ချုပ်နှောင်ထားသည်၊ ထို့နောက် မောင်မြတ်သာသည် ထိုမိန်းမနှင့်ပင် လက်ထပ်ထိမ်းမြားလေသည်။

ကိုရင်မောင်သည် မိမိရှေးဖြစ်နှောင်းဖြစ်ကို မစောတင်အား ပြန်ပြောင်း၍ပြောပြရာ ဤသို့လောက်အရောက်တွင် လူနှစ်ယောက်သည် ရောက်လာပြီးလျှင် မျက်လှည့်ဆရာ ခေါ်ကြခဲ့ပါဟု ခေါ်လာ၏။

မစောတင်လည်း မည်သည့်ကိစ္စနည်းဟုမေး၏။

တစ်ယောက်သောသူကလည်း အညာမှရောက်လာသော လူတစ်ယောက်သည် ကျွန်တော်တို့အိမ်တွင် တည်းခိုနေရာ ကာလဝမ်းရောဂါကပ်ရောက်ပြီးလျှင် ကိုရင်မောင်ကို ခေါ်ပေးပါ၊ မျက်လှည့်ဆရာကို ခေါ်ပေးပါဟု အတန်တန် ညည်းညူနေပါသည်ဟုဆို၏။

ကိုရင်မောင်လည်း ကျွန်ုပ်အမည်နာမကိုပင် သိကျွမ်းသူကား မည်သူဖြစ်ပါလိမ့်နည်း၊ ယခုပင် ကျွန်ုပ်လိုက်အံ့ဆိုကာလ မစောတင်လည်း ကိုရင်မောင်နှင့်အတူ ထက်ကြပ်လိုက်ပါသွား၏။

ဆိုခဲ့သောလူနှစ်ယောက်ခေါ်သွားသောအိမ်သို့ ရောက်လျှင် သူနာတစ်ယောက်သည် ဤသို့ညည်းညူ၏။ သူများကို မကောင်းကြံလျှင် ကိုယ်မကောင်းဖြစ်တတ်သည်ဟူသော စကားသည် မှချမှန်သည်။ ငါသည် မောင်ရင်မောင်ကို မကောင်းကြံမိသောကြောင့် ငါ့မှာ ဒုက္ခဆင်းရဲရောက်ပြီဟုဆိုမိလျှင်

မစောတင်က သူနာကိုကြည့်ရှုပြီးလျှင် အလို ကျွန်မတို့လေ့မှဲ့နှင်း ကိုမြတ်သာဖြစ်ပါသည်။ အဘယ်သို့ဖြစ်သလဲမေး၏။

သူနာကလည်း မစောတင်၊ ကျွန်ုပ်အပါးသို့မကပ်နှင့်၊ ကျွန်ုပ်ကိုယ်၌ ရောဂါဆိုးကပ်ရောက်လျက်ရှိသည်၊ ကိုရင်မောင်သာလျှင် ဤရောဂါမျိုးကပ်ရောက်ဖူးသူဖြစ်၍ စိုးရိမ်ရန်မရှိပါ၊ ကျွန်ုပ်အပါးသို့ကြွခဲ့ပါ၊ ကိုရင်မောင်အား ကျွန်ုပ် ဝန်ချလိုပါသည်ဟုဆိုလျှင် ကိုရင်မောင်လည်း အပါးသို့ ချဉ်းကပ်သွား၏။

ထိုအခါ မောင်မြတ်သာကဆိုသည်မှာ ကိုရင်မောင်– ကျွန်ုပ်သည် လူဖြစ်ရသည့်ဘဝ၌ အကျင့်စာရိတ္တမကောင်း၊ သူယုတ်မာစင်စစ်ဖြစ်သောကြောင့် လူဖြစ်ကျိုးမနပ်၊ ကျွန်ုပ်မှာ ရောဂါဆိုးနှင့် ယခုသေရတော့မည်မုချမလွဲဖြစ်တော့သည်၊ သေရမည်ဆိုသော်လည်း ကိုရင်မောင်အပေါ်တွင် ကျွန်ုပ်မကောင်းကြံစည်ခဲ့မိသရွေ့ကို ကိုရင်မောင် စိတ်မကျေမအေးသမျှမှာ ကျွန်ုပ်အသေဖြောင့်နိုင်တော့မည်မဟုတ်၊ သို့ဖြစ်သောကြောင့် ကိုရင်မောင်အား ကျွန်ုပ်ဝန်ချလိုပါသည်၊ စိတ်ကျေအေးပါဟုဆိုလျှင် ကိုရင်မောင်ကလည်း ယခု မောင်မြတ်သာပြောမည့်အရာများတွင် ကျွန်ုပ်မသိသည့်အရာဟူ၍ စိုးစဉ်းမျှမရှိ၊ မစောတင်အားသာလျှင် ပြောပြပါဆိုလျှင် မောင်မြတ်သာသည် မစောတင်အား ဤသို့ပြောပြ၏။

မစောတင်– ကိုရင်မောင်သည် အစစအရာရာ၌ ယောကျ်ားပီသသူမှန်ပါပေသည်၊ ကျွန်ုပ်ကား သူယုတ်မာစင်စစ်ဖြစ်သည်၊ ကျွန်ုပ်သည် ငယ်ရွယ်စဉ်ကစ၍ ကိုရင်မောင်တို့၏လေ့တွင် အငှားလိုက်၍နေသည်၊ သည်ကဲ့သို့ အငှားလိုက်၍နေသော်လည်း အငှားသားဟူ၍ ကိုရင်မောင်မှစ၍ အဘဦးဘိုးအို အမိမဖားဥတို့ကမမှတ်၊ လုပ်ကိုင်လာခဲ့သရွေ့တွင် စားရလျှင်အတူမစားရအတူသာလျှင် ကိုရင်မောင်က သဘောထားသည်၊ ကျွန်ုပ်ကမှာ

လွန်ကြသဘောကုပ်၍ ယုတ်မာသူဖြစ်ရကား ကိုရင်မောင်နှင့် မမယ်မ လက်ထပ်ကြတော့မည်ရှိလျှင် ကျွန်ုပ်သည် အမရပူရမြို့သို့သွားရောက် မင်းအိမ်၌ ကုန်းချောသည်၊ သည်ကဲ့သို့ ကျွန်ုပ်ကုန်းချောလျှင် ကိုရင်မောင်ကိုဖမ်းဆီး၍ ထောင်တွင် ချုပ်နှောင်ချထားသည်၊ ကိုရင်မောင်မှာ သားယောက်ျားပီသသူ မှန်သည့်ပြင် သူတော်ကောင်းကို နတ်ကောင်းစောင်မသည်ဟူသည့် စကားပုံ အရ ထောင်တွင်းမှလွတ်အောင် လူသေအယောင်ဆောင်၍ ကိုယ့်ကိုယ်ကို မြစ်ထဲသို့အချခံပြီးလျှင် မြစ်တစ်ဖက်သို့ အရောက်ကူးနိုင်သဖြင့် ထောင်မှ လည်းလွတ်၊ အသက်လည်း ချမ်းသာရသည်။

ကျွန်ုပ်မှာကား ကိုရင်မောင်သေပြီဟု၍ အထင်ရောက်လျှင် သူယုတ်မာမှန်သည့်အတိုင်း ကိုရင်မောင်နှင့် တောင်းရမ်းပြောဆိုပြီးသော မိန်းမကို မရရအောင်ကြံဆောင်၍ အိမ်ထောင်သည်၊ သူယုတ်မာတို့မည်သည် ချမ်းသာခြင်း မရှိ၊ ထောင်မှလွတ်ထွက်ကြောင်းကို ကျွန်ုပ်သိသည့်နေ့ကစ၍ ကျွန်ုပ်မှာ စိတ်ချမ်းသာခြင်းမရှိ၊ တစ်နေ့မပြတ် စိတ်ဒုက္ခရောက်လျက်ပင် ရှိနေတော့သည်။

ဤသို့ စိတ်ဒုက္ခရောက်လျက်ရှိနေသည့်အတွင်း မစောတင်သည် ကျွန်ုပ်ထံရောဝယ်ရန်လာလျှင် စကားကမ်းလှမ်းမေးမြန်းသည်နှင့် ကိုရင်မောင် ဤမကွေးတောင်တွင်းအရပ်တွင်ရှိကြောင်းကိုသိရှိသဖြင့် ကိုရင်မောင် အသက်ရှင်လျက်ရှိသရွေ့မှာ ကျွန်ုပ်အသက်ရှင်လျက် မနေနိုင်ဟူ၍အောက်မေ့ပြီး ကိုရင်မောင်ကို တစ်နည်းနည်းအားဖြင့် သေကြောင်းကြံရန် ကျွန်ုပ်လိုက်ခဲ့သည်၊ ယခုကား သူတော်ကောင်းကို နတ်ကောင်းမ၊ သူယုတ်မာကို နတ်ဆိုးနှိပ်စက်ဆိုသည့်စကားအတိုင်း ကျွန်ုပ်မှာ ယခုရောဂါဆိုးနှင့်သေရတော့မည်၊ ကိုရင်မောင်နှင့်တကွ မစောတင်ပါ ကျွန်ုပ်ကို အခွင့်လွှတ်ကြပါ၊ သေရမည်ဆိုသော်လည်း ကျွန်ုပ်ပြုမိသမျှကိုလည်း ကိုရင်မောင် မစောတင်တို့ မကျေ

Generated by CamScanner from intsig.com

မအေးသန္တာမှာ ကျွန်ုပ်အပေါ်ယ်သို့သာ လားရတော့မည်ဆိုပြီးလျှင် လျှောင်းလျက် နေရာမှမထနိုင်သဖြင့် အိပ်ရာမှ ကိုရင်မောင်ကို လက်ယှက်ကန်တော့ကာဖြင့် ပြောသွား၏။

ကိုရင်မောင်ကလည်း မောင်မြတ်သာ ပြောင့်ပြောင့်သာသွားလေ၊ ကျွန်ုပ်ကား မောင်မြတ်သာပြုခဲ့သရွေ့ကို ကျွန်ုပ်စိတ်၌ မည်သို့မျှမထားမရှိပြီ၊ ဘုရား တရား သံဃာတည်းဟူသော ရတနာသုံးပါးကိုသာ ဆောက်မျှော်၍ သွားလေတော့ဟုဆိုရာတွင် မောင်မြတ်သာလည်း သာဓု- သာဓု- သာဓု- ဟု ခေါ်ပြီးလျှင် အသက်ပျောက်လေ၏။

❖❖ ❖❖ ❖❖

Generated by CamScanner from intsig.com

# အခန်း(၃၅)

ဤကဲ့သို့ မောင်မြတ်သာသေဆုံးပြီးသည့်နောက် ကိုရင်မောင်သည် မောင်မှတ်၊ မကြီးမိတို့နှင့် စကားပြောဆိုတိုင်ပင်ရန်အကြောင်းဖြင့် မိမိ မျက်လှည့်တောင်းများနှင့်တကွ မစောတင်ယူဆောင်လာသော ထမ်းပိုးကို ကျောင်းသို့သွားရောက်ယူငင်ပြီးလျှင် မစောတင်နောက်သို့ လိုက်သွား၏။

အိမ်သို့ရောက်၍ မစောတင်သည် မိန်းကလေးအဝတ်ကိုလဲပြီးကာလ မောင်မှတ်၊ မကြီးမိ၊ ကိုရင်မောင် လေးဦးသားတို့ စကားပြောဆိုကြရာတွင် ကိုရင်မောင်ကလည်း မိမိရှေးဖြစ်နှောင်းဖြစ်များကို အလုံးစုံပြန်ပြောင်း၍ပြောပြ၏။

မစောတင်ကလည်း အစ်ကို– အစ်ကို့အမည်အမှန်သည် မောင်ဘိုးရင်မဟုတ် မောင်ရင်မောင်ဖြစ်ပါသော်လည်း ကျွန်မမှာ နှုတ်ကျိုး၍နေလေပြီ၊ ကိုဘိုးရင်ဟူ၍သာလျှင် ရှေ့သို့ ကျွန်မခေါ်လိုသည်ဆိုလျှင် ကိုရင်မောင်ကလည်း ငါ့နှမ ခေါ်လိုရာ ခေါ်ပါတော့ဟု ခွင့်ပြု၏။

ထိုအခါ မစောတင်က ကိုဘိုးရင်သည် ထောင်ကြီးအတွင်းတွင် လူသေအယောင်တူအောင့်ဆောင်နိုင်ပေသည်။ ထို့ပြင်လည်း ဤမျှလောက်ကျယ်ဝန်းသောမြစ်ကြီးကို တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ရောက်အောင်ကူးသွားနိုင်ပေသည်ဟုဆိုလျှင် မောင်မှတ်၊ မကြီးမိတို့လည်း ဤအကြောင်းကို များစွာ အံ့သြချီးမွမ်းကြ၏။

ကိုရင်မောင်ကလည်း ကျွန်ုပ်မှာ ငယ်ရွယ်စဉ်ကစ၍ လှေတက်နှင့် ပင် ရေထဲ၌ကြီးပြင်းကာ လာရသည် ဖြစ်သောကြောင့် ဤအရာကို များစွာ မအံ့မသြလောက်ပါဟု ပြန်ပြော၏။

Generated by CamScanner from intsig.com

ထိုအခါ မအေးတင်က ကိုဘိုးရင်သည် အမြင်အားဖြင့် ထင်းချောင်း ပကောကရှိသော ဤထမ်းပိုးကို လွန်စွာ ဂရုစိုက်ပြုသည်၊ ဤထမ်းပိုး၌ မည်သို့သော ဝိသေသအထူးရှိပါသနည်းဟုမေး၏။

ထိုအခါ ကိုရင်မောင်က ပြန်ပြောသည်မှာ ကျွန်ုပ်သည် ယခုတင်က ရှေးဖြစ်ဟောင်းဖြစ်များကို ပြောရာတွင် ဤအကြောင်းကိုပြော၍ လူသူလေးပါး ကြားသိလျှင် မသင့်မလျော်မည်ကို ဆင်ခြင်မိသဖြင့် မပြောဘဲ ခြွင်းချန်၍ ထားသည်။ ယခုမှာကား ညဥ့်အခါလည်းကျရောက်ပြီးဖြစ်၍ စိုးရိမ်ရန်မရှိ ပြီဆိုပြီးလျှင် မိမိအဘမှာထားသောကြောင့် အဘမြေတွင် မြှုပ်ထားခဲ့သော ပစ္စည်းများကို တူးဖော်ပြီးလျှင် အဖိုးထိုက်တန်သော ကျောက်ကောင်းများ ကို ရွေးနုတ်ပြီးမှ ဤထမ်းပိုး၌ထည့်သွင်းလျှို့ဝှက်၍ ယူလာခဲ့ကြောင်း၊ အောက်မြို့ကျေးရွာသို့ရောက်ကာလ ထိုကျောက်များကိုပင်ရောင်း၍ အရင်း အနှီးပြု၍ လုပ်ကိုင်စားသောက်မည်အကြံရှိကြောင်းများကို ပြောပြ၏။

မအေးတင်ကလည်း ကျွန်မ၌ အဖိုးထိုက်တန်သော လက်ဝတ်လက်စား အနည်းငယ်ပါလာပါသည်၊ ကိုဘိုးရင်သည် အောက်မြို့ကျေးရွာသို့ သွားသော် မည်မျှကြာမည်လည်းမသိ၊ သေသည်လည်းမသိ၊ ရှင်သည်လည်း မသိ၊ ထို့ပြင် သူတစ်ပါးရပ်ရွာတွင် နေသူများမကျွန်းရှိ၍မှ ရှေ့ရေးချမ်းကမ်း လှမ်းမည့်သူမရှိ၊ ထို့ပြင်လည်း ကိုဘိုးရင်သွား၍ ကျွန်မ ကျန်ရစ်ခဲ့ပါလျှင် ကျွန်မမှာ ဤဘဝတွင် စိတ်ချမ်းသာနိုင်တော့မည်မဟုတ်၊ သို့ဖြစ်၍ ကျွန်မ လိုက်ပါရစေ။ မကြီးမိ၊ မောင်မှတ်တို့ကလည်း ခွင့်ပြုပါ။ ကိုဘိုးရင်ကလည်း ကျွန်မကို ပစ်မသွားပါနှင့်၊ ကိုဘိုးရင်မသွားဘဲနေပြန်လျှင်လည်း ကိုဘိုးရင် မှာ အသက်ဘေးကို စိုးရိမ်ရပါသည်၊ ကျွန်မကို ခေါ်၍သွားပါဟုဆို၏။

ကိုရင်မောင်ကလည်း မောင်မောင်မှတ်၊ မကြီးမိတို့ နှမ မအေးတင် ကျွန်တော်အား အလွန်နှစ်မက်မေတ္တာသက်ဝင်သောကြောင့် ဤမျှလောက်အား

သော ကုန်းတစ်တန်၊ ရေတစ်တန် အတန်တန်သောခရီးကို လိုက်ရှာလာခဲ့ရသည်၊ ယခု ကျွန်တော်နှင့်တွေ့မှ ကျွန်တော်ပေါ်ပါသဲ ရွှေဘိုမြို့သို့ပြန်ရ၍သွားရမည်ဆိုသော် အလွန်အသည်းနာရှာလိမ့်မည်၊ ရွှေဘိုမြို့သို့ ကျွန်တော်လိုက်လာသော် လမ်းစခန်းတွင်ပင် ကျွန်တော့်ကိုဖမ်းမိကြလိမ့်မည်၊ မစောတင်နှင့်တာရှည်သဖြင့် ပေါင်းသင်းရမည်မဟုတ်၊ မစောတင်ကိုခေါ်၍သွားမည်ဆိုလျှင်လည်း ခရီးကြမ်းခြင်းကြောင့် သူပင်ပန်းလိမ့်မည်ဆိုလျှင် မစောတင်ကလည်း လိုက်နိုင်ပါသည်ဟု ဆို၏။ ကိုရင်မောင်ကလည်း ရှေ့သို့တိုးလျှင် ထမ်းပိုး၊ နောက်သို့ဆုတ်လျှင် လှည်းတုတ်ဟူ၍ရှိသည့်အနက် ကျွန်တော့်မှာ ရှေ့သို့တိုးပြီးလျှင် မစောတင်ကိုသာခေါ်၍ သွားလိုတော့သည်ဟုဆို၏။

ထို့နောက် လေးဦးသားတို့သည် မည်သို့ပြုလျှင်တော်မည့်အကြောင်းကို အနည်းနည်းအဖုံဖုံအကြံပြုပြီးလျှင် တိုင်ပင်နီးနေကြ၏။ နောက်ဆုံး၌ မကြီးမိကဆိုသည်မှာ မောင်ဘိုးရင်ပြောဆိုသောစကား သင့်ပြီ၊ မောင်ဘိုးရင်ပြောသည့်အတိုင်း နက်ဖြန်နံနက်ကျရောက်လျှင် မောင်မောင်မှတ်နှင့် ကျွန်ုပ်က အဖအမိပြုလုပ်၍ ပေးစားလိုက်မည်၊ မောင်ဘိုးရင်ကခေါ်၍သွားလေတော့ဟုဆို၍ စကားပြီးပြတ်ကြ၏။

ထိုအခါ ညဉ့်နက်လှပြီဖြစ်၍ မစောတင်နှင့် မကြီးမိတို့သည် အိမ်ထက်သို့တက်၍ အိပ်ကြ၏။ ကိုရင်မောင်နှင့် မောင်မှတ်လည်း အိမ်ခလောက်ဆွဲတွင် အိပ်ကြ၏။

ထိုညသန်းကောင်ကျော်၍ အရဏ်တက်လုနီးအချိန် ကျရောက်လျှင် မကြီးမိသည် မောင်မှတ်နှင့်တကွ ကိုရင်မောင်ကို လာရောက်နှိုးပြီးကာလ မစောတင်သည် မည်ကဲ့သို့ဖြစ်သည်မသိ၊ တစ်ညဉ့်လုံးဝမ်းသက်၍ ကိုယ်လက်တွင် ကြွက်တက်ပြီးလျှင် မေ့လျော့၍သွားသည်။ လာ၍ကြည့်လှည့်ပါဦးဟု ခေါ်လာလျှင် နှစ်ဦးလုံးပင် အိမ်ပေါ်သို့တက်၍ ကြည့်ရှုကြ၏။

ကိုရင်မောင်လည်း မစောတင်၌ကပ်သောရောဂါသည် အခြားမဟုတ်၊ မောင်မြတ်သာ၌ ကပ်ရောက်သော ကာလရောဂါကူး၍လာသည်ကိုသိလျှင် မိမိ၌ပါသောဆေးများကို အမြန်တိုက်ကျွေး၊ အခြားပြုသင့်ရာများကို ပြုလုပ်၍ အနည်းနည်းအဖုံဖုံကုသပါသော်လည်း သက်သာခွင့်မရလျှင် ကိုရင်မောင်သည် မျက်ရည်ကျသဖြင့် မကြီးမိလည်း ငိုယို၏။ ထိုအခါ မစောတင်က ဤသို့ဆို၏။

ကိုတိုးရင်- ကျွန်မရောဂါကား လွန်စွာနင့်သီးသည်၊ ကျွန်မကိုဆေးကုသ၍ ရတော့မည်မဟုတ်၊ သေရတော့မည်ဟုဆိုလျှင် ကိုရင်မောင်ကလည်း ကျွန်ုပ်မောင်မြတ်သာထံသွားရာတွင် မလိုက်နဲ့ပါနှင့်ဟူ၍ပြောသည်၊ မစောတင်မနေ လိုက်ခဲ့လေသည်၊ ယခုရောဂါမှာ မောင်မြတ်သာတည်းခိုသောအိမ်မှ ကူးသောရောဂါပင်ဖြစ်တော့သည်ဟု ဆို၏။

မစောတင်ကဆိုသည်မှာ လူဆိုသည့်အရာမှာ ကိုယ့်အကြောင်းနှင့်ကိုယ် ဖြစ်ကြရပါသည်။ သို့ဖြစ်သောကြောင့် ကျွန်မကို ဆေးကုသ၍ရတော့မည်မဟုတ်၊ ကျွန်မသေရတော့မည်ကို ကျွန်မသိပါသည်၊ ကိုတိုးရင်နှင့်ကျွန်မမှာ ဤဘဝတွင် မပေါင်းထိုက်သေးပါ၊ နောက်ဘဝကျရောက်လျှင် ပေါင်းရအောင် ကျွန်မဆုတောင်းပါသည်၊ ကိုတိုးရင်ကလည်း ဆုတောင်းပါ၊ မကြီးမိတို့ကိုကလည်း ကူညီဝန်းဝိုင်း၍ ဆုတောင်းကြပါဟုဆိုလျှင် မကြီးမိလည်း မျက်ရည်မက်လက်နှင့်ပင် ငါတို့မှာ မသေနိုင်သေးပါဟု အားပေး၏။ မစောတင်ကလည်း မိန်းမနှစ်ယောက်ရှိသည်တွင် ကျွန်မမှာ ကိုတိုးရင်နှင့်မပေါင်းထိုက်၊ အဝသူ မယ်မနှင်းသာလျှင် ကိုတိုးရင်ပေါင်းထိုက်ပါသည်၊ မယ်မနှင်းသာ ကိုတိုးရင်ကောင်းအောင် ပေါင်းရစ်ပါဆိုပြီးလျှင် မစောတင်သည် သေငယ်တော့နှင့် ပြောရှာ၏။

သည်ကဲ့သို့ မစောတင် သေငယ်တော့နှင့်ပြောလျှင် ကိုရင်မောင်သည် သမီးငယ်ကို အဘမွေ့ပိုက်ဘိသကဲ့သို့ မွေ့ပိုက်ပြီးလျှင် ဤသို့ဆို၏။

Generated by CamScanner from intsig.com

နှမ မစောတင်၊ အစ်ကိုနှင့်တွေ့ကြုံရသမျှမှာ ဒုက္ခဆင်းရဲရောက်ရာ သာရှိသည်၊ အစ်ကိုနှင့်တွေ့ကြုံရလျှင် ဒုက္ခဆင်းရဲရောက်လေသည်သာဖြစ် သည်၊ အစ်ကိုသည် ရှေးအစပထမ ငယ်ရွယ်စဉ်ကတည်းက အမိမွေးလာ လျှင် အစ်ကိုဖွေဆိုးသောကြောင့် အမိသည် မနေနိုင် သေရရှာတော့သည်၊ ဤကဲ့သို့ အမိသေပြန်လျှင် ငါ့အဘလည်းမနေနိုင်၊ တစ်ရွာတစ်ကျေးသို့ထွက် ၍ပြေးသွားပြန်သည်၊ ဤကဲ့သို့ အမိသေ၍ အဘထွက်ပြေးလျှင် ဦးဘိုးအို သည် ရောက်လာပြီးလျှင် ငါ့ကိုကောက်ယူ၍ သားအမှတ်မွေးစားပြန်လျှင် ငါဖွေဆိုးသောကြောင့် အဘဦးဘိုးအိုလည်း ရောဂါဆိုးတိုက်၍သေ၊ မဖားဥမှာ လည်း မင်းဒဏ်သင့်ပြီးလျှင် ဥစ္စာသစ္စည်းကို အစိုးရသိမ်းသောကြောင့် အဝတ် ထည်ချင်းသာကျန်ရစ်သဖြင့် လူတကာရှေ့တွင် အရှက်ကွဲသည့်ပြင် အနည်း နည်းအဖုံဖုံတွေ့ကြုံတိုင်း ဆဲသူဆဲ ဆိုသူဆိုသည်ကဲ့သို့ သူတို့ ဒုက္ခရောက် ကြသမျှမှာ ငရင်မောင်သာလျှင် စနက်မီးဖြစ်တော့သည်။

ကိုရင်မောင် ဤသို့ဆိုလျှင် မကြီးမိကဆိုသည်မှာ အမောင်– မစော တင်ကို အမောင်ချစ်ကြောင်းကို ကျွန်ုပ်နှင့်တကွ မောင်မှတ်ပါသိသည်၊ ယခုမှ မစောတင်လည်း တစ်ဘဝပြောင်းရှာ၍ရှိမှဖြစ်လျှင် သေပြီးသောသူ ကို မောင်ဘိုးရင်ငို၍ ရှင်ဦးမည်မဟုတ်၊ မောင်သာလျှင် ပင်ပန်းမည်၊ တန်ပါ ဟု ဆို၏။ ထိုအခါ ကိုရင်မောင်သည် စိတ်ကိုချုပ်တည်း၍ မရနိုင်လှသဖြင့် မကြီးမိအား ဤသို့ဆက်လက်၍ပြော၏။

မစောတင်သည် ငရင်မောင်ကို အားကိုး၍ ဘယ်အတွက်ကြောင့် လိုက်ခဲ့ရပါလိမ့်နည်း၊ ငရင်မောင်ကို ခုံမက်သမျှမှာ ဒုက္ခဆင်းရဲသာရောက် တော့မည်ဆိုသည်ကို မစောတင်မသိရှာ၊ အစစအရာရာ ကလေးကလေးပမာ မိုက်ပါပေဘိခြင်း၊ မစောတင်သည် အမျိုးအရိုးဂုဏ်နှင့်တကွ မိဘရာထူးဂုဏ် ပြည့်စုံပါလျက် ရာဇဝတ်ကောင် ငရင်မောင်ကိုမှ လာရောက်၍ ခုံမက်လေ ခြင်း၊ ငရင်မောင်ကို ခုံမက်မှား၍ ဒုက္ခဆင်းရဲရောက်ပြီ၊ ငရင်မောင်ဆိုသူ

Generated by CamScanner from intsig.com

သည် အမိမွေးသည့်နေ့ကစ၍ သူတစ်ပါးကို ဒုက္ခဆင်းရဲပေးလေ့သာရှိသည်၊ ကိုယ့်အမိအဘကို ဒုက္ခဆင်းရဲရှာဖွေပေးခဲ့သည့်ပြင် ယခုလည်းတစ်တန် မစောတင်ကို ဒုက္ခဆင်းရဲပေးပြန်လေပြီ၊ ဤမျှလောက် ဒုက္ခဆင်းရဲပေးလျက်နှင့် ငါ့နမသည် ငါ့အား ချစ်မှချစ်ပလေခြင်းဟူ၍ဆိုပြီးလျှင် ကိုရင်မောင်သည် ယောက်ျားကြီးစင်စစ်မှန်လျက် ကိုယ့်ရင်ကို ကိုယ်ထု၍ငိုဓါ၏။

ထိုအခါ မောင်မှတ်သည် ကိုရင်မောင်လက်ကို ရုတ်တရက် ထ၍ ဆွဲပြီးလျှင် မောင်ရင်မောင်– ဤသို့မပြုပါနှင့်၊ ဤသို့ပြုသရွေ့မှာ အမှားသာ ဖြစ်သည်ဟုဆိုလျှင် ကိုရင်မောင်က ဆိုပြန်သည်မှာ မစောတင်သည် ကျွန် တော့်ကြောင့်သာလျှင် သေရသည်၊ ကျွန်တော်သတ်၍ပစ်သည်ဆိုလျှင် ဆို ထိုက်သည်ဟု ဆိုမိလျှင် မစောတင်သည် သတိရလာပြီးလျှင် အသံ ကောင်း မွန်စွာမထွက်ဘဲ သဲ့သဲ့မျှ ရေတောင်း၍သောက်ပြီးနောက် ဤသို့ပြော၏။ ကိုဘိုးရင် ကျွန်မမှာ ကျွန်မကာမာဝစရကုသိုလ်ကံအကြောင်းနှင့် ဖြစ်ရပါသည်၊ နောင်ဘဝကို ပေါင်းရအောင်သာ ဆုတောင်းပါ၊ ကျွန်မလက်မှ မြလက်စွပ်ကို ချွတ်၍ယူလိုက်ပါ၊ ကိုဘိုးရင်အလှူပြုကာလ ကျွန်မအား အမျှဝေပါဆို လျက် ရှိုက်ကာရှိုက်ကာဖြင့် အသက်ကုန်ရှာ၏။

သည်ကဲ့သို့မစောတင်ရှိုက်လျက် အသက်ပျောက်ကြောင်းကို သိလျှင် မောင်မှတ်၊ မကြီးမိ၊ ကိုရင်မောင်သုံးဦးသားတို့သည် ထပ်မံငိုကြွေးကြပြန်၏။

ကိုရင်မောင်မှာ အထက်နည်းအတိုင်း ပြောလိုရာပြောဆို ကိုယ့်ကိုယ် ကိုသာလျှင် အဆိုးချ၍ငိုဓါ၏။

သည်ကဲ့သို့ ငိုကြွေးကြဆဲအတွင်း မိုးလင်းရာတွင် အဝမြို့မှ မင်း လုလင်နှင့်တူသော လူနှစ်ယောက်တို့သည် မောင်မှတ်၊ မကြီးမိ၊ မစောတင်ခေါ် သော ယောက်ျားတစ်ယောက်နှင့် မိန်းမနှစ်ယောက် ဤရွာသို့မရောက်ပါ လေဟု ရွာထဲတွင် ယခုပင် သတင်းမေးလျက်ရှိကြောင်းနှင့် ပွဲစားအိမ်တွင် နိုင်းစေသူတစ်ဦးက လာရောက်ပြော၏။

ထိုစကားကို သုံးဦးသားလုံးကြားကြလျှင် ကိုရင်မောင်သည် ဖမ်းဆီးခြင်းခံရတော့မည်ဟု အောက်မေ့သဖြင့် အဝမြို့ထောင်ကြီးကို ပြန်၍သတိရပြီးလျှင် လွန်စွာတုန်လှုပ်ခြင်းဖြစ်၏။ ထိုအခါ မကြီးမိကဆိုသည်မှာ ကျွန်ုပ်စဉ်းစားမိပြီ၊ မောင်ဘိုးရင် အမြန်ပြေးမှသင့်မည်၊ ယခုလူများသည် အခြားမဟုတ်၊ မစောတင်အမိဝန်ကတော်သည် ကျွန်ုပ်တို့ကို ရှာဖွေမရလျှင် အဝမြို့ဝန်မင်းထံသွားရောက် တောင်းပန်ပြောဆိုသောကြောင့် အဝဝန်မင်းကစေလွှတ်လိုက်သော လုလင်များနှင့်တူသည်၊ မောင်ဘိုးရင်မှာ ထိုသူများအမြင်ကိုခံ၍မတော်၊ အမြန်ပြေးမှသင့်မည်၊ မစောတင်အလောင်းကို ကျွန်ုပ်တို့ကောင်းအောင် သင်္ဂြိုဟ်မည်၊ စိတ်သာချ၍သွားလေလော့ဟုဆို၏။

ကိုရင်မောင်ကလည်း ယခု မစောတင်လည်းဆုံးရှာလေပြီ၊ ကျွန်တော့်ရန်သူလည်း ဆိုက်ရောက်၍လာပြီ၊ ကျွန်တော်ဆက်လက်၍ ဤအရပ်တွင်နေသော် အကျိုးမရှိသည့်ပြင် အပြစ်သာလျှင် ရှိတော့မည်။ ကျွန်တော်အမြန်ထွက်ခွာသွားမှတော်မည်၊ သို့သော် မစောတင်အလောင်းကို ကျွန်တော်ကိုယ်တိုင် မသင်္ဂြိုဟ်ခဲ့ရသည့်အရာ အလွန် ကျွန်တော်အသည်းနာပါသည်ဟုဆိုပြီးလျှင် မိမိတောင်း၊ ထမ်းပိုးများကို ယူငင်၍ မစောတင်အလောင်းကိုလှည့်၍အခါခါကြည့်ရှုပြီးနောက် မိမိမျက်ရည်ကို ပုဆိုးစနှင့်သုတ်ကာသုတ်ကာဖြင့် ထွက်ခွာသွားရရှာလေသည်။

သည်ကဲ့သို့ ကိုရင်မောင်ထွက်ခွာသွားသည့်နောက် မင်းလုလင်တို့ရောက်လာပြီးလျှင် ကျွန်တော်တို့မှာ ရွှေဘိုမြို့ဝန်ကတော်က စေခိုင်းသောကြောင့် အဝမြို့မှလာရောက်ရှာဖွေရပါသည်ပြော၏။ ထို့နောက် မကြီးမိတို့သည် မစောတင်အလောင်းကို သင်္ဂြိုဟ်ပြီးကာလ အရိုးကို အမိဝန်ကတော်အဖို့ အိုးနှင့်ထည့်ပြီးလျှင် တောင်တွင်းမြို့မှ ထွက်ခွာသွားကြ၏။

❖❖ ❖❖ ❖❖

Generated by CamScanner from intsig.com

# အခန်း (၃၆)

ကိုရင်မောင်သည် အောက်မြို့ကျေးရွာများသို့ရောက်ပြီးသည့်နောက် တောင်ငူ၊ ရွှေကျင်၊ မော်လမြိုင်၊ မုတ္တမမြို့များတွင် မောင်ဘိုးမောင်ဟူသော အမည်နှင့် သွားတုံလာတုံဖြင့် ကျောက်ကုန်သည်အလုပ်ကို လုပ်ကိုင်ပြီးလျှင် နှစ်နှစ်တိုင် လုပ်ကိုင်စားသောက်နေရှာ၏။ ထိုအခါကာလများက ယခုဆိုခဲ့သောမြို့များတွင် ကျောက်ကုန်သည် မောင်ဘိုးမောင်ဟုမေးလျှင် လူကုံထံတိုင်းပင်သိကြ၏။

ဤကဲ့သို့ ကိုရင်မောင် ကျောက်ကုန်ကူးလျက်နေသည့်အတွင်းတစ်နေ့သ၌ ရွှေကျင်ဝန်မင်းထံ အမိန့်စာချွန်တော်ရောက်သည်မှာ မင်းကလေး ရွှေနန်းသိမ်းတော်မူပြီ၊ နောင်းမင်းများလက်ထက်က ရာဇဝတ်ရှိသူ အရပ်ရပ်တို့ကို အလုံးချမ်းသာစေ၊ အဝေးဝန်အသီးသီးတို့မှာ လက်ဝှေ့ကောင်းရှိလျှင်လည်းကောင်း၊ ဓာတ်ကောင်းရှိလျှင်လည်းကောင်း၊ ဆိုင်းကောင်းရှိလျှင်လည်းကောင်း၊ ဆိတ်ကောင်းရှိလျှင်လည်းကောင်း၊ မြင်းကောင်းရှိလျှင်လည်းကောင်း၊ နွားကောင်းရှိလျှင်လည်းကောင်း အသီးသီးယူဆောင်၍ ရွှေဖဝါးတော်မြတ်အောက်ရောက်ကြရမည် ဆင့်ဆိုသောအလွှာ ရောက်လာသဖြင့် ကိုရင်မောင်ကြားသိလျှင် ဤသို့စဉ်းစား၏။ ငါကား တစ်သက်လုံးဆင်းရဲနေရာတွင် ယခုအခါကစ၍ ငါကောင်းစားတော့မည်၊ ငါ့အမိနှင့်တကွ မမယ်မမသော၍ရှိသေးလျှင်လည်း ငါတွေ့ရတော့မည်၊ ငါ့မှာ ယခု ရာဇဝတ်ကင်းပြီ၊ ရွှေကျင်မြို့စာရေးတော်ကြီးသည် ငါ့ကို မေတ္တာသက်ဝင်သည်၊ စာရေးတော်ကြီးမင်းနှင့်အတူ ငါလိုက်ပါ၍သွားမှ သင့်လျော်မည်ဟုအကြံပြုပြီးလျှင် အတူလိုက်ပါသွားရာ ပထမ တောင်ငူမြို့၊ ၎င်းနောက် ရမည်းသင်းမြို့၊ ၎င်းနောက်

ကိုးခရိုင်၊ ၎င်းနောက် အမရပူရမြို့၊ ၎င်းနောက်မှတစ်ဖန် တာရေးတော်ကြီးမင်းထံ ခွင့်ပန်ပြီးလျှင် ကိုရင်မောင်သည် အမိဖွားဥရှိရာ အဝမြို့သို့သွား၏။

အဝမြို့သို့ရောက်လတ်၍ အမိအိမ်ကိုမြင်လျှင် ဦးဖြူတုတ် ဆောက်လုပ်ပေးသောအိမ်ဖြစ်ကြောင်းကို သိ၏။ ထို့နောက်အမိမဖွားဥကိုမြင်လျှင် အပါးသို့သွား၍ ဦးချ၏။

အမိမဖွားဥလည်း ကိုရင်မောင် အသားအရေမည်းလှသောကြောင့် ကိုရင်မောင်ကို ရုတ်တရက်မသိ၊ ကိုရင်ကပြောပြ၍ သိရှိလျှင် ဝမ်းသာအားရရှိလှသောကြောင့် မျက်ရည်ကျရှာ၏။ အမိနှင့် ပြောသင့်ပြောရာ ပြောဆိုပြီးနောက်၊ ကိုရင်မောင်အောက်မေ့သည်မှာ ငါ့အမိမှပင် ငါ့ကိုမမှတ်မိရှိလျှင် မမယ်မကလည်း ငါ့ကို မှတ်မိမည်မဟုတ်ဟု အောက်မေ့ပြီးမှ အမိမဖွားဥ ငိုရှ်၍ မျက်ရည်သိမ်းရာတွင် ဤသို့ပြော၏။

အမေ မမယ်မသည် ကျွန်တော့်ကို သတိရပါသေး၏လောမေးရာ မဖွားဥကလည်း အမောင်– မမယ်မသည် မိန်းမကောင်းစစ်စစ်ဖြစ်သည်။ အမေလည်း အိုမစွမ်းရှိသဖြင့် ဤအိမ်သို့နေ့စဉ်လာပြီးလျှင် လုပ်ကိုင်ရန်ရှိသမျှကို ကူညီလုပ်ကိုင်ပေးရာတွင် ငါ့သားအကြောင်းသာလျှင် ပြောတော့သည်ဟုဆို၏။

ထိုအခါ ကိုရင်မောင်ကလည်း မမယ်မလင် ကိုမြတ်သာရှိပါ၏လောမေးပြန်လျှင် မဖွားဥကလည်း မောင်မြတ်သာသည် မကွေးမြို့သို့လှေဆိုက်သွားရာတွင် ကာလရောဂါနှင့်ဆုံးသည်မှာ သုံးနှစ်ကျော်ပြီဟု ပြန်ပြော၏။ ကိုရင်မောင်ကလည်း သို့ဖြစ်ပါလျှင် မမယ်မကို ခေါ်၍ပေးပါ၊ ကျွန်တော်လာသည်ဟူ၍လည်းမပြောပါနှင့်၊ ဧည့်သည်လာသောကြောင့် လာ၍ကူညီပါဟူ၍သာ ပြောပါဆိုလျှင် မဖွားဥလည်း ကောင်းလှပြီဆိုပြီးလျှင် မမယ်မကို သွားရောက်ခေါ်၏။

ကိုရင်မောင်သည် မမယ်မ လာသည်ကိုမျှော်လျက်နေရာ လှမ်းလှမ်းကမြင်လျှင် ယေယေကကဲ့သို့ပင် ရင်တွင်း၌ တုန်လှုပ်ခြင်းဖြစ်၏။ ထို့နောက်

Generated by CamScanner from intsig.com

မမယ်မ လာသည်ကို စိုက်စိုက်ကြည့်ရှုလျက် မမယ်မကား ငယ်ရုပ်မပျက်သေး။ ရှေးကကဲ့သို့ပင် အဆင်းသဏ္ဍာန်ရှိသေးသည်။ ငါနှင့်ကွဲ၍နေသည်မှာ ခြောက်နှစ်ခန့်ကြာသဖြင့် သူ့အသက် ၂၃–နှစ်ခန့်ရှိသော်လည်း အသားအရေလည်း ဖွံ့ဖွံ့ဖြိုးဖြိုး တင်းတင်းရင်းရင်း ရှိသည်။ ရှေးကကဲ့သို့ ဖြိုးလိမ်းဆင်ပြင်၍ မလာသော်လည်း ပင်ကိုလှသည်ဟု အောက်မေ့၏။ ထို့နောက်မမယ်မ ရောက်ကာလ မိမိကိုမှတ်မိမည် မမှတ်မိမည်ကို စုံစမ်းရန်အကြံဖြင့်သူစိမ်းကဲ့သို့ ဣန္ဒြေဆောင်ကာနေ၏။ ထိုအခါ မဖားဥသည် မမယ်မကိုလက်ညှိုးညွှန်လျက် အမောင်– အမေ့မှာ ဤသမီးတစ်ယောက် လာရောက်ကူပံ့ပါမှ ဧည့်ဝတ်ကျေပါမည်၊ အမောင့်အား ကျွန်ုပ်သမီးဧည့်ခံပါလိမ့်မည်ဆိုပြီးလျှင် တစ်ပါးသို့ သွား၏။

မမယ်မလည်း ကိုရင်မောင်ကိုမြင်လျှင် စိတ်၌ စနိုးစနောင့်ထင်၏။ ထင်ပင်ထင်သော်လည်း လူတူ၍သာရှိသည်။ သေသူရှင်နိုင်မည်မဟုတ်ဟု အောက်မေ့ပြီးလျှင် ကိုရင်မောင်အား ကွမ်းဆေးများကို တည်၏။ ကိုရင်မောင်ကလည်း အမည်ကို မည်သို့ခေါ်ပါသနည်းမေးရာတွင် မမယ်မခေါ်ကြပါသည် ပြန်ပြော၏။ အပျိုလော၊ အအိုလောမေးမြန်းလျှင် မမယ်မကလည်း လင်သေမုဆိုးမပါဟု ပြန်ပြော၏။

ကိုရင်မောင်ကလည်း ယောကျ်ားဆုံးသည်မှာ ယခုမည်မျှလောက်ကြာပြီလဲမေးရာ နှစ်နှစ်ခန့် ကြာပါပြီပြောပြန်ကာလ သေသူလင်ယောကျ်ားသည် ရည်းစားဦးပါလောမေးပြန်လျှင် မမယ်မကလည်း ကျွန်မရည်းစားဦးမှာဤအိမ်မှ အမေ့သား ကိုရင်မောင်ဖြစ်ပါသည်၊ ကိုရင်မောင်သေမှ မောင်မြတ်သာဆိုသူနှင့် ကျွန်မ ယူရပါသည်ဟုဆို၏။ ကိုရင်မောင်သေ၍ မမယ်မသဂြိုဟ်လိုက်ရပါသလားမေးလျှင် မသဂြိုဟ်ရပါ၊ သို့ပါသော်လည်း ထောင်တွင်းတွင် အကျဉ်းခံ၍နေရာမှ လူရှင်ကို လူသေမှတ်ပြီးလျှင် မြစ်ထဲသို့ချလိုက်သောကြောင့် သေပါသည်ဟုဆို၏။

ထိုအခါ ကိုရင်မောင်က မောင်ရင်မောင်ဆိုသောသူသည် ရေကူးမတတ်ပါလောမေး၏။

မမယ်မလည်း ဤသူသည် ကိုရင်မောင်ဖြစ်၍သာလျှင် ဤမျှလောက်မေးသည့်လက္ခဏာနှင့်တူသည် အောက်မေ့ပြီးလျှင် တတ်ပါ၏ဟုပြန်ပြော၏။

ကိုရင်မောင်ကလည်း မမယ်မသည် ငါ့ကိုသေပြီအမှန်ထင်နေသည်၊ မသေကြောင်းရိပ်မိအောင် ငါမေးဦးအံ့ဟုကြံပြီးလျှင် ရေကူးတတ်လျှင် မည်သို့သေနိုင်ပါမည်နည်း၊ ယခုအခါ မမယ်မရည်းစားဦးကိုမြင်လျှင် မှတ်မိပါမည်လောမေး၏။ မမယ်မကလည်း မှတ်မိကောင်းမှတ်မိပါလိမ့်မည် ပြန်ပြောရာတွင် ကိုရင်မောင်က မည်သူနှင့်တူပါသလဲဟုမေးရာ မမယ်မကလည်း ရှင်နှင့်ပင်တူပါသည်ဟုဆိုလျက် မျက်ရည်ကျရာတွင် တစ်ဦးကိုတစ်ဦးသိရှိကြသဖြင့် မျှိုမတတ်ချစ်ခင်စုံမက်ကြသော ဤသူနှစ်ဦးသည် ခြောက်နှစ်ကျော်ခုနစ်နှစ်ခန့် ဒုက္ခဆင်းရဲကြီးရောက်လျက် ကွဲ၍နေပြီးမှ တစ်ဖန်ပြန်၍ပေါင်းလျှင်–

ကိုရင်မောင်မမယ်မဝတ္ထုသည်
ဤတွင်ပြီး၏။

❖❖ ❖❖ ❖❖

# ဂျိမ်းလှကျော်
## (မြန်မာသက္ကရာဇ် ၁၂၂၈–၁၂၈၁)



အမည်ရင်းမှာ ဦးလှကျော် ဖြစ် သည်။ ဦးလှကျော်ကို ပဲခူးမြို့ ရွှေကျင် မြို့တွင် အဖ ဦးရွှပ်၊ အမိ ဒေါ်အိုင်းတို့မှ မြန်မာခုနှစ် ၁၂၂၈–ခုနှစ်၊ ပထမ ဝါဆို လဆန်း ၁၀–ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင် ခဲ့သည်။

ဦးလှကျော် ငယ်စဉ်ကပင် မိဘ နှစ်ပါး ဆုံးပါးသွားသဖြင့် အဒေါ်ဖြစ်သူ ဒေါ်မှုံနှင့် သူ၏ခင်ပွန်း ဦးညိုတို့က မွေးစားခဲ့၏။အဒေါ်ဖြစ်သူက ခရစ်ယာန် ဘာသာဝင် ဖြစ်သဖြင့် သူသည် ဂျိမ်းလှ ကျော် ဟူ၍ ခေါ်တွင်လာခဲ့လေသည်။

အင်္ဂလိပ်စာတတ်တစ်ယောက် ဖြစ် သော ဂျိမ်းလှကျော်ကို အင်္ဂလိပ် စစ်မင်းကြီးက စကားပြန်အဖြစ် ခန့်ထား ၏။ ဂျိမ်းလှကျော်သည် ရှေ့နေ စာမေးပွဲ၊ မြို့အုပ်စာမေးပွဲများ ဖြေဆို အောင်မြင် ခဲ့၏။ဘုရင်ခံ၏အိမ်တော်တွင် အတွင်းဝန် ဖြစ်ခဲ့၏။ ကျောင်းဦး၊ မြင်းမူ၊ ဘုတလင်မြို့ များတွင် မြို့အုပ်အဖြစ် အမှုထမ်းခဲ့၏။

အလုပ်မှ အနားယူစဉ်တွင် ရန်ကုန်မြို့ စမ်းချောင်းတန်းသို့ ပြောင်းရွှေ့ နေထိုင်က ဥပဒေကျောင်း ဖွင့်၍ ရှေ့နေ လိုက်သေး ၏။ ရှေ့နေလိုက်စဉ်မှာပင် ပြင်သစ် စာရေး ဆရာကြီး အလက်ဇန္ဒားဒူးမား၏ မှုန်တီး ခရစ္စတိုမြို့စား ဝတ္ထုကို မောင်ရင်မောင် မမယ်မ အမည်ဖြင့် မှီငြမ်း ရေးသားခဲ့ခြင်း ဖြစ်လေသည်။

ရန်ကုန်မှ ရွှေဘိုသို့ ရွှေပြောင်း နေထိုင်ပြီး နောက်ပိုင်း သူသည် ခရစ်ယာန်အယူ စွန့်၍ ဗုဒ္ဓဘာသာသို့ ပြန်လည် ကူးပြောင်းခဲ့လေသည်၊ မြန်မာသက္ကရာဇ် ၁၂၈၁–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၁)ရက် နေ့တွင် ရွှေဘိုမြို့၌ ကွယ်လွန်ခဲ့၏။